The Commerce Journal
http://www.commercejournal.com.mm
စီးပွားရေးသတင်းဂျာနယ်
စီးပွားရေးအောင်မြင်ရန်သတင်းအချက်အလက်ကိုအခြေခံ
VOL . 17, NO . 14 | တနင်္လာနေ့တိုင်းထုတ်ဝေသည် | April 3 , 2017

## နှစ်သစ်ကူးအကြို နှုတ်ခွန်းဆက်လွှာ

မြန်မာတို့၏ နှစ်သစ်ကူးအခါသမယသို့ မကြာမီရောက်ရှိတော့မည်ဖြစ်ပါသည်။ မင်္ဂလာအပေါင်းနှင့် ခညောင်းလျက်ရှိသော နှစ်သစ်ကူးအခါသမယတွင် ကောမတ်စ်ဂျာနယ်၏ စာဖတ်ပရိသတ်အပါအဝင် မြန်မာနိုင်ငံသူ၊ နိုင်ငံသားအပေါင်း၊ ကမ္ဘာသူ ကမ္ဘာသားအပေါင်း ကျက်သရေမင်္ဂလာအပေါင်းနှင့် ခညောင်းပါစေကြောင်း ကောမတ်စ်ဂျာနယ်အဖွဲ့သားများက ဆုတောင်းမေတ္တာ ပို့သအပ်ပါသည်။

အယ်ဒီတာအဖွဲ့

အင်းတော်အင်းငါးသယံဇာတဖွံ့ဖြိုးရန်လိုအပ်နေပြီး၊ ရွှေဘို၊ မန္တလေးမွေးမြူရေးငါးများ ဈေးကွက်မှာ ရောင်းအားကောင်း

စာမျက်နှာ - ၂၃ ➤



တာ့(ခ်)ခရိုင်အထူးစီးပွားရေးဇုန် ရေရှည်တိုးတက်ရန်အတွက် ထုံဖားပွဲတော် (Tak SEZ Fair 2017) ကျင်းပ

စာမျက်နှာ - ၂၃ ➤



# uk,Gfy rmP , ciEpSkuf t ar&oef'vm oef 1100 ausmf ykdkuf,Db@mEpS rukfD ar&oef'vm 28 bD,u&S

အစိုးရသစ် စတင်တာဝန်ယူခဲ့ပြီးနောက် ၂၀၁၆ ခုနှစ် ဧပြီလ ၂၃ ရက်က ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်တွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ကုန်သည်လုပ်ငန်းရှင်များတွေ့ဆုံပွဲ

စာမျက်နှာ - ၈ ➤





Sunjin
ဆန်းဂျင်းမြန်မာ ကုမ္ပဏီလီမိတက်
KOREA THUMB VET
HARIM GROUP
အရည်အသွေးမြင့်မွေးမြူရေးဆေးစွမ်းကောင်းများ
POULTRY - LIVESTOCK - AQUA PRODUCTS
Available on any dealershop and SUNJIN Branches Office
အမှတ်(၂၅)၊ ပြည်ပစက်မှုဇုန်၊ ညောင်အင်း၊ ပဲခူးမြို့
: 09-459210158, 09-974519098, 09-799174877, 09-796966829, 09-799820594



နှစ်သစ်မင်္ဂလာဆုတောင်း
မြန်မာသက္ကရာဇ် ၁၃၇၈ မှ ၁၃၇၉ ခုနှစ်သို့ ကူးပြောင်းသည့် နှစ်သစ်မင်္ဂလာအခါသမယမှစ၍
မြန်မာပြည်သူပြည်သားအပေါင်း ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ ချမ်းသာပြီး
လိုအင်ဆန္ဒများ ပြည့်ဝကြပါစေကြောင်း ကမ္ဘောဇဘဏ်လီမိတက်မှ
ဆုမွန်ကောင်းများ တောင်းအပ်ပါသည်။
The Banker
Bank of the Year 2016
MYANMAR
KBZ BANK
STRENGTH OF MYANMAR
EUROMONEY
AWARDS FOR EXCELLENCE
2016

# ကုန်သွယ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ နှစ်လတ်စီမံကိန်း (Medium Term Programme – MTP) အစီရင်ခံစာ ထုတ်ပြန်ခြင်း အခမ်းအနားကျင်းပ




စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် World Bank Group တို့ပူးပေါင်း၍ မြန်မာနိုင်ငံ၏ ကုန်သွယ်မှု ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ လုပ်ငန်းစဉ်များ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ရေးဆွဲထားသော နှစ်လတ်စီမံကိန်း Medium Term Programme(MTP) Report ထုတ်ပြန်ခြင်း အခမ်းအနားကို မတ် ၃၀ ရက်က နေပြည်တော်ရှိ Hilton Hotel ၌ ကျင်းပခဲ့သည်။

အဆိုပါ အခမ်းအနားတွင် နိုင်ငံတော် ဒုတိယသမ္မတ (၁) ဦးမြင့်ဆွေက အဖွင့်အမှာစကား ပြောကြားရာတွင် ၂၀၁၇ နှစ် World Economic Forum အစည်းအဝေး၏ ထုတ်ဖော်ချက်များအရ ကမ္ဘာလုံးဆိုင်ရာ လုပ်ဆောင်ရမည့် အစီအစဉ်များတွင် နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းညှိနှိုင်းပြီး Public- Private Cooperation မှတစ်ဆင့် အနာဂတ်ကမ္ဘာကို ပုံဖော်မည့် 14 System Initiatives နှင့် ဆက်နွယ်နေသော ကိစ္စရပ်များတွင် ကမ္ဘာလုံးနှင့် သက်ဆိုင်သည့် အုပ်ချုပ်ခြင်း အမူအကျင့် (Global Governance) ကို တိုးမြှင့်ရမည်ဖြစ်ပါကြောင်း၊ နိုင်ငံတော်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုနှင့် စပ်လျဉ်း၍ ၂၀၁၆ တွင် IMF မှ ထုတ်ပြန်သော စာရင်းအရ မြန်မာနိုင်ငံသည် ကမ္ဘာ့စီးပွားရေး တိုးတက်မှုနှုန်းအမြင့်ဆုံးအဆင့်တွင် ဒုတိယနေရာ၌ ရှိနေပါကြောင်း၊ သို့သော်လည်း ကမ္ဘာ့စီးပွားရေး နှေးကွေးလာသည်နှင့်အမျှ အာရှဒေသတွင်း စီးပွားရေးအင်အားကြီးနိုင်ငံများ၏ စီးပွားရေးများသည်လည်း နှေးကွေးလာခဲ့ပါကြောင်း၊ ယခုအချိန်တွင် မြန်မာနိုင်ငံသည် တစ်ကမ္ဘာလုံးနှင့် ပေါင်းစည်းမှု အလျင်အမြန် မြင့်မားလာရန် အရေးကြီးပါကြောင်း၊ အထူးသဖြင့် ကုန်သွယ်မှုကဏ္ဍတွင် ကမ္ဘာကြီးနှင့် မြန်မြန်ဆန်ဆန် ပေါင်းစည်းနိုင်ရန် အရေးကြီးလှပါကြောင်း၊ ကုန်သွယ်မှုကဏ္ဍဖွံ့ဖြိုးရေးဆိုင်ရာ စီမံကိန်းများကို အကောင်အထည်ဖော်ဆောင်မည့် သက်ဆိုင်ရာဌာနများအလိုက် မိမိတို့ဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များကို အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်သွားကြရန်နှင့် ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းများ၊ အလှူရှင်များအနေနှင့်လည်း လိုအပ်သော နည်းပညာဆိုင်ရာ အကူအညီများနှင့် ငွေကြေးအထောက်အပံ့များကို ပူးပေါင်းပါဝင်ပြီး မြန်မာ့စီးပွားရေးကို ကမ္ဘာလုံးဆိုင်ရာများနှင့် ပေါင်းစည်းနိုင်ရန် ဆက်လက်ကူညီ ဆောင်ရွက်ပေးသွားရန် တိုက်တွန်းပြောကြားခဲ့ပါသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်က မြန်မာနိုင်ငံသည် ကမ္ဘာ့ကုန်သွယ်ရေး အဖွဲ့ဝင်နိုင်ငံဖြစ်သည့်အားလျော်စွာ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ ကုန်သွယ်မှုဖွံ့ဖြိုးတိုးတက်စေရေးဆိုင်ရာ အကူအညီပေးရေး အစီအစဉ် 'Enhanced Integrated Framework (EIF)' ကို ၂၀၁၃ ခုနှစ်အတွင်း

စာမျက်နှာ ၁၇ သို့ ➤

## စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် မြန်မာနိုင်ငံဆိုင်ရာ ဩစတြီးယားနိုင်ငံသံအမတ်ကြီး H.E. Dr. Enno Drofenik ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ



စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်သည် ဗန်ကောက်မြို့အခြေစိုက် မြန်မာနိုင်ငံဆိုင်ရာ ဩစတြီးယားသံအမတ်ကြီး H.E. Dr. Enno Drofenik ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား မတ် ၂၈ ရက်က စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီးရုံး ဧည့်ခန်းမ (၁) ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် မြန်မာနိုင်ငံသည် ဖွံ့ဖြိုးဆဲနိုင်ငံဖြစ်သည့်အတွက် ရုပ်ပိုင်းဆိုင်ရာ အခြေခံအဆောက်အအုံအားနည်းချက်များနှင့် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ စိန်ခေါ်မှုများကို ရင်ဆိုင်ဖြေရှင်းရာတွင် ဖွံ့ဖြိုးတိုးတက်ရေး၊ မိတ်ဖက်နိုင်ငံများနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်သွားနိုင်ရေး၊ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မှုအတွက် အဓိကအခန်းကဏ္ဍမှပါဝင်သော လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် သက်မွေးပညာရပ် သင်တန်းများ ကူညီပံ့ပိုးပေးရေး၊ သွင်းကုန်/ပို့ကုန်လိုင်စင် ဖြေလျှော့မှုများပြုလုပ်၍ ပြည်ပတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုများ ပိုမိုတိုးတက်ဝင်ရောက်လာရေး ဆောင်ရွက်နေမှုများ၊ လယ်ယာစိုက်ပျိုးရေးကဏ္ဍနှင့် အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များနှင့်တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။ MOC (IR)

**မဟာသင်္ကြန် နှစ်သစ်ကူးကာလ ကောမတ်စ်ဂျာနယ် သုံးပတ်နားမည်**

မြန်မာတို့၏ ရိုးရာအစဉ်အလာပွဲတော်ဖြစ်သည့် မဟာသင်္ကြန်နှစ်သစ်ကူးကာလဖြစ်သော ဧပြီ ၁၀ ရက်၊ ၁၇ ရက်နှင့် ၂၄ ရက်တို့တွင် ကောမတ်စ်ဂျာနယ်အား သုံးပတ်ရပ်နားမည်ဖြစ်ပြီး အတွဲ (၁၇)၊ အမှတ် (၁၅) ကို မေလ ၁ ရက်နေ့တွင် ပြန်လည်ထုတ်ဝေမည်ဖြစ်ကြောင်း ကောမတ်စ်ဂျာနယ်ကို ထာဝရအားပေးနေသည့် ပရိသတ်များအား လေးစားစွာ အသိပေးအပ်ပါသည်။

အယ်ဒီတာအဖွဲ့

Commerce JOURNAL

**အတိုင်ပင်ခံစာတည်း**
မင်းမင်း
မြင့်လွင်
ဦးဦးဟန်
မြတ်ထွန်းကျော်

**စာတည်းမှူးချုပ်**
ဉာဏ်တင်

**တာဝန်ခံစာတည်း**
ခင်သီတာအေး

**အုပ်ချုပ်ရေးမှူး**
ဒေါ်အေးအေးမော်

**စာတည်းအဖွဲ့**
ချိုသက်မူ
ဖြူဖြူဝင်း

**လက်ထောက်စာတည်း**
ယဉ်ယဉ်အေး၊ မော်မော်အောင်၊
ခင်မိုးသူ၊ သီတာဝင်း

**သတင်းထောက်များ**
ထွန်းလှိုင်(မုံရွာ)၊ ရီလင်းထွဋ်(မုံရွာ)၊
မင်းမင်းဦး(ပုသိမ်)၊ ကြည်နိုင်ဦး(အင်းတော်)
မင်းဇော်မွန်(ဖျာပုံ)၊ မြင့်ဦး(ပခုက္ကူ)
ခင်ဆွေဝင်း(ပြည်)၊ ဝေဝေမင်း(ပြည်)၊ နီနီဝင်း(ပြည်)
ဝင်းဝင်းခိုင်(ပြည်)၊ ဇေခိုင်(တောင်ကြီး)၊
မင်းအောင်(တောင်ကြီး)၊ သန်းသန်းတင်(မုံရွာ)
စိုးအောင်(မန္တလေး)၊ မောင်မောင်အေး(မကွေး)

**Proof & Layout Design ကြီးကြပ်**
ခင်စုစုလှိုင်၊ ကျိန်သျှံနွမ်း

**ကြော်ငြာတာဝန်ခံ**
မြင့်ဇင်ညွန့် (ဖုန်း-၀၉-၇၃၀၅၃၅၃၁)
ထွန်းထွန်းဝင်း (ဖုန်း-၀၉-၄၂၃၇၃၇၅၆၃)

**ထုတ်ဝေသူ**
ဦးမြတ်ထွန်းကျော်(၀၁၀၅၅)
အမှတ်၃၈၊ လမ်း၃၀၊ ပန်းဘဲတန်းမြို့နယ်။
ဖုန်း-၂၅၂၀၁၇၊ ၃၇၁၀၂၃

**ဖြန့်ချိရေးတာဝန်ခံ**
သန်းစိုး

**ဖြန့်ချိရေး**
ဇော်ဝင်း၊ မျိုးဇော်၊
အောင်မျိုး၊ အုန်းခင်၊

**ကွန်ပျူတာ**
ပြည်ဟိန်းဇော်
သင်းသီရိအောင်

**Layout Design & Graphic Design**
CJ Design Group

**ပုံနှိပ်သူ**
ကောမတ်စ်ဂျာနယ်ပုံနှိပ်တိုက်(၀၀၉၇၇)
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

**Email Address**
commercejournal.editor@gmail.com

# ကုန်သွယ်ရေးစခန်းများနဲ့ပင်လယ်ရေကြောင်းကုန်သွယ်မှုမှ ဆန်ပိုမိုတင်ပို့

မတ် ၁၈ ရက်မှ ၂၄ ရက်အထိ သီတင်းတစ်ပတ်အတွင်း မြန်မာ-တရုတ်နယ်စပ်ရှိ ကုန်သွယ်ရေးစခန်းများမှ အမေရိကန်ဒေါ်လာ ၃ ဒသမ ၄၄၉ သန်းတန်ဖိုးရှိ ဆန်တန်ချိန် ၂၃၉၁၀ တင်ပို့ခဲ့တဲ့အနက် မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ ငစိန်ဆန်တန် ၁၅၀၊ ညှော့မထဆန် ၁၄၈၀၁ တန်၊ ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှ ညှော့မထဆန် ၄၅ တန်၊ လွယ်ဂျယ်ကုန်သွယ်ရေးစခန်းမှ ငစိန်ဆန် ၈၉၁၄ တန်တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က ဆန်တန်ချိန် ၁၉၂၁၀ တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ် ဆန်တင်ပို့မှု တန်ချိန် ၄၇၀၀ ပိုမိုခဲ့ပါတယ်။

ယခုတစ်ပတ်မှာ ဆန်ပိုမိုတင်ပို့သော်လည်း ဆန်ကွဲတင်ပို့မှုလျော့ကျခဲ့ပါတယ်။ ယခုတစ်ပတ်မှာ အမေရိကန် ဒေါ်လာ သုည ဒသမ ၅၈ သန်းတန်ဖိုးရှိ ဆန်ကွဲ ၂၄၀၂ တန်ကျော်တင်ပို့ခဲ့ပြီး ယခင်တစ်ပတ်က အမေရိကန် ဒေါ်လာ သုည ဒသမ ၆၄၄ သန်းတန်ဖိုးရှိ ဆန်ကွဲ ၂၆၇၅ တန် တင်ပို့ခဲ့တဲ့အတွက် ယခုတစ် ပတ် ဆန်ကွဲတင်ပို့မှု ၂၇၃ တန်လျော့နည်းခဲ့ပါတယ်။ ယခုတစ်ပတ်မှာ မူဆယ်(၁၀၅)မိုင်ကုန်သွယ်ရေးဇုန်မှ ဆန်ကွဲ ၉၈၂ တန်ကျော်၊ လွယ်ဂျယ်ကုန်သွယ်ရေးစခန်း မှ ၁၄၀၈ တန်ကျော်၊ ချင်းရွှေဟော် ကုန်သွယ်ရေးစခန်းမှ ၁၂ တန်ခန့် တင်ပို့ခဲ့ပါတယ်။

ပင်လယ်ရေကြောင်းကုန်သွယ်မှုမှ မတ် ၁၉ ရက်မှ ၂၅ ရက်အထိ သီတင်းတစ်ပတ်အတွင်း အမေရိကန်ဒေါ်လာ ၂ ဒသမ ၃၂၄ သန်းတန်ဖိုးရှိ ဆန် ၇၅၈၈ တန်ခန့်တင်ပို့ခဲ့ရာ အနောက်အာဖရိကနိုင်ငံသို့ ညှော့မထဆန် ၄၂၅ တန်၊ သီရိလင်္ကာနိုင်ငံသို့ ညှော့မထဆန်တန်ချိန် ၄၅၀၊ မက်ဒါဂါစကားနိုင်ငံသို့ညှော့မထဆန်တန်ချိန် ၁၀၀၀၊ ရုရှားနိုင်ငံသို့ ပေါင်းဆန်တန်ချိန် ၃၀၀နဲ့ ညှော့မထဆန်တန်ချိန် ၅၀၀၊ အီးယူနိုင်ငံများသို့ ပေါင်းဆန် ၇၅ တန်နဲ့ ညှော့မထဆန်တန်ချိန် ၂၅၀၃ တန်ခန့်၊ တရုတ်နိုင်ငံသို့ ငစိန်ဆန်တန်ချိန် ၃၄၀ နဲ့ ညှော့မထဆန်တန်ချိန် ၁၀၀၀၊ စင်ကာပူနိုင်ငံသို့ ဇီယာဆန် ၉၆ တန်နဲ့ ညှော့မထဆန် ၁၂၅ တန်၊ ဂျပန်နိုင်ငံသို့ ညှော့မထဆန် တန်ချိန်၅၀၀၊ ဂီနီနိုင်ငံသို့ ညှော့မထဆန်တန်ချိန် ၂၅၀၊ ဆီရာလီယွန်နိုင်ငံသို့ နွေဆန်မနောသုခ စပါယ်ရှယ် ၂၄တန် တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က ပင်လယ်ရေကြောင်းကုန်သွယ်မှုမှ ဆန်တန်ချိန် ၆၇၀၀ တင်ပို့ခဲ့တဲ့အတွက်ယခု တစ်ပတ်မှာ ဆန်တန်ချိန်၈၈၈ တန်ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။ မြန်မာ့ဆန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုနဲ့ အာရှ၊ အာဖရိက၊ ဥရောပသမဂ္ဂနိုင်ငံများသို့ အများအပြား တင်ပို့နိုင်ပြီဖြစ်ပါတယ်။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ပြည်ပသို့မြန်မာနိုင်ငံမှ ဆန်တန်ချိန် နှစ်သန်း တင်ပို့နိုင်ရေးအတွက် အစိုးရနှင့်ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှု အရှိန်မြှင့်တင်ဆောင်ရွက်လျက်ရှိကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှ သိရှိရပါတယ်။

ယခုဘဏ္ဍာနှစ်တွင် မူလမျှော်မှန်းထားသည့် ပမာဏထက်ပိုမိုတင်ပို့နိုင်ခြင်း၊ အာဖရိကနိုင်ငံများ အပါအဝင်ဈေးကွက်သစ်များ ရရှိလာခြင်းတို့ကြောင့် ဝင်ငွေတိုးမြှင့်ရရှိရန် မျှော်မှန်းထားကြောင်းလည်း သိရှိရပါတယ်။

ယခုတစ်ပတ် ပင်လယ်ရေကြောင်းကုန်သွယ်မှုမှ အီးယူနိုင်ငံများသို့ အမေရိကန်ဒေါ်လာ ၂ ဒသမ ၂၁၅ သန်း တန်ဖိုးရှိ ဆန်ကွဲ ၈၄၁၈ တန် တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က ဆန်ကွဲ ၃၈၇၅ တန်တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ၄၅၄၃ တန်ပိုမိုတင်ပို့နိုင်ကြောင်း သိရှိရပါတယ်။ **ယဉ်ယဉ်အေး**



# ဘုရားပွဲရာသီဖြစ်တဲ့အတွက် ဆန်အရောင်းအဝယ်ပြန်အေး

ယခုတစ်ပတ် ရန်ကုန်မြို့ဆန်ဈေးကွက်ဖြစ်တဲ့ ဝါးတန်းဆန်ကုန်စည်ဒိုင်ရဲ့ ဆန်လက်ကားဈေးနှုန်းများအရ ဆန်ချောဈေးငြိမ်ပြီး ဆန်ကြမ်းဈေးတက်ကြောင်း သိရပါတယ်။ ဆန်ချောဖြစ်တဲ့ ဖျာပုံပေါ်ဆန်းဆန်ထိပ်စတစ်အိတ် ကျပ်၃၁၀၀၀၊ လတ်စတစ်အိတ်ကျပ် ၃၀၀၀၀၊ ပုသိမ်၊ မြောင်းမြ ပေါ်ဆန်းဆန်ထိပ်စ တစ်အိတ်ကျပ် ၃၄၀၀၀၊ လတ်စတစ်အိတ် ကျပ် ၃၁၀၀၀၊ နယ်စုံကျိုက်လတ်ပေါ်ဆန်းဆန်ထိပ်စ တစ်အိတ် ကျပ် ၂၈၅၀၀၊ လတ်စတစ်အိတ်ကျပ် ၂၇၅၀၀၊ ရွှေဘိုပေါ်ဆန်းဆန်တစ်အိတ်ကျပ် ၃၆၀၀၀ မှ ကျပ် ၃၇၀၀၀၊ ပေါ်ဆန်းအသစ်(ရှယ်)တစ်အိတ် ကျပ် ၂၈၀၀၀ မှ ကျပ် ၃၀၀၀၀ နဲ့ ဆန်ချောဈေးနှုန်းမပြောင်းလဲဘဲ ယခင်တစ်ပတ်အတိုင်း ဈေးငြိမ်နေပါတယ်။

ဆန်ချောဈေးငြိမ်သော်လည်း ဆန်ကြမ်းဈေးအနည်းငယ်တက်ခဲ့ပါတယ်။ ညှော့မထဆန်ထိပ်စတစ်အိတ်ကျပ် ၁၈၀၀၀၊ လတ်စတစ်အိတ်ကျပ် ၁၇၀၀၀၊ မနောသုခ တစ်အိတ်ကျပ် ၂၄၀၀၀ မှ ကျပ် ၂၅၀၀၀၊ ဆန်ကြမ်းအသစ်ရှယ်တစ်အိတ်ကျပ် ၁၇၅၀၀ မှ ကျပ် ၁၈၀၀၀ နဲ့ဈေးငြိမ်နေသော်လည်း နွေသီးထပ် (ရှယ်) တစ်အိတ် ကျပ် ၁၈၅၀၀ မှ ကျပ် ၁၉၅၀၀၊ နွေဆန် ရက် ၉၀ တစ်အိတ် ကျပ် ၂၀၀၀၀ မှ ကျပ် ၂၀၅၀၀ ဖြစ်ပြီး ယခင်တစ်ပတ်ဈေးထက် တစ်အိတ်ကို ကျပ် ၅၀၀မှ ကျပ် ၁၀၀၀ ဈေးတက်ကြောင်း သိရပါတယ်။ အိတ်စပို့ ၂၅ မှတ်ဆန်ကတော့ တစ်အိတ်ကို ကျပ် ၁၆၀၀၀ မှ ကျပ် ၁၆၅၀၀ဖြစ်ပြီး တစ်အိတ်ကို ကျပ် ၃၀၀ ခန့်ဈေးကျလာပါတယ်။

ယခုတစ်ပတ် ကုန်စည်ဒိုင်မှာ ဆန်ချောရော ဆန်ကြမ်းပါ အရောင်းအဝယ် ပြန်အေးသွားကြောင်း သိရပါတယ်။ ဘုရားပွဲရာသီဖြစ်တဲ့အတွက် ခရီးထွက်ကြတာကြောင့် လက်လီဆိုင်လေးတွေမှာ အဝယ်ပါးတဲ့အတွက် အရောင်းအဝယ် ပြန်အေးသွားတာဖြစ်တယ်လို့ ဝါးတန်းကုန်စည်ဒိုင်မှ သိရပါတယ်။

မူဆယ်ကုန်စည်ဒိုင်မှာ ညှော့မထ ၅ မှတ်နဲ့ ၁၀ မှတ် အနည်းငယ် ဈေးတက်ပြီး ကျန်တဲ့အမျိုးအစားတွေကတော့ ဈေးငြိမ်နေပါတယ်။ ညှော့မထ ၅ မှတ် စူပါတစ်အိတ် ၁၂၇ ယွမ်မှ ၁၂၉ ယွမ်၊ ၅ မှတ် မော်ဘီတစ်အိတ် ၁၂၉ ယွမ်မှ ၁၃၂ ယွမ်၊ ညှော့မထ ၁၀ မှတ် စူပါတစ်အိတ် ၁၂၂ ယွမ်မှ ၁၂၆ ယွမ်ဖြစ်ပြီး ယခင်တစ်ပတ်ထက် တစ်အိတ်ကို ၂ ယွမ်ခန့် ဈေးတက်ပါတယ်။ ကျန်အမျိုးအစားများဖြစ်တဲ့ ညှော့မထ ၁၅ မှတ် တစ်အိတ် ၁၁၆ ယွမ်မှ ၁၁၈ ယွမ်၊ ညှော့မထ ၂၅ မှတ် တစ်အိတ် ၁၁၃ ယွမ်မှ ၁၁၅ ယွမ်၊ ညှော့မထ ၃၅ မှတ် တစ်အိတ် ၁၀၉ ယွမ်မှ ယွမ် ၁၁၀၊ ငစိန် ၅ မှတ်တစ်အိတ် ယွမ် ၁၂၀ မှ ၁၂၂ ယွမ်၊ ငစိန် ၁၅ မှတ် တစ်အိတ် ၁၁၆ ယွမ်မှ ၁၁၉ ယွမ်၊ ငစိန် ၂၅ မှတ်တစ်အိတ် ၁၁၃ ယွမ်မှ ၁၁၅ ယွမ်ဖြစ်ပြီး ယခင်တစ်ပတ်အတိုင်း ဈေးငြိမ်နေပါတယ်။

မူဆယ်သို့ မြို့နယ်စုံမှ မတ် ၂၃ ရက်မှ ၃၀ ရက်အထိ ဆန် ၂၃၇၇၇ တန် ဝင်ရောက်ခဲ့ပြီး ယခင်တစ်ပတ်ထက်တန်ချိန် တစ်သောင်းခန့် ပိုမိုဝင်ရောက်ပါတယ်။ မူဆယ်မှာ သကြားအစား ဆန်ကို တင်ပို့လာတဲ့အတွက် ဆန်အဝင်များလာတာဖြစ်တယ်လို့ မူဆယ်ဈေးကွက်မှ စုံစမ်းသိရှိရပါတယ်။ မတ်၃၁ ရက်ငွေလဲနှုန်းအရ တစ်ယွမ်ကို ၁၉၅ ကျပ်ခန့် ဈေးပေါက်တယ်လို့ သိရပါတယ်။

**ယဉ်ယဉ်အေး**

# အာရှနိုင်ငံတွေက FOB ဆန်ဈေးနှုန်းများ

၂၉-၃-၂၀၁၇ ဒေါ်လာ/တန်

| | ထိုင်း | | | ဗီယက်နမ် | | | အိန္ဒိယ | | | ပါကစ္စတန် | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| ဆန်ဖြူ ၁၀၀ % | ၃၈၇ | ၃၈၉ | △ | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၅% | ၃၇၃ | ၃၇၄ | △ | ၃၅၈ | ၃၅၂ | ▽ | ၃၈၈ | ၃၈၈ | □ | ၃၇၂ | ၃၇၅ | △ |
| ဆန်ဖြူ ၁၀% | ၃၇၁ | ၃၇၃ | △ | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၁၅% | ၃၆၉ | ၃၇၁ | △ | ၃၅၀ | ၃၄၅ | ▽ | - | - | - | ၃၆၀ | ၃၇၅ | ▽ |
| ဆန်ဖြူ ၂၅% | ၃၆၆ | ၃၆၈ | △ | ၃၃၈ | ၃၃၅ | ▽ | ၃၆၈ | ၃၆၈ | □ | ၃၄၀ | ၃၄၅ | △ |
| ပေါင်းဆန် | ၃၈၁ | ၃၈၃ | △ | - | - | - | ၃၇၂ | ၃၇၀ | ▽ | ၄၂၅ | ၄၂၀ | ▽ |

*Source: oryza.com*

# ပြည်တွင်းမြို့ကြီးများ၏ (၃၁-၃-၂၀၁၇)ရက်နေ့ ဆန်၊ စပါးဈေးနှုန်းများ

ရေတွက်ပုံ-ကျပ်/စပါး(တင်း)၊ ဆန်(တစ်အိတ်)

| မြို့ | ညှော့မထအုပ်စု | | | | ပေါ်ဆန်းအုပ်စု | | | |
|---|---|---|---|---|---|---|---|---|
| | စပါး | | ဆန် | | စပါး | | ဆန် | |
| | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် |
| **ဆန်ပိုဒေသများ** | | | | | | | | |
| ပြည် | ၄၄၅၀ | ▽ | ၁၇၀၀၀ | □ | ၆၆၂၄ | ▽ | ၃၂၅၀၀ | ▽ |
| ပုသိမ် | ၄၆၀၀ | △ | ၁၈၅၀၀ | △ | ၇၁၀၀ | △ | ၃၁၅၀၀ | △ |
| ပဲခူး | ၄၁၀၀ | □ | ၁၆၅၀၀ | □ | ၆၃၀၀ | △ | ၂၉၀၀၀ | □ |
| ရွှေဘို | ၆၀၀၀ | △ | ၂၄၀၀၀ | △ | ၉၅၀၀ | □ | ၃၃၀၀၀ | △ |
| စစ်တွေ | ၃၈၀၀ | △ | ၁၆၅၀၀ | △ | ၇၀၀၀ | ▽ | ၃၀၀၀၀ | △ |
| **ဆန်လိုဒေသများ** | | | | | | | | |
| နေပြည်တော် | ၄၈၀၀ | △ | ၂၁၀၀၀ | △ | - | - | ၃၈၀၀၀ | △ |
| ရန်ကုန်(ဝါးတန်း) | ၃၉၄၀ | ▽ | ၁၇၀၀၀ | △ | - | - | ၂၇၅၀၀ | △ |
| မန္တလေး | ၆၀၀၀ | □ | ၂၄၀၀၀ | △ | - | - | ၃၅၀၀၀ | △ |
| မကွေး | ၆၅၀၀ | □ | ၁၉၅၀၀ | ▽ | - | - | ၄၅၀၀၀ | □ |
| မော်လမြိုင် | ၄၇၀၀ | □ | ၁၈၀၀၀ | ▽ | ၇၀၀၀ | | ၂၆၀၀၀ | □ |
| လွိုင်ကော် | ၇၂၀၀ | △ | ၂၀၀၀၀ | □ | - | - | ၄၆၀၀၀ | □ |
| မြိတ် | ၄၀၀၀ | □ | ၂၀၀၀၀ | □ | - | - | ၃၃၅၀၀ | △ |
| ဘားအံ | ၄၀၀၀ | ▽ | ၁၇၀၀၀ | △ | - | - | ၃၆၀၀၀ | △ |

မှတ်ချက်။ ။ ပေါ်ဆန်းအုပ်စုတွင် ပဲခူး၊ မော်လမြိုင်၊ မုံရွာ၊ ဘားအံတို့မှာဒေသထွက်ဆန်ဖြစ်ပြီး၊ ပြည်ဆန်ဈေးမှာ နတ္တလင်းဆန်ဈေးဖြစ်ပါသည်။ ညှော့မထအုပ်စုတွင် နေပြည်တော်၊ မန္တလေး၊ မကွေး၊လွိုင်ကော်တို့မှာ မနောသုခဆန်၊ ရွှေဘိုမှာအသွယ်စ နွေ(သစ်)အမျိုးအစားဖြစ်ပါသည်။ ရန်ကုန်၏ စပါးဈေးမှာ သန်လျင်မြို့နယ်၏ စပါးဈေးနှုန်းဖြစ်ပါသည်။

# မလေးရှားနိုင်ငံသို့ ဆန်တန်ချိန် နှစ်သိန်းတင်ပို့ရန် ဗီယက်နမ်နိုင်ငံ စာချုပ်ချုပ်

ဗီယက်နမ်နိုင်ငံသည် မလေးရှားနိုင်ငံသို့ဆန်တန်ချိန် နှစ်သိန်း တင်ပို့ရန် အရောင်းအဝယ်စာချုပ်ချုပ်ဆိုထားပြီးဖြစ်ကြောင်းသိရှိရသည်။

အဆိုပါစာချုပ်အရ ဗီယက်နမ်စားသောက်ကုန်ကော်ပိုရေးရှင်းအမှတ်(၂)သည် ယခုနှစ် ဇူလိုင်လနှင့်ဩဂုတ်လတို့တွင် ၅ မှတ် ဆန်ဖြူတန်ချိန်နှစ်သိန်းကို မလေးရှားနိုင်ငံသို့တင်ပို့သွားမည်ဖြစ်ကြောင်း၊ အဆိုပါဆန်များ၏ FOB ဈေးနှုန်းမှာတစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၁၀ဖြစ်ကြောင်းသိရှိရသည်။ ဗီယက်နမ်နိုင်ငံသည်ယခုနှစ်ဧပြီလတွင် ဖိလစ်ပိုင်နိုင်ငံသို့ဆန်တန်ချိန် ရှစ်သိန်း တင်ပို့ရန် စာချုပ်ချုပ်ဆိုပြီးနောက်ပိုင်း ယခုချုပ်ဆိုမှုသည် ပမာဏအများဆုံးဖြစ်သည်။

ဗီယက်နမ်နိုင်ငံ စာရင်းစစ်ချုပ်ရုံးမှထုတ်ပြန်သည့်စာရင်းဇယားများအရ မလေးရှားနိုင်ငံသည် ဗီယက်နမ်ဆန်များကို အစဉ်အမြဲ ဝယ်ယူလျက်ရှိသည့်နိုင်ငံဖြစ်သည်။ ဗီယက်နမ်နိုင်ငံသည် ၂၀၁၆ ခုနှစ်က မလေးရှားနိုင်ငံသို့ ဆန်တန်ချိန် ၄၆၅၉၇၇ တန်ခန့်တင်ပို့ခဲ့ပြီး အဆိုပါပမာဏသည် ၂၀၁၂ ခုနှစ်က မလေးရှားနိုင်ငံသို့ ဆန်တင်ပို့မှု ပမာဏထက် ၃၉ ရာခိုင်နှုန်းခန့် ကျဆင်းခဲ့သည်။ ဗီယက်နမ်နိုင်ငံ လယ်ယာစိုက်ပျိုးရေးနှင့်ကျေးလက်ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာနမှ ထုတ်ပြန်သည့်စာရင်းများအရ ဗီယက်နမ်နိုင်ငံသည် ယခုနှစ် ဖေဖော်ဝါရီလအတွင်းက ပြည်ပသို့ ဆန်တန်ချိန် ၅၉၁၀၀၀ တင်ပို့ခဲ့ကြောင်း သိရှိရသည်။

Source: riceonline **စန္ဒာထွန်း** (TTI)

## ပြည်တွင်းဈေးကွက်များမှ ပဲမျိုးစုံဈေးနှုန်းအပြောင်းအလဲ

၃၁-၃-၂၀၁၇ ကျပ်/ပိဿာ

| ပဲအမျိုးအမည် | | ရန်ကုန် | | | မန္တလေး | | | မုံရွာ | | | မကွေး | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ၂၄/၃ | ၃၁/၃ | ပြောင်းလဲမှု | ၂၄/၃ | ၃၁/၃ | ပြောင်းလဲမှု | ၂၄/၃ | ၃၁/၃ | ပြောင်းလဲမှု | ၂၄/၃ | ၃၁/၃ | ပြောင်းလဲမှု |
| ၁ | မတ်ပဲ | ၁၀၄၉ | ၁၀၀၂ | ▼ | ၁၀၆၇ | ၁၀၀၀ | ▼ | ၁၀၆၅ | ၁၀၇၇ | ▼ | ၁၀၅၀ | ၁၀၇၅ | ▼ |
| ၂ | ပဲစင်းငုံ | ၁၂၇၃ | ၁၂၀၈ | ▼ | - | - | | ၁၂၀၀ | ၁၁၆၀ | ▼ | ၁၁၆၅ | ၁၁၃၀ | ▼ |
| ၃ | ပဲတီစိမ်း | ၁၄၀၀ | ၁၄၃၀ | ▲ | - | - | - | - | - | - | ၁၅၀၀ | ၁၅၀၀ | ■ |
| ၄ | ကုလားပဲရိုးရိုး | ၂၉၀၀ | ၂၇၀၀ | ▼ | ၁၉၀၂ | - | - | ၂၂၆၃ | ၂၂၃၇ | ▼ | ၁၀၀၀ | ၁၇၉၀ | ▼ |
| ၅ | ပဲလွန်းဖြူ | ၁၃၆၅ | ၁၃၃၀ | ▼ | ၁၃၀၃ | ၁၃၃၃ | ▼ | - | - | - | ၁၀၁၅ | ၁၀၄၀ | ▼ |
| ၆ | ထောပတ်ပဲ | ၁၁၃၀ | ၁၀၄၀ | ▼ | ၁၄၂၂ | ၁၂၄၄ | ▼ | - | - | - | ၁၁၅၀ | ၁၀၃၀ | ▼ |

* မှတ်ချက်။ ဖော်ပြပါဈေးနှုန်းများမှာ အနိမ့်ဈေးများသာဖြစ်ပါသည်။

## ရန်ကုန် FOB နဲ့ အိန္ဒိယဈေးကွက် ပဲမျိုးစုံဈေးနှုန်း အပြောင်းအလဲ

၃၁-၃-၂၀၁၇ ဒေါ်လာ/တန်

| ပဲအမျိုးအမည် | | ရန်ကုန် FOB | | | အိန္ဒိယ မွမ်ဘိုင်း | | | အိန္ဒိယ ဒေလီ | | |
|---|---|---|---|---|---|---|---|---|---|---|
| | | ၂၄/၃ | ၃၁/၃ | ပြောင်းလဲမှု | ၂၃/၃ | ၃၀/၃ | ပြောင်းလဲမှု | ၂၃/၃ | ၃၀/၃ | ပြောင်းလဲမှု |
| | မတ်ပဲ | ၇၅၅ | ၇၇၅ | ▼ | ၉၇၈ | ၉၅၅ | ▼ | ၉၃၂ | ၉၂၄ | ▼ |
| ၂ | ပဲစင်းငုံ | ၅၆၀ | ၅၆၀ | ■ | ၇၀၃ | ၇၁၆ | ▲ | ၇၃၄ | ၇၅၅ | ▲ |
| ၃ | ပဲတီစိမ်း | ၆၃၀ | ၆၃၀ | ■ | ၇၈၀ | ၇၈၅ | ▲ | ၈၄၁ | ၈၃၂ | ▼ |
| ၄ | ကုလားပဲဖြူလုံးကြီး | ၉၇၀ | ၉၇၀ | ■ | ၉၃၂ | ၉၂၄ | ▼ | ၁၀၀၉ | ၈၉၃ | ▼ |

* မှတ်ချက်။ ရန်ကုန် FOB ဈေးနှုန်းများမှာ အနိမ့်ဈေးများသာဖြစ်ပါသည်။

## အပတ်စဉ် ပဲမျိုးစုံတင်ပို့မှု FOB အရောင်းအဝယ်ဖြစ်မှု အခြေအနေ

ရေတွက်ပုံ-တန်ချိန်

| ပဲအမျိုးအစား | ပြည်ပတင်ပို့မှု ယခင်တစ်ပတ် (၁၈.၃.၁၇)ထိ | ပြည်ပတင်ပို့မှု ယခုတစ်ပတ် (၂၅.၃.၁၇)ထိ | ပြည်ပတင်ပို့မှု (၁.၁.၁၇) မှ (၂၅.၃.၁၇) ထိ |
|---|---|---|---|
| မတ်ပဲ | ၈၃၂၀၃ | ၈၇၆၇ | ၉၁၉၇၀ |
| ပဲတီစိမ်း | ၃၅၈၁၉ | ၅၄၂၇ | ၄၁၂၄၆ |
| ပဲစင်းငုံ | ၄၁၆၃၆ | ၁၁၅၃၇ | ၅၃၁၇၃ |
| ကုလားပဲ | ၄၄၆၅ | ၂၉၂၈ | ၇၃၉၃ |
| ပဲလွန်းဖြူ | ၄၆၈၈ | ၆၃၀ | ၅၃၁၈ |
| မြေထောက်ပဲ | ၄၇၀၀ | ၆၀၄ | ၅၄၀၄ |

## ၂၈-၃-၂၀၁၇ မှ ၃၁-၃-၂၀၁၇ ထိ CO Form များ ထုတ်ပေးမှုစာရင်း ရန်ကုန်တိုင်းဒေသကြီးရုံး

| Sr.No. | Forms | Copies | Total Value (US$) |
|---|---|---|---|
| 1 | Form A | 587 | 29,811,109.530 |
| 2 | Form D | 107 | 6,098,140.060 |
| 3 | Form E | 88 | 3,125,149.730 |
| 4 | Korea GSP | 6 | 370,055.130 |
| 5 | Form AK | 49 | 4,705,982.232 |
| 6 | Form AJ | 11 | 571,933.240 |
| 7 | Form AI | 83 | 4,776,374.300 |
| 8 | Form AANZ | 3 | 62,236.400 |
| 9 | Form DFTP | - | - |
| Grand Total | | 934 | 49,520,980.622 |

# မတ်လကုန်သီတင်းပတ် ပြည်ပဲမျိုးစုံဈေးကွက်မှာ မတ်ပဲ၊ ပဲကြီးနှင့် ကုလားပဲ သီးနှံများ အရောင်းအဝယ်သွက်

ပဲခူးတိုင်းဒေသကြီး ပြည်ပဲမျိုးစုံဈေးကွက်မှာ မတ်လကုန်ပတ်အတွင်း ပဲမျိုးစုံသီးနှံများနေ့စဉ် အရောင်းအဝယ် ဖြစ်လျက် ရှိသော်လည်း ပြည်ပဝယ်လက်ပဲများထဲမှာ မတ်ပဲသီးနှံက အရောင်းအဝယ်အသွက်ဆုံးဖြစ်နေပြီး ပြည်တွင်း ဝယ်လက် ပဲထဲမှာ ကုလားပဲနှင့် ပဲကြီးသီးနှံများ အရောင်းအဝယ်သွက်လျက်ရှိကြောင်း သိရပါတယ်။ ကျန်ပဲများမှာ ပဲအဝင်လည်း သိပ်မရှိတော့သလို အရောင်းအဝယ်ဖြစ်တဲ့ ပမာဏလည်း လျော့ကျနေခဲ့တာတွေ့ရပါတယ်။ ဈေးနှုန်းအနေဖြင့် ပဲအားလုံးလိုလို ဈေးမြင့်တက်လာခြင်းမျိုးမတွေ့ရဘဲ ဈေးငြိမ်နေခဲ့ကြောင်းသိရပါတယ်။

မတ်ပဲသီးနှံမှာ နယ်စုံမှ ပဲအထွက်စုံနေပြီဖြစ်တာကြောင့် တစ်ရက်အိတ် ၁၀၀၀ ကျော်၊ ပန်းတောင်း ၊ မင်းတုန်း၊ ကံမ၊ ပေါင်းတလည်၊ ပေါက်ခေါင်း၊ ရွှေတောင်၊ ကျိုးသဲ စတဲ့ဘက်မှ ဝင်ရောက်လျက်ရှိပါတယ်။ ယခုလအတွင်းပဲဈေးနှုန်း မြင့်တက်လာခြင်းမျိုးမရှိဘဲ ဈေးအေးနေသလို ယခုလကုန်ပတ်မှာ ယခင်တစ်ပတ်ကထက် ထပ်မံဈေးလျော့နည်းသွားခဲ့လို့ တစ်တင်း ကျပ် ၃၆၀၀ ဖြင့် ရန်ကုန်ဝယ်လက်က ရသလောက်ဝယ်ယူနေခဲ့ကြောင်း သိရပါတယ်။ ပဲစိုက်တောင်သူ အချို့ကတော့ ပဲဈေးမြင့်တက်အလာကို စောင့်စားကာ လက်ဝယ်သိုလှောင်ထားရှိပြီး ထွက်ရှိလာသမျှပဲများ ရောင်းချမှုမရှိသေးကြောင်း သိရပါတယ်။ ယခင်နှစ်က မတ်လကုန်တွင်မတ်ပဲဈေးမှာ တစ်တင်း ၄၇၅၀၀ ရရှိခဲ့လို့ ယခုနှစ်ဈေးအနေဖြင့် ယခင်နှစ်ထက်တစ်တင်းကျပ် တစ်သောင်းကျော် လျော့နည်းနေခဲ့တာကို တွေ့ရပါတယ်။

ပဲစင်းငုံသီးနှံမှာလည်း ပန်းတောင်း၊ ကံမဘက်မှ အများဆုံးဝင်ရောက်ခဲ့လို့ တစ်ရက်အိတ် ၂၀၀ကျော် ၃၀၀ ဝင်ရောက်ခဲ့ကာ မတ်ပဲသီးနှံကဲ့သို့ အမြောက်အမြား ဝင်ရောက်မှုမရှိခဲ့သော်လည်း ပဲလက်ကျန်များလည်းရှိခဲ့တာကြောင့် ရန်ကုန်ဝယ်လက် ဝယ်ယူမှုအပေါ် လိုသလောက် ရောင်းချနိုင်ခဲ့ကြောင်းသိရပါတယ်။ ဒါကြောင့်တစ်ရက် အိတ် ၃၀၀ ကျော် ၄၀၀ ထိဝယ်ယူနေပြီး၊ ပဲဈေးမှာ တစ်တင်း ၂၃၆၀၀ ကျပ်ဖြင့် ဈေးယခင်တစ်ပတ်ကထက်ဈေး သိသိသာသာ ပိုလာခြင်းမျိုး မဟုတ် သော်လည်း အနည်းငယ်ပိုခဲ့ပြီး တစ်တင်း ကျပ် ၅၀၀ ခန့် ပိုရလာခဲ့ပါတယ်။ ပြည်ပဝယ်လက် မတ်ပဲ၊ ပဲတီစိမ်း၊ ပဲစင်းငုံသီးနှံဈေးထဲမှာ ကျန်ပဲများ ကျပ်သုံးသောင်းကျော်ရရှိသော်လည်း ပဲစင်းငုံသီးနှံက ဈေးအနိမ့်ဆုံးဖြစ်နေခဲ့တာကိုလည်းတွေ့ရပါတယ်။

ကုလားပဲသီးနှံမှာလည်း ပဲအဝင်များလာတဲ့အတွက် အိတ် ၈၀၀ ကျော် ၉၀၀ အထိဝင်ရောက်ခဲ့ပြီး ပြည်ခရိုင်အတွင်း မြို့နယ်များအပြင် မကွေးတိုင်းဒေသကြီးဘက်မှလည်း ဝင်ရောက်ခဲ့ခြင်းဖြစ်တယ်လို့သိရပါတယ်။ ဝယ်လက်အနေဖြင့် ပဲခွဲစက်သမားနှင့်လှောင်လက်သမားများဝယ်ယူကြကာ နေ့စဉ်အိတ် ၉၀၀ ကျော် ၁၀၀၀ အထိအရောင်းအဝယ် ဖြစ်ခဲ့ကြပါတယ်။ ပဲဈေးနှုန်းမှာ တစ်တင်း ကျပ် ၃၅၈၀၀ ကျပ်ဖြင့် ယခင်တစ်ပတ်ကထက်ဈေးလျော့နည်းသွားခဲ့ပြီး ယခင်နှစ် မတ်လကုန်က ဖြစ်ပေါ်ခဲ့တဲ့ ဈေးနှုန်းထက်လည်း လျော့နည်းနေခဲ့ပါတယ်။ ယခင်နှစ် မတ်လ ကုန်ပတ်အတွင်းက ကုလားပဲသီးနှံဈေးမှာ တစ်တင်းကို ကျပ် ၃၈၀၀၀ ဖြင့် ရောင်းဝယ်ခဲ့တယ်လို့ သိရပါတယ်။

ပဲကြီးသီးနှံကတော့ ပဲဈေးကွက်အတွင်း အများဆုံး ဝင်ရောက်ခဲ့ပြီး နယ်စုံမှ ဝင်ရောက်နေတာကြောင့် တစ်ရက်အိတ် ၁၄၀၀ ကျော် ၁၅၀၀ အထိဝင်ရောက်ခဲ့ကာ ဝယ်လက်အနေနဲ့ ဒေသတွင်းရှိပဲကြော်ဖိုလုပ်ငန်းသမားများက အဓိကထား ဝယ်ယူနေခဲ့ပါတယ်။ ပဲဈေးမှာ(ရွှေကျွန်း) တစ်တင်း ကျပ် ၃၃၅၀၀ မှ ကျပ် ၃၇၅၀၀ (ကမ်းနား) တစ်တင်း ကျပ် ၃၃၅၀၀ မှ ကျပ် ၃၆၀၀၀ထိ ဈေးပေးဝယ်ယူခဲ့လို့ မတ်လကုန်ပတ်အတွင်း ပဲကြီး ဈေးနှင့် ကုလားပဲဈေး ဈေးပြိုင်နီးပါး ရရှိနေတယ်လို့ ဆိုရမှာဖြစ်ပါတယ်။ ကျန်လက်လီပဲများအနေဖြင့် ဈေးငြိမ်နေသလို အရောင်းအဝယ်လည်း အေးနေခဲ့ကြောင်း လေ့လာသိရှိရပါတယ်။ **ခင်ဆွေဝင်း**



## ပြည် ပဲနီပြားသစ်များ ဆက်လက်ဝင်ရောက်ပြီး ဈေးလည်းပို

မတ်လကုန် ရက်သတ္တပတ်အတွင်း ပြည်ပဲဈေးကွက်သို့ ပဲနီပြား သီးနှံပင်များဆက်တိုက်ဝင်လာပြီး ရွှေတောင်၊ ကျိုးသဲဘက်နှင့်ပြည်အနီးတစ်ဝိုက်ဒေသများမှ ဝင်ရောက်ခဲ့ပါတယ်။ ပဲဈေးမှာ ဈေးမြင့်လာပြီး တစ်တင်းကို ကျပ် ၂၅၅၀၀ ဖြင့် ယခင်တစ်ပတ်ကထက်ဈေးပို ရခဲ့ပါတယ်။

ပဲဟောင်းဈေးအနေဖြင့်လည်း ပဲနီပြားသီးနှံဟာ တစ်တင်းကျပ် နှစ်သောင်းအောက်လျော့နည်းရရှိခဲ့လို့ ပဲသစ်များ ဈေးကောင်းရနေတာကြောင့် ပဲစိုက်တောင်သူများအနေဖြင့် ထွက်ရှိလာသမျှ ရောင်းချလျက်ရှိတယ်လို့သိရပါတယ်။ ၂၀၁၆ မတ်လအတွင်း ပဲနီပြား ပဲသစ်ဈေးဟာ တစ်တင်း ကျပ် ၂၃၀၀၀ နဲ့လကုန်ပိုင်းမှာ အရောင်းအဝယ်ဖြစ်ခဲ့လို့ ယခုနှစ် မတ်လကုန်မှာ ယခင်နှစ်ထက် ဈေးပိုရနေတာကိုလည်းတွေ့ရပါတယ်။ **ခင်ဆွေဝင်း**

## ပြည်ပဲတီစိမ်း အဝင်ပါးသွားပြီး ဝယ်လိုအားရှိသော်လည်း ရက်ခြားသာ အရောင်းအဝယ်ဖြစ်

ပြည်ပဲဈေးကွက်သို့ မတ်လကုန်ပိုင်းတွင် ပဲမျိုးစုံဝင်ရောက်မှုများရှိနေခဲ့သော်လည်း ပဲတီစိမ်းသီးနှံက လက်ကျန်ပဲများလောက်သာခူးဆွတ်ခဲ့ရ တာကြောင့် ပဲဝင်ရောက်မှုလည်း အိတ်အရေအတွက် အလွန်နည်းသွားပြီဖြစ်ပါတယ်။ ပန်းတောင်းနဲ့ကံမမြို့နယ်တို့မှသာ ဝင်ရောက်ခဲ့လို့ တစ်ရက်အိတ် ၂၀ ကျော်၊ ၃၀ ခန့်သာ ဝင်ရောက်ခဲ့တာကြောင့် နေ့စဉ်အရောင်းအဝယ် မဖြစ်တော့ဘဲ မန္တလေးဝယ်လက်မှ ရက်ခြားဆိုသလို စုပြီး အိတ်အရေအတွက် များလာမှသာ ဝယ်ယူခဲ့ကြပါတယ်။ ဒါကြောင့် အရောင်းအဝယ် ဖြစ်တဲ့ရက်မှာ အိတ် ၂၀၀ ကျော်ရောင်းဝယ်ခဲ့ကြရပြီး ပဲဈေးမှာ အတက်အကျသိပ်မဖြစ်တော့ဘဲ တစ်တင်း ကျပ် ၃၀၀၀၀ ဖြင့်ဈေးငြိမ်လျက်ရှိတယ်လို့သိရပါတယ်။ **ခင်ဆွေဝင်း**

## ပြည်ပဲလွန်းဖြူ ပဲအဝင်နည်းလာလို့ လက်လီသာ အရောင်းအဝယ်ဖြစ်

ပဲလွန်းဖြူသီးနှံမှာ ပြည်ဈေးကွက်အတွင်း လက်လီဝယ်ယူမှုများနဲ့သာ အများဆုံးအရောင်းအဝယ်ဖြစ်လျက်ရှိတာကို တွေ့ရပါတယ်။ ပဲဝင်ရောက်မှုလည်း နည်းသွားပြီဖြစ်သလို အရောင်းအဝယ်ဖြစ်မှုပမာဏမှာလည်း တစ်ရက်အိတ် ၁၀ အိတ်၊ ၁၅ အိတ်ခန့်သာ လက်လီသမားများက ဝယ်ယူခဲ့ကြတယ်လို့ သိရပါတယ်။

ပဲဈေးနှုန်းမှာ အခြား လက်လီပဲများထက် ဈေးပိုရခဲ့ပြီး တစ်တင်း ကျပ် ၂၆၅၀၀ ရရှိကာ ယခင်တစ်ပတ်ကအတိုင်း ဈေးဆက်ငြိမ်နေခဲ့ပါတယ်။ ယခင်နှစ် မတ်လကုန်ပတ်အတွင်းက ပဲလွန်းဖြူသီးနှံဈေးမှာ တစ်တင်းကို ကျပ် ၂၁၅၀၀ ဖြင့်သာ အရောင်းအဝယ်ဖြစ်ခဲ့တဲ့အတွက် ယခု နှစ်ဈေးက တစ်တင်း ကျပ် ငါးထောင်ခန့် ဈေးပိုရခဲ့ကြောင်း သိရပါတယ်။ **ခင်ဆွေဝင်း**

# ၂၀၁၇ခုနှစ်မတ်လ မုံရွာကုန်စည်ဒိုင်မှာ အရောင်းအဝယ်ဖြစ်မှုအများဆုံးသီးနှံများ၏ နိမ့်/မြင့်ဈေးနှုန်းနှင့် ကာလတူနိမ့်/မြင့်ဈေးနှုန်း

မတ်လအတွက် မုံရွာကုန်စည်ဒိုင်တွင် အရောင်းအဝယ်ဖြစ်မှုအများဆုံး သီးနှံများဖြစ်သော မတ်ပဲ၊ ပဲစင်းငုံ၊ ပဲတီစိမ်း၊ ကုလားပဲဖြူလုံးကြီး၊ ပဲကြီး၊ မြေထောက်ပဲ၊ ထောပတ်ပဲ၊ စွန်တာနီ၊ ပဲလွန်းပြာ၊ပဲပုပ်၊ ပဲယင်း၊ CP ပြောင်း စသည်တို့၏ အရောင်းအဝယ်ဖြစ်တဲ့ ဈေးနှုန်းနှင့် ယခင်နှစ်ကာလတူနှိုင်းယှဉ်ဈေးနှုန်းများမှာ-

| သီးနှံအမည် | မတ်လ ၂၀၁၆ | | မတ်လ ၂၀၁၇ | |
|---|---|---|---|---|
| | နိမ့် | မြင့် | နိမ့် | မြင့် |
| မတ်ပဲ | ၄၀၅၀၀ | ၄၉၀၀၀ | ၃၁၀၀၀ | ၃၇၅၀၀ |
| ပဲစင်းငုံ | ၃၉၁၀၀ | ၄၆၆၀၀ | ၂၂၆၀၀ | ၂၄၇၀၀ |
| ပဲတီစိမ်း | ၃၂၀၀၀ | ၃၄၅၀၀ | ၂၇၀၀၀ | ၂၈၀၀၀ |
| ကုလားပဲဖြူလုံးကြီး | ၂၆၀၀၀ | ၃၄၅၀၀ | ၃၇၅၀၀ | ၄၂၀၀၀ |
| ပဲကြီး | ၂၂၀၀၀ | ၂၃၅၀၀ | ၂၆၀၀၀ | ၃၅၅၀၀ |
| မြေထောက်ပဲ | ၁၆၀၀၀ | ၁၈၀၀၀ | ၂၀၀၀၀ | ၃၀၀၀၀ |
| ထောပတ်ပဲ | ၁၂၀၀၀ | ၁၅၀၀၀ | ၁၇၀၀၀ | ၂၁၇၀၀ |
| စွန်တာနီ | ၁၄၂၀၀ | ၁၅၅၀၀ | ၁၈၅၀၀ | ၂၃၀၀၀ |
| ပဲလွန်းပြာ | ၂၀၀၀၀ | ၂၀၅၀၀ | ၂၃၅၀၀ | ၂၃၅၀၀ |
| ပဲပုပ် | ၁၅၀၀၀ | ၁၉၅၀၀ | ၁၉၀၀၀ | ၂၅၀၀၀ |
| ပဲယင်း | ၁၄၅၀၀ | ၁၅၅၀၀ | ၁၄၇၀၀ | ၁၅၇၀၀ |
| CP ပြောင်း | ၇၇၀၀ | ၈၃၀၀ | ၅၆၀၀ | ၆၂၀၀ |

ယခုတစ်ပတ်အတွင်း ဆောင်း သီးနှံမျိုးစုံသစ်များအထွက်လှိုင်ကာ မုံရွာကုန်စည်ဒိုင်သို့အများအပြား ဝင်ရောက်လျက်ရှိပြီး ပြည်ပဝယ်လိုအား ရှိတဲ့ပဲရော ပြည်တွင်းဝယ်လက်ပဲများပါ အရောင်းအဝယ်သွက်လျက်ရှိ ကြောင်းသိရပါ တယ်။ ပြည်ပဝယ် လက်ပဲများ ဖြစ်တဲ့ မတ်ပဲ၊ ပဲစင်းငုံ၊ပဲတီစိမ်းသီးနှံများအဝင်ရှိသလောက် အရောင်းအဝယ်သွက်လျက်ရှိပြီး ယခုတစ်ပတ် မတ်ပဲသီးနှံတစ်တင်း ပေါက်ဈေးမှာ ကျပ် ၃၄၀၀၀ ဈေးပေါက်ပြီး ယခင်နှစ်ကာလတူ ပေါက်ဈေးထက်ဈေးနည်းနေပြီး နေ့စဉ်အိတ် ၁၀၀၀ ခန့်အရောင်းအဝယ်ဖြစ်လျက်ရှိပါတယ်။ ဈေးနှုန်းမှာ ယခင်နှစ်ကာလတူပေါက်ဈေးကို မမီသေးကြောင်း သိရပါတယ်။ ယခုတစ်ပတ် ပဲစင်းငုံသီးနှံ ပေါက်ဈေးနှုန်းမှာ ကျပ် ၂၃၂၀၀ ကျပ်နှုန်းဖြင့် ယခင်နှစ်ပေါက်ဈေးထက် လျော့နည်းလျက်ရှိပြီး နေ့စဉ်အိတ် ၂၀၀၀ခန့် အရောင်းအဝယ်ဖြစ်လျက်ရှိပါတယ်။ ပဲတီစိမ်းသီးနှံကတော့ အဝင်လျော့နည်းလာပြီး တစ်တင်းပေါက်ဈေးမှာ ကျပ် ၂၈၀၀၀ နဲ့ နေ့စဉ်အိတ် ၁၀၀ ခန့် ဖြင့် အရောင်းအဝယ်အသွက်ဆုံး သီးနှံများဖြစ်ကြောင်းသိရပါတယ်။ ဒေသတွင်းသုံးပဲဖြစ်တဲ့ ပဲလွန်းပြာများလည်း ဝင်ရောက်လျက်ရှိရာ နေ့စဉ်အိတ် ၃၀၀ကျော်အဝင်ရှိပြီး ယခုတစ်ပတ်ပေါက်ဈေးမှာ ၂၃၅၀၀ ကျပ်နှုန်းပေါက်ပြီးဒေသတွင်းသုံးအနေနဲ့ နေ့စဉ်အိတ် ၂၀၀ခန့် အရောင်းအဝယ်ဖြစ်လျက်ရှိကာ ယခင်နှစ်ကာလတူဈေးထက် ဈေးမြင့်နေကြောင်း သိရပါတယ်။

ဒေသတွင်းသုံး ပဲများဖြစ်တဲ့ ပဲကြီး၊ ကုလားပဲမျိုးစုံ၊ စွန်တာနီ၊ ပဲနီလုံးကြား၊ ပဲယင်း၊ ထောပတ်ပဲ၊ မြေ ထောက်ပဲ၊ ပုဂံပဲ၊ ပဲပုပ်စေ့၊ CP ပြောင်းများမှာလည်း ဒေသတွင်းလုပ်ငန်းသုံးအနေနဲ့ ပုံမှန်ဝယ်ယူမှုရှိလို့ အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်းသိရပါတယ်။ ယခုတစ်ပတ် ပဲကြီးသီးနှံတစ်တင်း ပေါက်ဈေးမှာ(ကြီး)၃၅၅၀၀ကျပ်၊(ကုန်း)၂၆၀၀၀ ကျပ်နှုန်းပေါက်လျက်ရှိပြီး ဒေသတွင်းသုံးဝယ်လက်နှင့် ရန်ကုန်ဝယ်လက်အနေနဲ့ နေ့စဉ်အိတ် ၇၀၀ခန့်၊ ယခင်နှစ်ကာလတူနှုန်းထက်ဈေးမြင့်လျက်ရှိပြီး ကုလားပဲမျိုးစုံအသစ်များလည်း ဝင်ရောက်လျက်ရှိရာ ကုလားပဲဖြူလုံးကြီးတစ်တင်း ၄၁၅၀၀ ကျပ်၊ 929 တစ်တင်း ၃၄၈၀၀ ကျပ်၊ ထိုင်ဝမ် တစ်တင်းကျပ် ၃၄၀၀၀ နှုန်းပေါက်လျက် သုံးမျိုး ပေါင်း အိတ်၃၀၀၀ခန့် အရောင်းအဝယ်ဖြစ်ကာ ပြည်ပဝယ်လက်ပဲများထက် ဈေးမြင့်လျက်ရှိ ကြောင်းတွေ့ရပါတယ်။ စွန်တာနီတစ်တင်း ကျပ် ၁၈၀၀၀ နဲ့ အိတ် ၆၀၀ခန့်၊ ပဲလုံးကြား တစ်တင်း ၁၈၈၀၀ ကျပ်နဲ့ အိတ် ၇၀၀ခန့်၊ ပဲယင်းတစ်တင်း ၁၅၅၀၀ ကျပ်နှင့် အိတ်၈၀၀ ခန့်၊ ထောပတ်ပဲ တစ်တင်း ကျပ် ၂၀၀၀ဝ နဲ့ အိတ် ၆၀၀ခန့်၊ မြေထောက်ပဲ တစ်တင်း ၃၀၀၀၀ နှင့် အိတ် ၁၀၀၀ ခန့် ၊ ပုဂံပဲ တစ်တင်း ကျပ် ၃၀၅၀၀ နဲ့ အိတ် ၁၅၀ခန့်၊ ပဲပုပ်စေ့ တစ်တင်း ၂၄၀၀၀ ကျပ်နဲ့ အိတ် ၅၀၀ ခန့်၊ CPပြောင်း တစ်တင်း၆၂၀၀ ကျပ်နဲ့ အိတ် ၆၀၀ခန့် အသီးသီး အရောင်းအဝယ်ဖြစ်လျက်ရှိပြီး ယခင်နှစ်ကာလတူထက် ဈေးလျော့နည်းနေကြောင်း သိရပါတယ်။

ဆီထွက်သီးနှံဈေးကွက်မှာ မြေပဲလုံးဆန်ဈေးကွက်မှာ ဝယ်လက်အဆွဲရှိလို့ အရောင်းအဝယ်ပုံမှန်ဖြစ်လျက်ရှိကြောင်းသိရပါတယ်။ နေ့စဉ် အိတ်၁၃၀၀ ခန့် ဝင်ရောက်လျက်ရှိပြီး ယခုတစ်ပတ် မြေပဲဆန်တစ်ပိဿာဈေးနှုန်းမှာ မြေပဲလုံးဆန်ဖြူ ၂၅၅၀ ကျပ်၊ ဆီဆန်ဖြူ ၂၁၅၀ ကျပ်၊ လုံးဆန်နီ ၂၃၇၅ ကျပ် အသီးသီး ဖြစ်ပေါ်ပြီး နေ့စဉ် အိတ် ၁၂၀၀ခန့် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရပါတယ်။ နှမ်းမျိုးစုံ ဈေးကွက်မှာ နှမ်းဖြူတစ်ပိဿာ ကျပ် ၂၄၀၀၊ နှမ်းနက်တစ်ပိဿာ ၂၆၆၇ ကျပ်၊ နှမ်းညိုတစ်ပိဿာ ၁၆၆၇ ကျပ်နှုန်း အသီးသီး ဖြစ်ပေါ်လျက် အရောင်းအဝယ်ပုံမှန် ဖြစ်လျက်ရှိကြောင်း မုံရွာကုန်စည်ဒိုင်သတင်းရပ်ကွက်မှ သိရှိရပါသည်။ **ကြည်ကြည်နွယ်(မုံရွာ)**

## ပြည်ဘိုကိတ်လက်လီလက်ကား ဝယ်ယူမှုရှိသော်လည်း ဈေးငြိမ်နေ

ယခုမတ်လကုန်အတွင်း ပြည်ဈေးကွက်သို့ ဘိုကိတ်ပဲ၊ ပဲလွန်းဖြူစသည့် ပြည်တွင်းဝယ်လက်ပဲများ နေ့စဉ်ဝင်ရောက်လျက်ရှိရာ ဘိုကိတ်ပဲသီးနှံမှာ တစ်ရက် အိတ် ၁၅၀ ကျော် ၂၀၀ အထိ ဝင်ရောက်ခဲ့ပြီး ရွှေတောင်၊ ပန်းတောင်းမြို့နယ်များမှ အဓိကဝင်ရောက်ခဲ့ကြောင်း သိရပါတယ်။

ပြည်ခရိုင်အတွင်းရှိမြို့နယ်များမှာ စိုက်ဧကပိုများခဲ့လို့ ထွက်ရှိသမျှ ပဲအားလုံးပြည်ဈေးကွက်သို့ ရောင်းချခြင်းဖြစ်ပါတယ်။ ဒေသတွင်းလက်လီသမားနှင့် ရန်ကုန်ဝယ်လက်များမှ ဝယ်ယူခဲ့ပြီး ဈေးနှုန်းမှာ တစ်တင်း ကျပ် ၂၄၅၀၀ နဲ့ ဈေးငြိမ်လျက်ရှိကြောင်း သိရပါတယ်။ **ခင်ဆွေဝင်း**

## ကြက်သွန်ဖြူ (ကြူကုတ်စ)ဈေး ပိုမြင့်လာ

ပြည်ကြက်သွန်ဖြူပွဲရုံများ၌ မတ်လကုန်ခါနီးတွင် တရုတ်နိုင်ငံဘက်မှ ဝင်ရောက်လာတဲ့ ကြက်သွန်ဖြူ(ကြူကုတ်စ) တွေ အဝင်နည်းလာပြီး ဈေးထပ်မံတက်လာတာတွေ့ရပါတယ်။ (ရှမ်းစ)ကတော့ ပုံမှန်အဝင်ရှိနေပြီး ဈေးနှုန်းမပြောင်းလဲဘဲ အရောင်းအဝယ်ဖြစ်နေတာတွေ့ရပါတယ်။ ယခုတစ်ပတ်အတွင်း ရှမ်းစလက်ကျန်နည်းသလောက် အရောင်းအဝယ်ဖြစ်နေပါတယ်။ တချို့ပွဲရုံများတွင် ကြူကုတ်စဈေးတက်နေတာကြောင့် ဝင်ရောက်လာတဲ့ ရှမ်းကြက်သွန်ဖြူအိတ်တွေတောင် ဈေးမဖြတ်သေးဘူးလို့သိရပါတယ်။ ယခုတစ်ပတ် ကြက်သွန်ဖြူ ဈေးနှုန်းကတော့ (ရှမ်းစ) ပွဲရုံဈေး တစ်ပိဿာလျှင် ကျပ် ၃၅၀၀ နှင့် (ကြူကုတ်စ) တစ်ပိဿာလျှင် ကျပ် ၅၀၀၀ ဈေးတို့ဖြင့် ရောင်းဝယ်လျက်ရှိနေကြပါတယ်။ ဒေသ တွင်းလက်လီဈေးများတွင်တော့ (ရှမ်းစ) ကျပ် ၄၀၀၀ နဲ့ (ကြူကုတ်စ) ကျပ် ၅၄၀၀ ဈေးတို့ဖြင့် ရောင်းချလျက်ရှိနေပါတယ်။ ဈေးနှုန်းအတက်အကျ မငြိမ်တာကြောင့်ယခင်တစ်ပတ်ထက် အရောင်းအဝယ် အနည်းငယ်ကျသွားပါတယ်။ တစ်ပတ်အတွင်း အိတ်ရေ ၃၀၀ နီးပါး အရောင်းအဝယ်ဖြစ်ကြောင်းလည်း သိရပါတယ်။ **နီနီဝင်း**

## တရုတ်နယ်စပ်နဲ့ ထိုင်းနယ်စပ်ရှိ ကုန်သွယ်ရေးဇုန်များမှ နနွင်းတက် ပိုမိုတင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ် (၁၀၅) မိုင်ကုန်သွယ်ရေးဇုန်မှ မတ် ၁၈ ရက်မှ ၂၄ ရက်အထိ ရက်သတ္တပတ်အတွင်း အမေရိကန်ဒေါ်လာ ၂၂၉၄၀၈ တန်ဖိုးရှိ နနွင်းတက်(ရှမ်းစ) ၃၄၂ တန်ကျော်ကို တရုတ်နိုင်ငံသို့လည်းကောင်း၊ မြန်မာ-ထိုင်းနယ်စပ်ရှိမြဝတီကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ ၄၀၀၁၉ တန်ဖိုးရှိ နနွင်းတက်(ကျောက်ဆည်) တန် ၆၀ နီးပါးကို ထိုင်းနိုင်ငံသို့လည်းကောင်း အသီး သီးတင်ပို့ခဲ့ပါတယ်။



ယခင်ရက်သတ္တပတ်က မူဆယ်မှ ၂၂၃ တန်နဲ့ မြဝတီမှ ၃၉ တန်နီးပါး တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်နနွင်းတက် တင်ပို့မှုမှာ မူဆယ်မှ ၁၁၉ တန် ပိုမို တင်ပို့ခဲ့ပြီး မြဝတီမှ တန် ၂၀ ကျော် ပိုမိုတင်ပို့ခဲ့တာတွေ့ရပါတယ်။ မူဆယ်ကုန်စည်ဒိုင်နဲ့ မြဝတီကုန်စည်ဒိုင်တို့မှာ နနွင်းတက် တစ်တန်ကို မိမိဘက်ပေါက်ဈေး ၉၁၁၂၀၀ ကျပ်ဝန်းကျင်ရှိတယ်လို့ သိရပါတယ်။ **မော်မော်အောင်**

## ပြည်ပဲဆန် ဈေးငြိမ်

ယခုတစ်ပတ် ပြည်ဈေးကွက်သို့ သရက်၊ မင်းတုန်း၊ ကံမနှင့်ပြည်မြို့အနီး တစ်ဝိုက်ကျေးရွာများမှ ပဲဆန်များ တစ်ရက်လျှင် အိတ် ၁၀၀၀ ခန့် ဝင်ရောက်လာတာတွေ့ရပါတယ်။ စနေ၊ တနင်္ဂနွေနေ့မှလွဲလို့ ကျန်ရက်များတွင် ပုံမှန်ဝင်ရောက်မှုရှိတယ်လို့ ပွဲရုံအသိုင်းအဝိုင်းမှ သိရပါတယ်။ မြေပဲဆန်ဈေးမှာ ယခုရက်ပိုင်းတွင် ဈေးငြိမ်နေတာတွေ့ရပါတယ်။ ရန်ကုန်ဝယ်လက်များနဲ့ မြေပဲလှော်သမားများက ဝယ်ယူမှုရှိတာတွေ့ရပါတယ်။ ယခုတစ်ပတ် မြေပဲဆန်ဈေးမှာ ဆီကြိတ်ဆန်တစ် ပိဿာလျှင် ကျပ် ၁၆၀၀၊ လုံးဆန်(အဖြူ) တစ်ပိဿာလျှင် ကျပ် ၂၅၅၀ နှင့် လုံးဆန် (အနီ)တစ်ပိဿာလျှင် ကျပ် ၂၄၅၀ဖြင့် ယခင်တစ်ပတ်ကအတိုင်း ဈေးငြိမ်ပြီး အရောင်းအဝယ်ဖြစ်လျက်ရှိပါတယ်။ မြေပဲဆီဈေးမှာ တစ်ပိဿာလျှင် ကျပ် ၄၈၀၀ နှင့်ရှယ်တစ်ပိဿာလျှင် ကျပ် ၆၀၀၀ ဈေးဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိတယ်လို့ သိရပါတယ်။

**ဝေဝေမင်း**

## မုံရွာ၌ ဆောင်းကြက်သွန်နီများ အထွက်လှိုင်သော်လည်း ဈေးမကျ

စစ်ကိုင်းတိုင်းဒေသကြီး ၂၀၁၆-၂၀၁၇ ဆောင်းကြက်သွန်နီစိုက်ပျိုးရန် ၃၅၉၅၂ ဧက လျာထားခဲ့သော်လည်း ၃၈၆၁၈ ဧက စိုက်ပျိုးခဲ့ရာ မုံရွာမြို့နယ်၌ ဧက ၅၇၀၀ ကျော်စိုက်ပျိုးပါတယ်။ မုံရွာမြို့နယ်အတွင်း ကြက်သွန်နီ အများဆုံးစိုက်ပျိုးတဲ့ ကျေးရွာအုပ်စုများမှာ ကွဲ့ရဲ၊ အက်တော၊ မြေနဲ၊ အောင်သာ၊ ထနောင်းတော၊ ဆည်တောကြီးတို့ဖြစ်ပြီး ပိတောက်ပွင့်မျိုးနှင့် ရွှေဖလားမျိုးများကို အများဆုံးစိုက်ပျိုးကြပါတယ်။

တစ်ဧကကုန်ကျစရိတ်မှာ ကျပ်ခုနစ်သိန်း ငါးသောင်းမှ ၁၀ သိန်းကြား ကုန်ကျပြီး၊ တစ်ဧကလျှင် ပိဿာ ၃၅၀၀ မှ ၅၀၀၀ ကြားထွက်ရှိကြောင်း ကိုးပင်ကျေးရွာရှိ တောင်သူတစ်ဦးက ပြောပြပါတယ်။

ယခုအချိန်သည် ကြက်သွန်နီအထွက်လှိုင်လှိုင် ပေါ်ချိန်ဖြစ်သော်လည်း ဈေးမကျဘဲ ပွဲရုံသွင်းဈေး တစ်ပိဿာ ကျပ် ၅၀၀ မှ ကျပ် ၅၅၀ ဈေး ပေါက်သဖြင့် တောင်သူများအနေဖြင့် အမြတ်များရရှိနေပါတယ်။ မုံရွာမြို့ဈေး၌ ကြက်သွန်နီတစ်ပိဿာ လက်လီဈေးမှာ ကျပ် ၆၀၀မှ ကျပ် ၁၂၀၀ ကြားဈေးပေါက်ကြောင်း သိရပါတယ်။

**သန်းသန်းတင်-မုံရွာ**

## ကြက်သွန်

### မူဆယ်နဲ့တာချီလိတ်မှ ကြက်သွန်နီပိုမိုတင်ပို့

မတ် ၁၈ ရက်မှ ၂၄ ရက်အထိ ရက်သတ္တပတ်အတွင်း မြန်မာ-တရုတ် နယ်စပ်ရှိ မူဆယ် (၁၀၅)မိုင်ကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ သုည ဒသမ ၅၄၃ သန်းတန်ဖိုးရှိ ကြက်သွန်နီ ၁၃၆၃ တန်ကျော်ကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က ၄၁၉ တန်ခွဲသာတင်ပို့ခဲ့လို့ ယခုတစ်ပတ်မှာ မူဆယ်မှ ၉၄၄ တန် ပိုမိုတင်ပို့ခဲ့ပါတယ်။

မြန်မာ-ထိုင်းနယ်စပ်ရှိ တာချီလိတ်ကုန်သွယ်ရေးစခန်းမှလည်း အမေရိကန်ဒေါ်လာ ၄၉၈၂၅ တန်ဖိုးရှိကြက်သွန်နီ ၁၂၉ တန်ကို ထိုင်းနိုင်ငံသို့ တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က တာချီလိတ်မှ ကြက်သွန်နီတင်ပို့မှုရှိဘဲ ကြက်သွန်ဖြူ ၁၅ တန်သာ တင်ပို့ခဲ့ပါတယ်။ဘုရင့်နောင်ကုန်စည်ဒိုင်မှာ မတ် ၂၂ ရက်က ကြက်သွန်နီတစ်ပိဿာ ကျပ် ၄၅၀မှ ကျပ် ၆၀၀ ရှိပြီး ကြက်သွန်ဖြူတစ်ပိဿာ ကျပ် ၅၀၀၀ ရှိတယ်လို့ သိရပါတယ်။

**မော်မော်အောင်**

### မုံရွာကြက်သွန်နီဈေးကွက် ဈေးငြိမ်လျက် အရောင်းအဝယ်ပုံမှန်ဖြစ်

မုံရွာ(ပွဲရုံ)စားဖိုဆောင်သီးနှံရောင်းဝယ်ရေးတွင် ယခုတစ်ပတ် ကြက်သွန်နီဈေးကွက်မှာ ကြက်သွန်နီများ ဈေးကွက်အတွင်းသို့ အများအပြား ဝင်ရောက်လျက်ရှိပြီး အရောင်းအဝယ်လည်း ပုံမှန်ဖြစ်လျက်ရှိကြောင်း သိရပါတယ်။ ပွဲရုံသို့နေ့စဉ်ကြက်သွန်နီ ဝင်ရောက်မှုမှာ ပိဿာချိန်၂၀၀၀၀ ကျော် အဝင်ရှိပြီး မုံရွာပွဲရုံများမှ ဒေသတွင်း အိတ်ဆွဲများနှင့် ချင်းတွင်းမြစ်ကမ်းတစ်လျှောက် ဟုမ္မလင်း၊ ခန္တီးမြို့များ အပြင် ရန်ကုန်၊ မန္တလေးမြို့များသို့တင်ပို့ ရောင်းဝယ်မှုအပါအဝင် တစ်ရက်လျှင် ပိဿာ ၃၀ ဝင်အိတ် ၅၀၀ခန့် အရောင်းအဝယ်ပုံမှန်ဖြစ်လျက်ရှိကြောင်း သိရပါတယ်။ ယခုတစ်ပတ် ကြက်သွန်နီဈေးနှုန်းမှာ မုံရွာပွဲရုံများ၌ လက်ကား တစ်ပိဿာ (ကြီး) ကျပ် ၆၀၀၊ (လတ်) ကျပ် ၅၀၀၊ (သေး) ကျပ်၄၀၀နှုန်းရှိကာ လက်လီဈေးနှုန်း တစ်ပိဿာ(ကြီး) ကျပ် ၈၀၀၊(လတ်)ကျပ်၇၀၀၊(သေး) ကျပ်၆၀၀နှုန်း ဖြစ်ပြီး ယခင်တစ်ပတ်ဈေးနှုန်းအတိုင်း ဈေးငြိမ်လျက်ရှိကြောင်း သိရှိရပါတယ်။ ကြက်သွန်ဖြူဈေးကွက်တွင် ကြက်သွန်ဖြူသစ်များ မုံရွာပွဲရုံသို့ပိဿာ ၂၀၀၀ ကျော် ဝင်ရောက်လာကြောင်းသိရပါတယ်။ ယခု တစ်ပတ် ကြက်သွန်ဖြူ တစ်ပိဿာဈေးနှုန်းမှာပွဲရုံဈေး(ဗမာ) ကျပ် ၃၀၀၀၊ (ရှမ်း) ကျပ် ၂၈၀၀လက်လီကတော့ တစ်ပိဿာ(ဗမာ)ကျပ် ၃၂၀၀၊(ရှမ်း) ကျပ် ၃၀၀၀ နှုန်းပေါက်လျက်အရောင်း အဝယ်ပုံမှန်ဖြစ်လျက်ရှိကြောင်း မုံရွာ ကြက်သွန်နီပွဲရုံမှသိရပါတယ်။

**ကြည်ကြည်နွယ်(မုံရွာ)**

### ပြည်ဒေသထွက် မော်ဇာကြက်သွန်နီများ ဈေးကွက်သို့ ဝင်ရောက်လျက်ရှိ

ယခုမတ်လ နောက်ဆုံးပတ်နဲ့ ဧပြီလဆန်းပိုင်းတွင် ပြည်မြို့ ပတ်ဝန်းကျင် မော်ဇာဒေသစိုက် ကြက်သွန်နီများစတင်၍ ဈေးကွက်သို့ ဝင်ရောက်လာကြောင်း သိရပါတယ်။ ယခင်နှစ်ကာလတူဈေးနှုန်းတစ်ပိဿာ ကျပ် ၃၅၀-၅၀၀ နှင့်နှိုင်းယှဉ်ကြည့်လျှင် ယခု ကာလသည် ဈေးကောင်းနေတဲ့ကာလဖြစ်တဲ့အတွက် အပင်မကျခင် အစိုဓာတ်များနေချိန်မှာပင် တူးဖော် ကာရောင်းချနေကြောင်း တောင်သူတစ်ဦးရဲ့ ပြောကြားချက်အရ သိရပါတယ်။

ဈေးနှုန်းအနေနဲ့ လက်လီ တစ်ပိဿာကို ကြီးလတ်သေး (ဂွန်) ကျပ် ၆၅၀-၇၅၀ ကျပ်တို့ရှိပြီး တောင်သူများက နီးစပ်ရာ မိတ်ဆွေစားသုံးသူများနှင့် ချိတ်ဆက်ရောင်းချလျက်ရှိသလို မြို့တွင်းလက်လီဈေးများတွင်လည်း တောင်သူကိုယ်တိုင်စားသုံးသူဆီ တိုက်ရိုက်ရောင်းချလျက်ရှိပေမယ့် အစိုဓာတ်ရှိကာ အရည်အသွေး မကောင်းသေးတဲ့အတွက် အဝယ်မလိုက်သေးကြောင်းသိရပါတယ်။

ပြည်ဈေးကွက်ပွဲရုံများမှာ ရေနံချောင်း၊ အောင်လံ၊ တောင်တွင်း၊ ဆိပ်ဖြူ၊ ပခုက္ကူစတဲ့ ကြက်သွန်နီအစများ တစ်ရက်လျှင် ပိဿာချိန် ၂၃၀၀၀ ခန့် ဈေးကွက်အတွင်းသို့ဝင်ရောက်ကာ အထွက်လှိုင်ချိန်ဖြစ်နေတဲ့အတွက် အများအပြား ဝင်ရောက်နေတယ်လို့ သိရပါတယ်။

အရောင်းအဝယ်မှာလည်း သင်္ကြန်ကာလ အလှူအတန်းများအတွက် ကြိုတင်ဝယ်ယူလျက်ရှိသလို ပုံမှန်ဈေးကွက်အနေနဲ့လည်း ရောင်းချတင်ပို့လျက်ရှိတဲ့အတွက် ပွဲရုံလုပ်ငန်းရှင်များ စိတ်ကြိုက်အရောင်းအဝယ်သွက်လျက်ရှိနေပါတယ်။ ဈေးနှုန်းမှာလည်း ပွဲရုံလက္ကား တစ်ပိဿာ (ကြီး) ကျပ် ၈၀၀-၉၀၀၊ (လတ်) ကျပ် ၇၀၀-၇၅၀၊ (သေး) ကျပ် ၆၀၀-၆၅၀ တို့ဖြစ်ပြီး ဒေသတွင်း လက်လီဈေးများတွင် (ကြီး) ကျပ် ၁၁၀၀၊ (လတ်) ကျပ် ၉၀၀-၁၀၀၀ ၊ (သေး) ကျပ် ၇၀၀-၈၀၀ တို့ဖြင့် အသီးသီးရောင်းဝယ်လျက်ရှိနေကြောင်း သိရပါတယ်။

**ဝင်းလှဲ့ဝါ (ပြည်)**

## ချင်း

### မူဆယ်မှ ချင်းခြောက်ပိုမိုတင်ပို့သလို စစ်တွေမှလည်း ချင်းစိုပိုမိုတင်ပို့

မတ် ၁၈ရက်မှ ၂၄ရက်အထိ ရက်သတ္တပတ်အတွင်း မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ် (၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ ၃၇၉၇၂ တန်ဖိုးရှိ ချင်းခြောက် တန် ၃၀ ကျော်ကို တရုတ်နိုင်ငံသို့လည်းကောင်း၊ မြန်မာ-ဘင်္ဂလားဒေ့ရှ် နယ်စပ်ရှိ စစ်တွေကုန်သွယ်ရေးစခန်းမှ ချင်းစို ၁၀တန်ကို ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ လည်းကောင်း အသီးသီးတင်ပို့ခဲ့ကြပါတယ်။

ယခင်ရက်သတ္တပတ်က မူဆယ်မှ ချင်းခြောက် ၁၇တန်ခွဲ တင်ပို့ခဲ့ပြီး စစ်တွေမှ ချင်းစို ခုနစ်တန် တင်ပို့ခဲ့လို့ ယခုတစ်ပတ် မူဆယ်မှ ချင်းခြောက် ၁၃ တန် ပိုမိုတင်ပို့ခဲ့သလို စစ်တွေမှလည်း ချင်းစို ၃တန်ပိုမိုတင်ပို့ခဲ့တာ တွေ့ရပါတယ်။ မူဆယ်မှာ ချင်းခြောက် တစ်တန်(ငွေလဲနှုန်းအရ) ၁၆၉၃၂၀၀ကျပ်ခန့်ရှိပြီး စစ်တွေမှာ ချင်းစို တစ်တန် ၁၀၃၂၄၆၀ကျပ်ဈေး ရှိတယ်လို့ သိရပါတယ်။

**မော်မော်အောင်**

### ချင်းတန်ချိန် ၃၀နီးပါးတင်ပို့

မတ်လ၁၉ရက်မှ ၂၅ရက်အထိ သီတင်းပတ်အတွင်း ချင်း ၂၆ ဒသမ ၄ တန်ကို ယူအေအီးနိုင်ငံသို့ ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်ပို့ခဲ့ပါတယ်။ မတ်လ ၅ရက်မှ ၁၁ရက်အထိ သီတင်းပတ်မှာ ချင်း၅ တန်တင်ပို့ပြီးနောက် ယခုသီတင်းပတ်မှ ပြန်လည်တင်ပို့နိုင်ခဲ့ခြင်းဖြစ်ပါတယ်။ ဒီတစ်ပတ် ချင်းတင်ပို့မှုမှ ကန်ဒေါ်လာ ၅၆၇၆ ဒေါ်လာဝင်ငွေရရှိခဲ့တယ်လို့ သိရပါတယ်။

**သီတာဝင်း**(DOT)

### ရှမ်းချင်းအရောင်းအဝယ်ပါး

ဒီနှစ် ရှမ်းချင်းက အရောင်းအဝယ်ပါးနေပါတယ်။ အောင်ပန်းဈေးကွက်မှာရော ဟိုပုံးဈေးကွက်မှာပါ အရောင်းအဝယ်ကခပ်ပါးပါးသာ ဖြစ်နေတယ်လို့သိရပါတယ်။ ပုံမှန်အဝင်ရှိနေပေမယ့် အရောင်းအဝယ်ကပါးနေတော့ လက်လီသုံးတာရယ်၊ ပုံမှန်ဝယ်လက်တွေဖြစ်တဲ့ထိုးချင်းသမားတွေဆီက အမှာစာရှိမှသာ အရောင်းအဝယ်ဖြစ်တယ်လို့လည်း သိရပါတယ်။ ဟိုပုံးချင်းကတော့ အောင်ပန်းချင်းတွေထက် အဝင်နောက်ကျပါတယ်။ စိုက်ဧကလည်းနည်းလို့ အထွက်နှုန်းကလည်း နည်းပါတယ်။ ဒါပေမယ့် အရောင်းအဝယ်ကသိပ်ပြီးမဖြစ်တော့ ခြံရှင်တွေက ပြုတ်ခြောက်အဖြစ်ပြုလုပ်ခဲ့ကြတယ်လို့သိရပါတယ်။ အစိုဈေးအတိုင်းက တစ်ပိဿာကို ကျပ် ၃၀၀ မှ ကျပ် ၃၃၀ ဈေးရှိပြီး ချင်းခြောက်ကတော့ တစ် ပိဿာကျပ် ၁၄၀၀ ဈေးရှိပါတယ်။

အောင်ပန်းဈေးကွက်မှာလည်း ချင်း(စို) ကပုံမှန်အဝင်ရှိနေပါတယ်။ မနှစ်ကတော့ ဒီအချိန်မှာ ဈေးကွက်ကိုအဝင်များပြီး၊ သင်္ကြန်ပြီးစမှာ အရောင်းအဝယ်မရှိတာကြောင့် ဧပြီတစ်လလုံးမှာတော့ အရောင်းအဝယ်နည်းပါးခဲ့ဖူးပါတယ်။ ဒီနှစ်ကတော့ အရောင်းအဝယ်က အသစ်ပေါ်ကတည်းက သိပ်ပြီးမကောင်းလှတာကြောင့် အစိုအတိုင်းမထားတော့ဘဲ အထားခံတဲ့ပြုတ်ခြောက်အဖြစ်သာ ပြုလုပ်ခဲ့ကြတယ်လို့သိရပါတယ်။ အောင်ပန်းဈေးကွက်မှာ ဒီတစ်ပတ်ချင်း(စို) ဈေးက တစ်ပိဿာကိုကျပ် ၂၀၀ မှ ကျပ် ၅၀၀ ဈေးရှိပြီး၊ ချင်းခြောက်ကတစ်ပိဿာကို ကျပ် ၁၀၀၀ မှ ကျပ် ၁၃၀၀ ဈေးရှိပါတယ်။

**ဧခိုင်၊ တောင်ကြီး**



### နယ်ဝယ်လက်အားကောင်းသော်လည်း ပြည်ချင်းအရောင်း အဝယ်ပုံမှန်သာဖြစ်

ယခုတစ်ပတ် ပြည်ပွဲရုံဈေးကွက်အတွင်းသို့ ချင်းများပုံမှန်ဝင် ရောက်လျက်ရှိပါတယ်။ ပြည်ချင်းပွဲရုံသို့ နေ့စဉ်ချင်းပိဿာ ၃၀ ဝင်အိတ် ၁၀၀ ကျော် ဝင်ရောက်နေကြောင်း သိရပါတယ်။ ဒေသတွင်းဝယ်လက်များနှင့် အိတ်ဆွဲသမားများအပြင် ဧရာဝတီတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်သို့ စားသုံးမှုအဖြစ် တစ်ရက်လျှင် ပိဿာ ၃၀ ဝင်အိတ် ၁၅၀ ခန့် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရပါတယ်။ ယခုတစ်ပတ်ချင်းဈေးမှာ ပွဲရုံများ၌ လက်ကားတစ်ပိဿာလျှင် (ရှယ်) ကျပ် ၆၀၀ မှ ကျပ် ၉၀၀၊ (ဂွန်) ကျပ် ၄၅၀ မှ ကျပ် ၅၅၀ နှုန်းဖြစ်ပြီး၊ ယခင်တစ်ပတ်က ဈေးနှုန်းအတိုင်း ဈေးငြိမ်လျက်ရှိကြောင်းသိရပါတယ်။

**ဝင်းဝင်းခိုင်**

## နနွင်း

### ရှမ်းနနွင်းကိုဝယ်ယူနေကျ ဝယ်လက်တွေသာ အဝယ်ရှိ

၂၀၁၆ မှာ နနွင်းက ချင်းထက်ပိုပြီး အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ ချင်းကတော့ ဖြည်းဖြည်းနဲ့ မှန်မှန် အရောင်းအဝယ်ဖြစ်ခဲ့ပြီး၊ နနွင်းကတော့ ပြည်ပ ဝယ်လက်တွေဝယ်ရင် ဝယ်သလို ဝယ်လိုအားကောင်းနေတယ်လို့ သိရပါတယ်။ ဟိုပုံးဈေးကွက်က ချင်းကိုတော့ တရုတ်ဝယ်လက်က ပြီးခဲ့တစ်ပတ်က ဝယ်ယူမှုရှိနေပြီး၊ ဒီတစ်ပတ်တော့ အရောင်းအဝယ်ခဏနားသွားတယ်လို့ သိရပါတယ်။ အသစ်တွေလည်း အဝင်ရှိနေသလို အဟောင်းတွေလည်း လက်ကျန်ရှိနေသေးတယ်လို့ သိရပါတယ်။ ဒီတစ်ပတ် အောင်ပန်းဈေးကွက်မှာ နနွင်းတစ်ပိဿာပေါက်ဈေးက ညံ့ (စ)ဆိုရင် ကျပ် ၁၀၀၀-၁၂၀၀၊ (ထိပ်စ) က ကျပ် ၁၈၀၀ ဈေး ရှိပါတယ်။

အောင်ပန်းဈေးကွက်မှာတော့ နနွင်း(သစ်) က ပုံမှန်အဝင်ရှိနေပါတယ်။ ဝယ်လိုအားသိပ်ပြီး မကောင်းလှပါဘူး။ ရန်ကုန်ဝယ်လက်တွေက လှော်ဖို့ ဝယ်ယူနေကြတယ်လို့ သိရပါတယ်။ ပြည်ပ တင်ပို့ဖို့အတွက် ဝယ်ယူနေတဲ့ ဖြိုးကျော်ကုမ္ပဏီကလည်း အဝယ်ခေတ္တရပ်နေပါတယ်။ သင်္ကြန်ပြီးရင်တော့ အရောင်းအဝယ် ကောင်းလာလိမ့်မယ်ဆိုပြီး တောင်သူတွေကတော့ မျှော်လင့်နေကြပါတယ်။ ဒီတစ်ပတ်တော့ ဝယ်ယူနေကျ ဝယ်လက်တွေကပဲ အဝယ်ရှိနေလို့ တစ်ပတ်အတွင်းမှာ နနွင်းပိဿာချိန် ပေါင်း ၈၀၀၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့လည်း သိရပါတယ်။

အောင်ပန်းဈေးကွက်မှာ နနွင်းတစ်ပိဿာပေါက်ဈေးတွေက အနိမ့်ဆုံး ကျပ် ၁၅၀၀ မှ အမြင့်ဆုံး ကျပ် ၃၀၀၀ ဈေးရှိပါတယ်။

**ဧခိုင် (တောင်ကြီး)**

### ဒီတစ်ပတ် နနွင်းတင်ပို့မှုလျော့

မတ်လ ၁၉ ရက်မှ ၂၅ရက်အထိ သီတင်းပတ်အတွင်း နနွင်း ၁၂၉ ဒသမ ၅ တန်ကို ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ ပြည်ပနိုင်ငံများသို့ တင်ပို့ခဲ့ပါတယ်။ ဒီတစ်ပတ် အိန္ဒိယနိုင်ငံသို့ ၅၇ တန်၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့၅၆တန်နဲ့ စင်ကာပူ နိုင်ငံသို့ ၁၆ ဒသမ ၅ တန် တင်ပို့ခဲ့တယ်လို့ သိရပါတယ်။ ဒီတစ်ပတ် အိန္ဒိယနိုင်ငံသို့ အများဆုံးတင်ပို့နိုင်ပြီး ဒုတိယအများဆုံးတင်ပို့ခဲ့တဲ့နိုင်ငံမှာ ဘင်္ဂလားဒေ့ရှ်နိုင်ငံဖြစ်ပါတယ်။ ယခင်သီတင်းပတ်တင်ပို့ခဲ့တဲ့ နနွင်းတန်ချိန် ၃၃၀ကျော်နဲ့နှိုင်းယှဉ်ရင် ဒီတစ်ပတ်မှာတန်ချိန်၂၀၀ကျော် တင်ပို့မှုလျော့နည်းခဲ့တယ်လို့ သိရပါတယ်။ ဒီတစ်ပတ်နနွင်းတင်ပို့မှုမှ ကန်ဒေါ်လာ ၁၀၄၇၁၈ ဝင်ငွေ ရရှိခဲ့တယ်လို့ သိရပါတယ်။

**သီတာဝင်း**(DOT)

Vol: 17, No.14 Monday April 3 2017

# ukb,Gfyrm P ,ciftSkuft ar&dcfa':vm oef 1100 ausmf ykdukefykdb@mEÅruf ar&dcfa':vm 28 bDvD,ausmf&Sd

အစိုးရသစ် စတင်တာဝန်ယူခဲ့ပြီးနောက် ၂၀၁၆ ခုနှစ် ဧပြီလ ၂၃ ရက်က ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ်တွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ကုန်သည်လုပ်ငန်းရှင်များတွေ့ဆုံပွဲ အခမ်းအနားမှာ ပြည်ထောင်စုဝန်ကြီးက စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနအနေဖြင့် အစိုးရသစ်လက်ထက်တွင် ပို့ကုန်သုံးဆတိုးမြှင့်စေရေးအတွက် ရည်မှန်းချက်ချမှတ်ပြီး လုပ်ဆောင်သွားမယ်လို့ ပြောကြားခဲ့ပါတယ်။

ပြည်ထောင်စုဝန်ကြီးရဲ့ လမ်းညွှန်ချက်အတိုင်း ပို့ကုန်သုံးဆ တိုးမြှင့်နိုင်ရေးအတွက် ဘက်ပေါင်းစုံမှ တွန်းအားပေး ဆောင်ရွက်ခဲ့ပါတယ်။

အဲဒီလို တွန်းအားပေးဆောင်ရွက်ခဲ့တဲ့အတွက် အစိုးရသစ်လက်ထက် တစ်နှစ်တာ ကာလအတွင်းမှာ ကုန်သွယ်မှုပမာဏဟာ အမေရိကန်ဒေါ်လာသန်း ၁၁၀၀ ကျော် ပိုမိုတိုးတက်ခဲ့ပြီး ဘဏ္ဍာနှစ်မကုန်မီမှာ အမေရိကန်ဒေါ်လာ ၂၈ ဘီလီယံကျော် ရရှိခဲ့ပါတယ်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနဟာ ကုန်သွယ်မှုတိုးမြှင့်ရေးနဲ့ ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကို ဦးတည်ချက်ထား၍ လုပ်ဆောင်နေတဲ့ ဝန်ကြီးဌာနဖြစ်သလို ကုန်သွယ်မှု တိုးမြှင့်ရေး (Trade Promotion)၊ ကုန်သွယ်မှု လွယ်ကူချောမွေ့စေရေး (Trade Facilitation)၊ ကုန်သွယ်မှု စေ့စပ်ညှိနှိုင်းပေးရေး၊ (Trade Negotiation)၊ ကုန်သွယ်မှုဆိုင်ရာ ဖြေလျှော့ပေးရေး (Trade Liberalization )၊ ကုန်သွယ်မှု ပညာပေးရေး (Trade Education)၊ စားသုံးသူအကာအကွယ်ပေးရေး (Consumer Protection ) ဆိုတဲ့ မဏ္ဍိုင်ခြောက်ရပ်နဲ့ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ်။

အစိုးရသစ်လက်ထက်တွင်မြန်မာနိုင်ငံဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် ကဏ္ဍပေါင်းစုံမှ တွန်းအားပေး ဆောင်ရွက်လျက်ရှိရာ ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကိစ္စရပ်များကို ပိုမို ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် ပုဂ္ဂလိက ကဏ္ဍဖွံ့ဖြိုး တိုးတက်ရေးကော်မတီကို စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနက တာဝန်ယူဆောင်ရွက်လျက်ရှိကြောင်း သိရှိရပါတယ်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ကုန်သွယ်မှုကဏ္ဍ တိုးမြှင့်နိုင်ရေးအတွက် ပို့ကုန်သွင်းကုန်ဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို ဖြေလျှော့ပေးခြင်း၊ ပြည်ပပို့ကုန် တိုးမြှင့်နိုင်ရေးအတွက် Re-export စနစ်ဖြင့် ကုန်သွယ်မှုအား သကြား၊ ကွမ်းသီး၊ စက်သုံးဆီ စသည့် အမယ်များကို အောင်မြင်အောင် ဆောင်ရွက်နိုင်ပြီး အဝတ်အထည်၊ ကြက်သွန်ဖြူ၊ နှမ်း၊ ငရုတ်သီးခြောက်၊ မြေပဲ၊ ဝါဂွမ်း၊ ပဲပုပ်စေ့၊ ချည်မျှင်၊ သစ်



ရှင်မင်းအို(တန့်ဆည်)

သီးအစို၊ လျှပ်စစ်ပစ္စည်း များ၊ အလှကုန်ပစ္စည်းများ၊ အချိုရည်အမျိုးမျိုး၊ စားသောက်ကုန် ပစ္စည်းများ၊ စားသုံးဆီ၊ ကားတာယာ စသည့် ကုန်ပစ္စည်းအမယ်များကို ခွင့်ပြုခဲ့ကြောင်း သိရှိရပါတယ်။

ဒါ့အပြင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ ရည်မှန်းချက်ဖြစ်သည့် ပို့ကုန်သုံးဆတိုးမြှင့်ရေးအတွက် လုပ်ဆောင်ရာမှာ ဌာနအနေနဲ့ ပို့ကုန်သွင်းကုန် လုပ်ငန်းရှင်များရဲ့ အခက်အခဲများ၊ လိုအပ်ချက်များကို သက်ဆိုင်ရာဌာနများနဲ့ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပြီး ဖြေရှင်းပေးခဲ့ပါတယ်။ ကုန်သွယ်မှုမြှင့်တင်ရေးအတွက် ဆောင်ရွက်ရာမှာ အခက်အခဲ၊ အတားအဆီးအမျိုးမျိုး၊ စိန်ခေါ်မှုအမျိုးမျိုးနဲ့ ရင်ဆိုင်ခဲ့ရပေမယ့် ကြိုးစားပြီးဆောင်ရွက်ခဲ့တဲ့အတွက် အခုလို ဘဏ္ဍာနှစ်တစ်နှစ်မကုန်မီမှာ ကုန်သွယ်မှုပမာဏ တိုးတက်ခဲ့တာဖြစ်ပါတယ်။

မြန်မာ့ပို့ကုန်များ ဈေးကွက်ပိုမိုရရှိစေရန်အတွက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနမှ ဦးဆောင်၍ အစိုးရအရာရှိကြီးများ၊ ကုန်သည်လုပ်ငန်းရှင်များ ပါဝင်တဲ့ မြန်မာကိုယ်စားလှယ်အဖွဲ့က အမေရိကန်နိုင်ငံ၊ ဆွစ်ဇာလန်နိုင်ငံ၊ ကိုရီးယားနိုင်ငံ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ထိုင်းနိုင်ငံ၊ အီတလီနိုင်ငံ၊ ဗီယက်နမ်နိုင်ငံ၊ အိန္ဒိယနိုင်ငံ၊ ဂျပန်နိုင်ငံတို့သို့ သွားရောက်ခဲ့ပြီး မြန်မာနိုင်ငံမှ ပို့ကုန်များ ဈေးကွက်ပိုမိုရရှိရေး၊ မြန်မာနိုင်ငံရဲ့ လယ်ယာထွက်ကုန်များ အရည်အသွေးမြှင့် တန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်နိုင်ရေး ညှိနှိုင်းဆွေးနွေးခဲ့ကြောင်းသိရှိရပါတယ်။

နှစ်နိုင်ငံနယ်စပ် ကုန်သွယ်မှုများ တိုးမြှင့်စေရန်အတွက် မြန်မာ-တရုတ်၊ မြန်မာ-ဘင်္ဂလားဒေ့ရှ်၊ မြန်မာ-ထိုင်း နှစ်နိုင်ငံ နယ်စပ်ကုန်သွယ်ရေးပူးတွဲကော်မတီများ၊ နယ်စပ်ကုန်သွယ်ရေး ပူးတွဲကော်မရှင်များ ဖွဲ့စည်းထားရှိပြီး ကုန်သွယ်မှုအခက်အခဲများ၊ ကုန်သွယ်မှု တိုးမြှင့်ရေးကိစ္စရပ်များ၊ နှစ်နိုင်ငံ နယ်စပ်ထွက်ပေါက်မှ ဝင်ထွက်ရေးကိစ္စရပ်များ၊ နှစ်နိုင်ငံ ယာဉ်ဝင်ထွက်ကိစ္စရပ်များအား ညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ နယ်စပ်ကုန်သွယ်ရေး ပူးတွဲကော်မတီ အစည်းအဝေးများကို နှစ်စဉ် နှစ်နိုင်ငံ အလှည့်ကျ ကျင်းပပြုလုပ်ရန် ညှိနှိုင်းလျက်ရှိပါတယ်။ ဒါ့အပြင် ယခုနှစ် မတ်လ ၂၃ နဲ့ ၂၄ ရက်တို့တွင် မြန်မာ-ထိုင်းနိုင်ငံ နယ်စပ်ကုန်သွယ်ရေး ပူးတွဲကော်မတီအစည်းအဝေးကို ထိုင်းနိုင်ငံ မဲဆောက်မြို့မှာ ကျင်းပခဲ့ပါတယ်။

ကုန်သွယ်မှုလုပ်ငန်းများ ဆောင်ရွက်တဲ့အခါမှာ အခြားနိုင်ငံများမှာ အခွန်ဆောင်မှုများ မရှိသော်လည်း မြန်မာနိုင်ငံအနေဖြင့် ကုန်သွယ်မှုဆောင်ရွက်တဲ့အခါမှာ ပို့ကုန်ပေါ်တွင် ကြိုတင်ဝင်ငွေခွန် နှစ်ရာခိုင်နှုန်း၊ သွင်းကုန်ပေါ်တွင် ကြိုတင်ဝင်ငွေခွန် နှစ်ရာခိုင်နှုန်း ၊ သွင်းကုန်ခွန်၊ ကုန်သွယ်ခွန် စသည်ဖြင့် အသီးသီး ကောက်ခံလျက်ရှိကြောင်း တွေ့ရှိရပါတယ်။

*စာမျက်နှာ (၁၇)သို့*

# ဆိပ်ကမ်းများတွင် သင်္ကြန်ပိတ်ရက်ကာလ ပို့ကုန်/သွင်းကုန် လွယ်ကူချောမွေ့စေရေး ညှိနှိုင်းဆွေးနွေး

ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ ဒုတိယဥက္ကဋ္ဌ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်သည် ရန်ကုန်တိုင်းဒေသကြီး၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးမြင့်သောင်းနှင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ လိုက်ပါလျက် ဧပြီ ၁ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး၊ အလုံမြို့နယ်ရှိ မြန်မာ့စက်မှုဆိပ်ကမ်း (MIP) သို့ ရောက်ရှိလာရာ တာဝန်ရှိသူများက ကြိုဆိုကြပြီး ကုန်သေတ္တာများ ထုတ်သွင်းရာတွင် ကျသင့်ငွေပေးချေမှု အခြေအနေ၊ မြန်မာ့စက်မှုဆိပ်ကမ်း၏ ပုံစံငယ်ပြခန်း၊ CCTV Control Room တို့အား ကြည့်ရှုစစ်ဆေးရာ မြန်မာ့စက်မှုဆိပ်ကမ်း ဥက္ကဋ္ဌ ဦးကိုကိုထူးက လိုက်လံရှင်းလင်းပြသသည်။

ထို့နောက် ဆဋ္ဌမထပ် အစည်း အဝေးခန်းမတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်၊ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၊ မြန်မာနိုင်ငံ ပဲမျိုးစုံနှင့် နှမ်းကုန်သည်များအသင်း၊ ကုန်သေတ္တာတင် မော်တော်ယာဉ်အသင်း၊ မြန်မာနိုင်ငံ အကောက်ခွန်လုပ်ငန်းဆိုင်ရာ ဝန်ဆောင်သူများအသင်း၊ ထုတ်ကုန်/သွင်းကုန်လုပ်ငန်းရှင်များနှင့် ဆိပ်ကမ်းများမှ တာဝန်ရှိသူများနှင့်တွေ့ဆုံ၍ ပို့ကုန်/သွင်းကုန် လုပ်ငန်းရှင်များက လုပ်ငန်းများ ဆောင်ရွက်ရာတွင် ကြုံတွေ့ရသည့် အခက်အခဲများနှင့်ပတ်သက်၍ တင်ပြချက်များ အပေါ် ဖြေရှင်းဆောင်ရွက်ပေးရမည့် ကိစ္စရပ်များအား ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။



ဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီးက ယခုနှစ် ပြည်ပကုန်သွယ်မှု အခြေအနေမှာ ယခင်နှစ်အလားတူကာလထက် အမေရိကန်ဒေါ်လာ တစ်ဘီလီယံခန့် ပိုမိုဆောင်ရွက်နိုင်ပြီး ပို့ကုန်ကဏ္ဍတွင် ယခင်နှစ်ကထက် အမေရိကန်ဒေါ်လာ သန်း ၆၅၀ ကျော် ပိုမိုတင်ပို့နိုင်ခဲ့ကြောင်း၊ အထူးသဖြင့် လယ်ယာထွက်ကုန်ပစ္စည်းများအား အမေရိကန်ဒေါ်လာသန်း ၃၀၀ ကျော် တိုးမြှင့်တင်ပို့နိုင်ခဲ့ပါကြောင်း၊ သို့ဖြစ်၍ ယခုလို ပွင့်လင်းရာသီတွင် လယ်ယာထွက်ကုန်များအားအဓိကထား၍ ဆိပ်ကမ်းများအတွင်း ပြည်ပသို့တင်ပို့ရမည့် ကုန်သေတ္တာများ ကျပ်တည်းမှုမရှိအောင် ကြိုတင်စီစဉ်ဆောင်ရွက်ထားနိုင်ရေး ညှိနှိုင်းဆွေးနွေးကြရန်လိုအပ်ပါကြောင်း၊ အခက်အခဲများကို ရင်းရင်းနှီးနှီး ပွင့်ပွင့်လင်းလင်း ဆွေးနွေးတင်ပြကြပြီး ဆောင်ရွက်နိုင်မည့်နည်းလမ်းများ ဖော်ထုတ်စီစဉ်သွားရမည်ဖြစ်ကြောင်း၊ နှစ်သစ်ကူး သင်္ကြန်ကာလများအတွင်း ဆိပ်ကမ်းများတွင် ပို့ကုန်/သွင်းကုန်လုပ်ငန်းများ ကြန့်ကြာမှုမရှိစေဘဲ အဆင်ပြေချောမွေ့စေရေး ကြိုတင်ညှိနှိုင်းစီစဉ်ခြင်းဖြင့် ကုန်သွယ်မှုလုပ်ငန်းများ စဉ်ဆက်မပြတ် ဆောင်ရွက်နိုင်မှာဖြစ်ပါကြောင်း ဆွေးနွေးပြောကြားပါသည်။

ယင်းနောက် ရန်ကုန်တိုင်းဒေသ ကြီး အစိုးရအဖွဲ့ဝင် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးမြင့်သောင်း၊ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ အားပေးမြှင့်တင်ရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ၊ အမြဲတမ်းအတွင်းဝန် ဦးတိုးအောင်မြင့်၊ ကုန်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရန်နိုင်ထွန်း၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၊ အကောက်ခွန်ဦးစီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာနတို့မှ တာဝန်ရှိသူများက ပို့ကုန်/သွင်းကုန် လုပ်ငန်းရှင်များနှင့် အသင်းအဖွဲ့များက တင်ပြသည့် အခက်အခဲများနှင့်ပတ်သက်၍ ဆွေးနွေးချက်များကို ရှင်းလင်းတင်ပြခဲ့ကြပြီး တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက ပြန်လည်ညှိနှိုင်းပေါင်းစပ်ပေးခဲ့ကြောင်း သတင်းရရှိသည်။

## ဓာတ်ဆီ/ဒီဇယ်

# ဒီတစ်ပတ်ဓာတ်ဆီ၊ ဒီဇယ် တန်ချိန် ၉၀၀၀၀ ကျော်ဝင်

မတ် ၁၉ ရက်မှ ၂၅ရက်အထိသီတင်းပတ်အတွင်း ကန်ဒေါ်လာ ၆၅၁၃၈၀၁၇ တန်ဖိုးရှိ ဒီဇယ် ၈၀၂၃၉ ဒသမ ၄၈ တန်နဲ့ ကန်ဒေါ်လာ ၂၁၂၁၆၃၆၃ တန်ဖိုးရှိ ဓာတ်ဆီ ၁၁၉၀၅ ဒသမ ၆၂၁ တန်ကို ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ် ဓာတ်ဆီ၊ ဒီဇယ်စုစုပေါင်းတင်သွင်းတန်ချိန်မှာ ၉၂၁၄၅ ဒသမ ၁၀၁ တန်ဖြစ်ပါတယ်။ ယခင်သီတင်းပတ်ကတင်သွင်းခဲ့တဲ့ ဓာတ်ဆီ တန်ချိန် ၂၀၇၀၀ကျော်နဲ့နှိုင်းယှဉ်ရင် ဒီတစ်ပတ်မှာ ဓာတ်ဆီတန်ချိန် ၈၈၀၀ ကျော် တင်သွင်းမှုလျော့နည်းခဲ့ပြီး ယခင်သီတင်းပတ်က တင်သွင်းခဲ့တဲ့ ဒီဇယ်တန်ချိန် ၅၀၉၇၀ ကျော်နဲ့နှိုင်းယှဉ်ရင် ဒီတစ်ပတ်မှာ ဒီဇယ်တန်ချိန် ၃၀၀၀၀ နီးပါး ပိုမိုတင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ဒါကြောင့် ဒီတစ်ပတ်မှာ ဒီဇယ်အဝင်ပိုပြီး ဓာတ်ဆီအဝင်လျော့ခဲ့ပါတယ်။

နယ်စပ်စခန်းများဖြစ်တဲ့ တာချီလိတ်ကုန်သွယ်ရေးစခန်းမှ ကန်ဒေါ်လာ ၄၀၉၆၄၆ တန်ဖိုးရှိ ဒီဇယ် ၇၁၈ ဒသမ ၁၅၇ တန်၊ ကန်ဒေါ်လာ ၆၄၁၃၃ တန်ဖိုးရှိ ဓာတ်ဆီ ၉၄ ဒသမ ၉၈၈ တန်တင်သွင်းခဲ့သလို မြိတ်ကုန်သွယ်ရေးစခန်းမှ ကန်ဒေါ်လာ ၈၅၀၈၆၀ တန်ဖိုးရှိ အဆင့်မြင့်ဒီဇယ် ၄၆၂၅ တန်နဲ့ ကန်ဒေါ်လာ ၃၉၂၆၂၅ တန်ဖိုးရှိဒီဇယ် ၅၄၈ တန်၊ မြဝတီကုန်သွယ်ရေးဇုန်မှ ကန်ဒေါ်လာ ၅၅၅၁၃ တန်ဖိုးရှိ ဓာတ်ဆီ ၁၀၅တန် တင်သွင်းခဲ့တယ်လို့ သိရပါတယ်။

**ရန်ကုန်ဈေးကွက်မှာ** ဓာတ်ဆီရော ဒီဇယ်ပါ ပုံမှန်အရောင်းအဝယ်ဖြစ်တယ်လို့သိရပါတယ်။ ပုဂ္ဂလိကစက်သုံးဆီဆိုင်များမှာဒီဇယ်၊ အဆင့်မြင့်ဒီဇယ်၊ အောက်တိန်း(95)နဲ့ (92)တို့ဈေးနည်းနည်းကျလာတယ်လို့သိရပါတယ်။ ဒီတစ်ပတ် ပုဂ္ဂလိက စက်သုံးဆီဆိုင်မှာ ရောင်းချနေတဲ့ တစ်လီတာ ဈေးနှုန်းများမှာ ဒီဇယ် ၇၀၀ကျပ်၊ အောက်တိန်း (92) ၇၁၀ ကျပ်၊ အောက်တိန်း (95) ၇၅၀ကျပ်၊ အဆင့်မြင့်ဒီဇယ်၇၃၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့သိရပါတယ်။ ပြင်ပ လက်လီဆိုင်များမှာအရောင်းအဝယ်ဖြစ်နေတဲ့ ပီပါဈေးများမှာ မတ် ၂၇ရက်မှာ ဒီဇယ် ဝယ်ဈေး ကျပ်၁၄၀၀၀၀၊ ရောင်းဈေး ကျပ် ၁၄၄၀၀၀ နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ရာ တစ်ပတ်လုံး ဒီဈေးနဲ့ အရောင်းအဝယ် ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ ယခင် သီတင်းပတ်ကဈေးနဲ့နှိုင်းယှဉ်ရင် ဝယ်ဈေး ကျပ် ၃၀၀၀၊ ရောင်းဈေး ကျပ် ၂၀၀၀ ဈေးကျခဲ့တယ်လို့ သိရပါတယ်။ မတ် ၂၇ ရက်မှာ ဓာတ်ဆီဝယ်ဈေး ကျပ် ၁၅၂၀၀၀ ၊ ရောင်းဈေး ကျပ် ၁၅၅၀၀၀ နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ပြီး မတ် ၃၀ရက်တွင် ဝယ်ဈေးကျပ် ၁၀၀၀ ဈေးကျခဲ့သော်လည်း ရောင်းဈေး ဈေးငြိမ်ပြီး အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့သိရပါတယ်။ ယခင်တစ်ပတ်ဈေးနဲ့နှိုင်းယှဉ်ရင် ဒီဇယ်ဈေးငြိမ်ခဲ့ပေမယ့် ဓာတ်ဆီဈေး ကျလာတယ်လို့ သိရပါတယ်။ပြင်ပလက်လီ တစ်ဂါလံဈေးများမှာ ဒီဇယ်ကျပ် ၃၀၀၀၊ ဓာတ်ဆီတစ်ဂါလံ ကျပ် ၃၂၀၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့သိရပါတယ်။

**မန္တလေးဈေးကွက်မှာ** ဓာတ်ဆီ၊ ဒီဇယ်က ပုံမှန်အရောင်းအဝယ်ရှိနေပါတယ်။ ပုဂ္ဂလိကဆိုင်များတွင်ဓာတ်ဆီ၊ ဒီဇယ်၊ အဆင့်မြင့်ဒီဇယ်နဲ့ အောက်တိန်းမှာ ဈေးအနည်းငယ်ကျလာတယ်လို့သိရပါတယ်။ ပုဂ္ဂလိကစက်သုံးဆီဆိုင်မှာ ရောင်းချနေတဲ့ တစ်လီတာ ဈေးနှုန်းများမှာ အောက်တိန်း 95 တစ်လီတာ ၈၆၅ကျပ် ၊ ဒီဇယ် ကျပ် ၇၂၀ ၊အဆင့်မြင့်ဒီဇယ် ကျပ် ၇၅၅၊ အောက်တိန်း 92 ကျပ် ၇၈၅ နဲ့ ရောင်းချနေပါတယ်။ ပြင်ပလက်လီဆိုင်များမှာ အရောင်းအဝယ်ဖြစ်နေတဲ့ ပီပါဈေးများမှာ မတ်လ ၂၇ ရက်မှာ ဒီဇယ်ဝယ်ဈေးကျပ် ၁၄၃၀၀၀၊ ရောင်းဈေးကျပ် ၁၄၆၀၀၀ နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ပြီး မတ်လ ၃၀ရက်နေ့တွင် ဝယ်ဈေး ကျပ် ၁၄၀၀၀၀၊ ရောင်းဈေးကျပ် ၁၄၄၀၀၀နဲ့ အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ ဓာတ်ဆီဈေးမှာ မတ်လ ၂၇ရက်တွင် ဝယ်ဈေး ကျပ် ၁၄၅၀၀၀၊ ရောင်းဈေးကျပ် ၁၄၆၀၀၀နဲ့အရောင်းအဝယ်ဖြစ်ခဲ့ပြီး နောက်ရက်များတွင် ဝယ်ဈေး ဈေးငြိမ်ခဲ့သော်လည်း ရောင်းဈေး ကျပ် ၂၀၀၀ဈေးမြင့်အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ ယခင်တစ်ပတ်ဈေးနဲ့နှိုင်းယှဉ်ရင် ဓာတ်ဆီဈေးငြိမ်နေပေမယ့် ဒီဇယ်ဈေးနည်းနည်း ကျလာတယ်လို့ သိရပါတယ်။ ပြင်ပ လက်လီဆိုင်များရဲ့ တစ်ဂါလံဈေးမှာ ဒီဇယ် ကျပ်၃၀၀၀၊ဓာတ်ဆီ ကျပ်၃၁၀၀ နဲ့ အရောင်းအဝယ် ဖြစ်တယ်လို့ သိရပါတယ်။

**မော်လမြိုင်ဈေးကွက်မှာ** ဓာတ်ဆီ၊ ဒီဇယ်က ပုံမှန်အရောင်းအဝယ်ဖြစ်တယ်လို့သိရပါတယ်။ဒီတစ်ပတ် ဓာတ်ဆီ၊ ဒီဇယ်နဲ့ အောက်တိန်းမှာဈေးငြိမ်နေတယ်လို့ သိရပါတယ်။ ဒီတစ်ပတ် ပုဂ္ဂလိကဆိုင်မှာ ရောင်းချနေတဲ့ တစ်ဂါလံဈေးများမှာ ဓာတ်ဆီ ကျပ် ၃၃၀၀၊ ဒီဇယ်၃၄၄၅ကျပ်၊ အောက်တိန်းကျပ်၃၅၀၀နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့သိရပါတယ်။ ပြင်ပ လက်လီဆိုင်များမှာ ဓာတ်ဆီတစ်ဂါလံ ကျပ် ၃၃၀၀၊ ဒီဇယ်တစ်ဂါလံ ကျပ် ၃၅၀၀၊ အောက်တိန်း တစ်ဂါလံ ကျပ် ၃၅၀၀နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့သိရပါတယ်။

**သီတာဝင်း(DOT)**

# ပြည်တွင်းငွေလဲနှုန်းများ ငြိမ်သက်လျက်ရှိ

ယခုတစ်ပတ်အတွင်း ပြည်တွင်းငွေလဲနှုန်းများသည် ငြိမ်သက်လျက်ရှိနေကြောင်း ဈေးကွက်အတွင်းမှ စုံစမ်းသိရှိရသည်။ ပြီးခဲ့သည့်ရက်သတ္တပတ်အတွင်းက ကျဆင်းခဲ့သည့် ငွေလဲနှုန်းများသည် ယခုတစ်ပတ်တွင် ငြိမ်သက်လျက်ရှိသော်လည်း အရောင်းအဝယ်မှာမူ ပုံမှန်အတိုင်းဖြစ်နေကြောင်း သိရသည်။

"ဒီတစ်ပတ်မှာ ဈေးကျလာတယ်။ ဈေးကျပေမယ့် အရောင်းအဝယ်က တော့ ပုံမှန်အတိုင်းပဲရှိနေပါတယ်။ လာမယ့် တစ်ပတ်ဆိုရင်တော့ သင်္ကြန်နားနီးလာတဲ့အတွက် အရောင်းအဝယ် ကျသွားနိုင်သလို ဈေးလည်း ကျဆင်းသွားနိုင်တယ်လို့ ထင်ပါတယ်။ အခု ရက်ပိုင်းမှာတော့ ဈေးက ငြိမ်နေပေမယ့် အရောင်းအဝယ်က ပုံမှန်အတိုင်းပဲရှိနေပါတယ်"ဟု ဈေးကွက်အတွင်း ဝယ်ရောင်းပြုလုပ်နေသူတစ်ဦးက ပြောကြားခဲ့သည်။

ယခုတစ်ပတ်တွင် ငွေလဲစင်တာများ၌ မတ် ၂၈ ရက်က ရောင်းဈေး ၁၃၅၉ ကျပ်၊ ဝယ်ဈေး ၁၃၅၆ကျပ်ရှိခဲ့ပြီး မတ် ၃၁ ရက်တွင် ရောင်းဈေး ၁၃၅၈ ကျပ်၊ ဝယ်ဈေး ၁၃၅၆ ကျပ်ရှိခဲ့ကြောင်း သိရသည်။

**မယ်သီတာ**

# ပြည်တွင်းရွှေဈေး ပြန်လည်ကျဆင်းလာသော်လည်း ကျပ်ကိုးသိန်းတွင် တန့်နေ

ယခုရက်သတ္တပတ်အတွင်း ပြည်တွင်းရွှေဈေးများသည် ပြန်လည်ကျဆင်းလာသော်လည်း ကျပ်ကိုးသိန်းတွင်သာ တန့်နေကြောင်း ဈေးကွက်အတွင်းမှ စုံစမ်းသိရှိရသည်။

ကမ္ဘာ့ရွှေဈေး ပြန်လည်ကျဆင်းလာခြင်းနှင့်အတူ ပြည်တွင်းရွှေဈေးများပါ ပြန်လည်ကျဆင်းလာသော်လည်း ပြည်တွင်းရွှေဈေးသည် ကျပ်ကိုးသိန်းအတိတွင်သာ ရပ်တန့်နေကြောင်း သိရသည်။

ဧပြီ ၁ ရက်မှစတင်ကာ ရွှေဝယ်ယူသူများအနေဖြင့် အခွန်ဆောင်ရမည်ဖြစ်သောကြောင့် ရွှေဈေးပြန်လည်ကျဆင်းလာခဲ့သည့် မတ် ၃၁ ရက်က ရွှေဝယ်ယူသူများ ပိုမိုများပြားလာခဲ့ကြောင်း ဈေးကွက်အတွင်း ဝယ်ရောင်းပြုလုပ်နေသူတစ်ဦးက ဆိုသည်။

"ဒီတစ်ပတ်ထဲမှာ ရွှေဈေးက ပြန်ကျလာတယ်။ ရွှေဈေးလည်း ကျလာရော ဈေးကွက်ထဲမှာ အဲဒီတစ်ရက်ထဲ ဝယ်တဲ့သူတွေတော်တော်များတယ်။ ဧပြီ ၁ ရက်မှာရွှေဝယ်ရင် အခွန်ဆောင်ရမှာဖြစ်တဲ့အတွက် မတ် ၃၁ ရက်မှာ အဝယ်များလာတာဖြစ်ပါတယ်။ ပြီးခဲ့တဲ့တစ်ပတ်ကတော့ ရွှေဈေးတွေ မြင့်တက်လာတဲ့အတွက် အရောင်းအဝယ်လည်းသိပ်မကောင်းဘူး။ ဒီတစ်ပတ်မှာတော့ မတ် ၃၁ ရက်မှာ ရွှေဈေးက ကျပ်ငါးထောင် ကျဆင်းသွားတဲ့အတွက် အရောင်းအဝယ် ပိုကောင်းလာတယ်"ဟု ရွှေကုန်သည်ဦးစံမြင့်က ဆိုသည်။

ပြည်တွင်းရွှေဈေးသည် မတ် ၂၇ ရက်က အခေါက်ရွှေ တစ်ကျပ်သားလျှင် ကျပ် ၉၀၅၀၀၀ ရှိခဲ့ရာမှ မတ် ၃၁ ရက်တွင် ကျပ်ကိုးသိန်းသို့ ကျဆင်းခဲ့သည်။ ကမ္ဘာ့ရွှေဈေးသည် မတ် ၂၇ ရက်က တစ်အောင်စလျှင် ၁၂၅၇ ဒေါ်လာရှိခဲ့ပြီး မတ် ၃၁ ရက်တွင် ၁၂၄၂ ဒေါ်လာသို့ ကျဆင်းခဲ့သည်။

**မယ်သီတာ**

# ရန်ကုန်စတော့အိတ်ချိန်းတွင် ရောင်းဝယ်လျက်ရှိသည့် အစုရှယ်ယာဈေးနှုန်းများ ငြိမ်သက်ကာ အရောင်းအဝယ်ဖြစ်လျက်ရှိ

ယခုတစ်ပတ် ရန်ကုန်စတော့အိတ်ချိန်းတွင် ရောင်းဝယ်လျက်ရှိသည့် အစုရှယ်ယာများ၏ ဈေးနှုန်းများ ငြိမ်သက်ကာ အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း ရန်ကုန်စတော့အိတ်ချိန်း၏ သတင်းထုတ်ပြန်ချက်များအရ သိရသည်။

ယခုတစ်ပတ်တွင် အမေရိကန်ဒေါ်လာဈေးများ ငြိမ်သက်နေခြင်း၊ အရောင်းအဝယ်ရှိနေသော်လည်း နေ့စဉ် အရောင်းအဝယ်ဖြစ်မှုမှာ နည်းပါးနေခြင်းတို့ကြောင့် ဈေးငြိမ်နေရခြင်းဖြစ်သည်ဟု အရောင်းအဝယ်ဈေးကွက်အတွင်းမှ သိရသည်။

"သင်္ကြန်နား နီးလာလို့လည်း ပါတယ်။ ဒေါ်လာဈေးကလည်း ဒီတစ်ပတ်ထဲမှာ ငြိမ်နေတယ်။ ဈေးကွက်ထဲမှာ အရောင်းအဝယ်ကတော့ နေ့စဉ်ဖြစ်နေပါတယ်။ ဈေးအတက်အကျကတော့ ဒီတစ်ပတ်မှာ FMI တစ်ခုပဲ ကျပ် ၅၀၀ လောက် အတက်အကျရှိခဲ့ပေမယ့် ကျန်တဲ့ အစုရှယ်ယာတွေက ဈေးအတက်အကျကို မရှိတာ။ ဒါပေမယ့် အရောင်းအဝယ်ကတော့ နေ့စဉ်လိုလို ရှိနေပါတယ်"ဟု စတော့အိတ်ချိန်းတွင် အရောင်းအဝယ် ပြုလုပ်နေသူတစ်ဦးက သုံးသပ်ပြောကြားခဲ့သည်။

ရန်ကုန် စတော့အိတ်ချိန်းတွင် ရောင်းဝယ်လျက်ရှိသည့် အစုရှယ်ယာများအနက် FMI က တစ်စုလျှင် ကျပ် ၁၆၅၀၀ ဖြင့်လည်းကောင်း၊ MTSH က တစ်စုလျှင် ကျပ် ၄၁၀၀ ဖြင့်လည်းကောင်း၊ MCB က တစ်စုလျှင် ကျပ် ၉၁၀၀ ဖြင့်လည်းကောင်း၊ FPB က တစ်စုလျှင် ၃၁၅၀၀ဖြင့်လည်းကောင်း ရောင်းဝယ်လျက်ရှိသည်။

**မယ်သီတာ**

## Currency Exchange Rate

March 31, 2017

Base Currency is United States Dollar - USD

| Currency Unit | | Units per USD |
|---|---|---|
| AUD | Australia Dollars | 1.31 |
| BDT | Bangladesh Taka | 80.00 |
| CAD | Canada Dollars | 1.33 |
| CNY | China Yuan Renminbi | 6.89 |
| EUR | Euro | 0.94 |
| H KD | Hong Kong Dollars | 7.77 |
| I NR | India Rupees | 64.83 |
| I DR | Indonesia Rupiahs | 13321.95 |
| JPY | Japan Yen | 111.85 |
| MYR | Malaysia | 4.42 |
| PKR | Pakistan Rupees | 104.83 |
| PHP | Philippines Pesos | 50.21 |
| RUB | Russia Rubles | 56.14 |
| SGD | Singapore Dollars | 1.40 |
| KRW | South Korea Won | 1118.06 |
| LKR | Sri Lanka Rupe | 151.70 |
| THB | Thailand Baht | 34.43 |
| GBP | United Kingdom Pounds | 0.80 |
| VND | VietnamDon | 22753.13 |

*Source:xe.com*

## World Gold Price

March, 2017 (USD/OZ)

| Date | NY | London | Zurich |
|---|---|---|---|
| 27 | - | - | - |
| 28 | 1256 | 1255 | 1255 |
| 29 | 1248 | 1249 | 1t250 |
| 30 | 1255 | 1253 | 1253 |
| 31 | 1245 | 1243 | 1244 |

## Domestic Gold Price

Kyats(Thousand)

| Date | Yangon | Mandalay |
|---|---|---|
| 27-3-2017 | - | - |
| 28-3-2017 | 805.50 | 805.20 |
| 29-3- 2017 | 903.00 | 902.70 |
| 30-3 -2017 | 903.00 | 902.60 |
| 31-3- 2017 | 898.50 | 898.10 |

## နယ်စပ်ငွေလဲလှယ်နှုန်း

မတ်လ ၂၀၁၇ (1US$)

| ရက် | တရုတ် (ယွမ်) | ထိုင်း (ဘတ်) | ဘင်္ဂလားဒေ့ရှ် (တာကာ) | အိန္ဒိယ (ရူပီး) |
|---|---|---|---|---|
| 27 | 6 .87 | 34.45 | 80.17 | 65.09 |
| 28 | 6. 88 | 34.40 | 80.28 | 65.07 |
| 29 | 6 .89 | 34.54 | 79.69 | 64.96 |
| 30 | 6 .89 | 34.51 | 80.19 | 64.95 |
| 31 | 6.89 | 34.44 | 80.00 | 64.83 |

## World Metal Price (US$)

| Date | Silver/Oz | Zinc/Ton | Aluminium/Ton | Copper/Ton | Platinum/Oz |
|---|---|---|---|---|---|
| 27- March | - | - | - | - | - |
| 28- March | 18.04 | 2810.75 | 1942.08 | 5823.33 | 968.00 |
| 29- March | 18.05 | 2862.50 | 1960.45 | 5913.60 | 952.00 |
| 30- March | 18.13 | 2851.97 | 1975.46 | 5905.98 | 950.00 |
| 31- March | 18.06 | 2836.06 | 1989.34 | 5950.56 | 944.00 |

Source:kitco.com

## Energy NYMEX 31-3-2017

| | Price | Change | Change % |
|---|---|---|---|
| WTI Crude Future (USD/bbl.) | 50.11 | -0.24 | -0.48 |
| Brent Crude Futr (USD/bbl) | 52.64 | -0.32 | -0.60 |
| Gasoline Rbob Fut (Cent/gal) | 167.88 | -0.24 | -0.14 |
| Natural Gas Futr (USD/MMBtu) | 3.21 | 0.02 | 0.63 |
| Heating Oil Futr (Cent/gal) | 155.65 | -0.17 | -0.11 |

## ဘိလပ်မြေ

# ဘိလပ်မြေတန်ချိန် ၈၀၀၀ကျော်ဝင်

မတ်လ ၁၉ရက်မှ ၂၅ ရက်အထိ သီတင်းပတ်အတွင်း ကန်ဒေါ်လာ ၄၀၄၂၂၄ တန်ဖိုးရှိ ဘိလပ်မြေ ၈၁၆၈ တန်ကို ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ် မလေးရှားနိုင်ငံမှ တန်ချိန် ၈၀၀၀ နဲ့ တရုတ်နိုင်ငံမှ ၁၆၈ တန် တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ဒါကြောင့် ဒီတစ်ပတ်မှာ မလေးရှားနိုင်ငံမှ အများဆုံးတင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ်က တင်သွင်းခဲ့တဲ့ တန်ချိန် ၃၀၀ ကျော်နဲ့နှိုင်းယှဉ်ရင် ဒီတစ်ပတ်မှာတန်ချိန် ၇၈၆၀ ကျော် ပိုမို တင်သွင်းခဲ့တယ်လို့သိရပါတယ်။ကာလတူဖြစ်တဲ့ ၂၀၁၆ခုနှစ် မတ်လ ၁၉ ရက်မှ ၂၅ရက် အထိ သီတင်းပတ်အတွင်း ဘိလပ်မြေတင်သွင်းမှုမှာ တန်ချိန် ၂၁၈၀၀ ကျော်ရှိခဲ့တာကြောင့် ယခုနှစ်တင်သွင်းမှုနဲ့ယှဉ်ရင် ဒီနှစ်မှာ ဘိလပ်မြေ တန်ချိန် ၁၃၆၀၀ ကျော်တင်သွင်းမှုလျော့နည်းခဲ့တယ်လို့ သိရပါတယ်။

# ဘိလပ်မြေဈေးကွက်အရောင်းသွက်

မတ်လ၁၉ ရက်မှ ၂၅ရက် အထိ သီတင်းပတ်အတွင်း ပြည်တွင်းသို့ ရေလမ်းမှ ဘိလပ်မြေတန်ချိန် ၈၁၆၀ ကျော်ဝင်ရောက်ခဲ့တယ်လို့ သိရပါတယ်။ ယခင်တစ်ပတ်က ဝင်ရောက်ခဲ့တဲ့ တန်ချိန် ၃၀၀ကျော်နဲ့နှိုင်းယှဉ်ရင် ဒီတစ်ပတ်မှာ တန်ချိန် ၇၈၀၀ ကျော် အဝင်ပိုခဲ့ပါတယ်။ ဒီတစ်ပတ် နယ်စပ်လမ်းမှ ဘိလပ်မြေ အဝင်မှာ တန်ချိန် ၂၅၁၀၀ကျော်ရှိခဲ့ပြီး ယခင်တစ်ပတ်အဝင်မှာ တန်ချိန် ၃၁၀၈၀ ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ တန်ချိန် ၅၉၇၀ ကျော် အဝင်လျော့ခဲ့တယ်လို့ သိရပါတယ်။ ဒါကြောင့် ဒီတစ်ပတ်မှာရေလမ်းမှအဝင်ပိုပြီးနယ်စပ်လမ်းမှဘိလပ်မြေ အဝင်လျော့ခဲ့ပါတယ်။

**ရန်ကုန်ဈေးကွက်မှာ** သင်္ကြန်နီးလာတာနဲ့အမျှ ဘိလပ်မြေအရောင်းအဝယ် ပိုသွက်လာပေမယ့် ဘိလပ်မြေဈေးကတော့ငြိမ်နေတယ်လို့ သိရပါတယ်။ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ အထိုင်ဈေးမှာ ဆင်(ထိုင်း)ကျပ် ၅၇၀၀၊ စိန်(ထိုင်း) ကျပ်၅၇၀၀၊ မော်လမြိုင်ဆင် ကျပ် ၅၅၀၀၊ ကြံ့နှစ်ကောင်(နီ) ကျပ် ၅၅၅၀၊ ကြံ့နှစ်ကောင်(စိမ်း) ကျပ် ၅၂၅၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ ဘုရင့်နောင်ပွဲရုံတန်း အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးဆိုင်မှ စုံစမ်းသိရှိရပါတယ်။

**မကွေးဘိလပ်မြေဈေးကွက်မှာ**အရောင်းအဝယ်ပုံမှန်ရှိပြီး ယခင်တစ်ပတ်ဈေးအတိုင်းအရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ် ဖြစ်နေတဲ့ဈေးမှာ ဆင် (ထိုင်း) ကျပ် ၅၆၀၀၊ အပါချီ (ထိုင်း) ကျပ် ၄၇၅၀ ၊ ကြံ့ ကျပ် ၄၇၅၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးဆိုင်မှ သိရှိရပါတယ်။

**မန္တလေးဘိလပ်မြေဈေးကွက်မှာ** တည်ဆောက်ရေးလုပ်ငန်းများကြောင့် အရောင်းအဝယ်သွက်ပေမယ့်ဈေးငြိမ်နေတယ်လို့ အိမ်ဆောက်ပစ္စည်း ရောင်းဝယ်ရေးဆိုင်မှ တာဝန်ရှိသူတစ်ဦးက ဆိုပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ် ဖြစ်နေတဲ့ ဈေးမှာ အေသုံးလုံးကျပ် ၄၅၀၀၊ မြန်မာဆင်ကျပ် ၄၁၀၀၊ ဆင်(ထိုင်း) ကျပ် ၆၇၀၀၊ စိန်(ထိုင်း)ကျပ် ၆၈၀၀၊ ဆင်မင်းကျပ် ၄၂၀၀၊ ကျားခေါင်း ကျပ် ၄၀၀၀၊ မြင်းခေါင်း ကျပ် ၄၅၀၀နဲ့ အရောင်း အဝယ် ဖြစ်တယ်လို့ အိမ်ဆောက်ပစ္စည်း ရောင်းဝယ်ရေးဆိုင်မှ စုံစမ်းသိရပါတယ်။

**တောင်ကြီးဘိလပ်မြေဈေးကွက်မှာ** အရောင်းအဝယ်သွက်ပြီး ဈေးငြိမ်နေတယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ စိန်(ထိုင်း) ကျပ် ၆၈၀၀၊ အေသုံးလုံးကျပ် ၅၂၀၀၊ အပါချီ ကျပ် ၄၃၀၀၊ ကမ္ဘောဇ ကျပ် ၄၅၀၀၊ နဂါးကျပ် ၄၅၀၀၊ ဆင်(ထိုင်း) ကျပ် ၆၆၀၀ နဲ့အရောင်းအဝယ်ဖြစ်တယ်လို့ အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးဆိုင်မှ စုံစမ်းသိရပါတယ်။

**သီတာဝင်း(DOT) စုစည်းသည်**

## စားတော်ပဲ / မြေပဲ ... 

## ဓာတ်မြေသြဇာ

# မြေသြဇာတန်ချိန် ၉၀၀၀ကျော်ဝင်

မတ်လ၁၉ ရက်မှ ၂၅ရက်အထိ သီတင်းပတ်အတွင်းကန်ဒေါ်လာ၁၈၃၉၆၈၂ တန်ဖိုးရှိ မြေသြဇာ ၉၂၀၂ ဒသမ ၃၁၇ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ် တရုတ်နိုင်ငံမှ ၅၄၀၂ဒသမ ၂၅ တန်၊ အိန္ဒိယနိုင်ငံမှ တန်ချိန် ၄၀၊ အစ္စရေးနိုင်ငံမှ ၇၂ တန်၊ ဂျပန်နိုင်ငံမှ ၇၃၁ ဒသမ ၄၉၇ တန်၊ ကိုရီးယားနိုင်ငံမှ တန်ချိန် ၁၀၀၊ မလေးရှားနိုင်ငံမှ ၆၀၂ ဒသမ ၅၄ တန်၊ ထိုင်းနိုင်ငံမှ ၁၇၅၄ ဒသမ ၀၃ တန်နဲ့ ဗီယက်နမ်နိုင်ငံမှ တန်ချိန် ၅၀၀ တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ တင်သွင်းခဲ့တဲ့အမျိုးအစားများမှာ ကွန်ပေါင်း၊ ဩဂဲနစ်၊ အမိုးနီးယားဆာလဖိတ်၊ ဓာတ်ဆား၊ နိုက်ထြိုဂျင်နဲ့ ပိုတက်ဆီယမ် နိုက်ထြိတ်တို့ ဖြစ်ပါတယ်။ ယခင်သီတင်းပတ်ကတင်သွင်းခဲ့တဲ့တန်ချိန် ၈၈၆၀ ကျော်နဲ့နှိုင်းယှဉ်ရင် ဒီတစ်ပတ်မှာ တန်ချိန် ၃၄၀ ကျော် အဝင်ပိုခဲ့တယ်လို့ သိရပါတယ်။

# ရန်ကုန်မြေသြဇာဈေးကွက် အရောင်းပုံမှန်ရှိ

မတ်လ၁၉ ရက်မှ ၂၅ ရက် အထိသီတင်းပတ်အတွင်း ပြည်တွင်းသို့ ရေလမ်းမှ မြေသြဇာ တန်ချိန် ၉၂၀၀ ကျော် အဝင်ရှိခဲ့ပြီး ယခင် သီတင်းပတ်က တန်ချိန်၈၈၆၀ ကျော်ဝင်ခဲ့တာကြောင့် ဒီတစ်ပတ်မှာ တန်ချိန် ၃၄၀ကျော် ပိုမိုတင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ယခုတစ်ပတ် နယ်စပ်လမ်းမှ မြေသြဇာ အဝင်မှာ တန်ချိန် ၁၆၅၂၀ ကျော်ရှိခဲ့ပြီး ယခင်တစ်ပတ်က အဝင်မှာ တန်ချိန် ၁၈၆၂၀ ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ တန်ချိန် ၂၀၉၀ကျော် အဝင်လျော့ခဲ့တယ်လို့ သိရပါတယ်။ ဒါကြောင့် ဒီတစ်ပတ် မြေသြဇာတင်သွင်းမှုမှာ ရေကြောင်းလမ်းမှ အဝင်ပိုခဲ့ပြီး နယ်စပ်လမ်းမှ အဝင်လျော့ခဲ့ပါတယ်။ ပြည်တွင်းဈေးကွက်များဖြစ်တဲ့ မော်လမြိုင်၊ မကွေး ၊ ရန်ကုန်နဲ့တောင်ကြီးမှာအရောင်းအေးတယ်လို့သိရပါတယ်။

**မော်လမြိုင်ဈေးကွက်မှာ** ဒီတစ်ပတ်လည်းအရောင်းအေးပြီး ဈေးငြိမ်နေတယ်လို့သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ ပုလဲ-အသေး ၄၆%(ရွှေတုံး၊ရွှေပျား၊ ရွှေတောင်-တရုတ်) ကျပ် ၂၁၂၀၀၊ ကွန်ပေါင်း (အစိမ်း) ၁၅း၁၅း၁၅ (ထိုင်း) ကျပ် ၃၅၀၀၀၊ ကွန်ပေါင်း (ပန်းရောင်) ကျပ် ၃၀၀၀၀၊ ကွန်ပေါင်း ၁၆း၁၆း၈ (မြင်းပျံ-ထိုင်း) ကျပ် ၂၁၀၀၀၊ တီစူပါ၄၆% (သံကွင်း-တရုတ်) ကျပ် ၂၀၅၀၀နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ စုံစမ်းရရှိခဲ့ပါတယ်။

**ရန်ကုန်ဈေးကွက်မှာ**ဒီတစ်ပတ်အရောင်းအဝယ်ပုံမှန်ရှိပြီး ဈေးကတော့ ပြောင်းလဲမှုမရှိဘူးလို့သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ ယူရီးယား(ရွှေတောင်-တရုတ်)ကျပ်၂၃၀၀၀၊ယူရီးယား(ပန်းဖူး-တရုတ်) ကျပ်၂၃၀၀၀၊ တီစူပါ(သံကွင်း-တရုတ်) ကျပ် ၂၀၀၀၀၊ ပိုတက်(အိန္ဒိယ) ကျပ်၂၃၅၀၀၊ ကွန်ပေါင်း ၁၅ပတ်လည် ကျပ် ၃၇၇၀၀နဲ့အရောင်းအဝယ်ဖြစ်တယ်လို့သိရပါတယ်။

**တောင်ကြီးဈေးကွက်မှာ**ဒီတစ်ပတ် အရောင်းအေးသလို ဈေးလည်း ငြိမ်နေတယ်လို့သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ ဈေးမှာ (ကမ္ဘာလုံး-တရုတ်) ကျပ် ၂၂၃၀၀ ၊ ယူရီးယား(ရွှေတောင်-တရုတ်) ကျပ် ၂၂၃၀၀၀၊ ယူရီးယား (ပန်းဖူး-တရုတ်) ကျပ် ၂၂၉၀၀၊ တီစူပါ၂၀% (တရုတ်) ကျပ် ၁၃၀၀၀ ၊ ပိုးသတ်ဆေး ကျပ်၁၉၀၀၊ တီစူပါ ၁၅ ပတ်လည် (တရုတ်) ကျပ် ၃၇၅၀၀ ၊ တီစူပါ ၁၀း၁၀း၅(တရုတ်) ကျပ် ၁၆၀၀၀၊ ဓာတ်ဆား (တရုတ်) ကျပ် ၁၃၅၀၀၊ ပိုတက်(တရုတ်) ကျပ်၂၃၅၀၀၊ ယူရီးယား(ယူအေအီး) ကျပ် ၁၈၀၀၀ ၊ မြွားကမ္ဘာကျပ် ၁၅၄၀၀ ဈေးနဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ ဈေးကွက်အတွင်းမှ စုံစမ်းသိရပါတယ်။

**မကွေးဈေးကွက်မှာ** မြေသြဇာများက အရောင်းအဝယ် အေးတယ်လို့ သိရပါတယ်။ ဒီတစ်ပတ်မြွားကမ္ဘာ၁၂း၁၃(အပြာ)၊ ဆင်၁၀း၁၀း၅၊ ယူရီးယားနဲ့တောင်သူမက ဈေးနည်းနည်းမြင့်လာပြီး ကျန်မြေသြဇာများက ဈေးငြိမ်နေတယ်လို့ သိရပါတယ်။ ဈေးကွက်ထဲအရောင်းအဝယ်ဖြစ်နေတဲ့ ဈေးမှာ မြွားကမ္ဘာ၁၂း၁၃(အပြာ) ကျပ် ၁၆၅၀၀ ၊ ဆင်၁၀း၁၀း၅ ကျပ် ၁၅၇၀၀၊ သီးစုံ(ဝါစိမ်းပြာ) ကျပ်၁၆၀၀၀၊ အာမို ၁၅ပတ်လည် ကျပ် ၃၇၅၀၀၊ အာမို ၁၆း၁၆း၈ ကျပ် ၃၅၅၀၀၊ အာမို ၁၀း၁၀း၅ ကျပ် ၁၆၈၀၀၊ ယူရီးယား-ပုလဲ(ပန်းဖူး-တရုတ်)ကျပ်၂၃၈၀၀၊ ယူရီးယား-ပုလဲ(ရွှေတောင်-တရုတ်) ကျပ် ၂၂၅၀၀၊ အောင်ကမ္ဘာ ၁၀း၁၀း၅ ကျပ် ၁၈၂၀၀၊ တီစူပါ ကျပ် ၂၁၀၀၀၊ တောင်သူမ ကျပ် ၁၅၇၀၀ နဲ့အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

## နို့ဆီ /နို့မှုန့်

# ဒီတစ်ပတ် နို့ဆီရော နို့မှုန့်ပါ အဝင်လျော့

မတ်လ ၁၉ ရက်မှ ၂၅ ရက် အထိ သီတင်းပတ်အတွင်း ကန်ဒေါ်လာ ၃၈၅၇၄၃ တန်ဖိုးရှိ နို့ဆီ ၂၇၀ဒသမ ၈၆၄တန်ကို ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှတင်သွင်းခဲ့ပါတယ်။ဒီတစ်ပတ်မှာ ထိုင်းနိုင်ငံမှMy Boyနို့ဆီ ၅၁ ဒသမ ၉၈၄တန်နဲ့ စင်ကာပူနိုင်ငံမှ ဒွန်းနို့ဆီ ၂၁၈ဒသမ ၈၈တန် တင်သွင်းခဲ့တယ်လို့သိရပါတယ်။ ယခင်သီတင်းပတ်က တင်သွင်းခဲ့တဲ့ နို့ဆီတန်ချိန်၄၆၀ ကျော်နဲ့နှိုင်းယှဉ်ရင် ဒီတစ်ပတ်မှာ တန်ချိန်၁၉၀နီးပါးတင်သွင်းမှုလျော့ခဲ့တယ်လို့သိရပါတယ်။

နို့မှုန့်က ဒီတစ်ပတ်မှာ ဩစတြေးလျနိုင်ငံမှ ၁ တန်၊ တရုတ်နိုင်ငံမှ သုည ဒသမ ၁၄၀ တန်၊ ဂျာမနီနိုင်ငံမှ သုည ဒသမ ၉၇၅ တန်၊ အိုင်ယာလန်နိုင်ငံမှ သုည ဒသမ ၈၄၆ တန်၊ နယူးဇီလန်နိုင်ငံမှ ၁၉၃ ဒသမ ၆ တန်၊ ဖိလစ်ပိုင်နိုင်ငံမှ ၇ဒသမ ၁၇၂တန်၊ ပိုလန်နိုင်ငံမှ ၁၆တန်၊စင်ကာပူနိုင်ငံမှ ၁၅ ဒသမ ၂၅၃ တန်နဲ့ ဗီယက်နမ်နိုင်ငံမှ သုည ဒသမ ၉၇၆ တန်၊ စုစုပေါင်း ၂၃၅ဒသမ ၉၆၂ တန် တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ်က တင်သွင်းခဲ့တဲ့ တန်ချိန် ၃၁၀ကျော်နဲ့ နှိုင်းယှဉ်ရင် ဒီတစ်ပတ်မှာ ၇၅ တန်ကျော် တင်သွင်းမှု လျော့နည်း ခဲ့တယ်လို့ သိရပါတယ်။ ဒါကြောင့် ဒီတစ်ပတ်မှာ နို့ဆီရော နို့မှုန့်ပါ အဝင်လျော့ခဲ့တယ်လို့ သိရပါတယ်။

နယ်စပ်စခန်းဖြစ်တဲ့ မြဝတီကုန်သွယ်ရေးဇုန်မှ ကန်ဒေါ်လာ ၆၀၃၆ တန်ဖိုးရှိ နို့ဆီ ၆ ဒသမ ၄၃၂ တန် တင်သွင်းခဲ့တယ်လို့သိရပါတယ်။

### ကုန်သွယ်ရေးစခန်း/ဇုန်အလိုက် ဘိလပ်မြေတင်သွင်းမှုအခြေအနေ

| စဉ် | စခန်းအမည် | ယခုသီတင်းပတ် တင်သွင်းမှုတန်ချိန် ၁၈/၃ မှ ၂၄/၃ | ယခင်သီတင်းပတ် တင်သွင်းမှုတန်ချိန် ၁၁/၃ မှ ၁၇/၃ | နှိုင်းယှဉ်ချက် (ပို/လို) +/- | |
|---|---|---|---|---|---|
| ၁။ | မူဆယ် | ၇၂၅·၀၀ | ၁၃၅၄·၂၅ | (-) | ၆၂၉·၂၅ |
| ၂။ | လွယ်ဂျယ် | ၆၃၀·၀၀ | ၁၀၂၅·၅၀ | (-) | ၃၉၅·၅၀ |
| ၃။ | ချင်းရွှေဟော် | ၆၈·၀၀ | ၁၇၃·၅၀ | (-) | ၁၀၅·၅၀ |
| ၄။ | ကန်ပိုက်တီး | ၄၇၄၁·၅၀ | ၅၁၈၄·၅၀ | (-) | ၄၄၃·၀၀ |
| ၅။ | တာချီလိတ် | ၅၅၀၀·၀၀ | ၇၅၀၀·၀၀ | (-) | ၂၀၀၀·၀၀ |
| ၆။ | မြဝတီ | ၃၆၃·၀၀ | ၆၅၀·၂၁ | (-) | ၂၈၇·၂၁ |
| ၇။ | ကော့သောင်း | ၈၄၅၀·၀၀ | ၁၁၅၀၇·၂၅ | (-) | ၃၀၅၇·၂၅ |
| ၈။ | မြိတ် | ၄၆၂၅·၀၀ | ၃၆၈၅·၀၀ | (+) | ၉၄၀·၀၀ |
| | စုစုပေါင်း | ၂၅၁၀၂·၅၀ | ၃၁၀၈၀·၂၁ | (-) | ၅၉၇၇·၇၁ |

မော်မော်အောင်

### ကုန်သွယ်ရေးစခန်း/ဇုန်အလိုက် ဓာတ်မြေသြဇာတင်သွင်းမှုအခြေအနေ

| စဉ် | စခန်းအမည် | ယခုသီတင်းပတ် တင်သွင်းမှုတန်ချိန် ၁၈/၃ မှ ၂၄/၃ | ယခင်သီတင်းပတ် တင်သွင်းမှုတန်ချိန် ၁၁/၃ မှ ၁၇/၃ | နှိုင်းယှဉ်ချက် (ပို/လို) +/- | |
|---|---|---|---|---|---|
| ၁။ | မူဆယ် | ၁၂၂၁၈·၆၅၀ | ၁၂၉၂၈·၀၀၀ | (-) | ၇၀၉·၃၅၀ |
| ၂။ | လွယ်ဂျယ် | - | ၅၅·၀၀၀ | (-) | ၅၅·၀၀၀ |
| ၃။ | ချင်းရွှေဟော် | - | - | | - |
| ၄။ | ကန်ပိုက်တီး | - | ၁၇၀၅·၀၀၀ | (-) | ၁၇၀၅·၀၀၀ |
| ၅။ | မြဝတီ | ၃၉၆·၁၈၂ | ၂၂၅၁·၀၀၀ | (-) | ၁၈၅၄·၈၁၈ |
| ၆။ | ကော့သောင်း | ၁၀၀·၀၀၀ | ၁၃၃·၇၈၄ | (-) | ၃၃·၇၈၄ |
| ၇။ | မြိတ် | ၁၅·၀၀၀ | - | (+) | ၁၅·၀၀၀ |
| ၈။ | ရိဒ် | ၃၈၀၀·၀၀၀ | ၁၅၅၀·၀၀၀ | (+) | ၂၂၅၀·၀၀၀ |
| | စုစုပေါင်း | ၁၆၅၂၉·၈၃၂ | ၁၈၆၂၂·၇၈၄ | (-) | ၂၀၉၂·၉၅၂ |

ခင်မိုးသူ

## နှမ်း

### မူဆယ်မှ နှမ်းလျော့နည်းတင်ပို့ပြီး ချင်းရွှေဟော်မှ ပိုမိုတင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်နဲ့ ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းတို့မှ မတ် ၁၈ ရက်မှ ၂၄ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ သုည ဒသမ ၅၁၄သန်းတန်ဖိုးရှိနှမ်းရောင်စုံ ၄၀၆တန်ကျော်ကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ပါတယ်။ စခန်းအလိုက် တင်ပို့မှုမှာ မူဆယ်မှ နှမ်းနက် ၁၈၁တန်ကျော်နဲ့ နှမ်းဖြူ(အခွံချွတ်) ၃၅ တန် စုစုပေါင်း ၂၁၆တန်ကျော်၊ ချင်းရွှေဟော်မှ နှမ်းဖြူ ၅တန်၊ နှမ်းနက် ၁၆၇တန်ကျော်နဲ့ နှမ်းညို ၁၇တန် စုစုပေါင်း ၁၈၉ တန်ကျော်ဖြစ်ပါတယ်။ယခင် သီတင်းပတ်က မူဆယ်မှ ၃၂၆ တန်ခဲ့၊ ချင်းရွှေဟော်မှ ၆၇တန်ကျော် တင်ပို့ခဲ့လို့ ယခုတစ်ပတ် မူဆယ်မှ နှမ်း တန်၁၁၀ လျော့နည်းတင်ပို့ခဲ့ပြီး ချင်းရွှေဟော်မှ ၁၂၂တန် ပိုမိုတင်ပို့ခဲ့တာ တွေ့ရပါတယ်။မူဆယ်ကုန်စည်ဒိုင်မှာ မတ် ၁၈ရက်မှ ၂၄ရက်အထိ သီတင်းပတ်အတွင်း နှမ်းဖြူ တစ်တန်လျှင် ၁၃၃၅၉၂၂ ကျပ်၊ နှမ်းနက်တစ်တန် ၂၁၁၂၆၂၁ ကျပ်ဈေးရှိကြောင်းသိရပါတယ်။

**မော်မော်အောင်**

### အဝင်မရှိ၊ အရောင်းအဝယ်မဖြစ်ပေမယ့် ပြည်နှမ်းဈေးမြင့်

ယခုတစ်ပတ် ပြည်ဈေးကွက်မှာ နှမ်းဈေးပြန်မြင့်လာတာတွေ့ရပါတယ်။ နှမ်းနီ၊ နှမ်းနက်နဲ့ စမုံနက်နှမ်းဈေးမှာ အခါနားနီးလို့ ပြန်မြင့်လာတာဖြစ်ပါတယ်။ အဝင်မရှိ အရောင်းအဝယ် မဖြစ်ပေမယ့် ဈေးတန်းရှိနေတာကြောင့် နှမ်းဈေးမှာ ယခင်တစ်ပတ်ထက်စာရင် သုံးတင်းတစ်အိတ်လျှင် ကျပ် ၅၀၀၀ မှ ကျပ် ၁၀၀၀၀ ဈေးမြင့်လာတာ တွေ့ရပါတယ်။ ဆီကြိတ်နှမ်းနီ သုံးတင်းတစ်အိတ်လျှင် ကျပ် ၉၀၀၀၀၊ ရိုးရိုးနှမ်းနက် သုံးတင်းတစ်အိတ်လျှင် ကျပ် ၁၀၀၀၀၀ ဖြင့် ယခင်တစ်ပတ်ထက် ကျပ် ၁၀၀၀၀ ခန့်ဈေးမြင့်လာပြီး စမုံနက်နှမ်း သုံးတင်းတစ်အိတ်လျှင် ကျပ် ၁၃၀၀၀၀ ဖြင့် ယခင်တစ်ပတ်ထက် ကျပ် ၅၀၀၀ ခန့်ဈေးမြင့်လာပေမယ့် အရောင်း အဝယ်မဖြစ်တာတွေ့ရပါတယ်။ နှမ်းအရောင်းအဝယ်မဖြစ်ပေမယ့် နှမ်းဆီ အရောင်းအဝယ်ဖြစ်လျက်ရှိပါတယ်။ နှမ်းဆီတစ်ပိဿာလျှင် ကျပ် ၄၄၀၀ နှင့်ရှယ် တစ်ပိဿာလျှင် ကျပ် ၅၀၀၀ဈေးဖြင့် ပြည်ဈေးကွက်တွင် အရောင်းအဝယ်ဖြစ်လျက်ရှိပါတယ်။

**ဝေဝေမင်း**

## စားအုန်းဆီ



### ပဲပုပ်ဆီဈေးနှုန်းကျဆင်းမှုနှင့်အတူ မလေးရှားစားအုန်းဆီဈေးနှုန်း ငါးလအတွင်း အနိမ့်ဆုံးအထိ ကျဆင်း

အမေရိကန်ပြည်ထောင်စု ချီကာဂိုကုန်သွယ်ရေးအဖွဲ့ (Chicago Board of Trade-CBOT) နှင့် တရုတ်နိုင်ငံ ဒါလီယံကုန်စည်ဒိုင် (Dalian Commodity Exchange) တို့တွင် ပဲပုပ်ဆီဈေးနှုန်းများ ကျဆင်းမှုကြောင့် နှစ်ရက်ကြာ မြင့်တက်နေခဲ့သော မလေးရှား စားအုန်းဆီကြိုရောင်းဈေးသည် မတ်လ ၃၀ရက်က ငါးလအတွင်း အနိမ့်ဆုံးဈေးသို့ပြန်လည်ကျဆင်းခဲ့ကြောင်း မလေးရှားစတားအွန်လိုင်းသတင်းတွင် ဖော်ပြသည်။

ဘာဆာမလေးရှားကုန်စည်ဒိုင် (Bursa Malaysia Derivative Exchange) တွင် ဇွန်လအတွက် စာချုပ်ချုပ်ဆိုသော စားအုန်းဆီ ကြိုရောင်းဈေး၏ အခြေခံစံထားဈေးမှာမတ် ၃၀ရက် ဈေးပိတ်ချိန်က ၂ ဒသမ ၃ ရာခိုင် နှုန်း ကျဆင်းပြီး တစ်တန်ကို ၂၆၅၉ ရင်းဂစ် (အမေရိကန်ဒေါ်လာ ၆၀၁ ဒသမ ၇၂)နှုန်းရှိခဲ့သည်။

စားအုန်းဆီဈေးမှာ အနိမ့်ဆုံးအဖြစ် တစ်တန်ကို၂၆၅၆ ရင်းဂစ်နှုန်းအထိ ရှိခဲ့သည့်အတွက် အောက်တိုဘာ ၁၄ရက်နောက်ပိုင်းအနိမ့်ဆုံးဖြစ်ခဲ့သည်။ စားအုန်းဆီဈေးနှုန်းမှာ ရက်သတ္တပတ်အလိုက် ကြည့်ပါက ၃ ဒသမ ၅ ရာခိုင်နှုန်း ကျဆင်းခဲ့ရာ ဒုတိယမြောက် ရက်သတ္တပတ်အဖြစ် ဆက်တိုက်ကျဆင်းခဲ့ခြင်းဖြစ်သည်။ ကုန်သွယ်မှုပမာဏမှာ မတ် ၃၀ ရက် ဈေးပိတ်ချိန်က ၂၅ တန်ရှိ အတွဲ ၅၈၆၃၁ တွဲရှိခဲ့သည်။

ပဲပုပ်ဆီဈေးနှုန်းကျဆင်းသည့်အတွက် စားအုန်းဆီဈေးလည်း လိုက်ပါကျဆင်းခြင်းဖြစ်ကြောင်းချီကာဂိုကုန်သွယ်ရေးဘုတ်အဖွဲ့ရှိ ဈေးနှုန်းများကို ရည်ညွှန်းပြီး ကွာလာလမ်ပူအခြေစိုက် ကြိုရောင်းကြိုဝယ်လုပ်ငန်းဆောင်ရွက်နေသူ ကုန်သည်တစ်ဦးက ပြောသည်။

မတ်လ ၃၀ ရက် နေ့လယ်ပိုင်းက ဈေးနှုန်းများ ထပ်မံကျဆင်းရခြင်းမှာ ဒါလီယံကုန်စည်ဒိုင်တွင် ပဲပုပ်ဆီဈေး ကျဆင်းမှုကြောင့်ဖြစ်ကြောင်း အခြားကုန်သည်တစ်ဦးက ပြောသည်။

ထုတ်လုပ်မှု မြင့်တက်သည့်အတွက် စားအုန်းဆီဈေးမှာ ထပ်မံကျ ဆင်းလာဦးမည်ဖြစ်ကြောင်း မလေးရှား စားအုန်းဆီ ထုတ်လုပ်မှုနှင့်ပတ်သက်၍ အစိုးရက ထုတ်ပြန်တော့မည့် ကိန်းဂဏန်းများကို ရည်ညွှန်းပြီး သူက ပြောသည်။ သို့သော် ထုတ်လုပ်မှုတိုးတက်မှုနှုန်းမှာမူ မရေမရာရှိနေဆဲဖြစ်သည်။

အခြားဆက်စပ်လျက်ရှိသော စားသုံးဆီဈေးကွက်များကို ကြည့်ပါက CBOT တွင် ပဲပုပ်ဆီဈေးက သုည ဒသမ ၅ ရာခိုင်နှုန်းကျဆင်းပြီး ဒါလီယံကုန်စည်ဒိုင်ရှိ ပဲပုပ်ဆီ၏ စက်တင်ဘာလ စာချုပ်ဈေးနှုန်းမှာ ၁ ဒသမ ၅ ရာခိုင်နှုန်းအထိပင် ကျဆင်းခဲ့သည်။

ကမ္ဘာ့ဟင်းရွက်ဆီဈေးကွက်တွင် ဈေးကွက်ဝေစုရရှိရေးအတွက် ယှဉ်ပြိုင်နေရသည့်အတွက် လွန်ခဲ့သော ရက်အနည်းငယ်အတွင်း စားအုန်းဆီဈေး နှုန်းများမှာ ပဲပုပ်ဆီဈေးနှင့်အတူ လိုက်ပါ၍အတက်အကျရှိခဲ့သည်။

**ဉာဏ်တင်**

### ပြည်တွင်းဆီဈေးနှုန်းများ (၃၁-၃-၂၀၁၇) ကျပ်/ပိဿာ

| မြို့အမည် | ပဲဆီ | | | နှမ်းဆီ | | | စားအုန်းဆီ | | |
|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| နေပြည်တော် (ပျဉ်းမနား) | ၄၀၀၀ | ၄၀၀၀ | □ | ၄၀၀၀ | ၄၀၀၀ | □ | ၁၉၅၀ | ၁၉၅၀ | □ |
| ရန်ကုန် | ၄၆၀၀ | ၄၆၀၀ | □ | ၃၃၀၀ | ၃၃၀၀ | □ | ၁၈၀၅ | ၁၇၆၅ | ▽ |
| မန္တလေး | ၃၀၀၀ | ၃၀၀၀ | □ | ၃၂၀၀ | ၃၂၀၀ | □ | ၁၉၃၀ | ၁၈၄၀ | ▽ |
| ပဲခူး | ၄၀၀၀ | ၄၀၀၀ | □ | ၄၈၀၀ | ၄၈၀၀ | □ | ၁၉၀၀ | ၁၉၀၀ | □ |
| မကွေး | ၄၅၀၀ | ၄၅၀၀ | □ | ၃၈၀၀ | ၃၇၀၀ | ▽ | ၂၁၀၀ | ၂၀၀၀ | ▽ |
| မုံရွာ | ၄၁၀၀ | ၄၁၀၀ | □ | ၃၈၀၀ | ၃၇၀၀ | ▽ | ၂၁၅၀ | ၂၁၅၀ | □ |
| စစ်တွေ | ၆၀၀၀ | ၆၀၀၀ | □ | ၄၀၀၀ | ၄၀၀၀ | □ | ၂၂၀၀ | ၂၂၀၀ | □ |




### မလေးရှားစားအုန်းဆီ အပတ်စဉ်ပျမ်းမျှ (FOB) ဈေးနှုန်း

၃၁-၃-၂၀၁၇ US$/Ton

| အမျိုးအစား | မတ်လတတိယပတ် | မတ်လစတုတ္ထပတ် | နှိုင်းယှဉ်ချက် |
|---|---|---|---|
| RBD P.Oil | ၇၀၉.၅၀ | ၆၉၈.၅၀ | ▽ |
| RBD P.Olein | ၇၁၁.၀၀ | ၇၀၁.၀၀ | ▽ |
| RBD P.Stearin | ၆၇၉.၅၀ | ၆၆၆.၅၀ | ▽ |

*Source: bepi.mpob*

### ပြည်ပမှတင်သွင်းလာသော စားအုန်းဆီများ ရန်ကုန်ဆိပ်ကမ်းအရောက် တစ်ပိဿာအရင်းဈေးတွက်ချက်ပုံ (၃၁- ၃ -၂၀၁၇ )နေ့

| အကြောင်းအရာ | တွက်ချက်နှုန်း | တစ်ပိဿာကုန်ကျစရိတ် (ကျပ်) Cloud Point 8˚CMax |
|---|---|---|
| CIF ဈေး | (CIFx USD)/ 612 | ၁၆၃၅.၇၄ |
| FDA ထောက်ခံစာ | 58 .20/ 612 | ၀.၁၀ |
| သွင်းကုန်လိုင်စင်ကြေး | 50/ 612 | ၀.၀၈ |
| L/C စရိတ် | (1500 x 0.25% x USD)/612 | ၄.၀၉ |
| Bill စရိတ် | (CIF x 0.50% x USD )/612 | ၈.၁၈ |
| စားအုန်းဆီအလျော့ | 0.5% x လက်ကားဈေး | ၈.၇၅ |
| ဆီကန်သိုလှောင်ထိန်းသိမ်းခ | 5/ -1% | ၄.၉၅ |
| ကုန်သွယ်လုပ်ငန်းခွန် | (FOB x USD x 1.2 x 5%)/612 | ၇၉.၀၀ |
| ဆိပ်ကမ်းခွန် | (50000/ 1000)/612 | ၀.၀၈ |
| MITS စစ်ဆေးခ (FDA အပါအဝင်) | | ၀.၆၀ |
| အမြတ်ခွန် | (CIF x 35/-)/ 612 | ၄၂.၀၃ |
| ဆိပ်ကမ်းကပ်ခ | (3x USD )/ 612 | ၆.၆၈ |
| | ရန်ကုန်ဆိပ်ကမ်းအရောက် အရင်းဈေး | ၁၇၉၀.၂၇၆ |

မှတ်ချက်။
၁။ အထက်ပါတွက်ချက်မှုမှာ ၃၁-၃-၂၀၁၇နေ့ (CIF ဈေး Cloud Point 8 ˚C Max ၇၃၅ဒေါ်လာနှင့် USD ဈေး ၁၃၆၂ ကျပ်)ဖြင့် တွက်ချက်ထားခြင်းဖြစ်ပါသည်။
၂။ ၃၁-၃-၂၀၁၇နေ့ ဝယ်ယူပြီးနောက် ၁၀ ရက်ခန့်အကြာ ရန်ကုန်ဆိပ်ကမ်းရောက်ရှိမည့် ဈေးဖြစ်ပါသည်။
၃။ တင်သွင်းလာသော ကုမ္ပဏီ၏ အမြတ်၊ ဆိပ်ကမ်းမှ ဖြန့်ဖြူးမည့် ဈေးကွက်အရောက် သယ်ယူစရိတ်၊ လုပ်သားခ၊ လက်လီဆိုင်များ၏ အမြတ်များ မပါဝင်သေးပါ။
၄။ ငွေလဲနှုန်း တစ်ဒေါ်လာကို ယခင် ၄၅၀ ကျပ်နှင့် တွက်ချက်ပြီး ၂၀၁၂ ခုနှစ် ဧပြီ ၁ ရက်မှစ၍ ဗဟိုဘဏ်မှ နှုန်းရှင်သတ်မှတ်သည့်အတွက် ဒေါ်လာဈေး ၁၃၆၂ ကျပ်ဖြင့် တွက်ချက်ထားပါသည်။
၅။ ကုန်သွယ်လုပ်ငန်းခွန်မှာ ယခင် သုညရာခိုင်နှုန်းဖြစ်ပြီး ယခု ၅ ရာခိုင်နှုန်း ဖြစ်ပါသည်။
၆။ ဆိပ်ကမ်းကပ်ခမှာ ယခင်ကောက်ခံခြင်းမရှိပါ။ ယခုတစ်တန်လျှင် အမေရိကန် ၃ ဒေါ်လာနှုန်းကောက်ခံပါသဖြင့် ထည့်သွင်းတွက်ချက်ပါသည်။

# tEd,EkdifiHu vufcHay;vsuf&Sdaom AD'gtrsdK;tpm;rsm;ESifh pyfvsOf; AD'gtvkyftudkif AD'gESifh Entry AD'gqdkif&m tcsufrsm;

**ယဉ်ယဉ်နွယ် (စီးပွားရေးသံမှူး၊ မြန်မာသံရုံး၊ နယူးဒေလီမြို့)**

အိန္ဒိယအစိုးရက လက်ရှိ ခွင့်ပြုပေးလျက်ရှိသည့် ဗီဇာအမျိုးအစား ၁၆ မျိုးမှာ - Business Visa, Conference Visa, Diplomatic Visa , Employment Visa, Emergency Visa, Entry Visa, Journalist Visa, Medical Visa, Missionaries Visa , Permit to re-enter within 2 months , Research Visa, Student Visa, Tourist Visa, Transit Visa, Intern Visa, Film Visa တို့ ဖြစ်ကြောင်း သိရပါသည်။

**အလုပ်အကိုင်ပြည်ဝင်ခွင့် ဗီဇာ (Employment Visa -E )**

အိန္ဒိယအစိုးရသည် အလုပ်အကိုင် ပြည်ဝင်ခွင့်ဗီဇာကို အိန္ဒိယနိုင်ငံအတွင်း မှတ်ပုံတင်ထားသော အဖွဲ့အစည်းတစ်ခုအတွက် အိန္ဒိယနိုင်ငံသို့ လာရောက် အလုပ်လုပ်ကိုင်မည့် နိုင်ငံခြားသားများသို့ ထုတ်ပေးပါသည်။

**အလုပ်အကိုင်ဗီဇာသက်တမ်း**

အိန္ဒိယသံရုံး၊ ကောင်စစ်ဝန်ရုံးတို့သည် အလုပ်အကိုင်ပြည်ဝင်ခွင့် ဗီဇာအား သက်တမ်းတစ်နှစ်အထိ အများဆုံး ခွင့်ပြုပေးနိုင်ကြောင်း သိရှိ ရပြီး၊ အလုပ်အကိုင်စာချုပ်ပါ သက်တမ်းမှာ တစ်နှစ်အောက်လျော့နည်းပါက စာချုပ်ပါ သက်တမ်းအရ ခွင့်ပြုကြောင်း၊ ယင်းဗီဇာအား အိန္ဒိယနိုင်ငံတွင် ထပ်မံ သက်တမ်းတိုးခွင့်ရှိကြောင်း သိရှိရပါသည်။

**အလုပ်အကိုင်ဗီဇာလျှောက်ထားခွင့် ရှိသူများ**

အောက်ဖော်ပြပါသတ်မှတ်ချက်နှင့် ကိုက်ညီသည့် နိုင်ငံခြားသားများမှာ အလုပ်အကိုင် ပြည်ဝင်ခွင့်ဗီဇာ လျှောက်ထားနိုင်ကြောင်း သိရှိရပါသည်။

∗ အိန္ဒိယကုမ္ပဏီများက စာချုပ်စာတမ်း ဖြင့် ပုံသေလစာပေး၍ အကြံပေးအဖြစ် ငှားရမ်းခံရသည့်အတွက် အိန္ဒိယနိုင်ငံသို့ လာရောက်သော နိုင်ငံခြားသားများ (ပုတ်ပြတ် ငှားရမ်းခြင်းမျိုးဖြစ်ပြီး၊ လပေးစနစ်ပုံစံမျိုး မပါဝင်ပါ)။

∗ ဟိုတယ်၊ ကလပ်များ (သို့မဟုတ်) အခြားသော အဖွဲ့အစည်းများက အလုပ်အကိုင် ငှားရမ်းစာချုပ်အတွက် ပုံမှန်ဖျော်ဖြေမှုများ ပြုလုပ်ရန် သဘောတူညီချက်ရယူထားသည့် နိုင်ငံခြားသား အနုပညာရှင်များ။

∗ နိုင်ငံအဆင့်၊ ပြည်နယ်အဆင့် အသင်းများ ထင်ပေါ်ကျော်ကြားသည့် အားကစား ကလပ်အသင်း များ၏ နည်းပြများအဖြစ် အလုပ်လုပ်ကိုင်ရန် အိန္ဒိယနိုင်ငံသို့ လာရောက်သည့် ပြည်ပနိုင်ငံခြားသားများ။

∗ အိန္ဒိယကလပ်အသင်းများ၊ အဖွဲ့အစည်းများက သတ်မှတ်ကာလ တစ်ခုအတွက် စာချုပ်စာတမ်းဖြင့် ငှားရမ်းခံရသည့် ပြည်ပအားကစားသမားများ။

∗ အင်ဂျင်နီယာပညာ၊ ဆေးပညာ၊ စာရင်းကိုင်ပညာ၊ ဥပဒေရေးရာ (သို့မဟုတ်) အခြားအဆင့်မြင့်ပညာ ဝန်ဆောင်မှု လုပ်ငန်းများအား တစ်နိုင်တစ်ပိုင် ကိုယ်ပိုင်လုပ်ငန်းဖြင့် ဝန်ဆောင်မှုပေးမည့် နိုင်ငံခြားသားများ။

∗ နိုင်ငံခြားဘာသာစကား ဆရာ၊ ဆရာမများ၊ ဘာသာပြန်များ။

∗ အထူးကျွမ်းကျင်သည့် နိုင်ငံခြားသား စားဖိုမှူးများ။

∗ အိန္ဒိယကုမ္ပဏီများမှ ပြည်ပ ကုမ္ပဏီများသို့ အခကြေးငွေ (သို့မဟုတ်) ဉာဏ်ပူဇော်ခပေးထားသည့်အတွက် ကျွမ်းကျင်မှု၊ ဝန်ဆောင်မှုများအတွက် နည်းပညာအကူအညီ၊ ဝန်ဆောင်မှုများ လွှဲပြောင်းပေးရန် ကိုယ်စားလှယ်လွှဲအပ်ခြင်းခံရသော နိုင်ငံခြားသားများ။

∗ အိန္ဒိယနိုင်ငံတွင် သတ်မှတ် စီမံကိန်းများ၊ စီမံခန့်ခွဲမှု လုပ်ငန်း တာဝန်များအတွက် တာဝန်ချထားခံရသော နိုင်ငံခြားကုမ္ပဏီများ၊ စီးပွားရေးလုပ်ငန်းများ၌ အလုပ်လုပ်ကိုင်နေသည့် စီမံခန့်ခွဲမှုဆိုင်ရာ ခေါင်းဆောင်များ၊ အထူးကျွမ်းကျင်သူများ။

**လျှောက်ထားသူများသည် အောက်ပါ အချက်များနှင့်လည်း ကိုက်ညီရန် လိုအပ်ကြောင်း သိရှိရပါသည်။**

∗ လျှောက်ထားသူများသည် အိန္ဒိယနိုင်ငံတွင် လုပ်ငန်းလည်ပတ် ဆောင်ရွက်နေသည့် ကုမ္ပဏီ၊ အဖွဲ့အစည်း၊ လုပ်ငန်းတစ်ခုခုမှ စာချုပ်ဖြင့် ခန့်အပ်ထားသော အဆင့်မြင့်ကျွမ်းကျင်ပညာရှင်၊ ပညာတတ်ဖြစ်ရမည်ဖြစ်ပြီး၊ နည်းပညာကျွမ်းကျင်ပညာရှင်၊ အကြီးတန်းအမှုဆောင်အရာရှိ၊ စီမံခန့် ခွဲမှုရာထူးကဲ့သို့သော အကြီးတန်းအဆင့်၊ ကျွမ်းကျင်ရာထူးတစ်ခုအတွက် အလုပ်လုပ်ကိုင်မည့်သူများကိုသာ ခွင့်ပြုပေးပါသည်။

∗ ရိုးရိုး၊ သာမန် (သို့မဟုတ်) လက်ထောက်၊ စာရေးအဆင့်ကဲ့သို့သော အလုပ်အကိုင်များအတွက် အလုပ်အကိုင်ပြည်ဝင်ခွင့်ဗီဇာခွင့်ပြုပေးခြင်းမရှိပါ။

∗ လာရောက် အလုပ်လုပ်ကိုင်မည့် အလုပ်သမား၏ လုပ်ခသည် တစ်နှစ်လျှင် အမေရိကန်ဒေါ်လာ ၂၅၀၀၀ ကျော်ရမည်ဖြစ်ကြောင်း သိရှိရပါသည်။

**အလုပ်အကိုင်ဗီဇာ ခွင့်ပြုပေးခြင်း**

အိန္ဒိယသံရုံး (သို့မဟုတ်) ကောင်စစ် န်ရုံးတို့သည် သတ်မှတ်ချက်များနှင့် ကိုက်ညီသူများအတွက် အလုပ်ရှင်နှင့် ချုပ်ဆိုထားသော စာချုပ်သက်တမ်းအပေါ် မူတည်၍ ဗီဇာသက်တမ်း တစ်နှစ်အထိ အများဆုံး ခွင့်ပြုပေးနိုင်ကြောင်း သိရှိရပါသည်။

**အလုပ်အကိုင် ဗီဇာ သက်တမ်းတိုးခြင်း**

ဗီဇာသက်တမ်းတိုးခြင်းအား အိန္ဒိယနိုင်ငံအတွင်းရှိ သက်ဆိုင်ရာ ပြည်နယ်ရှိ MHA/FRRO ရုံးများ၌ ဆောင်ရွက်နိုင်ကြောင်း သိရှိရပြီး၊ ဗီဇာသက်တမ်း တွက်ချက်ရာ၌ အိန္ဒိယနိုင်ငံသို့ စတင်ရောက်ရှိသည့် နေ့မှ စတင် တွက်ချက်ခြင်း မဟုတ်ဘဲ၊ ဗီဇာစတင် ထုတ်ပေးသည့်နေ့မှ စတင် တွက်ချက် ခြင်းဖြစ်ကြောင်း၊ တစ်နှစ် တစ်ကြိမ် သက်တမ်းတိုးရကြောင်း၊ သက်တမ်း တိုးချိန်တွင် ဝင်ငွေခွန် ပေးဆောင်ထားကြောင်း အထောက်အထားများကိုလည်း ပြသရပြီး၊ အလုပ်ဆက်လက်လုပ်ကိုင်လျက်ရှိကြောင်း အထောက်အထားအတွက် အခြားလိုအပ်သည့် စာရွက်စာတမ်းများကိုလည်း ပူးတွဲတင်ပြရကြောင်း သိရှိရပါသည်။

ဗီဇာသက်တမ်းတိုးခွင့်ပြုရာ၌ အိန္ဒိယအစိုးရနှင့် သက်ဆိုင်ရာအစိုးရတို့၏ နှစ်နိုင်ငံ သဘောတူညီချက်အပေါ် မူတည်၍ **'နိုင်ငံခြားသား ကျွမ်းကျင် ပညာရှင်များသည် အကြိမ်ကြိမ် ပြည်ဝင်ခွင့်နှင့်အတူ အလုပ်အကိုင် ပြည်ဝင်ခွင့်ဗီဇာ သက်တမ်း ငါးနှစ်အထိ အများဆုံးရရှိနိုင်'**ပါသည်။

IT အဆင့်မြင့် ကျွမ်းကျင်ပညာရှင်များအတွက်မူ အကြိမ်ကြိမ် ပြည်ဝင်ခွင့်နှင့်အတူ ဗီဇာသက်တမ်း အများဆုံး သုံးနှစ်အထိသာ ခွင့်ပြုပါသည်။ အခြားသူများအတွက်မူ အကြိမ်ကြိမ် ပြည်ဝင်ခွင့်နှင့်အတူ ဗီဇာသက်တမ်း နှစ်နှစ်အထိ ခွင့်ပြုပေးနိုင်ကြောင်း သိရှိရပါသည်။

**ဝင်ပေါက်/ဂိတ်ပေါက်**

နိုင်ငံခြားသား ဗီဇာကိုင်ဆောင်သည့် ခရီးသည်များအတွက် ခွင့်ပြုထားသည့် မည်သည့် လေဆိပ်/သင်္ဘောဆိပ်မှမဆို အိန္ဒိယအလုပ်အကိုင် ပြည်ဝင်ခွင့် ဗီဇာကိုင်ဆောင်သူများအား ဝင်ရောက်ခွင့်ပြုထားကြောင်း သိရှိရပါသည်။

**အလုပ်အကိုင်ပြည်ဝင်ခွင့်ဗီဇာကြေး**

အလုပ်အကိုင် ပြည်ဝင်ခွင့် ဗီဇာ ကြေးမှာ နိုင်ငံအလိုက် သံရုံးများအပေါ် မူတည်၍ ကွဲပြားမှုရှိပြီး ယင်းဗီဇာကြေး သတ်မှတ်မှုမှာ ဗီဇာခွင့်ပြုသက်တမ်း (တစ်နှစ်မှ ငါးနှစ်အတွင်း) အပေါ်တွင်လည်း အခြေခံကြောင်း သိရှိရပါသည်။

**အလုပ်အကိုင်ပြည်ဝင်ခွင့်ဗီဇာ လျှောက်ထားရန်အတွက် လိုအပ်သည့် စာရွက် စာတမ်းများ**

အလုပ်အကိုင် ပြည်ဝင်ခွင့်ဗီဇာ လျှောက်ထားရန်အတွက် အောက်ဖော်ပြပါ စာရွက်စာတမ်းများ တင်ပြရန် လိုအပ်ကြောင်း သိရှိရပါသည်။

- ∗ ခြောက်လသက်တမ်းရှိ ပတ်စ်ပို့မူရင်း
- ∗ ပတ်စ်ပို့မိတ္တူ
- ∗ ပတ်စ်ပို့ဆိုဒ်ဓာတ်ပုံများ
- ∗ အွန်လိုင်းမှတစ်ဆင့် အချက်အလက်များ ဖြည့်စွက်ထားသော လျှောက်လွှာပုံစံ
- ∗ အလုပ်ခန့်အပ်စာ
- ∗ အလုပ်ခန့်အပ်သည့်စာချုပ်
- ∗ လျှောက်ထားသူ၏ ကိုယ်ရေး အကျဉ်း
- ∗ အလုပ်ခန့်အပ်မည့် အဖွဲ့အစည်း၏ မှတ်ပုံတင်
- ∗ တာဝန်ယူဆောင်ရွက်ရမည့် စီမံကိန်း အသေးစိတ်
- ∗ အိန္ဒိယနိုင်ငံအတွင်းရှိ အဖွဲ့အစည်း၏ အာမခံပေးသည့်စာ
- ∗ သတ်မှတ်အခွန်ပေးဆောင်မည်ဖြစ်ကြောင်း ဝန်ခံကတိ
- ∗ အလုပ်ရှင်မှ ကျိုးကြောင်းရှင်းလင်း တင်ပြထားသည့်စာ

**ဆက်လက်ဖော်ပြပါမည်**

## တနင်္သာရီတိုင်းဒေသကြီး စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့နှင့် ကော်မတီနှစ်ရပ်တို့၏ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကျင်းပ

တနင်္သာရီတိုင်းဒေသကြီး၊ စားသုံးသူ အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့နှင့် စားသုံးသူတိုင်ကြားမှု လက်ခံဆောင်ရွက်ရေးကော်မတီ၊ ထုတ်ကုန်လုံခြုံစိတ်ချရမှုဆိုင်ရာ လုပ်ငန်းကော်မတီ နှစ်ရပ်တို့၏ လုပ်ငန်းညှိနှိုင်း အစည်းအဝေး (၂/၂၀၁၇) ကို မတ်လ (၃၁) ရက်က စားသုံးသူရေးရာ ဦးစီးဌာန၊ တိုင်းဦးစီးမှူး ရုံးအစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့သည်။ အဆိုပါ ညှိနှိုင်း အစည်းအဝေးသို့ တနင်္သာရီတိုင်းဒေသကြီး စားသုံးသူ အငြင်းပွားမှု ဖြေရှင်းရေး အဖွဲ့ ဥက္ကဋ္ဌ၊ စီမံကိန်းနှင့်ဘဏ္ဍာရေး ဝန်ကြီး ဦးဖြိုးဝင်းထွန်း၊ စားသုံးသူ အငြင်းပွားမှု ဖြေရှင်းရေးကော်မတီနှင့် ကော်မတီနှစ်ရပ်၏ အဖွဲ့ဝင်များ တက်ရောက်ခဲ့ကြပါသည်။

တနင်္သာရီတိုင်းဒေသကြီး စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ ဥက္ကဋ္ဌက ထုတ်ကုန်လုံခြုံစိတ်ချရမှုအပိုင်း၊ အသိပညာပေးဟောပြောမှု အပိုင်းတို့တွင် ကျေးလက်ဒေသများအထိ လုပ်ငန်းပိုမိုတိုးတက်ဆောင်ရွက်လာနိုင်သည်ကို တွေ့ရှိရပါကြောင်း၊ မိတ်ဖက်ဌာနများနှင့် ပူးပေါင်း၍ ပြည်သူတွေ အသိပညာပေးမှု၊ ဈေးကွက်အတွင်း ကွင်းဆင်းစစ်ဆေးမှုတို့ကိုဒီထက်မက ပိုမိုကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်သွားမှသာ စားသုံးသူအကာအကွယ်ပေးရေး ယန္တရားကြီးပေါ် ထွက်လာမည်ဖြစ်ပါကြောင်း ကော်မတီဝင်များ အနေဖြင့် စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ အရင်းအမြစ်တည်ဆောက်ရေး လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကကျသည့်စားသုံးသူများ၏ ကျန်းမာရေး၊ လုံခြုံစိတ်ချရမှုရှိစေရေးနှင့် ဘေးဥပဒ်အန္တရာယ်ကင်းရှင်းရေးတို့အတွက် စားသုံးသူအကာအကွယ်ပေးရေး လုပ်ငန်းနှင့် ပတ်သက်သည့် အသိပညာဗဟုသုတများ အတွေ့အကြုံများနှင့် ပေါင်းစပ်ပြီး ပိုမိုတိုးတက်အောင် ပူးပေါင်းပါဝင် ဆောင်ရွက်သွားစေလိုကြောင်း ယင်းလုပ်ငန်းများနှင့် ဆက်စပ်ပြီး အကြံပြုချက်များလည်း ပါဝင် ဆွေးနွေးပေးစေလိုကြောင်း တိုက်တွန်း ပြောကြားခဲ့ပါသည်။

စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ အတွင်းရေးမှူး၊ စားသုံးသူရေးရာဦးစီးဌာန၊ တိုင်းဒေသကြီးဦးစီးမှူးက ၂၀၁၆-၂၀၁၇ဘဏ္ဍာနှစ်အတွင်း ဆောင်ရွက်ပြီးစီးမှုနှင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ရှေ့ဆက်လက်ဆောင် ရွက်မည့်လုပ်ငန်းစဉ်များ လျာထားချက်များကို အကျယ်တဝင့် ဆွေးနွေးပြောကြားခဲ့ပြီး တက်ရောက်လာကြသည့် ကော်မတီအဖွဲ့ဝင်များက လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်တင်ပြချက်များအပေါ် ဝိုင်းဝန်းဆွေးနွေး ပြောကြားခဲ့ပြီး ဥက္ကဋ္ဌက ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိပါသည်။ **ရွှေဝယ်သား**

## မြန်မာသံရုံးများမှ ပေးပို့သော စီးပွားရေးသတင်းများ

# ပို့ကုန်ချိတ်ဆက်မှု အခြေခံအဆောက်အအုံအကောင်အထည်ဖော်ရေးစီမံကိန်းသစ်ကို အိန္ဒိယအစိုးရစတင်အကောင်အထည်ဖော်

အိန္ဒိယအစိုးရသည် ပို့ကုန်ကဏ္ဍမြှင့်တင်ရေးအတွက် ပို့ကုန်ကဏ္ဍအခြေခံအဆောက်အအုံများတည်ဆောက် အကောင်အထည်ဖော်ရာ၌ ဘဏ္ဍာငွေထောက်ပံ့ပေးမည့် အစီအစဉ်သစ်တစ်ရပ်ကိုစတင်ရန် မတ်လ ၁၅ ရက်က ကြေညာခဲ့ကြောင်း၊ အဆိုပါအစီအစဉ်အား ပို့ကုန်ကုန်သွယ်မှုအခြေခံအဆောက်အအုံအစီအစဉ် (Trade Infrastructure for Export Scheme)အဖြစ် အမည်ပေးထားပြီး ယင်းအစီအစဉ်အတွက် တစ်နှစ်လျှင် ဘဏ္ဍာငွေရူပီးကုဋေ ၂၀၀ ဖြင့် သုံးနှစ်အတွက် ရူပီးကုဋေ ၆၀၀ ခွဲဝေချထားပေးမည်ဖြစ်ကာ ယခုနှစ်ဧပြီလ ၁ ရက်မှစတင်အကောင်အထည်ဖော်မည်ဖြစ်ကြောင်းသိရှိရပါသည်။

ယင်းအစီအစဉ်အရ နယ်စပ်ဈေးများ နယ်စပ်အကောက်ခွန်ဌာနများ၊ အရည်အသွေးစစ်ဆေးရေးနှင့် အသိအမှတ်ပြုဓာတ်ခွဲခန်းများ၊ အအေးခန်းစနစ်များ၊ ကုန်သွယ်မှုမြှင့်တင်ရေးစင်တာများ၊ ကုန်းတွင်းဆိပ်ကမ်းများ၊ ပို့ကုန်သိုလှောင်ရုံများနှင့် ထုပ်ပိုးစက်ရုံများ၊ အထူးစီးပွားရေးဇုန်များ၊ ဆိပ်ကမ်းများနှင့်လေဆိပ်များစသည့် ပို့ကုန်ကဏ္ဍနှင့် ဆက်စပ်နေသည့်ကဏ္ဍများ၌ အခြေခံအဆောက်အအုံများ အဆင့်မြှင့်တင်ခြင်းနှင့် တည်ဆောက်ခြင်းစီမံကိန်းများအတွက် အထောက်အပံ့များစီစဉ်ပေးမည်ဖြစ်ကြောင်းသိရှိရပါသည်။

အဆိုပါအစီအစဉ်အား အကောင်အထည်ဖော်ရာ၌ ပူးပေါင်းပါဝင်မှုကို အခြေခံမည်ဖြစ်ကာ၊ ပို့ကုန်အခြေခံအဆောက်အအုံ တည်ဆောက်ရေးကိုသာမက အဆိုပါလုပ်ငန်းများ အဆင့်မြှင့်မြှင့်၊ ပုံမှန်လည်ပတ်ရေးနှင့် ရေရှည်တိုးတက်အောင်မြင်ရေးကိုပါဦးစားပေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ထိုမျှသာမက အစောပိုင်းက အကောင်အထည်ဖော်လျက်ရှိသည့်ပို့ကုန်ဖွံ့ဖြိုးတိုးတက်ရေးအခြေခံအဆောက်အအုံဖန်တီးခြင်း ( Creating Infrastructure for Development and Growth of Exports) အစီအစဉ်အရ ပြည်နယ်များသို့ ပေးခဲ့သည့် အထောက်အပံ့များအား ရပ်ဆိုင်းခဲ့ရာ ယခုအစီအစဉ်သည် ပြည်နယ်များအနေဖြင့် လိုအပ်နေသည့် ပို့ကုန်အခြေခံအဆောက်အအုံဘဏ္ဍာငွေအတွက်လည်း အကူအညီဖြစ်စေလိမ့်မည်ဖြစ်ကြောင်း သိရှိရပါသည်။

ယခုအစီအစဉ်အား အကောင်အထည်ဖော်ရာ၌ စီမံကိန်းတစ်ခုလျှင် အများဆုံးရူပီးကုဋေ ၂၀ ထောက်ပံ့ရန် သတ်မှတ်ထားပြီး ပို့ကုန်အခြေခံအဆောက်အအုံ အကောင်အထည်ဖော်ရေးအဖွဲ့အစည်းများ(Implementing Agencies) မှလျှောက်ထားလာသည့် ကုန်ကျငွေများမှ တစ်ဝက်ခန့်အား အကူအညီအဖြစ် ထောက်ပံ့ပေးမည်ဖြစ်ကြောင်း၊ ထောက်ပံ့ခွင့်ပြုငွေ၏ ၀ါးရာခိုင်နှုန်းအား စီမံကိန်းအကဲဖြတ်ခြင်း၊ လေ့လာသုံးသပ်ခြင်းနှင့် ကြီးကြပ်ကွပ်ကဲခြင်းတို့အတွက် အသုံးပြုမည်ဖြစ်ကြောင်း၊ ဗဟိုအစိုးရ၊ ပြည်နယ်အစိုးရ၊ ပို့ကုန်မြှင့်တင်ရေးကောင်စီများ၊ ကုန်ပစ္စည်းဘုတ်အဖွဲ့များ၊ ကုန်သွယ်ရေးအဖွဲ့အစည်းကြီးများသည် ဘဏ္ဍာငွေအထောက်အပံ့ရယူရန်အတွက် လျှောက်ထားခွင့်ရှိပြီး အဆိုပါအဖွဲ့အစည်းများအား Implementing Agencies ဟု သတ်မှတ်မည်ဖြစ်ကြောင်း၊ ယင်းအဖွဲ့များမှ တင်ပြလာသော စီမံကိန်းများအတွက် ဘဏ္ဍာငွေခွင့်ပြုခြင်းအား စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏အတွင်းဝန် ဦးဆောင်သော တာဝန်အပ်နှင်းထားသည့် ကော်မတီမှ စဉ်းစားဆုံးဖြတ်ပေးသွားမည်ဖြစ်ကြောင်း သိရှိရပါသည်။

**ယဉ်ယဉ်နွယ်၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊နယူးဒေလီမြို့**

# ထိုင်းနိုင်ငံ၊ Home Pro ကုမ္ပဏီက CLMV နိုင်ငံများ၌ ရင်းနှီးမြှုပ်နှံမှုများ တိုးချဲ့မည်

ထိုင်းနိုင်ငံရှိ အိမ်သုံးပရိဘောဂပစ္စည်းအမျိုးမျိုး ထုတ်လုပ်ရောင်းချသည့် HomePro အများပိုင်ကုမ္ပဏီသည် ရင်းနှီးမြှုပ်နှံမှု အသုံးစရိတ်အတွက် ဘတ်ခုနစ်ဘီလီယံခန့် လျာထားပြီး အိမ်နီးချင်းနိုင်ငံများဖြစ်သောCLMV နိုင်ငံများ၌ ရင်းနှီးမြှုပ်နှံမှုများ တိုးချဲ့သွားမည်ဖြစ်ပါသည်။

HomePro အနေဖြင့် ၎င်း၏ ရင်းနှီးမြှုပ်နှံမှု လျာထားချက်ဘတ်ခုနစ်ဘီလီယံတွင် ဘတ်သုံးဘီလီယံခန့်သည် ကုမ္ပဏီပိုင် ငွေဖြစ်၍ ကျန်ပမာဏကို ချေးငွေများရယူ၍ ဆောင်ရွက်မည်ဖြစ်ပါသည်။ HomePro သည် မလေးရှားနိုင်ငံတွင် အရောင်းဆိုင်နှစ်ဆိုင်ကို ဖွင့်လှစ်ထားပြီး နောက်ထပ်အရောင်းဆိုင်နှစ်ဆိုင် သို့မဟုတ် သုံးဆိုင်ကို တိုးချဲ့ဖွင့်လှစ်ရန် စီစဉ်ထားပါသည်။ ထို့အပြင် အိမ်နီးချင်းနိုင်ငံများဖြစ်သော CLMV နိုင်ငံများတွင် ရှေ့လာမည့် တစ်နှစ် နှစ်နှစ်အတွင်း စတင်ရင်းနှီးမြှုပ်နှံမည်ဖြစ်သည်။ ပြည်တွင်းရင်းနှီးမြှုပ်နှံမှုအနေဖြင့် ဗန်ကောက်မြို့နှင့် အခြားအရေးပါသော ပြည်နယ်မြို့တော်အချို့တွင် ဆိုင်ခွဲများကို တိုးချဲ့ဖွင့်လှစ်မည်ဖြစ်ပါသည်။

ထိုင်းနိုင်ငံ၏ စီးပွားရေးတိုးတက်မှုသည် အခြားနိုင်ငံများနှင့်နှိုင်းယှဉ်ပါက နှေးကွေးလျက်ရှိသဖြင့်ကုမ္ပဏီထုတ်ကုန်ပစ္စည်းများအပေါ် ဝယ်လိုအား ကျဆင်းသွားမည်ကို စိုးရိမ်ပူပန်လျက်ရှိပြီး စီးပွားရေးတိုးတက်ရန် အလားအလာကောင်းများရှိသည့် အာဆီယံဒေသတွင်းနိုင်ငံများတွင် စီးပွားရေးလုပ်ငန်းတိုးချဲ့ရန် စိတ်အားထက်သန်လျက်ရှိပါသည်။ ကုမ္ပဏီအတွက် အဓိကအထောက်အကူပြုလျက်ရှိသည့် အရောင်းဆိုင်များမှာ နိုင်ငံအထက်ပိုင်း ပြည်နယ်မြို့တော်အချို့ရှိ အရောင်းဆိုင်ကြီးများနှင့် မလေးရှားနိုင်ငံရှိ အရောင်းဆိုင်များဖြစ်ပါသည်။ ၂၀၁၇ ခုနှစ်တွင် ကုမ္ပဏီ၏ ဝင်ငွေတိုးတက်မှုကို ရှစ်ရာခိုင်နှုန်းမှ ၁၂ ရာခိုင်နှုန်းအထိ ရရှိရန်နှင့် အသားတင်အမြတ်ကို ၁၇ ရာခိုင်နှုန်း တိုးတက်ရရှိရန် မျှော်မှန်းထားပါသည်။

၂၀၁၆ခုနှစ်တွင် စုစုပေါင်းဝင်ငွေဘတ် ၆၁ ဒသမ ၁ ဘီလီယံရရှိခဲ့ပြီး ၈ ဒသမ ၇ ရာခိုင်နှုန်းမြင့်တက်ခဲ့ပါသည်။ ထို့အတူ အသားတင်အမြတ်သည်ဘတ် ၄ ဒသမ ၁၃ ဘီလီယံရ ရှိခဲ့ပြီး ၁၇ဒသမ ၉ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။

**ကျော်သူရ၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ ဗန်ကောက်မြို့**

## နှစ်နိုင်ငံဆက်ဆံရေးပိုမိုနက်ရှိုင်းစေရန်အတွက် အိန္ဒိယ-မြန်မာ နယ်စပ်တွင် နယ်စပ်ဈေးများ ပိုမိုဖွင့်လှစ်ဖွယ်ရှိ

အိန္ဒိယနှင့်မြန်မာနှစ်နိုင်ငံအကြားရှိ နယ်စပ်ဈေး (Border haats) များမှာ လုပ်ငန်းများကောင်းမွန်စွာ လည်ပတ်လျက်ရှိရာ အိန္ဒိယအစိုးရအနေဖြင့် နှစ်နိုင်ငံနယ်စပ်ဒေသများ၌ကုန်သွယ်မှုပိုမိုတိုးတက်အဆင်ပြေ ချောမွေ့စေရေးအတွက် ယင်းကဲ့သို့ ဈေးများကို ထပ်မံဖွင့်လှစ်ရန် ကြိုးပမ်းလျက်ရှိသည်ဟု အိန္ဒိယနိုင်ငံ Central Board of Excise and Customs (CBEC) ၏ ဥက္ကဋ္ဌဖြစ်သူ နာဂျစ်ရှားက မတ်လ ၈ ရက်က ပြောကြားခဲ့ကြောင်း သိရှိရပါသည်။

အိန္ဒိယနိုင်ငံသည် ၎င်း၏တည်နေရာအနေအထားအရ အိမ်နီးချင်းနိုင်ငံများစွာရှိရာ မြန်မာနိုင်ငံနှင့်အိန္ဒိယ အရှေ့မြောက်ဒေသတို့အကြား အလွတ်သဘောကုန်သွယ်မှု (Informal Trade) များဖြင့် ကောင်းစွာလည်ပတ်ဆောင်ရွက်နေကြကြောင်း၊ ထိုသို့အရောင်းအဝယ်ပြုလုပ်ရာ၌ အဆိုပါဒေသများရှိ ထွက်ကုန်များကိုသာ အချင်းချင်းရောင်းချစေလိုပြီး အခြားဒေသမှ ထွက်ကုန်များ မဝင်ရောက်စေ လိုသည့်အတွက် ကုန်သွယ်မှုတန်ဖိုးကန့်သတ်ထားခြင်းများရှိကြောင်း၊ အိန္ဒိယအစိုးရအနေဖြင့် နှစ်နိုင်ငံနယ်စပ်ရှိ အခြားသောဒေသများတွင်လည်း ဒေသထွက်ကုန်များကို အလွတ်သဘောအရောင်းအဝယ်ပြုလုပ်နိုင်မည့် နယ်စပ်ဈေးများ ထပ်မံဖွင့်လှစ်နိုင်ရန် ကြိုးပမ်းနေကြောင်း၊ သို့ရာတွင် ၎င်းကိစ္စနှင့်စပ်လျဉ်း၍ ယခုအချိန်အထိ တစ်စုံတစ်ရာအခိုင်အမာ ပြော ကြားနိုင်ခြင်းမရှိသေးဘဲ၊ ဆွေးနွေးဆဲဖြစ်ကြောင်း နာဂျစ်ရှားက ပြောကြားခဲ့ပါသည်။

**ယဉ်ယဉ်နွယ်၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ နယူးဒေလီမြို့**

# တရုတ်နှင့်အမေရိကန်တို့ ပထမအကြိမ် ထိပ်သီးအစည်းအဝေးပြုလုပ်ရန် တရုတ်နိုင်ငံ မျှော်လင့်

လာမည့် ဧပြီလ၌ တရုတ်နှင့် အမေရိကန်တို့သည် ပထမအကြိမ် ထိပ်သီးအစည်းအဝေးကျင်းပရန် ရည်မှန်းထားပြီး အသေးစိတ်အစီအစဉ်ကို ဆက်လက် အတည်ပြုမည်ဖြစ်ကြောင်း၊ တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန၏ ထုတ်ဖော်ပြောကြားချက်အရ သိရှိရပါသည်။ နိုင်ငံခြားရေးဝန်ကြီးဝမ်ရိက နှစ်နိုင်ငံအကြား ဆက်ဆံရေးမှာ အပြုသဘောဆောင်သည့်ဘက်သို့ ရောက်ရှိလာပြီး ပဋိပက္ခနှင့်ထိပ်တိုက်ရင်ဆိုင်တွေ့မှုကို ရှောင်ရှားခြင်း၊ အပြန်အလှန် နားလည်မှုနှင့် လေးစားမှုကိုအခြေခံ၍ ဆက်ဆံသွားမည်ဖြစ်ကြောင်း ရှင်းလင် ထားပါသည်။

အမေရိကန်နိုင်ငံခြားရေးဝန်ကြီး Rex Tillerson သည် ၎င်း၏ ပထမဆုံးအာရှခရီးစဉ်အဖြစ် ဂျပန်၊ တောင်ကိုရီးယားနှင့် တရုတ်နိုင်ငံသို့ သွားရောက်မည်ဖြစ်ပြီး တရုတ်နိုင်ငံသို့ မေလ ၁၈ ရက်နေ့တွင် ရောက်ရှိမည်ဖြစ်ရာ သမ္မတရှီကျင့်ဖျင့်၊ ဝန်ကြီးချုပ်လီခချန်း၊ နိုင်ငံတော်ကောင်စီဝင် ယန်ကျန်းချီ၊ နိုင်ငံခြားရေးဝန်ကြီး ဝန်ယီတို့နှင့်တွေ့ဆုံမည်ဖြစ်သည်။

အဆိုပါ တွေ့ဆုံပွဲတွင် ထရမ့်အစိုးရလက်ထက် တရုတ်နှင့် နှစ်နိုင်ငံဆက်ဆံရေး လုပ်ငန်းအစီအစဉ်များကို ဆွေးနွေးမည်ဖြစ်ကြောင်းသိရပါသည်။

**သန္တာခိုင်၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ ပေကျင်းမြို့**

# အေအိုင်အိုင်ဘီက အဖွဲ့ဝင်အသစ် ၁၃ နိုင်ငံအား အတည်ပြုလက်ခံ

အေအိုင်အိုင်ဘီကို ၂၀၁၆ ဇန်နဝါရီလက အဖွဲ့ဝင် ၅၇ နိုင်ငံနှင့် စတင်ထူထောင်ခဲ့ပြီး တစ်နှစ်အကြာတွင် နောက်ထပ်အဖွဲ့ဝင် အသစ် ၁၃ နိုင်ငံအား လက်ခံရန် အုပ်ချုပ်ရေးမှူးများ ဘုတ်အဖွဲ့က အတည်ပြုလိုက်ကြောင်း မတ်လ ၂၃ ရက်က ကြေညာခဲ့ပါသည်။ထိုအဖွဲ့ဝင်သစ်၁၃ နိုင်ငံမှာအာဖဂန်နစ္စတန်၊ အာမေနီးယား၊ ဖီဂျီ၊ ဟောင်ကောင်၊အရှေ့တီမော၊ ဘယ်လ်ဂျီယံ၊ ကနေဒါ၊ အီသီယိုးပီးယား၊ ဟန်ဂေရီ၊ အိုင်ယာလန်၊ ပီရူး၊ ဆူဒန်နှင့် ဗင်နီဇွဲလားနိုင်ငံတို့ဖြစ်ပါသည်။ ၎င်းတို့မှာ မိမိတို့၏ ပြည်တွင်းလုပ်ငန်းစဉ်များဆောင်ရွက်ဆဲဖြစ်ကြောင်း သိရပါသည်။ ကနေဒါနိုင်ငံက အေအိုင်အိုင်ဘီအပေါ် စိတ်ဝင်စားလာခြင်းသည် အာရှဒေသ၌ တရုတ်နိုင်ငံ၏ စီးပွားရေးနှင့်လူမှုရေးဖွံ့ဖြိုးမှုဆိုင်ရာ အားထုတ် ကြိုးပမ်းမှုကို ကမ္ဘာက အသိအမှတ်ပြုလာခြင်း၏ လက္ခဏာတစ်ရပ်ဖြစ်သည့်အပြင် ဘဏ်ကိုငွေကြေးအားဖြင့် ယုံကြည်ခိုင်မာမှုကို ထောက်ခံအားပေးခြင်းလည်းဖြစ်ကြောင်း၊ ချေးငွေ စီမံကိန်းများသည် လက်တွေ့ဖြစ်နိုင်ခြေရှိပြီး သဘာဝပတ်ဝန်းကျင်ကို အကျိုးပြုသည့် အခြေခံအဆောက်အအုံ လုပ်ငန်းများဖွံ့ဖြိုးစေမည့် အရည်အသွေးရှိသည့် ရင်းနှီးမြှုပ်နှံမှုကို ဦးစားပေးမည်ဖြစ်ကြောင်း အေအိုင်အိုင်ဘီက ပြောကြားပါသည်။ အမေရိကန်နှင့် ဂျပန်နိုင်ငံကို အဖွဲ့ဝင်အဖြစ် ဝင်ရောက်နိုင်ရန် ကြိုဆိုလျက်ရှိကြောင်း၊ ယူကေ၊ ဂျာမနီ၊ ပြင်သစ်၊ အီတလီ၊ သြစတြေးလျနှင့်တောင်ကိုရီးယားတို့မှာ အေအိုင်အိုင်ဘီ၏ အဖွဲ့ဝင်များဖြစ်ကြောင်း သိရှိရပါသည်။ လက်ရှိတရုတ်နိုင်ငံ၏မဲပေးခွင့်မှာ ၂၇ ဒသမ ၈ ရာခိုင်နှုန်းရှိပါသည်။

**သန္တာခိုင်၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ ပေကျင်းမြို့**

# ကုန်စည်ဒိုင်အသီးသီး၏ လက်ရှိအရောင်းအဝယ်ဖြစ်နေသော ဈေးနှုန်းများနှင့် ဈေးကွက်အခြေအနေ (၃၁–၃–၂၀၁၇)

ဇော်ဝင်း

## မူဆယ်ဈေးကွက်မှာ ပြောင်းဈေးငြိမ်သော်လည်း အရောင်းအဝယ်ကောင်း

ယခုတစ်ပတ် မူဆယ်ဈေးကွက်မှာ ပြောင်းဈေး အတက်အကျမရှိဘဲ ယခင်တစ်ပတ်ဈေးနှုန်းအတိုင်း ဈေးငြိမ်အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ ပြောင်းဈေးအနေနဲ့ ၅၀ ကီလို တစ်အိတ်ကို ၆၄ ယွမ်မှ ၆၈ ယွမ် (တစ်တန်ကို ၁၂၈၀ ယွမ်မှ ၁၃၆၀ ယွမ်)နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ ယခုတစ်ပတ်အတွင်းတစ်ဖက်နိုင်ငံသို့ ၃၄၅၈၅ တန်တင်ပို့နိုင်ခဲ့ပြီး ယခင်တစ်ပတ်က တင်ပို့ခဲ့တဲ့တန်ချိန် ၂၂၄၀၀ တန်ထက် ၁၂၁၈၅ တန် ပိုမိုတင်ပို့နိုင်ခဲ့တာကြောင့် အရောင်းအဝယ်ကောင်းခဲ့ကြောင်း သိရပါတယ်။

×××××××××××××××

## လားရှိုးဈေးကွက်မှာ ပြောင်းဈေးတက်ပြီး အရောင်းအဝယ်ကောင်း

ယခုတစ်ပတ် လားရှိုးဈေးကွက်မှာ ပြောင်းဈေးတက်ခဲ့သလို အရောင်းအဝယ်လည်းကောင်းခဲ့ကြောင်း သိရပါတယ်။ ယခင်တစ်ပတ်က ပြောင်းဈေးတစ်ပိဿာ ကျပ် ၃၂၀ နဲ့ ဈေးတက်ခဲ့သလို ယခုတစ်ပတ်မှာလည်း တစ်ပိဿာ ကျပ် ၃၃၀ (တစ်တန် ၂၀၂၀၈၈ ကျပ်)နဲ့ ဈေးမြင့်ပြီး အရောင်းအဝယ်ဖြစ်ခဲ့ ပါတယ်။ အရောင်းအဝယ်ဖြစ်မှုအနေနဲ့လည်း ယခင်တစ်ပတ်က ၂၁၄၈၈၅ ပိဿာရှိခဲ့ပြီး ယခုတစ်ပတ်မှာတော့ ပိဿာချိန် ၂၇၃၁၃၁၀ ကျော် အရောင်းအဝယ်ဖြစ်ခဲ့တာမို့ယခင်တစ်ပတ် ထက် ၅၈၂၄၅၅ ပိဿာ ပိုမိုခဲ့ပြီး အရောင်းအဝယ်ကောင်းခဲ့ကြောင်း သိရပါတယ်။

×××××××××××××××

## ဟသ်ာတဈေးကွက်မှာ မတ်ပဲနဲ့ ပဲတီစိမ်းဈေးကျ

ယခုတစ်ပတ် ဟသ်ာတဈေးကွက်မှာ မတ်ပဲနဲ့ပဲတီစိမ်း ဈေးကျခဲ့ကြောင်းသိရပါတယ်။ ယခင်တစ်ပတ်က မတ်ပဲတစ်ပိဿာ ၁၈၈၅ ကျပ်အထိဈေးမြင့်ခဲ့ပေမယ့် ယခုတစ်ပတ်မှာတော့ တစ်ပိဿာ ၁၇၂၅ ကျပ် (တစ်တန် ၁၀၅၆၃၇၀ ကျပ်) ဈေး အရောင်းအဝယ်ဖွင့်ခဲ့ပါတယ်။ မတ်ပဲဈေးကျမှုကြောင့် ရောင်းလိုအား နည်းသော်လည်း ရန်ကုန်ဝယ်လက်က အရည်အသွေး ကြိုက်နှစ်သက်မှုရှိတာကြောင့် ဝယ်လိုအားများခဲ့ပြီး တစ်ရက်ကို အိတ် ၄၀၀၀ ခန့်အရောင်းအဝယ်ဖြစ်ခဲ့ကြောင်းသိရပါတယ်။ ပဲတီစိမ်းကလည်း ဈေးဆက်လက်ကျဆင်းခဲ့ပြီး ယခင်တစ်ပတ်က တစ်ပိဿာ ၁၈၂၅ ကျပ်မှ ယခုတစ်ပတ်မှာ တစ်ပိဿာ ကျပ် ၁၆၅၀ (တစ်တန် ၁၀၁၀၄၄၃ ကျပ်)နဲ့ ဈေးနိမ့် အရောင်းအဝယ်ဖွင့်ခဲ့ပါတယ်။ တစ်ရက်ကို ပဲတီစိမ်း အိတ် ၂၀၀ မှ ၃၀၀ ကြား အရောင်းအဝယ် ဖြစ်ခဲ့ကြောင်းသိရပါတယ်။ ပဲလွန်းဖြူက ယခင်တစ်ပတ်အတိုင်း ဈေးငြိမ်နေပြီး တစ်ပိဿာ ကျပ် ၁၃၀၀ (တစ်တန် ၇၉၆၁၀၇ ကျပ်) နဲ့ အိတ် ၂၀၀ မှ ၃၀၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ ယခင်တစ်ပတ်က ပဲလွန်းနီ တစ်ပိဿာ ၁၈၅၀ ကျပ်မှ ယခုတစ်ပတ်မှာ တစ်ပိဿာ ၁၈၂၅ ကျပ် (တစ်တန် ၁၁၁၇၆၁၁ ကျပ်) နဲ့ တစ်ရက်အိတ် ၃၀၀ ခန့် အရောင်းအဝယ် ဖြစ်ခဲ့ပါတယ်။ ပဲပုပ်ဆီတိုးကတော့ ဈေးတက်လာခဲ့ပြီး ယခင်တစ်ပတ်က တစ်ပိဿာ ကျပ် ၁၁၅၀ မှ ယခုတစ်ပတ်မှာ တစ်ပိဿာ ၁၂၂၅ ကျပ် (တစ်တန် ၇၅၀၁၇၇ ကျပ်) နဲ့ တစ်ရက် အိတ် ၄၀၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

×××××××××××××××

## မန္တလေးဈေးကွက်မှာ မတ်ပဲ၊ ပဲတီစိမ်းရွှေဝါ၊ ပဲစင်းငုံနီဈေးကျ

ယခုတစ်ပတ် မန္တလေးဈေးကွက်မှာ မတ်ပဲ၊ ပဲစင်းငုံနီတို့က အရောင်းအဝယ်အေးခဲ့လို့ ဈေးကျလာခဲ့ပါတယ်။ ယခင်တစ်ပတ်က မတ်ပဲ (အသစ်) တစ်ပိဿာ ၁၈၆၅ ကျပ်အထိ ဈေးမြင့်ခဲ့ပေမယ့် ယခုတစ်ပတ်မှာ တစ်ပိဿာ ၁၇၈၃ ကျပ် (တစ်တန် ၁၀၉၁၈၉၀ ကျပ်)အထိ ဈေးကျခဲ့ပါတယ်။ မတ်ပဲကို ရန်ကုန်ဝယ်လက်နဲ့ မြို့ခံပဲခွဲစက်တွေက အဝယ်နည်းတာကြောင့် တစ်ရက်ကို အိတ် ၆၀၀ ခန့်သာ အရောင်းအဝယ် ဖြစ်ခဲ့ကြောင်း သိရပါတယ်။ ပဲတီစိမ်းရွှေဝါကလည်း ယခင်တစ်ပတ်က အရည်အသွေးပေါ်မူတည် ပြီး တစ်ပိဿာ ၁၈၃၁ ကျပ်မှ ၂၀၂၇ ကျပ်ရှိခဲ့ပေမယ့် ယခုတစ် ပတ်မှာတော့ တစ်ပိဿာ ၁၈၁၃ ကျပ်မှ ၁၉၁၁ ကျပ် (တစ်တန် ၁၁၁၀၂၆၃ ကျပ် မှ ၁၁၇၀၂၇၇ ကျပ်)အထိ ဈေးကျခဲ့ပါတယ်။ ပဲတီစိမ်းရွှေဝါကို တရုတ်ဝယ်လက်က အဝယ်နည်းခဲ့လို့ အရောင်းအဝယ်ပါးခဲ့ကြောင်း သိရပါတယ်။ အလားတူ ပဲစင်းငုံနီကလည်း ယခင်တစ်ပတ်က တစ်ပိဿာ ၁၁၈၇ ကျပ်နဲ့ ဈေးကျခဲ့သလို ယခုတစ်ပတ်မှာလည်း တစ်ပိဿာ ၁၁၆၇ ကျပ် (တစ်တန် ၇၁၄၆၅၉) အထိဈေးကျခဲ့ကာ အရောင်းအဝယ်လည်းပါးခဲ့ကြောင်း သိရပါ တယ်။ နှမ်းမျိုးစုံကတော့ ယခုတစ်ပတ်မှာ ဈေးလာခဲ့ပြီး ယခင်တစ်ပတ်က နှမ်းနက်စမုံ တစ်ပိဿာ ၂၈၈၉ ကျပ်မှ ယခုတစ်ပတ်မှာ တစ်ပိဿာ ၃၀၆၇ ကျပ် (တစ်တန် ၁၈၇၈၂၀၀ ကျပ်) ထိဈေးမြင့်ခဲ့ပြီး၊ နှမ်းဖြူထိပ်စက ယခင်တစ်ပတ်ကတစ်ပိဿာ ၂၂၆၇ ကျပ်မှာ ယခုတစ်ပတ်မှာ တစ်ပိဿာ ကျပ် ၂၄၀၀ (တစ် တန် ၁၄၆၉၇၃၆ ကျပ်)နဲ့ ယခင်တစ်ပတ်က နှမ်းနက် ထိပ် တစ်ပိဿာ ၂၅၅၆ ကျပ်မှ ယခုတစ်ပတ်မှာ တစ်ပိဿာ ၂၆၆၇ ကျပ် (တစ်တန် ၁၆၃၃၂၄၄ ကျပ်) နဲ့ အသီးသီး ဈေးမြင့်ခဲ့ကြောင်း သိရပါတယ်။ နှမ်းမျိုးစုံ တစ်ရက်ကို အိတ် ၁၄၀၀ ခန့် အရောင်း အဝယ်ဖြစ်ခဲ့ကြောင်းလည်း သိရပါတယ်။

×××××××××××××××

## တောင်ကြီးဈေးကွက်မှာ ပြောင်းဈေးငြိမ်နေသော်လည်း အရောင်းအဝယ်အေး

ယခုတစ်ပတ်တောင်ကြီးဈေးကွက်မှာ စီပီ ပြောင်းဈေး ယခင်တစ်ပတ်အတိုင်း ဆက်လက်ဈေးငြိမ်နေခဲ့ပြီး တစ်ပိဿာ ကျပ် ၂၉၀ (တစ်တန် ၁၇၇၉၅၃ ကျပ်)နဲ့ အရောင်း အဝယ်ဖြစ်ခဲ့ပါတယ်။ ရန်ကုန်မန္တလေးဝယ်လက်များ၊ ကြက်မွေးမြူရေး လုပ်ငန်းများ၊ မြို့ခံအစာစပ်လုပ်ငန်းများနဲ့လှော်လက်များက ဝယ်ယူခဲ့ပေမယ့် အရောင်းအဝယ်ဖြစ်မှုအနေနဲ့ ယခင်တစ်ပတ်က ပိဿာချိန် ၅၄၀၀၀၀ ကျော်ရှိခဲ့ပြီး ယခုတစ်ပတ်မှာ ပိဿာချိန် ၃၀၀၀၀၀ ကျော်သာရှိတာမို့ ယခင်တစ်ပတ်ထက် ပိဿာချိန် ၂၄၀၀၀၀ ကျော်လျော့နည်းခဲ့တာကြောင့် အရောင်းအဝယ်အေး ခဲ့ကြောင်း သိရပါတယ်။

×××××××××××××××

## ဘုရင့်နောင်ဈေးကွက်မှာ မတ်ပဲနဲ့ ပဲစင်းငုံနီဈေးကျ

ယခုတစ်ပတ်ဘုရင့်နောင်ဈေးကွက်မှာ ရက်သတ္တပတ်သုံးပတ်ဆက်တိုက် ဈေးတက်ခဲ့တဲ့မတ်ပဲနဲ့ ယခင်တစ်ပတ်က ဈေးပြန်တက်ခဲ့တဲ့ ပဲစင်းငုံနီတို့ပြန်လည်ဈေးကျခဲ့ကြောင်း သိရပါတယ်။ မတ်ပဲဈေးအနေနဲ့ ယခင်တစ်ပတ်က မတ်ပဲ FAQ (RC) တစ်တန်ကျပ် ၁၁၅၁၀၀၀ အထိ ဈေးမြင့် ခဲ့ပေမယ့် ယခုတစ်ပတ်မှာ တစ်တန် ကျပ် ၁၀၅၂၀၀၀ ဖြစ်ခဲ့တာကြောင့် ယခင်တစ်ပတ်ထက် တစ်တန်ကို ကျပ် ၉၉၀၀၀ ဈေးကျခဲ့ပါတယ်။ အလားတူ မတ်ပဲ SQ (RC) ကလည်း ယခင်တစ်ပတ်မှာ တစ်တန် ကျပ် ၁၄၀၀၀၀၀ အထိဈေးမြင့်ခဲ့ပေမယ့် ယခုတစ်ပတ်မှာ တစ်တန် ကျပ် ၁၂၇၀၀၀၀ သာဈေးရှိတာကြောင့် ယခင်တစ်ပတ်ထက် တစ်တန်ကျပ် ၁၃၀၀၀၀ ဈေးကျခဲ့ကြောင်းသိရပါတယ်။ ပဲစင်းငုံနီကလည်း ယခင်တစ်ပတ်က တစ်တန်ကို ကျပ် ၇၆၈၀၀၀ရှိခဲ့ပြီး ယခု တစ်ပတ်မှာ တစ်တန်ကျပ် ၇၄၅၀၀၀ ဈေးနှုန်းရှိခဲ့တာကြောင့် ယခင်တစ်ပတ်ထက် တစ်တန်ကို ကျပ် ၂၃၀၀၀ ဈေးကျခဲ့ကြောင်း သိရပါတယ်။

×××××××××××××××

## မကွေးဈေးကွက်မှာ မတ်ပဲနဲ့ပဲစင်းငုံနီဈေးကျသော်လည်း နှမ်းနက်စမုံဈေးငြိမ်

ယခုတစ်ပတ် မကွေးဈေးကွက်မှာ ရက်သတ္တနှစ်ပတ်ဆက်တိုက်ဈေးမြင့်ခဲ့တဲ့ မတ်ပဲနဲ့ ယခင်တစ်ပတ်က ဈေးမြင့်ခဲ့တဲ့ ပဲစင်းငုံနီတို့ ပြန်လည်ဈေးကျခဲ့ကြောင်းသိရပါတယ်။ ယခင်တစ်ပတ်က မတ်ပဲ တစ်ပိဿာ ကျပ် ၁၈၅၀ အထိ ဈေးမြင့်ခဲ့ပေမယ့် ယခုတစ်ပတ်မှာ တစ်ပိဿာ ကျပ် ၁၇၁၀ (တစ်တန် ၁၀၄၇၁၈၆ ကျပ်) နဲ့ပြန်လည်ဈေးကျခဲ့ပါတယ်။ ယခင်တစ်ပတ်က ပဲစင်းငုံနီတစ်ပိဿာ ၁၁၆၅ ကျပ်နဲ့ ဈေးမြင့်ခဲ့ပေမယ့် ယခုတစ်ပတ်မှာ ပြန်လည်ဈေးကျခဲ့ပြီး တစ်ပိဿာ ၁၁၃၀ ကျပ် (တစ်တန် ၆၉၂၀၀၀ ကျပ်)နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ နှမ်းမျိုးစုံအနေနဲ့ နှမ်းနက်စမုံဈေးငြိမ်နေပြီး နှမ်းဖြူထိပ်စက ယခင်တစ်ပတ်ထက် ဈေးကျခဲ့ပါတယ်။ နှမ်းနက်စမုံက ယခင်တစ်ပတ်ဈေးအတိုင်း တစ်ပိဿာ ၂၇၃၅ ကျပ် (တစ်တန် ၁၆၇၄၈၈၆ ကျပ်)နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ ယခင်တစ်ပတ်က နှမ်းဖြူထိပ်စ တစ်ပိဿာ ၂၅၁၀ ကျပ်ရှိခဲ့ပြီး ယခုတစ်ပတ်မှာတော့ တစ်ပိဿာ ကျပ် ၂၄၉၀ (တစ်တန်နဲ့ ၁၅၂၄၈၅၁ ကျပ်)နဲ့ ယခင်တစ်ပတ်ထက် ဈေးနိမ့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်းသိရပါတယ်။

×××××××××××××××

## အောင်လံဈေးကွက်မှာ နှမ်းမျိုးစုံဈေးတက်ရိပ်ပြပြီး ပဲစင်းငုံနီဈေးကျ

ယခုတစ်ပတ် အောင်လံဈေးကွက်မှာ နှမ်းမျိုးစုံဈေးတက်ရိပ်ပြခဲ့ကြောင်း သိရပါတယ်။ နှမ်းမျိုးစုံအနက် ယခင်တစ်ပတ် နှမ်းနီက တစ်ပိဿာ ကျပ် ၁၈၂၀ ကျပ် ဈေးရှိခဲ့ပြီး ယခုတစ်ပတ်မှာတော့ တစ်ပိဿာ ကျပ် ၁၈၉၀ (တစ်တန် ၁၁၅၇၄၁၇ ကျပ်) နဲ့ဈေးမြင့်ခဲ့ပြီး တစ်ရက်ကို အိတ် ၁၈၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ ယခင်တစ်ပတ်က နှမ်းနက် တစ်ပိဿာ ကျပ် ၂၁၁၀ ဈေးရှိခဲ့ရာ က ယခုတစ်ပတ်မှာ တစ်ပိဿာ ၂၂၂၂ ကျပ် (တစ်တန် ၁၃၆၀၇၃၀ ကျပ်) နဲ့ ဈေးမြင့်ခဲ့ကာ တစ်ရက်အိတ် ၁၀၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ အလားတူ ယခင်တစ်ပတ်က သိပ္ပံနှမ်းနက် တစ်ပိဿာ ကျပ် ၂၇၈၀ ကျပ် ဈေးမှ ယခုတစ်ပတ်မှာတော့ တစ်ပိဿာ ကျပ် ၂၈၉၀ (တစ်တန် ၁၇၆၉၈၀၇ ကျပ်) နဲ့တစ် ရက်ကိုအိတ် ၁၅၀ ခန့်အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ ပဲသီးနှံများအနက် ယခင်တစ်ပတ်က ပဲတီစိမ်း တစ်ပိဿာ ၁၆၂၅ ကျပ် (တစ်တန် ၉၉၅၁၃၃ ကျပ်)နဲ့ ဈေးငြိမ်နေပြီး တစ်ရက်အိတ် ၁၀၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ ပဲတီစိမ်းကို မန္တလေးတင်ပို့သူများက ဝယ်ယူကြောင်းသိရပါတယ်။ ယခင် တစ်ပတ်က ပဲစင်းငုံနီ တစ်ပိဿာ ၁၁၈၅ ကျပ်ရှိခဲ့ပေမယ့် ယခု တစ်ပတ်မှာတစ်ပိဿာ ကျပ် ၁၁၄၀ (တစ်တန် ၆၉၈၁၂၄ ကျပ်) အထိဈေးကျခဲ့ပြီး ရန်ကုန်ဝယ်လက်က ဝယ်ယူမှုရှိကာ တစ်ရက် အိတ် ၄၅၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

×××××××××××××××

## ပြည်ဈေးကွက်မှာ ပဲစင်းငုံနီဈေးတက်ရိပ်ပြသော်လည်း မတ်ပဲဈေးကျ

ယခုတစ်ပတ်ပြည်ဈေးကွက်မှာ ပဲစင်းငုံနီဈေးအနည်းငယ်တက်ရိပ်ပြခဲ့ပေမယ့် မတ်ပဲကတော့ ဈေးကျခဲ့ကြောင်း သိရပါတယ်။ ယခင်တစ်ပတ်မှာ ပဲစင်းငုံနီ တစ်ပိဿာ ၁၁၆၅ ကျပ် ဈေးရှိခဲ့ပေမယ့် ယခုတစ်ပတ်က တစ်ပိဿာ ကျပ် ၁၁၈၀ (တစ်တန် ၇၂၂၆၂၀ ကျပ်) နဲ့တက်ဈေးပြ အရောင်းအဝယ်ဖြစ်ခဲ့ ပါတယ်။ ပဲစင်းငုံနီကို ရန်ကုန်ဝယ်လက်က ဝယ်ယူမှုရှိပြီး တစ်ရက်ကို အိတ် ၃၀၀ မှ ၄၀၀ အထိ အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ ယခင်တစ်ပတ်က မတ်ပဲ တစ်ပိဿာ ၁၈၈၅ ကျပ် အထိ ဈေးမြင့်ခဲ့ပေမယ့် ယခုတစ်ပတ်မှာတော့ တစ်ပိဿာ ကျပ် ၁၈၀၀ (တစ်တန် ၁၁၀၂၃၀၂ ကျပ်)နဲ့ ဈေးနိမ့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ မတ်ပဲသီးနှံမှာ ပဲအထွက်များလာတာကြောင့် ဈေးကွက်အတွင်း ဝင်ရောက်မှုများလာခဲ့ပါတယ်။ ရန်ကုန်ဝယ်လက်ကလည်း ဈေးကျလာတဲ့အတွက် ရသလောက် ဝယ်လိုအားရှိခဲ့ပြီး တစ်ရက်ကို အိတ် ၁၂၀၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

×××××××××××××××

# (၁၈) ကြိမ်မြောက်နိုင်ငံတကာယှဉ်ပြိုင်မှုညီလာခံနှင့် မြန်မာနိုင်ငံ ယှဉ်ပြိုင်မှု ဥပဒေ၏ အခန်းကဏ္ဍ



◆ ငြိမ်းချမ်း

ကမ္ဘာ့နိုင်ငံအသီးသီးတွင် အချို့သော စီးပွားရေးလုပ်ငန်းစုများ၊ ကုမ္ပဏီကြီးများအနေဖြင့် ဈေးကွက်အား လက်ဝါးကြီးအုပ်ခြင်း၊ စုဖွဲ့ညှိနှိုင်းကာဈေးနှုန်း အဆမတန်မြှင့်တင် ဈေးကစားခြင်း အစရှိသည့် မမျှတသော ယှဉ်ပြိုင်မှုနည်းလမ်းများကို အသုံးပြုခြင်းတို့ကြောင့် အခြားကုမ္ပဏီများ၊ သုံးစွဲသူ/ စားသုံးသူ အများပြည်သူများ နစ်နာမှုမရှိစေရေး၊ ကောင်းမွန်မျှတသော ကုန်သွယ်စီးပွားပတ်ဝန်းကျင်ဖြစ်ထွန်းစေရေးအတွက် စီးပွားရေးလုပ်ငန်းစုများ၊ ကုမ္ပဏီများအား ထိန်းကျောင်းပေးနိုင်မည့် ယှဉ်ပြိုင်မှုဆိုင်ရာဥပဒေ၊ ယှဉ်ပြိုင်မှုမူဝါဒဆိုင်ရာကိစ္စရပ်များ၊ ပြဿနာရပ်များနှင့် စပ်လျဉ်း၍ နိုင်ငံတကာ ဥပဒေပညာရှင်များ၊ စီးပွားရေး ပညာရှင်များ၊ နိုင်ငံတကာမှ သက်ဆိုင်သည့် ဌာနဆိုင်ရာများနှင့် ပုဂ္ဂလိက စီးပွားရေးလုပ်ငန်းရှင်များက အတွေ့အကြုံများ ဆွေးနွေးဖလှယ် နိုင်ရေးအတွက် (၁၈) ကြိမ်မြောက် နိုင်ငံတကာ ယှဉ်ပြိုင်မှုညီလာခံကို ဂျာမနီနိုင်ငံ၊ ဘာလင်မြို့တွင် ၂၀၁၇ ခုနှစ်၊ မတ်လ ၁၅ ရက်မှ ၁၇ ရက်အထိ ကျင်းပခဲ့ပါ သည်။

အဆိုပါညီလာခံသို့မြန်မာ နိုင်ငံမှ ကိုယ်စားလှယ်အဖွဲ့ တက်ရောက်ရန် ဘာလင်မြို့အခြေစိုက် GIZ နှင့် FNF တို့၏ ဖိတ်ကြားချက်အရ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရန်နိုင်ထွန်း ခေါင်းဆောင်သည့် အဖွဲ့ဝင်သုံးဦး ပါဝင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခဲ့ပါသည်။

အဆိုပါအလုပ်ရုံ ဆွေးနွေးပွဲတွင် စီးပွားရေးရာနှင့် စွမ်းအင်ဝန်ကြီးဌာန၊ ဥရောပမူဝါဒရေးရာဌာန ညွှန်ကြားရေး မှူးချုပ် Claudia Dorr-Vob က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားခဲ့ပြီး ဥရောပ ယှဉ်ပြိုင်မှုကော်မတီဥက္ကဋ္ဌ Andreas Mandt က အဖွင့်အမှာစကား ပြောကြားခဲ့ပါသည်။ ဆက်လက်၍ Panel Discussion အဖြစ် "ယှဉ်ပြိုင်မှု အေဂျင်စီအသစ်များအတွက် အသိပညာပေးပူးပေါင်းဆောင်ရွက်မှု နည်းလမ်းများ" ခေါင်းစဉ်နှင့် "ဈေးကွက် စောင့်ကြည့်လေ့လာခြင်း ပြုလုပ်ရာတွင်ထားရှိရမည့် ဦးစားပေးနယ်ပယ်များ၊ ရည်ရွယ်ချက်များ၊ လုပ်ထုံးလုပ်နည်းများအကြောင်း" တို့ကို ဆွေးနွေးခဲ့ကြပါသည်။

ထို့ပြင် မတ်လ ၁၆ ရက်တွင် ကျင်းပပြုလုပ်သည့် (၁၈) ကြိမ်မြောက် နိုင်ငံတကာ ယှဉ်ပြိုင်မှုညီလာခံသို့နိုင်ငံစုံမှ ယှဉ်ပြိုင်မှု အာဏာပိုင် အကြီးအကဲများ၊ နိုင်ငံတကာမှ ယှဉ်ပြိုင်မှုဆိုင်ရာ ကျွမ်းကျင်သူများ၊ ပညာရှင်များ၊ နိုင်ငံအလိုက်ကိုယ်စားလှယ်အဖွဲ့များ တက်ရောက်ခဲ့ကြပါသည်။

ယှဉ်ပြိုင်မှုညီလာခံ ပထမနေ့တွင် ယှဉ်ပြိုင်မှုဥပဒေနှင့် နည်းပညာ ဖွံ့ဖြိုးတိုးတက်မှုအကြား ဆက်စပ်နေမှု အခြေအနေများ၊ အွန်လိုင်းစီးပွားရေးလုပ်ငန်းများအကြား မတရားညှိနှိုင်း ပူးပေါင်းဆောင်ရွက်မှုများအား စုံစမ်း ဖော်ထုတ်အရေးယူမည့် ကိစ္စရပ်များ၊ ရင်းနှီးမြှုပ်နှံမှုနှင့် တီထွင်ဆန်းသစ်မှုများအပေါ် ယှဉ်ပြိုင်မှုဥပဒေ၏ ထိန်းကျောင်းဆောင်ရွက်မှုများ၊ သတင်းအချက်အလက်များ လုံခြုံရေးနှင့် ကော်မရှင်မှ မှန်မှန်ကန်ကန်နှင့် ထိထိရောက်ရောက် အသုံးချရေးစသည့် ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြပါသည်။ မတ်လ ၁၇ ရက်တွင် ကျင်းပပြုလုပ်သော ညီလာခံတွင် ဒစ်ဂျစ်တယ် စီးပွားရေးလုပ်ငန်းများ၏ အသင့်ဖြစ်မှု အခြေအနေများ၊ မတရားပူး ပေါင်းဆောင်ရွက်မှုများကို စုံစမ်းဖော်ထုတ်ရာတွင် ဖော်ကောင်အတွက် သက်ညှာခွင့်ပေးသည့် အစီအစဉ်များအပြင် အခြားဖြစ်နိုင်ချေရှိသည့် နည်းလမ်းများကို ဖော်ထုတ်အသုံးချရေး ဆွေးနွေးခဲ့ကြပါသည်။

> မြန်မာနိုင်ငံအနေဖြင့်
> ယှဉ်ပြိုင်မှုဥပဒေကို ထိရောက်စွာ
> အကောင်အထည် ဖော်ရေးအတွက်
> ရှေ့ဆက်ဆောင်ရွက်မည့်
> လုပ်ငန်းစဉ်များတွင် ဝန်ထမ်းများ
> စွမ်းဆောင်ရည်မြှင့်တင်ခြင်းတို့အတွက်
> ပံ့ပိုးကူညီမည့်
> ကတိကဝတ်များကိုပါ ရရှိခဲ့ပါသည်။

အဆိုပါညီလာခံကြီးတွင် အများပြည်သူအကျိုးရှေ့ရှု၍ ကောင်းမွန်မျှတသော ကုန်သွယ်စီးပွားပတ်ဝန်းကျင်ကောင်း ဖြစ်ထွန်းစေရေးအတွက် ယှဉ်ပြိုင်မှုဥဒေများ ရေးဆွဲပြဋ္ဌာန်းရန်၊ ထိရောက်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ရန်၊ ဒေသတွင်းနိုင်ငံများနှင့်လည်း ပေါင်းစည်းဆောင်ရွက်ရန် ကမ္ဘာ့နိုင်ငံအသီးသီးအား တိုက်တွန်းခဲ့ပါသည်။

မြန်မာနိုင်ငံအနေဖြင့် ယှဉ်ပြိုင်မှု ဥပဒေကို အတည်ပြုပြဋ္ဌာန်းခဲ့ရာ ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီလ ၂၄ ရက်တွင် စတင် သက်ဝင်ခဲ့ပြီးဖြစ်ပါသည်။ အဆိုပါ ဥပဒေအား ထိရောက်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် စည်းမျဉ်း စည်းကမ်းများရေးဆွဲခြင်းနှင့် လိုအပ်မည့် ကော်မရှင်ဖွဲ့စည်းမှုအတွက် ပြင်ဆင်ဆောင်ရွက်လျက် ရှိပါသည်။ ထိုသို့ ယှဉ်ပြိုင်မှု ဥပဒေများ ရေးဆွဲ ပြဋ္ဌာန်းခြင်းနှင့် ဥပဒေကို ထိရောက်စွာ အကောင်အထည်ဖော်ရေးအတွက်လိုအပ်သည့် လုပ်ငန်းစဉ်များဆောင်ရွက်ရခြင်းမှာ မြန်မာနိုင်ငံအတွင်းလွတ်လပ်မျှတသော စီးပွားရေး ယှဉ်ပြိုင်မှု ပတ်ဝန်းကျင်ကောင်းကို ဖန်တီးနေခြင်းဖြစ်သကဲ့သို့ အာဆီယံ အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံအနေဖြင့် အာဆီယံကတိကဝတ်များကို လိုက်ပါ ဆောင်ရွက်နေခြင်းလည်း ဖြစ်ပါသည်။ The AEC Blueprint 2025 ၏ ယှဉ်ပြိုင်မှု (Competition) အခန်းကဏ္ဍတွင် အာဆီယံနိုင်ငံများအနေဖြင့် ထိရောက်သော ယှဉ်ပြိုင်မှု ဥပဒေများ ရေးဆွဲပြဋ္ဌာန်း အကောင်အထည်ဖော်ရေး၊ စွမ်းဆောင်ရည်များ မြင့်မားခိုင်မာစေရေးတို့ကို ဆောင်ရွက်သွားရန် ပါဝင်ပါသည်။

ASEAN Competition Action Plan (ACAP) 2016-2025 လုပ်ငန်း စီမံချက်များတွင်လည်း အောက်ပါအတိုင်း ရည်မှန်းချက်ပန်းတိုင် ငါးရပ်ချမှတ်ထားခဲ့ပါသည်။

**မဟာဗျူဟာ ပန်းတိုင် (၁) (Strategic Goal 1)**

အာဆီယံနိုင်ငံများ အားလုံးတွင် ယှဉ်ပြိုင်မှုဥပဒေများပေါ်ထွန်းရေး၊ ပြောင်းလဲလာသော ဈေးကွက်ပုံစံများအရ ဥပဒေ မူဘောင်များ ခိုင်မာစေရေး၊ ယှဉ်ပြိုင်မှု ဥပဒေများအပေါ် အကဲဖြတ်သုံးသပ်မှု များဆောင်ရွက်ရေး။

**မဟာဗျူဟာပန်းတိုင် (၂) (Strategic Goal 2)**

အာဆီယံ နိုင်ငံများအားလုံးတွင် ယှဉ်ပြိုင်မှုဥပဒေများကို ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် ကော်မရှင်များ တည်ထောင်ပေါ်ထွန်းရေး၊ ယှဉ်ပြိုင်မှုဥပဒေအား စတင်ပြဋ္ဌာန်းပြီး အတွေ့အကြုံနည်းသော နိုင်ငံများမှ တရားသူကြီးများ၊ စီးပွားရေး ပညာရှင်များနှင့် အခြားပါဝင်ဆောင်ရွက်သူများကို စွမ်းဆောင်ရည်မြှင့်တင်ရေး သင်တန်းများပေးရေး။

**မဟာဗျူဟာပန်းတိုင် (၃) (Strategic Goal 3)**

အာဆီယံ နိုင်ငံများအားလုံးအနေဖြင့် ယှဉ်ပြိုင်မှုဥပဒေများ ချိုးဖောက်သည့် နိုင်ငံဖြတ်ကျော်အမှုကိစ္စများတွင် အာဆီယံဒေသတွင်း ပေါင်းစည်းဆောင်ရွက်ရေးကို ထိရောက်စွာအကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေး။

**မဟာဗျူဟာပန်းတိုင် (၄) (Strategic Goal 4)**

ယှဉ်ပြိုင်မှု ဥပဒေများ၏ အကျိုးဖြစ်ထွန်းမှုများကို အများပြည်သူများ သိရှိစေရေး၊ ကောင်းမွန်သော ယှဉ်ပြိုင်မှု အလေ့အထများ ဖြစ်ထွန်းစေရေးတို့ကို ဆောင်ရွက်ရေး။

**မဟာဗျူဟာပန်းတိုင် (၅) (Strategic Goal 5)**

အာဆီယံနိုင်ငံများကြား ယှဉ်ပြိုင်မှုဥပဒေများ လိုက်လျောညီထွေမှု ဖြစ်စေရေးအတွက် အခြေခံမှုများချမှတ်သဘော တူညီမှုရရှိရေး။

အာဆီယံနိုင်ငံများသည် ယှဉ်ပြိုင်မှုဘာသာရပ်ဆိုင်ရာ အာဆီယံ ကျွမ်းကျင်သူများအစုအဖွဲ့ (ASEAN Expert Group on Competition -AEGC) ကို ၂၀၀၇ ခုနှစ်တွင် စတင် တည်ထောင်ခဲ့ပြီး အာဆီယံနိုင်ငံများမှ အလှည့်ကျ ဥက္ကဋ္ဌအဖြစ် တာဝန်ယူကာ လုပ်ငန်းများဆောင်ရွက်ခဲ့ရာ ၁၀ နှစ် ပြည့်ခဲ့ပြီဖြစ်ပါသည်။ AEGC အဖွဲ့၏ ဦးဆောင်မှုဖြင့် "ASEAN Regional Guideline on Competition Policy and Law", "ASEAN Handbook on Competition" တို့ကို ရေးဆွဲပြုစုနိုင်ခဲ့ပါသည်။ ထို့အပြင် "ASEAN Competition Website" ကို တည်ထောင်ခြင်း၊ "ASEAN Advocacy Toolkit" ကိုပြုစုခြင်းတို့အပြင် ASEAN Competition Conferences များကို နှစ်စဉ် ကျင်းပပေးလျက်ရှိပါသည်။

အာဆီယံ ယှဉ်ပြိုင်မှုဆိုင်ရာ ကျွမ်းကျင်သူများအဖွဲ့ (ASEAN Expert Group on Competition - AEGC) အဖွဲ့၏ ဥက္ကဋ္ဌတာဝန်ကို ၂၀၀၇ ခုနှစ်မှစ၍ အာဆီယံအဖွဲ့ဝင် နိုင်ငံများက အလှည့်ကျတာဝန်ယူခဲ့ရာ ၂၀၁၅ခုနှစ်တွင် ကမ္ဘောဒီးယားနိုင်ငံက လည်းကောင်း၊ ၂၀၁၆ ခုနှစ်တွင် လာအိုနိုင်ငံကလည်းကောင်း အသီးသီး တာဝန်ယူဆောင်ရွက်ခဲ့ကြပြီး ၂၀၁၇ ခုနှစ်၊ ဧပြီမှစတင်၍ မြန်မာနိုင်ငံက ဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်မည်ဖြစ်ပါသည်။ (၁၉) ကြိမ်မြောက် ယှဉ်ပြိုင်မှုဆိုင်ရာ အာဆီယံကျွမ်းကျင်သူများအဖွဲ့ (ASEAN Expert Group on Competition - AEGC) အဖွဲ့အစည်းအဝေးကို ရန်ကုန်မြို့တွင် ၂၀၁၇ ခုနှစ်၊ ဧပြီလ ၃ ရက်နေ့မှ ၆ ရက်နေ့အထိ ကျင်းပရန် စီစဉ်ထားရှိပြီး ဖြစ်ပါသည်။

ယခု (၁၈) ကြိမ်မြောက် နိုင်ငံတကာယှဉ်ပြိုင်မှု ညီလာခံသို့မြန်မာ ကိုယ်စားလှယ်အဖွဲ့တက်ရောက်ခြင်းဖြင့် မြန်မာနိုင်ငံအနေဖြင့် ယှဉ်ပြိုင်မှုဥပဒေများ ရေးဆွဲပြဋ္ဌာန်းထားမှု၊ နည်းဥပဒေများရေးဆွဲမှုနှင့် ရှေ့ဆက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို အာဆီယံနိုင်ငံများမှ ကိုယ်စားလှယ်များ၊ ဖွံ့ဖြိုးမှု မိတ်ဖက်နိုင်ငံများမှ ကိုယ်စားလှယ်များ၊ ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့် တွေ့ဆုံဆွေးနွေးခွင့်များ ရရှိခဲ့ပါသည်။ မြန်မာနိုင်ငံအနေဖြင့် ယှဉ်ပြိုင်မှု ဥပဒေကို ထိရောက်စွာ အကောင်အထည်ဖော်ရေးအတွက် ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များတွင် ဝန်ထမ်းများ စွမ်းဆောင်ရည်မြှင့်တင်ခြင်းတို့အတွက် ပံ့ပိုးကူညီမည့် ကတိကဝတ်များကိုပါ ရရှိခဲ့ပါသည်။ ထို့အပြင် နိုင်ငံတကာတွင် မြန်မာနိုင်ငံအနေဖြင့် ယှဉ်ပြိုင်မှု ဥပဒေများ အကောင်အထည်ဖော်ရေး အခန်းကဏ္ဍကို ချပြရှင်းလင်းနိုင်ခဲ့ပြီး မြန်မာနိုင်ငံ၏ အခန်းကဏ္ဍကို မြှင့်တင်နိုင်ခဲ့သော ခရီးစဉ်တစ်ခုဖြစ်ခဲ့ပါသည်။

## တရုတ်နိုင်ငံသို့ သကြားပိုမိုတင်ပို့ပြီး ထိုင်းနိုင်ငံမှ လျော့နည်း တင်သွင်း

မြန်မာ-တရုတ်နယ်စပ်ရှိမူဆယ် (၁၀၅) မိုင်ကုန်သွယ်ရေးဇုန်မှ မတ် ၁၈ ရက်မှ ၂၄ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၂၂ ဒသမ ၇၀၈ သန်းတန်ဖိုးရှိ Re-Export သကြား ၃၅၆၉ တန်ကျော်ကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ပါတယ်။ ယခင်သီတင်းပတ်က မူဆယ်မှ ၃၄၆၅၈ တန်ကျော်တင်ပို့ခဲ့လို့ ယခု တစ်ပတ်မှာ ၁၀၁၁ တန်ကျော် ပိုမိုတင်ပို့ခဲ့တာတွေ့ရပါတယ်။ ချင်းရွှေဟော်မှ ယခု တစ်ပတ်သကြားတင်ပို့မှု မရှိခဲ့ကြောင်း သတင်းရရှိပါတယ်။

မူဆယ်ကုန်စည်ဒိုင်မှာ မတ် ၁၈ ရက်မှ ၂၄ ရက် သီတင်းပတ်အတွင်း သကြား တစ်တန်ကို ကျပ် ၉၁၉၅၆၀ ရှိပြီး၊ တစ်ဖက်တရုတ်နိုင်ငံတွင် ၅၀ ကီလိုတစ်အိတ်လျှင် ၂၃၆ ယွမ်မှ ၂၃၇ ယွမ်ဈေးရှိကြောင်း သိရပါတယ်။

မြန်မာ-ထိုင်းနယ်စပ်ရှိ မြဝတီကုန်သွယ်ရေးဇုန်မှ ယခုတစ်ပတ်တွင် အမေရိကန်ဒေါ်လာ ၂ ဒသမ ၉၂၇ သန်းတန်ဖိုးရှိRe-exportသကြား ၅၃၂၁ တန် ကျော်ကို ထိုင်းနိုင်ငံမှ တင်သွင်းခဲ့ရာ ယခင်တစ်ပတ်က ၅၇၈၂ တန်ကျော်နဲ့ နှိုင်းယှဉ်ပါက တန် ၄၆၀ ကျော် လျော့နည်းတင်သွင်းခဲ့တာ တွေ့ရပါတယ်။

ဘုရင့်နောင်ကုန်စည်ဒိုင်မှာ မတ် ၂၂ ရက်နေ့ သကြားတစ်ပိဿာ ပေါက်ဈေး ကျပ် ၁၃၀၀ ရှိတယ်လို့သိရပါတယ်။

**မော်မော်အောင်**

## မြန်မာ-တရုတ်နယ်စပ်မှ ဖရဲသီး တန်ငါးသောင်းကျော်တင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိမူဆယ်၊ လွယ်ဂျယ်၊ ချင်းရွှေဟော်နဲ့ ကန်ပိုက်တီစခန်းစုံမှ မတ် ၁၈ ရက်မှ ၂၄ ရက် အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၅ ဒသမ ၆၂၅ သန်း တန်ဖိုးရှိ ဖရဲသီး ၅၇၇၁၈ တန်ကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ပါတယ်။ စခန်းအလိုက်တင်ပို့မှုမှာ မူဆယ်မှ ၄၅၅၀၀ တန်၊ လွယ်ဂျယ်မှ ၇၇၇၉ တန်၊ ကန်ပိုက်တီမှ ၄၄၃၂ တန်နဲ့ ချင်းရွှေဟော်မှ ခုနစ်တန် ဖြစ်ပါတယ်။ ယခင်တစ်ပတ်က အဆိုပါစခန်းလေးခုပေါင်းမှ ဖရဲသီး ၃၀၄၅၁ တန်ခွဲတင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ် တရုတ်နိုင်ငံသို့ ဖရဲသီး ၂၇၂၆၆ တန်ခွဲ ပိုမိုတင်ပို့နိုင်တာကို တွေ့ရပါတယ်။ ယခုတစ်ပတ်မှာ မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ အမေရိကန် ဒေါ်လာ ၄ ဒသမ ၄၈၈ သန်း တန်ဖိုးရှိ သခွားမွှေးတန် ၂၂၀၀၀ ကိုလည်း တင်ပို့ခဲ့ပါတယ်။

မြန်မာ-ထိုင်းနယ်စပ်ရှိ တာချီလိတ်ကုန်သွယ်ရေးစခန်းမှလည်း အမေရိကန် ဒေါ်လာ ၇၃၆၀၅ တန်ဖိုးရှိ နာနတ်သီးတန် ၅၀၀ နဲ့ အမေရိကန်ဒေါ်လာ ၄၇၁၀၇ တန်ဖိုးရှိ ထောပတ်သီးတန် ၁၀၀ ကို ထိုင်းနိုင်ငံသို့ တင်ပို့ခဲ့ကြောင်း သိရပါတယ်။

**မော်မော်အောင်**

## မူဆယ်ကုန်သွယ်ရေးဇုန်မှ ပရဆေးကုန်ကြမ်းပိုမိုတင်ပို့

မတ် ၁၈ ရက်မှ ၂၄ ရက်အထိ ရက်သတ္တပတ်အတွင်း မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်(၁၀၅) မိုင်ကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ ၁ ဒသမ ၀၂၂ သန်း တန်ဖိုးရှိပရဆေးကုန်ကြမ်း အမယ် ၁၃ မျိုး၊ တန်ချိန်အားဖြင့် ၁၀၅၉ တန်ကျော် တင်ပို့ခဲ့ပါတယ်။ ယခင်ရက်သတ္တပတ်က ၈၇၃ တန် တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ မူဆယ်မှ ပရဆေး ၁၈၆ တန်ကျော် ပိုမိုတင်ပို့နိုင်ခဲ့တာ တွေ့ရပါတယ်။ တင်ပို့ခဲ့တဲ့ပရဆေးအမယ်များမှာ ကွမ်းစားဂမုန်း၊ တောချင်း၊ ချင်းခြောက်၊ နနွင်းတက်၊ နနွင်းခေါင်း၊ မာလာဥခေါင်း၊ မာလာဥ၊ မုတ်ခါး၊ ဆီးဆန်၊ ဒရင်ကောက်မြစ်၊ နေလဲစေ့၊ ကြောင်လျှာစေ့နဲ့ မိကျောင်းကွမ်းဖတ်စေ့တို့ဖြစ်ပါတယ်။

ယခုတစ်ပတ်တွင် နနွင်းခေါင်း၊ ဆီးဆန်၊ တောချင်းနဲ့ ဒရင်ကောက်မြစ်တို့ တင်ပို့မှုလျော့နည်းခဲ့ပေမယ့် ကွမ်းစားဂမုန်း၊ မိကျောင်းကွမ်းဖတ်စေ့၊ နေလဲစေ့၊ ချင်းခြောက်နဲ့ နနွင်းတက်တင်ပို့မှု ပိုမိုလာတာကြောင့် သစ်တောထွက်ပစ္စည်းဖြစ်တဲ့ ပရဆေးတင်ပို့မှု ပိုမိုရတာဖြစ်ကြောင်း မူဆယ်ကုန်သွယ်ရေးဇုန်မှ သိရပါတယ်။

**မော်မော်အောင်**

## ပြည်တွင်းသို့ ဆိုင်ကယ်တင်သွင်းမှုလျော့ကျ



မတ် ၁၈ ရက်မှ ၂၄ ရက်အထိ သီတင်းပတ်အတွင်း ကုန်သွယ်ရေးစခန်းများနဲ့ ကုန်သွယ်ရေးဇုန်များမှ အမေရိကန်ဒေါ်လာ ၅ ဒသမ ၆၅၇ သန်းတန်ဖိုးရှိ ဆိုင်ကယ်မျိုးစုံ ၁၁၀၁၉ စီးခန့်တင်သွင်းခဲ့ပါတယ်။ ယခင်တစ်ပတ်က ၁၈၈၈၈ စီး ခန့်တင်သွင်းခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ ၇၈၆၉ စီး လျော့နည်းတင်သွင်းနိုင်တယ်လို့ သိရပါတယ်။ ယခုတစ်ပတ်မှာ မြဝတီ ကုန်သွယ်ရေးဇုန်မှ ဆိုင်ကယ်များ ပိုမိုတင်သွင်းခဲ့ပေမယ့် မူဆယ်ကုန်သွယ်ရေးဇုန်နဲ့ တမူးကုန်သွယ်ရေးစခန်းများမှ ဆိုင်ကယ်များလျော့နည်း တင်သွင်းခဲ့တဲ့အတွက် ယခုကဲ့သို့ လျော့နည်းရတာဖြစ်ပါတယ်။

တင်သွင်းမှုကိုကြည့်ပါက မူဆယ်ကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ ၃ ဒသမ ၁၂၁ သန်းတန်ဖိုးရှိ ဆိုင်ကယ် ၉၄၂၇ စီးနဲ့ မြဝတီကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ ၂ ဒသမ ၅၃၆ သန်းတန်ဖိုးရှိ ဆိုင်ကယ် ၁၅၉၂ စီးကို တင်သွင်းခဲ့တယ်လို့ သိရပါတယ်။

မူဆယ်ကုန်သွယ်ရေးဇုန်မှ နှစ်ဘီးဆိုင်ကယ်များအပြင် အမေရိကန်ဒေါ်လာ သုည ဒသမ ၄၆၉ သန်းတန်ဖိုးရှိ သုံးဘီးဆိုင်ကယ် ၃၆၉ စီးနဲ့ ကန်ပိုက်တီကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ သုည ဒသမ ၁၁၇ သန်းတန်ဖိုးရှိ သုံးဘီးဆိုင်ကယ် အစီး ၉၀ ခန့်ကို တင်သွင်းခဲ့တယ်လို့ သတင်းရရှိရပါတယ်။

**ခင်မိုးသူ**

## ထိုင်းနယ်စပ်မှ ရေထွက်ကုန်များ ပိုမိုတင်ပို့

မြန်မာ-ထိုင်းနယ်စပ်ရှိ ကုန်သွယ်ရေးစခန်းများမှ မတ်လ ၁၈ ရက်မှ ၂၄ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၅ ဒသမ ၆၂၀ သန်းတန်ဖိုးရှိ ရေထွက်ကုန်မျိုးစုံ ၆၆၀၂ တန်တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က ၅၈၆၃ တန်တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ ၇၃၉ တန် ပိုမိုတင်ပို့နိုင်တယ်လို့ သိရပါတယ်။ ယခုတစ်ပတ်မှာ မြိတ်ကုန်သွယ်ရေးစခန်းမှ ရေထွက်ကုန်တင်ပို့မှု လျော့နည်းခဲ့ပေမယ့် မြဝတီကုန်သွယ်ရေးဇုန်နဲ့ ကော့သောင်းကုန်သွယ်ရေးစခန်းမှ ရေထွက်ကုန်များ ပိုမိုတင်ပို့ခဲ့တဲ့အတွက် ၇၃၉ တန်ပိုမိုတင်ပို့ခဲ့တာ ဖြစ်ပါတယ်။

တင်ပို့မှုကိုကြည့်ပါက မြဝတီကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ သုည ဒသမ ၁၅၇ သန်းတန်ဖိုးရှိ ငါးမျိုးစုံ၊ ကဏန်း၊ ပုစွန် ၁၁၅ တန်၊ မြိတ်ကုန်သွယ်ရေးစခန်း မှ အမေရိကန်ဒေါ်လာ ၂ ဒသမ ၅၂၉ သန်းတန်ဖိုးရှိ ကင်းမွန်၊ ငါးမှုန့်၊ သဲကဏန်း၊ ငါးမျိုးစုံ၊ ပုစွန် ၂၅၃၅ တန်၊ ကော့သောင်းကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ ၂ ဒသမ ၉၃၄ သန်း တန်ဖိုးရှိ ငါးမျိုးစုံ၊ ကင်းမွန်၊ ပုစွန်၊ ကဏန်း၊ အခြားရေ ထွက်ကုန်များနဲ့ ရေဘဝဲတို့ကို ၃၉၅၁ တန်တင်ပို့နိုင်တယ်လို့ သတင်းရရှိပါတယ်။

**ခင်မိုးသူ**

## စစ်တွေကုန်သွယ်ရေးစခန်းမှ ရေချိုငါးမြစ်ချင်းများ ပိုမိုတင်ပို့

မြန်မာ-ဘင်္ဂလားဒေ့ရှ်နယ်စပ်ရှိ စစ်တွေကုန်သွယ်ရေးစခန်းမှ မတ်လ ၁၈ ရက်မှ ၂၄ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ သုည ဒသမ ၁၂၀ သန်းတန်ဖိုးရှိ ရေချိုငါးမြစ်ချင်း ၁၀၅ တန်ခန့် တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က ရေချိုငါးမြစ်ချင်း ၈၅ တန်သာတင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ တန် ၂၀ ပိုမို တင်ပို့ခဲ့တယ်လို့ သိရပါတယ်။

စစ်တွေကုန်သွယ်ရေးစခန်းမှ ရေချိုငါးမြစ်ချင်းအပြင် အမေရိကန် ဒေါ်လာ သုည ဒသမ ၀၄၃ သန်းတန်ဖိုးရှိငါးခေါင်းပွ၊ မန်ကျည်းစေ့၊ ဆီးယိုထုပ်၊ မြေပဲ(အခွံပါ)၊ ချင်းစို၊ ဆီးခြောက်၊ သစ်ခေါက်၊ ကြိမ်တို့ကို ၂၂၇ တန်တင်ပို့ခဲ့ပါတယ်။

မြန်မာ-ဘင်္ဂလားဒေ့ရှ်နယ်စပ်ရှိ မောင်တောကုန်သွယ်ရေးစခန်းမှလည်း အမေရိကန်ဒေါ်လာ သုည ဒသမ ဝ၆၁ သန်းတန်ဖိုးရှိရေထွက်ကုန်ပစ္စည်းများဖြစ်တဲ့ ရေငန်ပုစွန်၊ ငါးကုန်းညှိခြောက်၊ ငါးစုံလေးခြောက်၊ ငါးနီတူခြောက်၊ ငါးသလောက်တို့ကို ၆၆ တန်ခွဲ တင်ပို့ခဲ့တယ်လို့ သတင်းရရှိပါတယ်။ **ခင်မိုးသူ**

## ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ မြန်မာ့ဝါးများ တင်ပို့

မြန်မာ-ဘင်္ဂလားဒေ့ရှ်နယ်စပ်ရှိ မောင်တောကုန်သွယ်ရေးစခန်းမှ မတ် ၁၈ ရက်မှ ၂၄ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၂၉၂၃ တန်ဖိုးရှိ ဝါးလုံး(ကြီး/သေး) ၃၆ တန်ကျော် တင်ပို့ခဲ့ပါတယ်။ ယခင်သီတင်းပတ်က ခုနစ်တန်ခွဲသာ တင်ပို့ခဲ့ပေမယ့် ယခုတစ်ပတ်မှာ ၂၉ တန်ခန့် ပိုမိုတင်ပို့နိုင်တာ တွေ့ရပါတယ်။ ဖေဖော်ဝါရီလ တစ်လလုံးမောင်တောမှ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ဝါးလုံးအကြီး ၁၂၇ တန်ကျော် တင်ပို့နိုင်ခဲ့တယ်လို့သိရပါတယ်။ **မော်မော်အောင်**

## အိန္ဒိယနယ်စပ်မှ ကွမ်းသီးပိုမိုတင်ပို့

မြန်မာ-အိန္ဒိယနယ်စပ်ရှိ ကုန်သွယ်ရေးစခန်းများမှ မတ်လ ၁၈ ရက်မှ ၂၄ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ သုည ဒသမ ၇၉၁ သန်းတန်ဖိုးရှိ ကွမ်းသီး ၉၇၄ တန်ကို တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က တန် ၈၃၀ ခန့် တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ ၁၄၄ တန်ပိုမိုတင်ပို့နိုင်တယ်လို့ သိရပါတယ်။ ယခုတစ်ပတ်မှာ ရိဒ် ကုန်သွယ်ရေးစခန်းမှရော တမူးကုန်သွယ်ရေးစခန်းမှပါ ကွမ်းသီး ပိုမိုတင်ပို့တဲ့အတွက်ကြောင့် ယခုတစ်ပတ်မှာ ကွမ်းသီး ပိုမိုတင်ပို့တာဖြစ်ပါတယ်။

တင်ပို့မှုကိုကြည့်ပါက ရိဒ်ကုန်သွယ်ရေးစခန်းမှ အမေရိကန် ဒေါ်လာ သုည ဒသမ ၇၇၃ သန်းတန်ဖိုးရှိ ကွမ်းသီး ၉၅၄ တန်နဲ့ တမူးကုန်သွယ်ရေးစခန်းမှ အမေရိကန် ဒေါ်လာ သုည ဒသမ ၀၁၈ သန်းတန်ဖိုးရှိ ကွမ်းသီးတန် ၂၀ ခန့်ကို တင်ပို့ခဲ့တယ်လို့ သိရပါတယ်။

တမူးကုန်သွယ်ရေးစခန်းမှ ကွမ်းသီးအပြင် အမေရိကန်ဒေါ်လာ သုည ဒသမ ၃၂၈ သန်းတန်ဖိုးရှိ နန့်ဖာလုံ အမယ်စုံကို တင်ပို့ခဲ့တယ်လို့ သတင်းရရှိပါတယ်။

**ခင်မိုးသူ**

## တာချီလိတ်ကုန်သွယ်ရေးစခန်းမှ ထိုင်းနိုင်ငံသို့လက်ဖက် ခြောက်တင်ပို့

မတ် ၁၈ ရက်မှ ၂၄ ရက်အထိ ရက်သတ္တပတ်အတွင်း မြန်မာ-ထိုင်းနယ်စပ်ရှိ ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ ၂၁၀၈၉ တန်ဖိုးရှိ လက်ဖက်ခြောက် ၅၄ တန်ကျော်ကို ထိုင်းနိုင်ငံသို့ တင်ပို့ခဲ့ပါတယ်။ ယခင်ရက်သတ္တပတ်က တာချီလိတ်မှ လက်ဖက်ခြောက် တင်ပို့မှုမရှိဘဲ ယခုနှစ်ကာလတူ ဖေဖော်ဝါရီ ၁၈ မှ ၂၄ ရက်သတ္တပတ်မှာတော့ ၄၆ တန်နီးပါး တင်ပို့ခဲ့ပါတယ်။

လက်ဖက်ပင်ကို ရှမ်းပြည်နယ် အရှေ့ပိုင်းကျိုင်းတုံမြို့နဲ့ တာချီလိတ်မြို့တွေရဲ့ တောင်ကြော၊ တောင်တန်းများပေါ်မှာ စိုက်ပျိုးကြတယ်လို့ သိရပါတယ်။ **မော်မော်အောင်**

စာမျက်နှာ (၃) ကုန်သွယ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ....... မှ အဆက်

ဖွံ့ဖြိုးမှုမိတ်ဖက် အဖွဲ့ အစည်းများနဲ့ ပူးပေါင်းဆောင်ရွက်လျက် ရှိကြောင်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီး ဌာနနှင့် ကမ္ဘာ့ဘဏ်တို့ပူးပေါင်း၍ ၂၀၁၅ ခုနှစ်အတွင်း ကုန်သွယ်မှုဆိုင်ရာ ဘက်စုံလေ့လာဆန်းစစ်မှု "Diagnostic Trade Integrated Study – DTIS" အား ပထမဆုံးအကြိမ်အဖြစ် ဆောင်ရွက်နိုင်ခဲ့ပြီးဖြစ်ပါကြောင်း၊ နိုင်ငံတော်အနေနဲ့လည်း ၂၀၁၆ ခုနှစ် ဇူလိုင်လမှစတင်၍ စီးပွားရေးမူဝါဒ (၁၂) ချက်ကိုချမှတ်ခဲ့ကြောင်း၊ နိုင်ငံတော်၏ အနာဂတ်တွင် စီးပွားရေးလုပ်ငန်းရှင်များအနေနဲ့ နိုင်ငံတော်အတွက် ပေးဆောင်ရမည့် အခွန်အခများကို အပြည့်အဝပေးဆောင်ခြင်းဖြင့် အကျိုးအမြတ်ကို မျှဝေနိုင်မှသာလျှင် ကုန်သွယ်ရေးကိုဦးတည်သည့် ဖွံ့ဖြိုးတိုးတက်မှုကို အမိအရ ဆုပ်ကိုင်နိုင်မှာ ဖြစ်ကြောင်း၊ Medium Term Programme ဆိုသည်မှာ ကုန်သွယ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက်ကဏ္ဍစုံမှ နှစ်တို၊ နှစ်လတ် (၂နှစ်/၃နှစ်/၅နှစ်အတွင်း) ဆောင်ရွက်ရမည့် လုပ်ငန်းအစီအစဉ် (Action Matrix) များကို တစ်ပေါင်းတစ်စည်းတည်း ဖော်ပြထားသည့် အစီရင်ခံစာဖြစ်ပါကြောင်း၊ အခြားလေ့လာဆန်းစစ်မှု အစီရင်ခံစာများဖြစ်သော အမျိုးသားပို့ကုန်ဆိုင်ရာ မဟာဗျူဟာ အစီရင်ခံစာများ၊ ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အစီရင်ခံစာများ၊ ကုန်သွယ်မှုလျင်မြန်ချောမွေ့ရေးဆိုင်ရာ အစီရင်ခံစာများ၊ အာဆီယံကုန်စည်နှင့် ဝန်ဆောင်မှုဆိုင်ရာ အစီရင်ခံစာစတဲ့စာတမ်းများမှ ဦးစားပေးကဏ္ဍများအား ရွေးထုတ်၍ ရှေ့ဆက်ဆောင်ရွက်မည့် မဏ္ဍိုင်ကြီးငါးခု၊ လုပ်ငန်းစဉ်အတွဲ ၂၃ ခု နှင့် ဦးစားပေး လုပ်ငန်း ၁၈၁ ခုတို့ကို ဦးစားပေးကဏ္ဍအနေဖြင့် ရွေးချယ်ထားခြင်း ဖြစ်ပါကြောင်း၊ မဏ္ဍိုင်ကြီး ငါးခုမှာကုန်သွယ်မှု မူဝါဒနှင့် အဖွဲ့အစည်းများ၊ ကုန်သွယ်မှု လွယ်ကူစေရေး၊ သယ်ယူပို့ဆောင်ရေးနှင့်ထောက်ပံ့ပို့ဆောင်ရေး၊ အရည်အသွေးမြင့် အခြေခံအဆောက်အဦးနှင့် စံချိန်စံညွှန်းများ၊ ပုဂ္ဂလိက ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနှင့် တန်ဖိုးမြှင့်ထုတ်ကုန်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပို့ကုန်အမျိုးမျိုး ထုတ်လုပ်ရေးတို့ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံသည် ယခုလောလောဆယ်ကာလတွင် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ EIF အစီအစဉ် အရနိုင်ငံတကာမှ အလှူရှင်များကပေးအပ်သည့် အကူအညီများမှ အကျိုးအမြတ်များ ရရှိနေပြီး ကုန်သွယ်မှုနှင့် ဆက်နွယ်နေသော ဝန် ကြီးဌာနများနှင့် ပြန်လည်ချိတ်ဆက်မိပြီးဖြစ်ပါကြောင်း၊ MTP လုပ်ငန်းစဉ်သည် နိုင်ငံတော်၏ စီးပွားရေး ဦးတည်ချက်များနှင့် ကမ္ဘာ့ကုလသမဂ္ဂ၏ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ် (SDGs) ကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အရေးပါတဲ့ကဏ္ဍမှ ပါဝင်နေကြောင်း၊ MTP ကိုထိရောက်စွာ အကောင်အထည်ဖော်နိုင်ဖို့ အစိုးရဝန်ကြီးဌာနများ၊ ဦးစီးဌာနများအချင်းချင်း ပူးပေါင်းဆောင်ရွက်မှု၊ Private နဲ့ Public အကြား ပူးပေါင်းဆောင်ရွက်မှုတွေဟာလည်း အလွန်အရေးကြီးတဲ့ အခန်းကဏ္ဍများပဲဖြစ်ပါကြောင်း ပြောကြားပါသည်။

မြန်မာနိုင်ငံသည် ယခုအခါမှာ ကုန်သွယ်မှု ကဏ္ဍတိုးတက်ဖွံ့ဖြိုးရေး အကူအညီများ (Aid for Trade) အတွက် ဖွံ့ဖြိုးမှု မိတ်ဖက်နိုင်ငံများ၊ ဖွံ့ဖြိုးမှု မိတ်ဖက်အဖွဲ့အစည်းများထံမှ အကူအညီပေးသော EIF Programme ၊ Trade Development Programme ကဲ့သို့သော အစီအစဉ်များကြောင့် ကုန်သွယ်မှု ဖွံ့ဖြိုးတိုးတက်ရေးအတွက် လေ့လာဆန်းစစ်မှုများ ဆောင်ရွက်နိုင်ခဲ့ပြီး ဦးစားပေးဆောင်ရွက်ရမည့် အစီအစဉ်များ ပေါ်ထွက်လာပြီဖြစ်ပါကြောင်း ပြောကြားခဲ့ပါသည်။ ဆက်လက်၍ မြန်မာနိုင်ငံဆိုင်ရာ ဥရောပသမဂ္ဂအဖွဲ့ သံအမတ်ကြီးနှင့် ကမ္ဘာ့ဘဏ်မှ Country Manager တို့က အမှာစကား အသီးသီးပြောကြားခဲ့ကြပါသည်။

အဆိုပါ အခမ်းအနားသို့ စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ ပြည်သူ့လွှတ်တော်နှင့်အမျိုးသားလွှတ်တော် စီးပွားရေးရာကော်မတီမှ လွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်အစိုးရအဖွဲ့များမှ စီးပွားရေးဝန်ကြီးများ၊ ကုန်သွယ်မှုနှင့် ဆက်စပ်နေသော ဝန်ကြီးဌာနများမှ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် အရာရှိကြီးများ ၊ ပုဂ္ဂလိက ကဏ္ဍမှ အသင်းအဖွဲ့များ၊ UMFCCI ဥက္ကဋ္ဌနှင့် ညီနောင်အသင်းအဖွဲ့များမှ ကိုယ်စားလှယ်များ ၊ မြန်မာနိုင်ငံ ဆိုင်ရာ ဥရောပသမဂ္ဂအဖွဲ့ သံအမတ်ကြီး H.E. Mr. Roland Kobia ဦးဆောင်သော အီးယူကိုယ်စားလှယ်များ၊ ကမ္ဘာ့ဘဏ်မှ Country Manager ဖြစ်သူ Mr. Abdoulaye Seck ဦးဆောင်သော ကမ္ဘာ့ဘဏ်မှ ကိုယ်စားလှယ်များ၊ GIZ , UK Aid, Australian Aid (AsuAID), JICA အစရှိသော မိတ်ဖက်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ စုစုပေါင်း ၂၀၀ ဦးခန့် တက်ရောက်ခဲ့ပါသည်။ နေ့လယ်ပိုင်းတွင် "Meeting with Development Partners on MTP" အစည်းအဝေးကို ဆက်လက်ကျင်းပခဲ့ရာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ဖွံ့ဖြိုးမှုမိတ်ဖက်နိုင်ငံများ၊ အဖွဲ့ အစည်းများမှ ကိုယ်စားလှယ်များနှင့်တွေ့ဆုံကာ MTP လုပ်ငန်းစဉ်များ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ၎င်းတို့အနေဖြင့် ပံ့ပိုးကူညီနိုင်မည့်အခြေအနေများကို ဆွေးနွေးခဲ့ကြောင်း သတင်းရရှိပါသည်။

**ဇာနည်** (WTO)

စာမျက်နှာ (၈) ကုန်သွယ်မှုပမာဏ ယခင်နှစ်ထက် ....... မှ အဆက်

သို့ဖြစ်၍ ပို့ကုန်တိုးမြှင့်ရေးအတွက် မိမိနိုင်ငံအနေနဲ့ အဓိကပို့ကုန်ဖြစ်တဲ့ လယ်ယာထွက်ကုန်၊ သယံဇာတပို့ကုန်၊ ရေထွက်ကုန်များအား ရေရှည်တိုးမြှင့်ဆောင်ရွက်ရေးမှာ ကန့်သတ် ချက်များရှိတဲ့အတွက် စက်မှုထုတ်ကုန်၊ Value Added ထုတ်ကုန်များ တိုးမြှင့် တင်ပို့နိုင်ရေး၊ ပြည်ပပို့ကုန်အထောက်အကူပြု ပြည်ပရင်းနှီးမြှုပ်နှံမှုများ ဖိတ်ခေါ်၍ တိုးမြှင့်ဆောင်ရွက်ရေးကို အရေးတကြီး ဆောင်ရွက်ရမှာဖြစ်ပါတယ်။ ပို့ကုန်တိုးမြှင့်ရေးဆောင်ရွက်ရာမှာ အခြားနိုင်ငံများကဲ့သို့ ပို့ကုန်ပေါ်တွင် အခွန်ပြန်အမ်းတဲ့စနစ် (Refund) ပို့ကုန်တင်ပို့မှုအတွက် အထူးအခွင့်အရေးများပေးသည့် စနစ်တို့ကို ကျင့်သုံးဆောင်ရွက်သင့်ကြောင်း သုံးသပ်တွေ့ရှိရပါတယ်။

ဘယ်နိုင်ငံမဆို ကုန်သွယ်မှုတိုးမြှင့်ရေးအတွက် ဆောင်ရွက်ရာမှာ တစ်နိုင်ငံတည်း ဆောင်ရွက်လို့မရဘဲ အိမ်နီးချင်းနိုင်ငံများသာမက ကမ္ဘာ့နိုင်ငံများနဲ့ပါ ပူးပေါင်းဆောင်ရွက်ဖို့ လိုအပ်လှပါတယ်။ ဒါကြောင့် ကုန်သွယ်ရေးဦးစီးဌာနအနေနဲ့ မိမိနိုင်ငံ တွင်းမှ စိုက်ပျိုးထုတ်လုပ်ထွက်ရှိလာတဲ့ ပို့ကုန်အမယ်မျိုးစုံကို နိုင်ငံတကာသို့ ဖြန့်ကြက်တင်ပို့နိုင်အောင် ဆောင်ရွက်ခဲ့ပါတယ်။ ဒါကြောင့်လည်း အခုဘဏ္ဍာနှစ်မှာ ပင်လယ်ရေကြောင်းမှ ဆန်နဲ့ ပြောင်း ပိုမိုတင်ပို့နိုင်ခဲ့တာကို လေ့လာ တွေ့ရှိခဲ့ရပါတယ်။

ပို့ကုန်တိုးမြှင့်နိုင်ရေး၊ ကုန်သွယ် မှုပမာဏ တိုးတက်မြင့်မားလာစေရေးတို့အတွက် ဆောင်ရွက်ရာတွင် အဓိက တွေ့ကြုံရတဲ့ အခက်အခဲတွေအတွက် သဘာဝသယံဇာတ တင်ပို့ကုန်များ မြှင့်တင် တင်ပို့နိုင်ရေး ဆောင်ရွက်ရာတွင်လည်း သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းနိုင်ရေး လိုအပ်ချက်၊ သယံဇာတများကို သားစဉ်မြေးဆက် သုံးစွဲနိုင်ရန် လိုအပ်ချက်၊ ကမ္ဘာမှာ ဖြစ်ပေါ်နေတဲ့ ဈေးကွက်နှင့် ဈေးနှုန်းတို့ရဲ့ပြောင်းလဲမှုတွေ လယ်ယာထွက်ကုန် တင်ပို့နိုင်ရေးအတွက်လည်း သဘာဝဘေးအန္တရာယ်များ၊ ရေကြီးနစ်မြုပ်မှုများကြောင့် စိုက်ပျိုးထုတ်လုပ်မှု လျော့ကျခြင်း၊ စိုက်ပျိုးထုတ်လုပ်မှု ကုန်ကျစရိတ်နှင့် ထုတ်လုပ်မှုကွင်းဆက်ရဲ့ Supply Chain တစ်လျှောက်လုံးမှာ ဒေသတွင်းနိုင်ငံ၊ ကမ္ဘာ့နိုင်ငံများနှင့် မယှဉ်နိုင်တဲ့ အဓိကအခက်အခဲကတော့ သယ်ယူပို့ဆောင်မှုကုန်ကျစရိတ် ကြီးမြင့်ခြင်း၊ ဒ့ါအပြင် ပစ္စည်းများ သယ်ယူပို့ဆောင်သည့် လမ်းခရီးတစ်လျှောက်တွင် လမ်းပိတ်ဆို့မှုများကြောင့် ကုန်သွယ်မှုလုပ်ငန်းများ နှောင့်နှေးကြန့်ကြာမှုများ ရှိခဲ့ကြောင်း တွေ့ရပါတယ်။

ဒ့ါအပြင် ကုန်သွယ်မှုပမာဏ တိုးမြှင့်ရေး ဆောင်ရွက်ရာတွင် မြန်မာနိုင်ငံ၏ နယ်စပ်ကုန်သွယ်မှုဟာ ကုန်သွယ်မှုတစ်ခုလုံး၏ ၂၆ ရာခိုင်နှုန်းပါဝင်ဆောင်ရွက်နေတဲ့အတွက် နယ်စပ်တစ်လျှောက်တွင် နယ်မြေအေးချမ်းတည်ငြိမ်မှု မရှိခြင်းနဲ့ ကုန်စည်ပို့ဆောင်သည့် လမ်းကြောင်းများတွင် အကြမ်းဖက် သောင်းကျန်းသူများကြောင့်လည်း ကုန်သွယ်မှု လျော့နည်းခဲ့ရတဲ့အပြင် ကုန်သွယ်လုပ်ငန်းများ ပြတ်တောက်ခဲ့ခြင်း၊ နည်းလမ်း မျိုးစုံဖြင့် တရားမဝင်မှောင်ခိုရောင်းဝယ်မှုများလည်း ရှိနေခြင်း စတဲ့ အခက်အခဲများ စိန်ခေါ်မှုများကြားမှ သက်ဆိုင်ရာ ဝန်ကြီးဌာနများ၊ ကုန်သည်လုပ်ငန်းရှင်များစတဲ့ အစိုးရ၊ ပုဂ္ဂလိက ကဏ္ဍများ ဟန်ချက်ညီစွာ ကြိုးပမ်းဆောင်ရွက်မှုကြောင့် ယခုကဲ့သို့ ကုန်သွယ်မှု တိုးတက်လာရခြင်းဖြစ်ပါကြောင်း သုံးသပ်တင်ပြလိုက်ပါတယ်။

## မုံရွာ-ရန်ကုန် ကုန်ပစ္စည်းသယ်ယူခ ဈေးအနည်းငယ် ကျဆင်းလာ

မတ်လ ပထမပတ်တွင် မုံရွာမှ ရန်ကုန်သို့ ကုန်ပစ္စည်းသယ်ယူခမှာ တစ်ပိဿာ ၄၂ ကျပ်မှ ၄၅ ကျပ်ဈေးရှိ နေရာမှ မတ်လ စတုတ္ထပတ်တွင် တစ်ပိဿာ ကျပ် ၄၀ မှ ၄၂ ကျပ်သာရှိပြီး သယ်ယူခဈေးအနည်းငယ် ကျဆင်းလာကြောင်း ကုန်သည်တစ်ဦးက ပြောပြပါတယ်။

ယခုရာသီက ရန်ကုန်မှ ဘီယာနှင့် အဖျော်ယမကာ တင်ပို့သည့် ၂၂ ဘီးယာဉ်များ၊ ဆောက်လုပ်ရေးပစ္စည်းနှင့် ဘိလပ်မြေတင်ပို့သည့် ကားများလည်း ခေါက်ရေစိပ်လာတဲ့အတွက် အပြန်ကုန်အဖြစ် မုံရွာမှ ပဲမျိုးစုံ၊ ဆန် နှင့် ကျောက်မီးသွေးများကို တင်ဆောင် ခြင်းဖြစ်ပြီး ၁၂ ဘီးယာဉ် သယ်ယူခ တစ်ပိဿာ ၄၂ ကျပ်၊ ၂၂ ဘီးယာဉ် သယ်ယူခမှာ ကျပ် ၄၀ သာရှိတော့ကြောင်း ၎င်းကထပ်မံပြောပြပါတယ်။

**အောင်မင်း(တန့်ဆည်)**

## ကန်ကြီးထောင့်မြို့နယ်တွင် အခြေခံဒီဇယ်အင်ဂျင် စက်ပြင်သင်တန်း ၁/၂၀၁၇ သင်တန်းဆင်းပွဲကျင်းပ

ဧရာဝတီတိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် ပုသိမ်ခရိုင်၊ ကန်ကြီးထောင့်မြို့နယ်၊ ဝါးဒူးကျေးရွာအုပ်စု ခယောင်းကွင်းကျေးရွာတွင် မတ်လ ၃၁ ရက်က အခြေခံဒီဇယ်အင်ဂျင်စက်ပြင်သင်တန်း ၁/၂၀၁၇ ၏ သင်တန်းဆင်းပွဲကို ကျင်းပခဲ့သည်။

အဆိုပါသင်တန်းကို မတ်လ ၁ ရက်က စတင်ဖွင့်လှစ်ခဲ့ရာ သင်တန်း သား စုစုပေါင်း ၅၁ ဦးတက်ရောက်ခဲ့ပြီး သင်တန်းကာလမှာ တစ်လကြာမြင့်ခဲ့ သည်။ သင်တန်းကြေးမှာအခမဲ့ဖြစ်ပြီး သင်တန်းတွင် ဒီဇယ်တစ်လုံးထိုး အင်ဂျင် အစိတ်အပိုင်းများ အလုပ်လုပ် ပုံ၊ နော်ဇယ်၊ ပလန်ဂျာများဖြုတ်/ တပ် ခြင်း၊ အင်ဂျင်ဟတ်ဖြုတ်/တပ်ခြင်း၊ အင်ဂျင်အတွင်းပိုင်းဖြုတ်/တပ်ခြင်း၊ ဆီလိုက်မှန်/မမှန်စစ်ဆေးခြင်းတို့ကို စနစ်တကျသင်ကြားပေးခဲ့ကြောင်း သတင်းရရှိပါသည်။

အဆိုပါသင်တန်းကို ဒေသတွင်း ရှိ လူငယ်များ ပြည်တွင်းပြည်ပ အလုပ်အကိုင် အခွင့်အလမ်းများ ရရှိစေရန်နှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချစေရေး ထိုက်တန်သောငွေကြေးရရှိကာ ကိုယ်ပိုင်လုပ်ငန်းများ ထူထောင်လျက် လုပ်ငန်းခွင်တွင် စနစ်တကျတတ် မြောက်ထားသော ကျွမ်းကျင်ဝန်ထမ်းများဖြစ်ပြီး ဒီဇယ်အင်ဂျင်စက်ပစ္စည်းနှင့် အခြားစက်ပစ္စည်းများ ပြုပြင်တတ် စေရန်သာမက လူမှုစီးပွားရေးဘဝ ဖွံ့ဖြိုးတိုးတက်လာစေရန် ရည်ရွယ်၍ ဖွင့်လှစ်ပေးရခြင်းဖြစ်ကြောင်း တိုင်းဦးစီးမှူးက ဦးစိုးနိုင်ထူးက ပြောကြားခဲ့သည်။

**မင်းမင်းဦး(ပုသိမ်)**


GoldCoil
SLEEP WELL
မကြာခင်ရောက်ရှိလာမည့် မြန်မာ့ရိုးရာအတာသင်္ကြန်ပွဲတော်ကို မြန်မာပြည်သူပြည်သားများ ကိုယ်ကျန်းမာ
စိတ်ချမ်းသာစွာ ဆင်နွှဲနိုင်ပါစေကြောင်း GoldCoil မှ ဆုမွန်ကောင်းတောင်းလိုက်ပါသည်။
GoldCoil BackCare Mattress
GoldCoil Leather Beds
USA Foam Mattres
သယ်ဆောင်ရလွယ်ကူသော
Roll မွေ့ယာ
GoldCoil Memory Foam Pillow
ကျိုးပေါင်းတက်ခြင်းမှ
ကာကွယ်ပေးသော ခေါင်းအုံး
GoldCoil မွေ့ယာအစွပ်
GoldCoil ခေါင်းအုံး၊ ဖက်ခေါင်းအုံး
Bedsheet Set
GoldCoil
SLEEP WELL
Pillow
GoldCoil
SLEEP WELL
Furniture အမှတ်(၁၃၆)၊ ပထမထပ်၊ဗိုလ်မြတ်ထွန်းလမ်း၊ဗိုလ်တစ်ထောင်မြို့နယ်၊ရန်ကုန်မြို့။
Tel - 297 585 , 201 620
Call : 09-731 56440
ရရှိနိုင်သောနေရာများ
▪ ယုဇနပလာဇာ (စတုတ္ထထပ်)
▪ ယုဇနစင်တာ (ရွှေဂုံတိုင်)
▪ Capital Hyper Mart (ဒေါပုံ)
▪ ဂမုန်းပွင့် (ဘိုကလေးဈေး)
▪ Royal Cupid (မွှေးရှုလမ်း၊လှိုင်)
▪ စိန်နှင့်မြ (ကမ္ဘာ့အေးဘုရားလမ်း)
▪ စိန်နှင့်မြ (စိတ္တသုခလမ်း၊ကျောက်မြောင်း)
▪ ရတနာဦး ပရိဘောဂ (ဗဟိုလမ်း၊စမ်းချောင်း)
▪ မြနန်းပုံပရိဘောဂ (ဝေဇယန္တာလမ်း)
▪ Easten Furniture (ဗိုလ်အောင်ကျော်လမ်း)
▪ Gandamar Wholesales
▪ Smart Furniture (ဦးချစ်မောင်လမ်း)
▪ Casabella (Mandalay)
၇၇ လမ်းနှင့် ၃၂ လမ်းထောင့်
▪ Capital Hyper Mart (နေပြည်တော်)
▪ Fine Furniture (လားရှိုး)
▪ Dream Home Furniture (တောင်ကြီး)
▪ Nan Hteik Thu (Meikhtila)
▪ Phaung Pyin Store (Monywa)
▪ တက်နေအောင် (လားရှိုး)





No (42/A), New University Avenue Road, Bahan Township, Yangon. ( 5 Movie ရုံးချုပ်အနီး၊ ဆွေထိုင်းစားသောက်ဆိုင်ရှေ့ )၊ Ph: 01 860 3921

## ဝါဂွမ်း

### မူဆယ်မှ ဝါဂွမ်းပိုမိုတင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်(၁၀၅)မိုင်ကုန်သွယ်ရေးဇုန်မှ မတ် ၁၈ရက်မှ ၂၄ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၅၇၅၃၀၀တန်ဖိုးရှိ ငွေချည်-၆-ဝါဂွမ်း ၂၆၁တန်ခွဲတင်ပို့ခဲ့ရာ ယခင်တစ်ပတ်က တင်ပို့ခဲ့တဲ့ ၁၅၄ တန်ခွဲနဲ့နှိုင်းယှဉ်ပါက ၁၀၇တန် ပိုမိုတင်ပို့ခဲ့တာတွေ့ရပါတယ်။

ရမည်းသင်းမြို့နယ်ရှိ ဝါပွဲရုံများ၊ အဝယ်ဒိုင်များမှ အနယ်နယ်အရပ်ရပ်က ထွက်ရှိတဲ့ဝါတွေကို ဝယ်ယူစုဆောင်းပြီး ဝါဂွမ်းနဲ့ဝါစေ့အဖြစ် ကြိတ်ခွဲရောင်းချကာ ဝါတစ်ပိဿာကို ကြိတ်လျှင် ဝါဂွမ်း ၃၃ကျပ်သားမှ ၃၇ကျပ်သားခန့်နဲ့ ဝါစေ့ကို ရရှိကြောင်း၊ ကြိတ်ခွဲရရှိတဲ့ဝါဂွမ်းကို ဖိစက်နဲ့ဖိပြီး စနစ်တကျ ထုပ်ပိုးကာ မန္တလေးစက်ရုံများနဲ့ ပြည်ပဝယ်လက်များထံ တင်ပို့ရောင်းချကြောင်း ဝါကြိတ်စက်လုပ်ငန်းရှင်တစ်ဦးရဲ့ ပြောကြားချက်အရ သိရပါတယ်။

**မော်မော်အောင်**

## မြေပဲ

### မုံရွာကုန်စည်ဒိုင်သို့ ဆောင်းမြေပဲသစ်များ ဝင်ရောက်လျက်ရှိ

စစ်ကိုင်းဒေသကြီးတွင် ၂၀၁၆-၂၀၁၇ဘဏ္ဍာနှစ်တွင် ဆောင်းမြေပဲ သီးနှံစိုက်ပျိုးရန်လျာထား ဧက လေးသိန်းကျော် ရှိသည့်အနက် ဧက လေးသိန်းတစ်သောင်းရှစ်ထောင်ကျော် စိုက်ပျိုးနိုင်ခဲ့ပြီး လျာထားဧကထက် နှစ်သောင်းကျော် ပိုမို စိုက်ပျိုးနိုင်ခဲ့ကြောင်းသိရပါတယ်။ မြေပဲကို လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့သော်လည်း စိုက်ပျိုးချိန်တွင် မိုးရွာသွန်းမှုကြောင့် မြေပဲအထွက်နှုန်းလျော့နည်းလျက်ရှိကြောင်း မြေပဲ စိုက်တောင်သူများထံမှ သိရပါသည်။

မြေပဲသီးနှံကို ရွှေဘို၊ ကန့်ဘလူ၊ ကသာခရိုင်များမှ အများ ဆုံး စိုက်ပျိုးထွက်ရှိပြီး မင်းကင်း၊ ကနီ၊ ဆားလင်းကြီး၊ ဘုတလင်၊ မြင်းမူစသည့် မြို့နယ်များမှလည်း စိုက်ပျိုးလျက်ရှိပြီး မုံရွာကုန်စည်ဒိုင်ဈေးကွက်အတွင်းသို့ တစ်ရက်လျှင် အိတ်၁၀၀၀ကျော် ဝင်ရောက်လျက်ရှိကြောင်း သိရပါတယ်။ မုံရွာကုန်စည်ဒိုင်တွင် မြေပဲဆန် တစ်ပိဿာ ဈေးနှုန်းမှာ လုံးဆန်ဖြူ ၂၅၅၀ ကျပ်၊ လုံးဆန်နီ ၂၃၇၅ ကျပ်၊ ဆီဆန် ၂၁၅၀ ကျပ်နှုန်းဈေးပေါက်လျက်ရှိပြီး ဝယ်လက်အနေနဲ့ လုံးဆန်ဖြူကို မန္တလေးဝယ်လက်မှဝယ်ယူပြီး လုံးဆန်နီကို ဆားလှော်သမားများက ဝယ်ယူလျက်ရှိပြီး ဆီဆန်ကို မုံရွာမြို့တွင်း ဆီစက်သမားများနှင့် ဘုတလင်၊ ခင်မွန် ဆီစက်သမားများက ဝယ်ယူလျက်ရှိရာ အဝင်ရှိသလောက် နေ့စဉ်အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း မုံရွာကုန်စည်ဒိုင်သတင်းရပ်ကွက်မှသိရပါတယ်။

**ကြည်ကြည်နွယ်(မုံရွာ)**

## နှမ်းစပါး

### ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်(၁၂) မြို့မှ နှမ်းစပါးများ ဈေးကွက်သို့ဝင်

ဧရာဝတီတိုင်းဒေသကြီးအတွင်း နှစ်စဉ်မိုးစပါးစိုက်ဧက ၃၆ သိန်းကျော် နှင့် နွေစပါးစိုက်ဧက ၁၂ သိန်းကျော် နှစ်စဉ် စိုက်ပျိုးထုတ်လုပ်လျက်ရှိရာ နွေစပါးစိုက်ပျိုးမှုမှာ မိုးစပါးစိုက်ဧကရဲ့ သုံးပုံတစ်ပုံခန့်သာရှိပြီး မြစ်၊ ချောင်းများနဲ့ နီးကပ်၍ စိုက်ပျိုးရေး အလွယ်တကူ ရရှိတဲ့ ဒေသများတွင်သာ အများဆုံးစိုက်ပျိုးလျက်ရှိပါတယ်။

လက်ရှိဈေးကွက်မှာ နွေစပါး အရောင်းအဝယ်သွက်တဲ့ အိမ်မဲ၊ ဓနုဖြူမြို့နယ်များတွင် ၄၆ ပေါင်တင်း ၁၀၀ ကို ကျပ် ၄၄၅၀၀၀ မှ ကျပ် ၄၄၂၀၀၀ ဈေးနဲ့ အရောင်းအဝယ် ကောင်းတဲ့ မြောင်းမြ၊ မအူပင်၊ ပန်းတနော်၊ ညောင်တုန်းမြို့နယ်များတွင် ၄၆ ပေါင် တင်း ၁၀၀ ကို စပါးဈေး ကျပ် ၄၃၀၀၀၀ မှ ကျပ် ၄၂၀၀၀၀၊ အရောင်းအဝယ်ပုံမှန်ရှိတဲ့ ပုသိမ်၊ ဖျာပုံ၊ ဘိုကလေး၊ ကျိုက်လတ်၊ ဒေးဒရဲမြို့နယ်များတွင် စပါးဈေးမှာ ၄၆ ပေါင် တင်း ၁၀၀ ကို ကျပ် ၄၀၀၀၀၀၊ ကျပ် ၄၀၅၀၀၀ ဝန်းကျင်နှင့် ဈေးကွက်အတွင်း အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း ဈေးကွက်သတင်းများအရ သိရပါတယ်။

တိုင်းအတွင်းမြို့နယ်တစ်ခုနဲ့တစ်ခု စပါးဈေးနှုန်းများ တူညီမှုမရှိဘဲ စပါးရဲ့အရည်အသွေးနဲ့ ဈေးကွက်ပေါ် မူတည်၍ စပါးတင်း ၁၀၀ လျှင် ကျပ် ၂၀၀၀၀ မှ ကျပ် ၃၀၀၀၀ကွာခြားမှုရှိပြီး ဆန်တစ်အိတ်လျှင် ကျပ် ၅၀၀ မှ ကျပ် ၁၀၀၀ ဈေးနှုန်း အတက်အကျရှိကြောင်း သိရပါတယ်။ နွေစပါးကို ကြိတ်ခွဲ၍ အများအားဖြင့် အညာဒေသ နှင့်မူဆယ်ဈေးကွက်သို့ တင်ပို့ပြီး လှော်စပါးအဖြစ် စက်ပိုင်ကုန်သည်တချို့ ဝယ်ယူသိုလှောင်လျက်ရှိကြောင်း လက်ရှိဈေးကွက်ရဲ့ မိုးစပါးနှင့်နွေစပါးဈေးမှာ ပုသိမ်၊ ကျောင်းကုန်းမြို့နယ် များတွင်သာ ကျပ် ၄၀၀၀၀မှ ကျပ် ၄၅၀၀၀ ခန့် ဈေးကွာ၍ ကျန်မြို့နယ်များတွင် ကျပ် ၂၀၀၀၀ မှ ကျပ် ၃၀၀၀၀ ပတ်ဝန်းကျင်ဈေးနှုန်း ကွာခြားမှုရှိ ကြောင်း ဈေးနှုန်းသတင်းများအရသိရပါတယ်။

**မင်းမင်းဦး(ပသ)**

## ရော်ဘာ

### ရော်ဘာပိုမိုတင်ပို့နိုင်ခဲ့သော်လည်း ရော်ဘာဈေးငြိမ်လျက်ရှိ

မြန်မာ-တရုတ်နယ်စပ်ရှိ ကုန်သွယ်ရေးစခန်းများမှ မတ် ၁၈ ရက်မှ ၂၄ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၄ ဒသမ ၄၆ သန်းတန်ဖိုးရှိရော်ဘာ ၂၅၂၇ တန်ကျော်တင်ပို့ခဲ့တဲ့အနက် မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ RSS 3 ၁၅၂၁ တန်၊ RSS 5 တန် ၂၅၀နဲ့ MSR 20 ၁၉၅ တန် တင်ပို့ခဲ့ပြီး၊ ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှ RSS 1 ၃၃၂ တန်နဲ့ RSS 3 ၂၂၉ တန်တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က ၁၉၄၄ တန်ကျော်တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ ၅၈၃ တန် ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။ မူဆယ်(၁၀၅)မိုင်ကုန်စည်ဒိုင်မှ ထုတ်ပြန်တဲ့ရော်ဘာဈေးမှာ RSS 3 တစ်တန်လျှင် ကျပ် ၂၇ ဒသမ ၁၆ သိန်း၊ RSS 5 တစ်တန်လျှင်ကျပ် ၂၆ ဒသမ ၁၉၇ သိန်းဖြစ်ပြီး ယခင်တစ်ပတ်အတိုင်း ဈေးနှုန်းပြောင်းလဲမှု မရှိကြောင်းသိရပါတယ်။

ပင်လယ်ရေကြောင်း ကုန်သွယ်မှုမှ မတ် ၁၉ ရက်မှ ၂၅ ရက်အထိ ရက်သတ္တပတ်အတွင်း အမေရိကန်ဒေါ်လာ သုည ဒသမ ၅၆၆ သန်းတန်ဖိုးရှိ ရော်ဘာ ၂၉၇ တန် တင်ပို့ခဲ့တဲ့အနက် ဗီယက်နမ်နိုင်ငံသို့ RSS 1 တန် ၂၀၊ RSS 2 တန် ၂၀၊ ဂျပန်နိုင်ငံသို့ MSR 20 TSR ၉၈ တန်နဲ့ ကိုရီးယားနိုင်ငံသို့ MSR 20 TSR ၁၅၉ တန်တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က ရော်ဘာ ၁၆၁ တန် တင်ပို့ ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ ၁၃၆ တန်ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။

ယခုတစ်ပတ်မှာ နိုင်ငံတကာရော်ဘာပေါက်ဈေး အတက်အကျအနည်းငယ်သာရှိတဲ့အတွက် ပြည်ပတင်ပို့မယ့် မြန်မာ့ရော်ဘာ FOB ဈေးကို မပြောင်းလဲဘဲ ယခင်တစ်ပတ် ဈေးအတိုင်း မြန်မာနိုင်ငံရော်ဘာစိုက်ပျိုး ထုတ်လုပ်သူများ အသင်းက ထုတ်ပြန်ခဲ့ပါတယ်။

**ယဉ်ယဉ်အေး**

## ပြောင်း

### ဗီယက်နမ်သို့ ပြောင်းပိုမိုတင်ပို့

မတ်လ ၁၉ ရက်မှ ၂၅ ရက်အထိ ရက်သတ္တပတ်အတွင်း အမေရိကန်ဒေါ်လာ ၁ ဒသမ ၂၂၆ သန်းတန်ဖိုးရှိ ပြောင်းတန်ချိန် ၇၁၈၄ တန်ခန့်ကို ပင်လယ်ရေကြောင်း ကုန်သွယ်မှုမှ တင်ပို့ခဲ့ရာ ဗီယက်နမ်နိုင်ငံသို့ ၅၆၃၂ တန်ခန့် ဟောင်ကောင်သို့ ၈၈ တန်၊ စင်ကာပူနိုင်ငံသို့ ၅၀၄ တန်၊ မလေးရှားနိုင်ငံသို့ တန် ၉၆၀ တင်ပို့ခဲ့ပါတယ်။

ယခင်တစ်ပတ်က ပြောင်းတန်ချိန် ၆၃၇၀ တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ ၈၁၄ တန်ပိုမိုတင်ပို့ခဲ့တာတွေ့ရပါတယ်။ ယခု တစ်ပတ်မှာ စင်ကာပူနိုင်ငံသို့ ပြောင်းတင်ပို့မှုလျော့ကျသော်လည်း ဗီယက်နမ်နိုင်ငံကို ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။ ယခုတစ်ပတ် မြန်မာ့ပြောင်း FOB ဈေးအတက်အကျမရှိဘဲ ယခင်တစ်ပတ် အတိုင်း တစ်တန်ကို အမေရိကန်ဒေါ်လာ ၁၈၀ မှ ၂၀၀ ရှိကြောင်း ဘုရင့်နောင်ကုန်စည်ဒိုင်၏ ဈေးနှုန်းထုတ်ပြန်ချက်အရ သိရှိရပါတယ်။

**ယဉ်ယဉ်အေး**

### တရုတ်နိုင်ငံရော ထိုင်းနိုင်ငံသို့ပါ ပြောင်းတင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်၊ လွယ်ဂျယ်နဲ့ ကန်ပိုက်တီစခန်းသုံးခုမှ မတ် ၁၈ရက်မှ ၂၄ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၅ ဒသမ ၆၇၈ သန်းတန်ဖိုးရှိ ပြောင်းတန်ချိန် ၃၅၅၄၁ တန်ကျော်ကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ပါတယ်။ စခန်းအလိုက် တင်ပို့မှုမှာ မူဆယ်မှ ၃၂၈၈၂တန်၊ လွယ်ဂျယ်မှ ၂၅၇၄တန်ခွဲနဲ့ ကန်ပိုက်တီမှ ၈၅တန် ဖြစ်ပါတယ်။ ယခင် တစ်ပတ်က အဆိုပါစခန်းများမှ တင်ပို့ခဲ့တဲ့ ပြောင်းတန်ချိန် ၁၉၉၂၅တန်ကျော်နဲ့ နှိုင်းယှဉ်ပါက ယခုတစ်ပတ်မှာ ၁၅၆၁၆ တန် ပိုမိုတင်ပို့ခဲ့တာ တွေ့ရပါတယ်။ မူဆယ်ကုန်စည်ဒိုင်မှာ မတ် ၁၁ရက်မှ ၁၇ရက် သီတင်းပတ်အတွင်းက ပြောင်းတစ်တန်ဈေး ၂၁၃၁၇၈ကျပ်ရှိရာမှ မတ် ၁၈ရက်မှ ၂၄ရက် သီတင်းပတ်အတွင်းမှာ ၂၂၅၂၄၃ကျပ်သို့ ဈေးအနည်းငယ် မြင့်တက်ခဲ့ကြောင်း၊ မူဆယ်မှာပြောင်းတစ်ပိဿာသယ်ယူခမှာ ၆၈-၇၁ ကျပ်ရှိပြီး ပြောင်းကားစီးရေ ၁၀၃၇စီး ဝင်ရောက်ခဲ့ကြောင်း သိရပါတယ်။

အလားတူ မြန်မာ-ထိုင်းနယ်စပ်ရှိ တာချီလိတ်ကုန်သွယ်ရေးစခန်းမှလည်း အမေရိကန်ဒေါ်လာ ၁၁၃၇၂၀တန်ဖိုးရှိ ပြောင်းဖူးစေ့တန် ၅၀၀ကို ထိုင်းနိုင်ငံသို့ တင်ပို့ခဲ့ရာ ယခင်တစ်ပတ်က တင်ပို့ခဲ့တဲ့ တန် ၄၅၀နဲ့ နှိုင်းယှဉ်ပါက တန်၅၀ ပိုမိုတင်ပို့နိုင်ခဲ့တာတွေ့ရပါတယ်။

**မော်မော်အောင်**

## မန်ကျည်း

### မန်ကျည်းမှည့် ဈေးမကျပေမယ့်လည်း ဒေသတွင်း အရောင်းအဝယ်ဖြစ်လျက်ရှိ

မန်ကျည်းမှည့်ပွဲရုံများသို့ ရွှေတောင်၊ ကျီးသဲ၊ ပန်းတောင်း၊ ကမြိုင်၊ ကြံခင်း စသည့်နယ်များမှ မန်ကျည်းမှည့်များ ဝင်ရောက်လျက်ရှိပါတယ်။ ဒါပေမယ့် ဈေးကျတာ မတွေ့ရဘဲ ဒေသတွင်း အရောင်းအဝယ်ဖြစ်လျက်ရှိနေပါတယ်။ နွေရာသီပူပြင်းမှုရဲ့ ရာသီစာ ဖျော်ရည်လုပ်ငန်းများရဲ့ ဝယ်လိုအားကြောင့်နဲ့ ဒေသတွင်း လက်လီအရောင်းသမားတို့၏ အဆွဲများမှုကြောင့် အရောင်းအဝယ်ဖြစ်လျက်ရှိနေပါတယ်။ ပွဲရုံဈေးတစ်ပိဿာလျှင်(အစေ့ပါ)ကျပ်၁၅၀၀ နှင့် (အစေ့မပါ) ကျပ် ၂၅၀၀ ဈေးနှုန်းဖြစ်နေပြီး ဒေသတွင်းလက်လီဈေးများတွင်တော့ (အစေ့ပါ) တစ်ပိဿာ ကျပ် ၁၈၀၀ နှင့်(အစေ့မပါ) ကျပ် ၃၀၀၀ ဈေးတို့ဖြင့် ရောင်းဝယ်လျက်ရှိနေကြပါတယ်။ နယ်တင်ပို့မှုမရှိသေးဘဲ ဒေသတွင်းသာ အရောင်းအဝယ်ရှိကြောင်းလည်းသိရပါတယ်။

**နီနီဝင်း**



### ဒီတစ်ပတ် မန်ကျည်းတင်ပို့မှုလျော့

မတ်လ၁၉ ရက်မှ ၂၅ရက်အထိ သီတင်းပတ်အတွင်း မန်ကျည်း ၁၄၄၅ ဒသမ ၅ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်ပို့ခဲ့ပါတယ်။ ဒီတစ်ပတ် မလေးရှားနိုင်ငံသို့ တန် ၅၀၊ ပါကစ္စတန်နိုင်ငံသို့ ၅၂၅ တန်၊ စင်ကာပူနိုင်ငံသို့ ၂၇၀ ဒသမ ၅ တန်၊ ထိုင်းနိုင်ငံသို့ ၂၇၅တန်နဲ့ ဗီယက်နမ်နိုင်ငံသို့ ၃၂၅ တန် တင်ပို့ခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ်က တင်ပို့ခဲ့တဲ့ တန်ချိန် ၈၁၀ ကျော်နဲ့နှိုင်းယှဉ်ရင် ဒီတစ်ပတ်မှာ တန်ချိန် ၆၃၀ ကျော် ပိုမိုတင်ပို့နိုင်ခဲ့တယ်လို့ သိရပါတယ်။ မန်ကျည်းတင်ပို့မှုမှ ကန်ဒေါ်လာ ၆၀၆၅၂၂ ဒေါ်လာဝင်ငွေ ရရှိခဲ့ပါတယ်။

**သီတာဝင်း**(DOT)

# သတိ !

## သင့်ကြောင့် မြန်မာ့ရိုးရာသင်္ကြန် မပျက်စီးပါစေနှင့်



မြင့်ဦး(ပခုက္ကူ)

၂၀၁၇ ခုနှစ် မတ်လကုန်လို့ ဧပြီလကိုရောက်ရင် မြန်မာမှု၊ မြန်မာဓလေ့အရ နှစ်သစ်ကို ကူးပြောင်းတော့မှာပါ။ မြန်မာတွေရဲ့ သတ်မှတ်ချက်အရ မြန်မာသက္ကရာဇ် တစ်နှစ်ကုန်လို့ တစ်နှစ်သို့ ကူးပြောင်းတော့မယ်ပေါ့။ဒီအချိန်မှာ မြန်မာလူမျိုးတွေ ပျော်ပျော်ရွှင်ရွှင်ရေကစားကြတဲ့ တစ်နည်းနှစ်ဟောင်းကုန်လို့ နှစ်သစ်အကူးအပြောင်းမှာ နှစ်ဟောင်းက အညစ်အကြေးကိုနှစ်သစ်မှာ သင်္ကြန်ရေနဲ့ဆေးကြောပြီး နှစ်သစ်မှာ စိတ်သစ်လူသစ်၊ အတွေးအခေါ် အသစ်နဲ့ လုပ်စရာအလုပ်တွေကို ပျော်ပျော်ရွှင်ရွှင်လုပ်နိုင်ဖို့ ရေကစားကြတယ်။ ဒါကိုပဲ မြန်မာလို သင်္ကြန်ကျတယ်လို့ ခေါ်တယ်။

သင်္ကြန်ဆိုတာ(သင်္ကန္တ)ကူးပြောင်းခြင်းဆိုတဲ့ အဓိပ္ပာယ်ရှိတယ်လို့ ဆိုတာလေ့လာသိရှိရပါတယ်။ ဒါကြောင့်လည်း နှစ်ဟောင်းမှ နှစ်သစ်သို့ ကူးပြောင်းတဲ့ မင်္ဂလာအချိန် ဒီအချိန်ဒီကာလလေးမှာ ရပ်ဝေးကိုရောက်နေတဲ့ မိသားစုတွေကိုယ့်အရပ်၊ ကိုယ့်ဒေသရောက်အောင် ပြန်ကြ၊ ဆွေမျိုးမိတ်သင်္ဂဟတွေကို ငယ်သူက ကြီးသူတွေကို အရိုအသေ သက္ကစ္စ၊ ဂါရဝတရားနှင့် ကန်တော့ကြမယ်၊ စုပေါင်းအလှူအတန်းတွေလုပ်မယ်၊ စတုဒိသာကျွေးမယ်၊ ရဟန်းခံမယ်၊ ရှင်ပြုမယ်၊ လူကြီးသူမတွေ ဘုန်းကြီးကျောင်းသွားလှူမယ်၊ တန်းမယ်၊ ဥပုသ်သီတင်းသီလဆောက်တည်မယ်၊ အင်မတန်ပျော်စရာ ဂုဏ်ယူစရာ၊ ဝင့်ကြွားစရာကောင်းတဲ့ မြန်မာ့ယဉ်ကျေးမှုပွဲတော်တစ်ခုပါ။

လွယ်ကူထင်ရှားစွာ ဥပမာပြရရင် နိုင်ငံခြားသားများ လာရောက်လည်ပတ်ကြတဲ့အခါ မြန်မာရိုးရာ၊သင်္ကြန်ပွဲတော်နဲ့ တိုက်ဆိုင်လာပြီး သူတို့က ပျော်ရွှင်စွာရေကစားကြတာ၊ နောက်မြန်မာ့ယဉ်ကျေးမှုကို ကြိုက်နှစ်သက်လို့ အထူး အားကျလို့ အတူပါဝင်ဆင်နွှဲချင်လို့ လာကြတာတွေကို နှစ်စဉ်တွေ့မြင်နေရတာ အထင်အရှားပါပဲ။ လူမျိုးတစ်မျိုး၊ နိုင်ငံတစ်နိုင်ငံမှာ ကိုယ့်မူကိုယ့်ဟန်ကိုယ်ပိုင်ဟန်နဲ့ ကိုယ့်ယဉ်ကျေးမှုဆိုတာ ရှိကြပါတယ်။ ဂုဏ်ယူကြတာလည်း တွေ့ရပါတယ်။

ဂျပန်မှာ ဂျပန်ယဉ်ကျေးမှု၊ ကိုရီးယားမှာ ကိုရီးယားယဉ်ကျေးမှု၊ ထိုင်းမှာ ထိုင်းယဉ်ကျေးမှုကိုယ်စီ ရှိကြပါတယ်။ အာရှနဲ့ ဥရောပတူနိုင်ပါ့မလား၊ နွေရာသီမရှိသော မိုးနဲ့ ဆောင်းသာရှိတဲ့ဒေသတွေမှာ သင်္ကြန် ယဉ်ကျေးမှု ရှိနိုင်ပါ့မလား။ အင်မတန်အေးတဲ့ မြောက်ဝင်ရိုးစွန်းမှာ အညာယဉ်ကျေးမှုဆိုပြီး စွပ်ကျယ်လက်ပြတ် (လက်စက) နဲ့ သွားနေလို့ကတော့ သွေးခဲပြီး သေမှာပေါ့။ နိုင်ငံတိုင်း ယဉ်ကျေးမှုကိုယ်စီရှိတယ်၊ တူနိုင်မလား၊ ယှဉ်နိုင်မလား၊ ပေါင်းစပ်လို့ ရနိုင်မလား၊ တွေးခေါ် စဉ်းစားကြစေလိုပါတယ်။

ပြီးခဲ့တဲ့သင်္ကြန်မှာ ယောကျ်ားကလေးရော၊ မိန်းကလေးများပါ သောက်လိုက်ကြတဲ့ အရက်၊ ဘီယာ၊ ခေါင်ရည်၊ သုံးလိုက်ကြတဲ့ စိတ်ကြွဆေးတွေ မြန်မာမှုဟုတ်ပါ့မလား၊ ဝတ်လိုက်ကြတဲ့ အဝတ်အစား၊ ဥရောပများရောက် နေသလား၊ တိုလိုက်၊ ပြတ်လိုက်၊ ကျောပေါ်၊ ရင်ဖော်၊ အကွဲစုံလို့ပါပဲ။ ဝတ်စားနေတဲ့ အဝတ်အစားမလုံခြုံတော့ ကာမရာဂကို နှိုးဆွစေတယ်၊ မူးယစ်ဆေးဝါးသုံးအရက်ဘီယာသောက်ထားတော့ လူအသိစိတ်ခ‌ောတ်ပျောက်၊ ရလာတဲ့ အကျိုးက သင်္ကြန်ပြီးနှစ်လ၊ သုံးလကြာတော့ တွေ့ရလာခဲ့၊ လူ့ပတ်ဝန်းကျင်မှာ မျက်နှာမဖော်ရဲတဲ့အဖြစ်၊ ကောင်းကြသေးရဲ့လား အရပ်ကတို့ရေလို့ ပြောရမလိုပါ။ ဒါကမဖြစ်နိုင်တဲ့ ယဉ်ကျေးမှု၊ မတူညီနိုင်တဲ့ ယဉ်ကျေးမှုမလုပ်သင့်တာကို မဖြစ်ဖြစ်အောင် ပေါင်းကူးမိတဲ့ အကျိုးကျေးဇူး၊ ယဉ်ကျေးမှုမြောင်းပုပ်ကို ယဉ်ကျေးမှု ရေစီးကြောင်းထင်ပြီး သွားရောတော့ မြောင်းပုပ်ရေ နံစော်ပေကုန်တာပေါ့။

ဒါဆိုရင် စာရေးသူက ရှေးယခင်ကလို အမျိုးသမီးက ပတ်ထမီ၊ ခါးတောင်အကျီဝတ်၊ အမျိုးသားက အတောင်၂၀ ရှည်တဲ့ တောင်ရှည်ပုဆိုးဝတ်၊ ရင်ဖုံးအကျီ မောင့်ကျက်သရေခေါင်းပေါင်း၊ ငွေဖလားနဲ့ သပြေခက်နဲ့၊ နံ့သာရေနဲ့ ရေပက် ကစားရမယ်လို့ မဆိုလိုပါဘူး။ ခေတ်ကိုခေတ်နဲ့အညီ ဝတ်စားဆင်ယင်ကြရင် သင့်လျော်ပါတယ်။ အခုဟာက ခေတ်ကို အကြောင်းပြုပြီး ခေတ်လွန်အောင် ဝတ်စားဆင်ယင်ပြီး မြန်မာရိုးရာယဉ်ကျေးမှု အတာသင်္ကြန်ကို ဖျက်ဆီးနေတယ်လို့ စွပ်စွဲပြောဆိုပါရစေ။

ယဉ်ကျေးမှုဆိုတာကို စိတ်ပညာရှင်တို့ရဲ့ အမြင်တင်ပြရလျှင် "ယဉ်ကျေးမှုဆိုသည်မှာ လူအုပ်စုတစ်စု၏ အသက်မွေးမှု၊ နေထိုင်မှုဘဝနည်းလမ်းများပါပဲ၊ လူတို့အပြုအမူကို ထိန်းကျောင်းသော အယူအဆများ တန်ဖိုးထားမှုများ စိတ်ကူးအကြံအစည်များပါဝင်ပါတယ်။ အဲဒီနည်းလမ်းများက လူတို့အတွက်အသက်ရှည်နေထိုင်ရန် တတ်နိုင်သမျှပြုလုပ်ပေးပါတယ်။ ကိုယ်ပိုင်ယဉ်ကျေးမှုအသီးသီးမှာ ကိုယ်ပိုင်ဝတ်စားဆင်ယင်စားသောက်ပုံ၊ ယုံကြည် ကိုးကွယ်မှု၊ ထုံးတမ်းစဉ်လာရိုးရာဓလေ့ တို့နဲ့ပတ်သက်တဲ့ "စံ"များ ပါဝင်ပါတယ်။ အဲဒီလို ယဉ်ကျေးမှုများ ခြားနားရခြင်းဟာ ဂေဟဗေဒနဲ့ လူမှုနိုင်ငံရေးဆိုင်ရာ အချက်အလက်တို့ကို တုံ့ပြန်ထွက်ပေါ် လာခြင်းပင်ဖြစ်ပါတယ်။ ပထဝီအနေအထားတို့လည်း ပါဝင်တယ်လို့ဆိုလိုပါတယ်။ စိတ်ပညာရှင်တို့ရဲ့ အဆိုထဲမှာ ကိုယ်ပိုင်ဝတ်စားဆင်ယင် စားသောက်မှု ရိုးရာဓလေ့တို့နဲ့ ပတ်သက်တဲ့ "စံ"ပထဝီအနေအထားအရ ရှိတယ်လို့ ဆိုပါတယ်။

ကိုယ့်ပြည်တွင်းထဲမှာကိုပဲ ဒေသတစ်ခုနှင့်တစ်ခု ဝတ်စားပုံ၊ ယဉ်ကျေးမှု၊ စားသောက်ပုံ၊ တူမလားတို့ စဉ်းစားစေလိုပါတယ်။ တောင်ပေါ်ဒေသနှင့်မြေပြန့်ဒေသ တူမလား။ မြေပြန့်တောင်အညာဒေသနဲ့ အောက်ပိုင်းဒေသ တူမလား။ ကိုယ့်ပြည်တွင်းမှာတောင် ဒီလောက်မတူ ကွဲပြားခြားနားနေရင် တိုင်းပြည်ချင်းယှဉ်ရင် ဘယ်လို နီးစပ်မလဲ၊ ဘယ်လိုအတုယူလို့ရမလဲ သူ့တိုင်းပြည်မှာ အေးလွန်းလို့ ယောကျ်ား၊ မိန်းမ အရက်၊ ဝိုင်၊ ဘီယာ သွေးနွေးဖို့သောက်ကြတယ်၊ ဝတ်စားဆင်ယင်ရာမှာ လိုက်လျောညီထွေဝတ်ကြတယ်။ ကိုယ့်ဒေသအညာမှာ ပူလွန်းလို့ သွေးကျဲတယ်၊ သွေးနွေးရုံမက ပူနေတယ်၊ ဒီအချိန်မှာ သင်္ကြန်ကိုအကြောင်းပြ သောက်ကြ၊ စားကြ၊ သုံးကြတော့ အရာရာအားလုံးရဲ့ စိတ်ထိပ်ကိုရောက်နေတယ်။ ရန်ဖြစ်ချင်တဲ့စိတ်၊ ရိုက်နှက်ချင်တဲ့ စိတ်၊ သည်းညီးမခံလိုတဲ့စိတ်၊ ဗို့အားထိပ်ရောက်နေတယ်၊ တစ်ခါ အမျိုးသမီးများ ဝတ်ထားတာက ဥရောပစတိုင်လ်၊ ကိုရီးယားစတိုင်လ် မလုံမခြုံ၊ ကျောပေါ်၊ ရင်ဖော်၊ အတို၊ အပြတ်၊ အကွဲ၊ ရေစိုထားတော့ ခန္ဓာကိုယ်ကောက်ကြောင်း၊ မိမွေးတိုင်း၊ ဖမွေးတိုင်းမြင်နေရတယ်။

အဆုံးစွန်ပြောရရင် မြန်မာရိုးရာ ယဉ်ကျေးမှုအတာသင်္ကြန်ကို ပျက်စီးစေတယ်လို့ ပြောရမှာပါ။ လေးစားအပ် ပါသော စာရှုသူ။ ဒီနှစ်သင်္ကြန်ကာလတာမထွက်ခင်ကတည်းက ဝန်ထမ်းတွေ ၁၀ ရက်ဆက်တိုက် ပိတ်မှု၊ မပိတ်မှု ပြဿနာသင်္ကြန်မှာဝေဖန်ထောက်ပြ ပြုပြင်ရေးလုပ်ကြမယ့် သံချပ်တွေ ဆင်ဆာတင်ခိုင်းတာ စတာတွေနှင့် တာထွက်ကြမ်းနေပါတယ်။

ဘာပဲပြောပြော နိုင်ငံတစ်နိုင်ငံမှာ ကိုယ်ပိုင်ယဉ်ကျေးမှု"စံ" ဆိုတာ ရှိကြပါတယ်။မြန်မာပြည်ယဉ်ကျေးမှု နှစ်သစ်ကူးအတာသင်္ကြန်မှာ ကိုယ်ပိုင်ဟန်ယဉ်ကျေးမှု ပျောက်ကွယ်မှာကိုတော့ စိုးကြောက်မိပါတယ်။ ဒီတော့ ကိုယ့်ယဉ်ကျေးမှု ဂုဏ်ယူစရာ မြန်မာရိုးရာအတာသင်္ကြန်ကိုတော့ ရုပ်ဆိုးအောင်ပုံ ဖော်ထုဆစ် မဖျက်ဆီးကြစေလိုကြောင်းပါ။

"နှစ်ကူးအတာသင်္ကြန်မှာ မြန်မာလူမျိုးအပေါင်း သင်္ကြန်ရေကဲ့သို့ အေးမြကြပါစေသော်. . . . ."။

# မုံရွာမြို့တွင် သောက်ရေသန့်လုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေးပွဲကျင်းပ

စစ်ကိုင်းတိုင်းဒေသကြီး စားသုံးသူ အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့နှင့် တိုင်းအတွင်းရှိသောက်ရေသန့်လုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေးပွဲကို မတ်လ ၂၈ရက်က မုံရွာမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရုံးခန်းမတွင် ကျင်းပပြုလုပ်ခဲ့သည်။

အဆိုပါဆွေးနွေးပွဲသို့ စစ်ကိုင်းတိုင်းဒေသကြီး စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီး ဦးစိုးဦး တက်ရောက် အမှာစကား ပြောကြားခဲ့သည်။ ဆွေးနွေးပွဲသို့ တိုင်းအတွင်းရှိသောက်ရေသန့်လုပ်ငန်းပေါင်း ၈၇ ခုအနက်မှ ၇၄ ခု တက်ရောက်ခဲ့ကြပါသည်။ ဆွေးနွေးပွဲတွင် စားသုံးသူရေးရာ ဦးစီးဌာနတိုင်း ဦးစီးမှူး ဦးခင်ဇော်၊ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေး ဦးစီးဌာန တိုင်းဦးစီးမှူး ဦးဆန်းထွဋ်ကို၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန တိုင်းဒေသကြီး တာဝန်ခံ ဒေါက်တာခိုင်ရွှေရည်အောင်တို့က လုပ်ငန်းရှင်များအတွက် တရားဝင်လုပ်ငန်းလိုင်စင်ဖြင့် ဆောင်ရွက်ခြင်းဖြင့် ဥပဒေအရ အကျိုးခံစားခွင့်များနှင့် လုပ်ထုံးလုပ်နည်းများကို ရှင်းလင်း ဆွေးနွေးပါသည်။

လူနေမှုအဆင့်အတန်း မြင့်မားလာသည်နှင့်အတူ အိမ်တိုင်းတွင်ရေရှိသော်လည်း သောက်ရေသန့်မရှိလျှင် မဖြစ်သည့်အနေအထားသို့ ရောက်နေသဖြင့် ရေသန့်ကဏ္ဍသည် အရေးပါလျက်ရှိနေပါကြောင်း၊ သောက်ရေသန့်နှင့်ပတ်သက်၍ဈေးကွက်အတွင်း ထုတ်လုပ် ဖြန့်ဖြူးရောင်းချလျက် ရှိသည့်ရေသန့်အချို့မှာ စားသုံးသူအတွက် လုံခြုံစိတ်ချရမှု မရှိဘဲ ထုတ်လုပ်ဖြန့်ဖြူးရောင်းချနေခြင်းများကို တွေ့ရှိနေရပါကြောင်း၊ သောက်ရေသန့်စက်ရုံ လုပ်ငန်းများအနေဖြင့် FDA ၏ စစ်ဆေးထောက်ခံချက်လိုင်စင်၊ စည်ပင်လိုင်စင်၊ စက်မှုကြီးကြပ်လိုင်စင်များ လိုအပ်ရာ တိုင်းအတွင်းရှိ စက်ရုံများအနက် ထက်ဝက်ခန့်မှာ ပြည့်စုံမှုမရှိသည်ကို တွေ့ရှိရသဖြင့် စည်းကမ်းနှင့်အညီ စနစ်တကျ ဖြစ်စေရေး ပေါင်းစပ်ညှိနှိုင်းကူညီပေးနိုင်ရန် ဆွေးနွေးပွဲ ပြုလုပ်ရခြင်းဖြစ်ကြောင်း သိရပါသည်။

တိုင်း/ခရိုင်စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့များသည် ထုတ်ကုန်လုံခြုံစိတ်ချရမှုအတွက် ဈေးကွက်အတွင်းကွင်းဆင်းလေ့လာစစ်ဆေး၍ လုံခြုံ စိတ်ချရမှုမရှိသည့် ကုန်စည်နှင့် ဝန်ဆောင်မှုများအား ဘေးဥပဒ်အန္တရာယ်မကျရောက်စေရေး ဥပဒေနှင့်အညီ ဆောင်ရွက်လျက်ရှိပါသည်။

တက်ရောက်လာသည့် သောက်ရေသန့်လုပ်ငန်းရှင်များက ပြန်လည်ဆွေးနွေးရာတွင် သက်ဆိုင်ရာဌာန များ၌ လိုင်စင်ပြုလုပ်ထားသည့် လုပ်ငန်းများအနေဖြင့် ကုန်ကျစရိတ်များရှိနေကြောင်း၊ ဈေးကွက်အတွင်းတွင် လိုင်စင်မပြုလုပ်ဘဲ လုပ်ငန်းလုပ်ကိုင်နေသူများအနေဖြင့် ကုန်ကျစရိတ်များ မရှိသည့်အတွက် ထုတ်လုပ်သည့် ဈေးနှုန်းများ ပိုမို သက်သာကာ ထုတ်လုပ်ရောင်းချနိုင်၍ ပုဂ္ဂလိကကဏ္ဍအတွင်း တရားမျှတသည့် ယှဉ်ပြိုင်မှု မဖြစ်တော့ဘဲ ဈေးကွက်မညီမျှမှုများ ဖြစ်ပေါ်နေလျက်ရှိကြောင်း အပြန်အလှန်ဆွေးနွေးခဲ့ကြသည်။

အဆိုပါဆွေးနွေးပွဲတွင် ဈေးကွက်ဈေးနှုန်းပေါင်းစပ်ချိတ်ဆက် ဆောင်ရွက်နိုင်စေရန် ရေသန့် ထုတ်လုပ်ရောင်းချဖြန့်ဖြူးသည့် လုပ်ငန်းရှင်များ အသင်းအား ဖွဲ့စည်းဆောင်ရွက်သွားရေးအတွက် ဆွေးနွေးညှိနှိုင်းခဲ့ကြကြောင်း သိရသည်။ **ရီလင်းထွဋ် (မုံရွာ)**

Vol: 17, No.14 Monday April 3 2017




# မဟာသင်္ကြန်ကာလတွင် အူရီဒူးက နှစ်ဆရရှိစေမည့် ဖုန်းငွေဖြည့်ခြင်း အစီအစဉ်ကို စတင်

မြန်မာနိုင်ငံတွင် အမြန်ဆန်ဆုံးနှင့် လိုင်းအတည်ငြိမ်ဆုံး အင်တာနက်ကွန်ရက်ဖြင့် ဆက်သွယ်ရေးဝန်ဆောင်မှုများအား ပေးအပ်လျက်ရှိသော အူရီဒူးမြန်မာအနေဖြင့် သင်္ကြန်ဖုန်းငွေဖြည့် အပိုလက်ဆောင် ပရိုမိုးရှင်းအစီအစဉ်ကို စတင်လိုက်ပြီဖြစ်ကြောင်း အူရီဒူး၏ သတင်းထုတ်ပြန်ချက်များအရ သိရသည်။

အဆိုပါအစီအစဉ်ကို အူရီဒူးမြန်မာအနေဖြင့် မတ် ၂၉ ရက်မှစတင်ကာ သင်္ကြန်အထိမ်းအမှတ်အဖြစ် ငွေဖြည့်အပိုလက်ဆောင်များ ပေးအပ်မည်ဖြစ်သည်။

အူရီဒူး ဖုန်းငွေဖြည့်ကတ်ဖြင့် ဖုန်းငွေဖြည့်သွင်းသည့် အူရီဒူးသုံးစွဲသူများအားလုံးအနေဖြင့် အပိုထပ်ဆောင်း လက်ဆောင် ၁၀၀ ရာခိုင်နှုန်းအထိ ရရှိနိုင်မည်ဖြစ်သည်။ ပိုပြီးငွေဖြည့်လေလေ ပိုမိုများပြားသည့်ငွေဖြည့်လက်ဆောင် ပမာဏကိုရရှိလေလေဖြစ်သည်။ ထို့ပြင် အူရီဒူး၏ Easy Top-up စနစ်ဖြင့် ဖုန်းငွေဖြည့်ပါက ပိုမိုများပြားသော အပိုထပ်ဆောင်းလက်ဆောင်ကို ရရှိနိုင်မည်ဖြစ်ကြောင်း သိရသည်။

အူရီဒူးသုံးစွဲသူများအနေဖြင့် မတ် ၂၉ ရက်မှစတင်ကာ ဧပြီ ၄ ရက်အထိ ပရိုမိုးရှင်းကာလအတွင်း မည်သည့်အချိန်တွင်ပင်မဆို ဖုန်းငွေဖြည့်နိုင်မည်ဖြစ်ပြီး ပရိုမိုးရှင်းကာလအတွင်း ဖုန်းငွေဖြည့်မှုတိုင်းအတွက်ရရှိသော အပိုထပ်ဆောင်းလက်ဆောင်များကို ထပ်မံပေါင်းထည့်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

အူရီဒူးသုံးစွဲသူများအနေဖြင့် ရရှိမည့် အပိုထပ်ဆောင်းလက်ဆောင်များကို မြန်မာနိုင်ငံအတွင်းရှိ မည်သည့်အော်ပရေတာကိုမဆို ဖုန်းခေါ်ဆိုမှု၊ စာတိုပေးပို့မှု၊ ဗွီဒီယိုဖုန်းခေါ်ဆိုမှုနှင့် သုံးသလောက်ပေး အင်တာနက် အသုံးပြုနိုင်ရန်အတွက် အသုံးပြုနိုင်မည်ဖြစ်သည်။

အဆိုပါ အပိုထပ်ဆောင်း လက်ဆောင်များကို ၂၀၁၇ ခု ဧပြီ ၁၇ ရက်အထိ အသုံးပြုနိုင်မည်ဖြစ်သည်။ ထို့ကြောင့် အူရီဒူးသုံးစွဲသူများအနေဖြင့် ယင်းအပိုထပ်ဆောင်းလက်ဆောင်များကို သင်္ကြန်ရက်များတစ်လျှောက် အသုံးပြုနိုင်မည်ဖြစ်သည်။

အူရီဒူးမြန်မာ၏ Chief Marketing Officer ဖြစ်သူ Ms. Charity Safford က "ပထမဦးဆုံးအနေနဲ့ မြန်မာပြည်သူလူထုကို ပျော်ရွှင်ဖွယ်ရာ မဟာသင်္ကြန်၊ ပျော်ရွှင်ဖွယ်ရာ မြန်မာ့နှစ်သစ်ကူးအခါသမယဖြစ်ပါစေလို့ ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ သင်္ကြန်ပွဲတော်ဟာမြန်မာပြည်သူလူထု အတွက်ထူးခြားတဲ့အခါသမယဖြစ်တာနဲ့အညီ မြန်မာပြည်သူအများအနေနဲ့ မိသားစု၊ မိတ်ဆွေများနှင့် အတူတကွဆင်နွှဲသလို မြန်မာနိုင်ငံတစ်ဝန်း အလည်အပတ်ခရီးတွေသွားကြပါတယ်။ကျွန်မတို့အနေနဲ့ သုံးစွဲသူတွေရဲ့ လိုအပ်ချက်ကို နားလည်တာကြောင့် အခုလိုအချိန်အခါမျိုးမှာ သင်္ကြန်ငွေဖြည့် အပိုလက်ဆောင်အစီအစဉ်ကို ကမ်းလှမ်း ပေးတာဖြစ်ပါတယ်"ဟု ပြောကြားခဲ့သည်။

မယ်သီတာ

# Oway Ride ၏ တစ်နှစ်ပြည့်အထိမ်းအမှတ်နှင့် စိတ်ရောကိုယ်ပါလက်တွဲလုပ်ကိုင်ခဲ့သည့် ယာဉ်မောင်းတစ်ထောင်ကျော်အား ဂုဏ်ပြုခြင်းအခမ်းအနားကျင်းပ




မြန်မာနိုင်ငံ၏ ပထမဆုံးသော အငှားကားဝန်ဆောင်မှုအက်ပလီကေးရှင်း Oway Ride သည် လုပ်ငန်းလည်ပတ်ခြင်း တစ်နှစ်ပြည့်အထိမ်းအမှတ်နှင့် ယာဉ်မောင်းတစ်ထောင်ကျော်အား ဂုဏ်ပြုသည့်အခမ်းအနားကို မတ် ၃၁ ရက်က ဂန္ဓမာဟိုးဆေးလ်တွင် ကျင်းပခဲ့ပါသည်။

တစ်နှစ်တာကာလအတွင်း Oway Ride ကုမ္ပဏီသည် ရန်ကုန်နှင့် မန္တလေးရှိ ယာဉ်မောင်းတစ်ထောင်ကျော်နှင့် လက်တွဲလုပ်ကိုင်ဆောင်ရွက်လျက်ရှိပြီး သင်တန်းများလည်း ပို့ချပေးလျက်ရှိသည်။ Oway Ride ၏ တည်ထောင်သူနှင့် အမှုဆောင်အရာရှိချုပ်ဖြစ်သူ ဦးနေအောင်က "Oway Ride ရဲ့ တစ်နှစ်ပြည့် နှစ်ပတ်လည်အခမ်းအနားကို ကျွန်တော်တို့ရဲ့ လက်တွဲဖော် ယာဉ်မောင်းများနဲ့အတူ ကျင်းပခွင့်ရတဲ့အတွက် အလွန်ပဲဝမ်းသာဂုဏ်ယူမိပါတယ်။ Oway ယာဉ်မောင်းများက ကျွန်တော်တို့အောင်မြင်မှုအတွက် အဓိကသော့ချက်ဖြစ်ပါတယ်။Oway Ride ကို ယုံယုံကြည်ကြည်နဲ့ လက်တွဲလုပ်ကိုင်ကြတဲ့အတွက်လည်း ကျေးဇူးတင်ပါတယ်။ ယာဉ်မောင်းများနဲ့ လက်တွဲ လုပ်ကိုင်ရင်း ရန်ကုန်နဲ့မန္တလေးမှာ နေ့စဉ်နေ့တိုင်း အလုပ်အကိုင် အခွင့်အလမ်းအသစ်တွေ၊ ပိုမိုဘေးကင်းလုံခြုံတဲ့ လမ်းမများနဲ့ ယုံကြည်စိတ်ချရတဲ့ မြို့ပြသယ်ယူပို့ဆောင်ရေးစနစ်တစ်ခုကို ဖော်ဆောင်ပေးလျက်ရှိပါတယ်။ ဒီနေ့ပွဲက ကျွန်တော်တို့ကုမ္ပဏီကို ပိုမိုတောင့်တင်းခိုင်မာလာစေတဲ့ ယာဉ်မောင်းများကို ကျေးဇူးတုံ့ပြန်တဲ့ အခမ်းအနားပဲဖြစ်ပါတယ်။ အခုကျွန်တော်တို့ နဲ့ လက်တွဲလုပ်ကိုင်နေတဲ့ ယာဉ်မောင်းပေါင်း တစ်ထောင်ကျော်ရှိပါတယ်။၂၀၁၇ခုနှစ်အကုန်မှာ ယာဉ်မောင်း ၅၀၀၀ ကျော်နှင့်အထက်ရှိလာဖို့ မျှော်မှန်းထားပါတယ်"ဟု ပြောကြားခဲ့သည်။

"Oway က အခြားကုမ္ပဏီတွေနဲ့ မတူပါဘူး။ Oway ဝန်ထမ်းများက ကျွန်တော်တို့ယာဉ်မောင်းတွေရဲ့ အခက်အခဲကို နားလည်ပြီး ကူညီဖြေရှင်းပေးပါတယ်။ ကျွန်တော်တို့အတွက် သင်တန်းတွေပို့ချပေးတယ်။ အက်ပလီကေးရှင်းကိုသုံးဖို့ တက်ဘလက်လည်းပေးတဲ့အတွက် အင်တာနက်သုံးဖို့ကိုစိတ်မပူရတော့ပါဘူး။ ဒါ့အပြင် ခရီးသည်တွေက ကျွန်တော်တို့ရှိတဲ့ဆီကို တိုက်ရိုက်ဆက်သွယ်လာကြတဲ့အတွက် ခရီးသည်ရှာဖို့ ကားလျှောက်မောင်းရင်း စိတ်ပူစရာမလိုတော့ပါဘူး"ဟု ကိုမင်းခန့်က ပြောကြားခဲ့ပါသည်။

အဆိုပါအခမ်းအနားတွင် Oway မှ အက်ပလီကေးရှင်းလုပ်ဆောင်ချက် အသစ်သုံးခုကိုလည်း မိတ်ဆက်ခဲ့သည်။

အဆိုပါ အက်ပလီကေးရှင်းသုံးခုမှာ Oway Travel, Oway Ride မှ tracking code (လမ်းကြောင်းလိုက်ခြင်းကုတ်နံပါတ်)နှင့် လုပ်ငန်းသုံးများအတွက် ပိုမိုကောင်းမွန်သည့် ကားစီမံခန့်ခွဲမှုတို့ဖြစ်ကြောင်း သိရသည်။

Oway Travel သည် ဒေသတွင်းနှင့်ပြည်ပခရီးစဉ်များကို သွားရောက်လည်ပတ်ရန်အတွက် လေကြောင်းလိုင်းများ၊ ဘတ်စကားနှင့် ဟိုတယ်များကိုလွယ်လင့်တကူ တိုက်ရိုက်ကြိုတင်မှာယူနိုင်သည့် အက်ပလီ ကေးရှင်းဖြစ်သည်။

Oway Ride မှ tracking code (လမ်းကြောင်းလိုက်ခြင်း ကုတ်နံပါတ်) သည် ခရီးသည်များ၏လုံခြုံစိတ်ချမှုအတွက် အဆင့်မြှင့်တင်ထားခြင်းဖြစ်ပြီး မိမိချစ်ခင်ရသူများ၏ ခရီးလမ်းကြောင်းကို တိုက်ရိုက်သိရှိနိုင်မည့်အက်ပလီကေးရှင်းဖြစ်သည်။

"တို့ကား"ဝန်ဆောင်မှုဟုခေါ်သည့် လုပ်ငန်းသုံးများအတွက် ပိုမိုကောင်းမွန်သည့် ကားစီမံခန့်ခွဲမှုအက်ပလီကေးရှင်းသည် ကုမ္ပဏီများအတွက် အထူး အစီအစဉ်တစ်ခုဖြစ်ကြောင်း သိရသည်။ အဆိုပါ အက်ပလီကေးရှင်းမှတစ်ဆင့် ကုမ္ပဏီကားကိုသော် လည်းကောင်း၊ တက္ကစီကားကိုသော် လည်းကောင်း တိုက်ရိုက်မှာယူနိုင်မည်ဖြစ်ပြီး အဆိုပါ စီမံခန့်ခွဲမှုအက်ပလီကေးရှင်းမှတစ်ဆင့် ကုမ္ပဏီ၏ကားမည်သည့် နေရာရောက်နေသည်၊ ဝန်ထမ်းများ အချိန်မည်မျှကြာအောင်ကားသုံးခဲ့သည်ကို (ရန်ကုန်နှင့်မန္တလေးရှိ) တာဝန်ရှိသူများက အလွယ်တကူသိရှိနိုင်သည့်အတွက် အုပ်ချုပ်မှုကဏ္ဍတွင် များစွာ အထောက်အကူပြုစေမည်ဖြစ်ကြောင်း သိရသည်။

မယ်သီတာ

# ကားဈေးကွက်တွင် အင်ဂျင်ပါဝါကြီးကားများ ရောင်းအားရှိနေ

မတ်လကုန်ခါနီး ရန်ကုန်မြို့ကားဈေးကွက်၏ အခြေအနေမှာ ယခင်လများနှင့်မတူဘဲ တစ်မူထူးခြားကာ အင်ဂျင်ပါဝါကြီးသော ကားများ ရောင်းအားကောင်းလာပြီး မတ်လမကုန်မီကတည်းက အရောင်းအဝယ်များဖြစ်ထွန်းလာကြောင်း သိရသည်။

ဧပြီ ၁ ရက်မှစ၍ အသက်ဝင်မည့် အခွန်မူဝါဒများနှင့် အထူးကုန်စည်ခွန်ပေးဆောင်ရန် ကိစ္စရပ်များကြောင့် ယခုလမကုန်မီကတည်းက အင်ဂျင်ပါဝါကြီးကားများအား ကညနလိုင်စင်ဝင်ခြင်း၊ သတ်မှတ်ခွန်များ ပေးသွင်းခြင်း စသည့် လုပ်ငန်းဆောင်တာအဝဝအား အလျင်အမြန် လုပ်ဆောင်လာကြပြီး ဈေးကွက်အတွင်းသို့ တင်သွင်းရောင်းချနေကြသဖြင့် ယခုကာလအတွင်း ထိပ်ဆုံးမှ ဦးဆောင်နေကြောင်း၊ ယင်းနှင့်တစ်ပါတည်းဆိုသလို ယာဉ်ဟောင်းအပ်နှံစလစ်ဈေးကွက်မှာ ဈေးမြင့်တက်လာပြီး ရောင်းအားကောင်းနေကြောင်း ဝါရင့်ယာဉ်ဝယ်ရောင်း အကျိုးဆောင် ကိုမြင့်ကျော်က ပြောသည်။

လက်ရှိ ရန်ကုန်ကားဈေးကွက်အတွင်း အင်ဂျင်ပါဝါကြီး ရောင်းတန်းဝင်ကားများဖြစ်သည့် တိုယိုတာ၊ လင့်ခရူဇာ၊ ပရာဒို၊ ပါကျဲရိုး၊ အာရာဖတ်၊ ကလူဂျာ၊ ခရောင်း၊ မတ်တူး စသည့်ကားများ ထိပ်ဆုံးမှဦးဆောင်နေပြီး ၎င်းတို့နှင့်အတူ အင်ဂျင်ပါဝါသေးကားများဖြစ်သည့် ၁၃၀၀ စီစီဝန်းကျင် ဟွန်ဒါဖစ်၊ AD ဘင်၊ ဒီမီယို စသည့် ရောင်းတန်းဝင် ကားငယ်များ မတ်လလယ်ခန့်တွင် သုံးသိန်းမှ ငါးသိန်းအထိ ဈေးပိုမိုမြင့်တက်လာပြီး အနည်းငယ်ရောင်းအားတက်လာကြောင်း၊ မြို့တွင်းပြေးဆွဲနေသော အငှားယာဉ်ဈေးကွက်မှာလည်း ဈေးတန်းများ မြင့်တက်လာပြီး အရောင်းအဝယ်ရှိနေကြောင်း သိရသည်။

ဈေးကွက်အခြေအနေအား ဝယ်ရောင်းများကစောင့်ကြည့်နေကြပြီး ယင်းကာလတွင် ကားဝယ်ယူစုဆောင်းသူများလည်း များပြားလာကြောင်း သင်္ကြန်ကာလနောက်ပိုင်းတွင် ကားဈေးကွက် ပိုမိုကောင်းမွန်လာမည်ဟု ခန့်မှန်းကြောင်း၊ သို့ရာတွင် အခွန်စနစ်ကြောင့် စလစ်ဈေးများ ပြန်လည်ကျဆင်းလာနိုင်ကြောင်း ဝါရင့်ယာဉ်ဝယ်ရောင်း အကျိုးတော်ဆောင်များက သုံးသပ်လျက်ရှိကြသည်။

SN

## ရန်ကုန်မြို့ တစ်ပတ်အတွင်း မော်တော်ယာဉ်ဈေးနှုန်းများ

| စဉ် | အမျိုးအစား/MDL | အက္ခရာ | ဈေးနှုန်း | မှတ်ချက် |
|---|---|---|---|---|
| ၁။ | တိုယိုတာဆလွန်း (၉၉)(၂၀၀၃) | 9D | ၁၅၅ သိန်း | 1.5 ဓာတ်ဆီ |
| ၂။ | နွတ်ချ် (၂၀၀၂) | 5H | ၂၃၀ သိန်း | 1.8 ဓာတ်ဆီ |
| ၃။ | ရက်တစ် (၂၀၀၉) | 1F | ၁၅၀ သိန်း | |
| ၄။ | ဟွန်ဒါဖစ် (၂၀၁၁) | ယာယီ | ၁၆၀ သိန်း | 1.3 ဓာတ်ဆီ၊ (ဘက်ထရီ) |
| ၅။ | ဟွန်ဒါဖစ် (၂၀၁၁) | ယာယီ | ၁၇၀ သိန်း | 1.3 ဓာတ်ဆီ |
| ၆။ | ကလူဂျာ (၂၀၀၂) | 9H | ၁၈၀ သိန်း | 2.4 ဓာတ်ဆီ |
| ၇။ | ပရိုဘောက် (၂၀၁၁) | ယာယီ | ၁၆၀ သိန်း | နယ်လိုင်စင် |
| ၈။ | မတ်(ခ်)တူး (၂၀၀၂) | 9E | ၁၆၅ သိန်း | 2.0 ဓာတ်ဆီ၊ ကားကောင်း |
| ၉။ | အပ်ကား နှစ်(၂၀) | | ၁၁၅ သိန်း | ကားကောင်း |

# တာ့(ခ်)ခရိုင် အထူးစီးပွားရေးဇုန်ရေရှည်တိုးတက်ရန်အတွက် ထုံဖားပွဲတော် (Tak SEZ Fair 2017) ကျင်းပ




တာ့(ခ်) ခရိုင် အထူးစီးပွားရေးဇုန်ရေရှည်တိုးတက်ရန် အတွက် ထုံဖားပွဲတော်(အပြာရောင် အလံပွဲတော်) (Tak SEZ Fair 2017) ကို တာ့(ခ်)ခရိုင် မဲဆောက်မြို့ရှိ Makro ဘေးရှိကွင်းပြင်တွင် မတ်လ ၂၄ ရက်မှ ၂၈ ရက်အထိ ကျင်းပခဲ့သည်။

အခမ်းအနားတွင် ထိုင်းနိုင်ငံ ကုန်သွယ်ရေးဝန်ကြီး ဌာနဒုတိယဝန်ကြီး Mr.Winijchai Jamjang ကထိုင်းနိုင်ငံ အစိုးရအနေဖြင့် လက်ရှိစီးပွားရေးဇုန်၏ ကုန်သွယ်ရေး တိုးတက်ဖွံ့ဖြိုးစေရန် ချမှတ်ထားသောရည်မှန်းချက်အတိုင်း အားပေးရမည်ဖြစ်ပါကြောင်း၊ နှစ်နိုင်ငံညီအစ်မမြို့တော်ဖြစ်သည့် မြဝတီနှင့် မဲဆောက်မြို့တို့တွင် နှစ်နိုင်ငံစီးပွားရေး ပူးပေါင်းဆောင်ရွက်နိုင်ရန် လုပ်ဆောင်ကြမည်ဖြစ်ကြောင်း၊ နှစ်နိုင်ငံ ညီအစ်မမြို့တော်တွင် စီးပွားရေး ပိုမိုဖွံ့ဖြိုးတိုးတက်ရန်နှင့် နယ်စပ် ကုန်သွယ်ရေးလုပ်ငန်းများအား ပိုမိုတိုးတက်အောင် လုပ်ဆောင်ရန် စီးပွားရေးလုပ်ငန်းရှင်အသစ်များအား စီးပွားရေး အချိတ်အဆက်များ ရရှိနိုင်စေရန် ရည်ရွယ်၍ Maesot-Myawaddy Model:Strong Together ပွဲကို ကျင်းပရခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။

အဆိုပါအခမ်းအနားသို့ မြန်မာနိုင်ငံဘက်မှ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်းနှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံမှ ကုန်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Mr. Winijchai Jamjang နှင့် တာဝန်ရှိသူများ၊ တာ့(ခ်) ခရိုင်အုပ်ချုပ်ရေးမှူးနှင့်အဖွဲ့ဝင်များ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့မှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်မြမြစိန်နှင့် တာဝန်ရှိသူများ၊ စီးပွားရေးလုပ်ငန်းရှင်များ တက်ရောက်ခဲ့ကြပါသည်။

ပြပွဲတွင် ပြခန်းပေါင်း ၃၀၀ ခန့်ပါဝင်ပြသခဲ့ရာ မြန်မာနိုင်ငံဘက်မှ ကုမ္ပဏီ ၁၃ ခုပါဝင်ပြသခဲ့ကြောင်း သိရသည်။ အဆိုပါ ကုမ္ပဏီ ၁၃ ခုသည် လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ အနုပညာလက်မှုပစ္စည်းများကို လာရောက်ရောင်းချပြသခဲ့ကြောင်း သတင်းရရှိပါသည်။

**ခင်မောင်မောင်အုန်း**

## ပုသိမ်မြို့ မြို့တော်ခန်းမတွင် ပုသိမ်သကြၤန်အကြို ကုန်စည်ပြပွဲနှင့် ကားပြပွဲ ကျင်းပ

ပုသိမ်မြို့၊ ကမ်းနားလမ်းမြို့တော်ခန်းမတွင် Myanmar Good Link Co.Ltd မှ ကြီးမှူးကျင်းပသော ပုသိမ် သကြၤန်အကြို ကုန်စည်ပြပွဲနှင့် ကားပြပွဲ ကို မတ် ၂၉ ရက်မှ ဧပြီ ၂ ရက်အထိ ကျင်းပခဲ့ကြောင်း သိရပါတယ်။

အဆိုပါပြပွဲကြီးတွင် ရန်ကုန်၊ မန္တလေးမြို့ကြီးများရှိ ကုမ္ပဏီကြီးများ ပုသိမ်မြို့တွင်းရှိ ကုမ္ပဏီများ၊ အသင်းအဖွဲ့များ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ ဒေသခံလုပ်ငန်းရှင်များ၊ စားသောက်ကုန်စည်ရောင်းချသူများ၊ ဆေးပစ္စည်းဆိုင်များ၊ ဝန်ဆောင်မှုပြခန်းများ၊ လယ်ယာ သုံးပစ္စည်း အရောင်းဆိုင်များ၊ မြန်မာ့ လက်မှုရိုးရာပြခန်းများနဲ့ အခြားပြခန်းများ အပါအဝင် ပြခန်းပေါင်း ၅၀ ကျော်နဲ့ ခင်းကျင်းပြသရောင်းချခဲ့ကြောင်း သတင်းရရှိပါတယ်။

**ထွန်းထွန်း (ပုသိမ်)**

## အင်းတော်အင်း ငါးသယံဇာတဖွံ့ဖြိုးရန်လိုအပ်နေပြီး၊ ရွှေဘို၊ မန္တလေး မွေးမြူရေးငါးများ ဈေးကွက်မှာ ရောင်းအားကောင်း

စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်းမှာတည်ရှိပြီး မြန်မာနိုင်ငံမှာ တတိယအကြီးဆုံး သဘာဝအင်းကြီးဖြစ်တဲ့ အင်းတော်အင်းဟာ မြို့အနောက်မြောက်ဘက်တစ်မိုင်ခန့်အကွာ အလျားလေးမိုင် အနံနှစ်မိုင်ရှိ သဘာဝရေချိုအင်းကြီး ဖြစ်ပါတယ်။ ငါးမျိုးစိတ်တစ်ရာကျော် ရှင်သန်ကျက်စားလျက်ရှိပြီး ငါးလုပ်ငန်းဦးစီးဌာနမှ နှစ်စဉ် ဈေးကွက်ဝင်ငါးသားပေါက်များ ထည့်ပေးတဲ့အတွက် ဒီအင်းမှ နေ့စဉ်ငါးထုတ်ကုန် ပိဿာချိန် ၃၀၀ ကျော်ထွက်ပေမယ့် စနစ်တကျ မွေးမြူထုတ်လုပ်ခြင်း မရှိတဲ့အတွက် ငါးသယံဇာတဖွံ့ဖြိုးတိုးတက်ရန်လိုအပ်နေပြီး၊ ရွှေဘိုမြို့နယ်၊ မန္တလေးမြို့နယ် မွေးမြူရေးငါးများ အင်းတော်ဈေးကွက်မှာ ရောင်းအား ကောင်းနေတာတွေ့ရပါတယ်။

"အင်းပတ်လည်မှာရှိတဲ့ ကျေးရွာငါးရွာမှ ရေလုပ်သား ၂၄၀ ကျော်က အင်းကြီးကိုအမှီပြုပြီး အသက်မွေးဝမ်းကျောင်းပြုနေတဲ့အတွက် ဒေသတွင်းမှာ ဆင်းရဲမှုလျှော့ချရေးနဲ့ အလုပ်အကိုင်အခွင့်အလမ်းရရှိရေးကို ဒီအင်းကြီးက ဖြည့်ဆည်းပေးပါတယ်။ ငါးကြင်းမျိုးစုံ၊ ငါးသိုင်း၊ ငါးပတ်၊ ငါးမြင်း၊ ငါးအုံတုံ၊ ငါးရံ့၊ တီလားဘီးယား၊ ငါးဖမ်းမ၊ ငါးခုံးမစတဲ့ ငါးမျိုးစိတ်များက အင်းရဲ့ အဓိကသဘာဝငါးမျိုးစိတ်များဖြစ်ပါတယ်။ တစ်ရက်ကိုပျမ်းမျှ ပိဿာသုံးရာနီးပါးထွက်ပါတယ်။ မြို့နယ်အတွင်း ငါးစားသုံးမှုများတဲ့အတွက် ရွှေဘို၊ မန္တလေး၊ ပုသိမ်ကြီးစတဲ့ မြို့နယ်များက တင်ပို့ရောင်းချနေပါတယ်။ အင်းတော်အင်းကို စနစ်တကျပြုပြင်ပြီး ငါးမွေးမြူထုတ်လုပ်မယ်၊ လိုအပ်တဲ့ ချေးငွေပံ့ပိုးကူညီမှုရမယ်ဆိုရင် မြို့နယ်အတွင်း ငါးစားသုံးမှု ဖူလုံရုံသာမက၊ သဘာဝအင်းကြီး ရေရှည်တည်တံ့သွားမှာပါ"လို့ အင်းလုပ်သားကြီးများအသင်း ဥက္ကဋ္ဌ ဦးမျိုးအောင်က ပြောပါတယ်။

အင်းတော်ဈေးကွက်ကို ရထား၊ မော်တော်ကားများနဲ့ နေ့စဉ် ပိဿာချိန် နှစ်ထောင်ကျော် အဝင်ရှိနေပါတယ်။ ငါးကြီးချဉ် လုပ်ငန်းများက အသုံးများတာရှိသလို ဒေသတွင်း စားသုံးမှုလည်းများပါတယ်။ ငါးကြင်းမျိုးစုံ၊ ငါးမြင်း၊ ငါးသိုင်း အဝင်များပါတယ်။ ဈေးကွက်မှာ ငါးကြင်း၊ ငါးသိုင်းတစ်ပိဿာကို ၄၅၀၀ ကျပ်၊ ငါးမြင်းတစ်ပိဿာ ၃၅၀၀ ကျပ် အရောင်းအဝယ်ရှိတယ်လို့ ငါးဈေးကွက်မှ သိရပါတယ်။

**ကြည်နိုင်ဦး (အင်းတော်)**

**နိုင်ငံတကာနှင့် ပြည်တွင်းကုန်သွယ်မှု လုပ်ငန်းများအတွက် အချက်အလက်များရရှိလိုပါက အောက်ပါဖုန်းနံပါတ်တို့ကို ဆက်သွယ်နိုင်ပါသည်**

| | | |
|---|---|---|
| (၁) မြန်မာကုန်သွယ်မှုဗဟိုဌာန (Myanmar Trade Center) | ဖုန်း-၀၁ ၂၅၄၀၂၄ | ဖက်စ်- ၀၁ ၂၅၄၀၂၃ အီးမေးလ်-itpic.moc@gmail.com |
| (၂) Myanmar-EU Trade Help Desk | ဖုန်း- ၀၉ ၄၃၀ ၄၁ ၈၄၇ | အီးမေးလ်- mmeu.tradehelpdesk@gmail.com |

**ပြည်နယ်နှင့် တိုင်းဒေသကြီး အသီးသီးရှိ Consumer Complaint Center (CCC) များ၏ Contact Points များ**

| | |
|---|---|
| (၁) ရန်ကုန်တိုင်းဒေသကြီး | ၂၂၈/၂၄၀၊ ဒုတိယထပ်၊ ကမ်းနားလမ်းနှင့်ရွှေဘုံသာလမ်းထောင့်၊ ရန်ကုန်မြို့။ Fax:01-254023, Ph:01-250270,254019 email: ygnmapt@gmail.com |
| (၂) ပဲခူးတိုင်းဒေသကြီး(အနောက်) | ရတနာမာန်အောင်ဘုန်းကြီးကျောင်းအနီး၊ ပြည်မြို့။ Fax : 053-28220, Ph : 053-28032,28020 |
| (၃) ပဲခူးတိုင်းဒေသကြီး(အရှေ့) | အောင်မြေသာရပ်ကွက်၊ ပိုလန်ဝင်း၊ ပဲခူးမြို့။ Ph : 052-2221844, 2221108, 2221036 |
| (၄) ဧရာဝတီတိုင်းဒေသကြီး | ပုသိမ်မြို့။ Fax : 042-21811, Ph: 042-24520,24522 email: yiyinaingwin@gmail.com |
| (၅) မန္တလေးတိုင်းဒေသကြီး | မန္တလေးမြို့။ Fax : 02-36340, Ph: 02-36342,36339 email: mdymapt@gmail.com |
| (၆) ရခိုင်ပြည်နယ် | စစ်တွေမြို့။ Fax:043-23426,Ph:043-23426 |
| (၇) မကွေးတိုင်းဒေသကြီး | အစိုးရရပ်ကွက်၊အနော်ရထာလမ်း၊မကွေးမြို့။ Fax : 063-23199, Ph : 063-23196,23197 |
| (၈) ရှမ်းပြည်နယ်(တောင်ပိုင်း) | အရှေ့မြို့ပတ်လမ်း၊ ရေအေးကွင်းရပ်ကွက်၊ အမှတ်(၅)ဈေးမြောက်ဘက်၊ တောင်ကြီးမြို့။ Ph:081-2121615, Fax:081-2121627, email:dtptaunggyi@gmail.com |
| (၉) ရှမ်းပြည်နယ်(အရှေ့ပိုင်း) | ရပ်ကွက်(၁)၊ နောင်ရေး၊ ကျိုင်းတုံမြို့။ Fax:084-21034,Ph:084-21034 |
| (၁၀) ရှမ်းပြည်နယ်(မြောက်ပိုင်း) | အမှတ်(၉)၊ လေယာဉ်ကွင်းလမ်း၊ ထပရတပ်ရင်း(၆၂၆)နှင့် မျက်နှာချင်းဆိုင်၊ လားရှိုးမြို့။ Fax:082-23493,Ph:082-23039 |
| (၁၁) ကရင်ပြည်နယ် | ဘားအံမြို့။ Fax:058-21666,Ph:058-21041 |
| (၁၂) တနင်္သာရီတိုင်းဒေသကြီး | ကမ်းနားလမ်း၊ ဆိပ်ငယ်ရပ်ကွက်၊ မြိတ်မြို့။ Fax:059-41012,Ph:059-41012 |
| (၁၃) ကချင်ပြည်နယ် | အမှတ်(၁၉၉)၊ မြို့သစ်ရပ်ကွက်၊ မြစ်ကြီးနားမြို့။ Fax:074-22459,Ph:074-22459 |
| (၁၄) ကယားပြည်နယ် | (၈/၉)လမ်းကြား၊ ကန္တာရဝတီလမ်းနှင့် သီရိဒေါလမ်းကြား၊ နောင်ယား(က)ရပ်ကွက်၊ လွိုင်ကော်မြို့။ Fax:083-21005,Ph:083-21005 |
| (၁၅) မွန်ပြည်နယ် | အမှတ်(၄)ကမ်းနားလမ်း၊ ရွှေတောင်ရပ်၊ ဘုရင့်ရုံးရှေ့ မော်လမြိုင်မြို့။ Fax:057-24728, Ph:057-24318 |
| (၁၆) စစ်ကိုင်းတိုင်းဒေသကြီး | သာစည်လမ်း၊ ဒေါနခြံရပ်၊ မီးရထားသံလမ်းနှင့် ဗိုလ်ချုပ်ကြေးရုပ်ကြား၊ မုံရွာမြို့။ Fax : 071-23630, Ph:071-23630,22924 |

## (၇) နေ့ သားသမီးများအတွက်
## စီးပွားရေး အကြံပေး ဟောကိန်း
## ၃-၄-၂၀၁၇ မှ ၉-၄-၂၀၁၇ ရက်နေ့ထိ

**ဒေါ်မြတ်မြတ်အေး**
**(မြန်မာနိုင်ငံ ဝေဒသုတေသနအဖွဲ့)**



**တနင်္ဂနွေသားသမီးများအတွက်** အိုးအိမ်နေရာ၊ အလုပ်အကိုင်၊ အခက်အခဲကြုံခြင်း၊ စိတ်ပူပန်ရခြင်းများ ဖြစ်ပွားနိုင်သည်။ ငွေကြေးကိစ္စအဆင်ပြေမည်။ မိမိထက်အကြီးအကဲများအား စိတ်တိုင်းမကျခြင်း၊ အလုပ်ကိစ္စများမပြီးပြတ်ခြင်း၊ ထင်တိုင်းမဖြစ်ခြင်းများကြောင့် ကျန်းမာရေးထိခိုက်တတ်ပါသည်။ အစာအိမ်၊ လေနာ၊ ဝမ်းဗိုက်နှင့်ပတ်သက်သောရောဂါများဖြစ်တတ်သည်။ အရောင်းအဝယ်လုပ်ငန်းများ အဆင်ပြေမည်။ ခရီးသွားလာစရာကိစ္စများ ပေါ်ပေါက်နိုင်မည်။ အချစ်ရေး၊ အိမ်ထောင်ရေးနီးတကျက်ကျက်ဖြစ်နေမည်။

**ယတြာ။ ။ထမင်းဖြူဖြူသန့်သန့်အား ပူပူနွေးနွေးဘုရားဆွမ်းကပ်လှူပါ။**



**တနင်္လာသားသမီးများအတွက်** လှုပ်လှုပ်ရှားရှားဆူဆူပူပူနှင့်လုပ်ကိုင် ရှာဖွေနေရမည်။ ပြေးပြေးလွှားလွှားနှင့်ငွေဝင်မည်။ အေးဆေးတည်ငြိမ်စွာ မနေရတတ်ပါ။ ငွေကြေးအရှုပ်အရှင်း၊ မိသားစု၊ အောက်လက်ငယ်သား အရှုပ်အရှင်းများကိုဖြေရှင်းနေရမည်။ စီးပွားရေးလုပ်ငန်းများ အဆင်ပြေမည်။ အရောင်းအဝယ်လုပ်ငန်း အဆင်မပြေနိုင်သေးပါ။ ကျန်းမာရေးတွင် ခေါင်းနှင့်ပတ်သက်သောရောဂါများဖြစ်တတ်သည်။ အချစ်ရေး၊ အိမ်ထောင်ရေးစိတ်တိုင်းမကျဖြစ်မည်။

**ယတြာ။ ။ဘုရားတွင် ထီးဖြူ တစ်လက်လှူပါ။**



**အင်္ဂါသားသမီးများအတွက်** အစိုးရဌာန၊ အလုပ်အကိုင်ရှိရာဌာနများတွင် မပျော်ရွှင်ဘဲ အလုပ်လုပ်နေရတတ်မည်။ ခရီးသွားလုပ်ငန်း အရောင်းအဝယ်လုပ်ငန်းများ မကောင်းသေးပါ။ မထင်မှတ်သောစိတ်ညစ်စရာများနှင့်ကြုံကာ စိတ်အနှောင့်အယှက်များစွာဖြစ်တတ်မည်။ ရေလမ်းခရီးနှင့် ပတ်သက်သောလုပ်ငန်းများမှ အကျိုးပေးမည်။ ကျန်းမာရေး အဖျားရောဂါ၊ အပူကြောင့် ဖြစ်သောရောဂါများဖြစ်ပွားတတ်မည်။ အိမ်ထောင်ရေးမကောင်းပါ။

**ယတြာ။ ။ဆီမီး သုံးတိုင် သုံးရက်ဆက်တိုက်လှူဒါန်းပါ။**



**ဗုဒ္ဓဟူးသားသမီးများအတွက်** ကံကောင်းခြင်း၊ ပျော်ရွှင်ခြင်း၊ သာယာချမ်းမြေ့ခြင်းများ ရရှိမည့်အချိန်ဖြစ်ပါသည်။ အလုပ်ထဲတွင် နာမည်ကြီး ထမင်းငတ်နေသည့် အနေအထားဖြစ်မည်။ အလုပ်သစ်လုပ်လျှင် အောင်မြင်မည်။ အဓိဋ္ဌာန်ဝင်ခြင်း၊ တရားကျင့်ခြင်းများကိုပြုလုပ်ချင်စိတ်ပြင်းပြနေမည်။ ပျော်ပွဲရွှင်ပွဲနှင့် ပတ်သက်သော လုပ်ငန်းများ အဆင်ပြေမည်။ ကျန်းမာရေး ခြေထောက်နှင့် ပတ်သက်သောရောဂါများ ဂရုစိုက်ပါ။ အိမ်ထောင်ရေး အဆင်ပြေမည်။ ချစ်သူရှိသူများ အိမ်ထောင်ကျတတ်သည်။

**ယတြာ။ ။ပန်းနံ့သာကပ်လှူပါ။**



**ကြာသပတေးသားသမီးများအတွက်** စိတ်အေးချမ်းသာစွာ နေထိုင်ရမည်။ အောက်လက်ငယ်သားများ၏ စောင့်ရှောက်ခြင်းခံရမည်။ အလုပ်ထဲတွင် ဝင်ငွေတိုးတက်မည်။ ကျန်းမာရေးတွင် လည်ချောင်းနှင့် ပတ်သက်သော ရောဂါများဖြစ်ပွားတတ်သည်။ အပူလောင်ခြင်း၊ အပူနာရောဂါများဖြစ်မည်။ စိတ်ကြောင့် ကျန်းမာရေး အညံ့ရှိမည်။ လုပ်ငန်းသစ်၊ ဘဏ်လုပ်ငန်းများ အဆင်ပြေမည်။ အိမ်ထောင်ရေးတွင် သားသမီးထွန်းကားမည်။ အချစ်ရေး အနှောင့်အယှက်ရှိမည်။

**ယတြာ။ ။ရွှေပန်းခိုင်ကပ်လှူပါ။**



**သောကြာသားသမီးများအတွက်** ကောင်းမွန်သာယာသော လမ်းကိုလျှောက်လှမ်းနေရမည့်အချိန်ဖြစ်သည်။ အလုပ်ကိစ္စအဆင်ပြေမည်။ ငွေအမြောက်အမြားရမည့် ကိန်းဖြစ်သည်။ ခရီးသွားလာရာတွင် ခက်ခဲမှုအဆင်ပြေမည်။ အလုပ်အကိုင်သစ်များ ရရှိမည်။ စီးပွားရေးတိုးတက်မည့်ကာလဖြစ်ပါသည်။ ကျန်းမားရေး နှလုံးနှင့်ပတ်သက်သောရောဂါများဖြစ်တတ်သည်။ အိမ်ထောင်ရေး၊ အချစ်ရေးကောင်းမည်။

**ယတြာ။ ။ပန်းအလှများကပ်လှူပါ။**



**စနေသားသမီးများအတွက်** ကံကောင်းခြင်း အလင်းရောင်စတင်မြင်ရမည်။ မကောင်းသောကိစ္စများမရှိသလောက်ဖြစ်မည်။ လုပ်ငန်းကံကောင်းမည်။ လုပ်သမျှ အဆင်ပြေမည်။ လုပ်ငန်းသစ်များ ရှာဖွေတွေ့ရှိမည်။ အိုးသစ်အိမ်သစ် ရရှိမည်။ ကျန်းမာရေးတွင် ခံတွင်း၊ သွားနှင့်နှာခေါင်းရောဂါများဖြစ်ပွားတတ်မည်။ အိမ်ထောင်ရေးအဆင်ပြေမည်။ လက်အောက်ငယ်သား ဒုက္ခပေးတတ်မည်။ ဂရုစိုက်ပါ။

**ယတြာ။ ။ဘုရားမှာ ထီးအနီလှူပါ။**

# မြို့ပြဖွံ့ဖြိုးလာမှုကြောင့် မုံရွာမြို့တွင် ပွဲရုံတန်းများ လိုအပ်လာ

မုံရွာမြို့တွင် ကုန်သည်၊ ပွဲစားလုပ်ငန်းရှင် ၅၈၀ ခန့်ရှိပြီး၊ မုံရွာခရိုင်၊ ယင်းမာပင်ခရိုင်နှင့် ရွှေဘိုခရိုင်အတွင်းရှိမြို့နယ်ပေါင်း ၂၀ ကျော် ဝင်ထွက်ကာ ကုန်စည်ဝယ်ယူရောင်းဝယ်တဲ့ မြို့ကြီးတစ်မြို့လည်း ဖြစ်ပါတယ်။ ဆန်၊ စပါး၊ ပဲမျိုးစုံ၊ ဂျုံနှင့် ဆီထွက်သီးနှံများ အဓိကထား ရောင်းဝယ်ကြပါတယ်။

မုံရွာမြို့ရဲ့ အခြေအနေမှာ ဖွံ့ဖြိုးတိုးတက်မှုရှိလာသည်နှင့်အညီ လူဦးရေ ထူထပ်လာပြီး မြို့တွင်းတွင် ယာဉ်ကြောကျပ်တည်းလာတယ်လို့ သိရပါတယ်။ ၁၂ ဘီး၊ ၂၂ ဘီးကားကြီးများ မြို့တွင်းပွဲရုံများတွင် အဝင်/အထွက်ပြုလုပ်ခြင်း၊ ပစ္စည်းတင်/ပစ္စည်းချ ဆောင်ရွက်ရာတွင် အခက်အခဲများ ဖြစ်ပေါ်နေကြောင်း သိရပါတယ်။ ရပ်ကွက်အဝင်/အထွက် လမ်းများသည် ကိုယ်ထူကိုယ်ထ လမ်းများဖြစ်သည်နှင့်အညီ ၁၂ ဘီး၊ ၂၂ ဘီးယာဉ်များ ဝင်ရောက်ရာတွင် လမ်းများ ပျက်စီးနိုင်သဖြင့် ဟန့်တားမှုများ၊ ဝင်ခွင့်မပြုသည့် လမ်းများလည်းရှိနေတယ်လို့ သိရပါတယ်။

ဒါကြောင့် မတ်လ ၂၀ ရက်က မန္တလေးတိုင်းဒေသကြီး၊ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းရုံးတွင် ကျင်းပပြုလုပ်ခဲ့တဲ့ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးနဲ့ တွေ့ဆုံပွဲမှာ မုံရွာမြို့ကိုလည်း အခြား မြို့ကြီးများဖြစ်သည့် ရန်ကုန်၊ မန္တလေးမြို့ကြီးများကဲ့သို့ ပွဲရုံ တန်းများအား သင့်လျော်သည့်နေရာတွင် ပြုလုပ်နိုင်ရေး တင်ပြ ဆွေးနွေးခဲ့ကြောင်း တိုင်းဒေသကြီး၊ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း၏ တာဝန်ရှိသူတစ်ဦးထံမှ သိရှိရပါတယ်။

**အောင်မင်း(တန့်ဆည်)**

# တောင်ကြီးမြို့တွင် မြန်မာနိုင်ငံ လက်လီရောင်းချသူများအသင်းကို ဖွဲ့စည်း



တောင်ကြီးမြို့၊ မြန်မာနိုင်ငံ လက်လီရောင်းချသူများအသင်းဖွဲ့စည်းခြင်း အခမ်းအနားကို မတ်လ ၂၀ ရက်က မြစပယ်ခန်းမမှာ ကျင်းပခဲ့တယ်လို့ သိရပါတယ်။

အသင်းဖွဲ့စည်းခြင်းအခမ်းအနားတွင် စားသုံးသူရေးရာဦးစီးဌာန၊ ပြည်နယ်ဦးစီးမှူး ဦးမြသန်းက "အစားအသောက်များကြောင့် စားသုံးသူပြည်သူများ သက်တမ်းတိုလျက်ရှိနေပါကြောင်း၊ အနာဂတ်မျိုးဆက်သစ်များ၏ ဉာဏ်ရည်ဖွံ့ဖြိုးမှုကိုလည်း ခြိမ်းခြောက်လျက်ရှိပါကြောင်း၊ ယင်းကဲ့သို့ဖြစ်ရခြင်းမှာ နေ့စဉ်စားသောက်နေတဲ့ အစားအသောက်တွေထဲမှာ ဘေးအန္တရာယ်ဖြစ်စေတတ်တဲ့ ဓာတုဗေဒဆိုးဆေးတွေ၊ ပိုးသတ်ဆေးတွေ ပါဝင်နေတဲ့အတွက် စားသုံးသူပြည်သူတွေဟာ လူမှုရေးဆုံးရှုံးနစ်နာမှုတွေနဲ့ ရင်ဆိုင်နေရပါကြောင်း၊ သို့အတွက် စားသုံးသူ အကာအကွယ်ပေးရေးဥပဒေကို ပြည်ထောင်စုလွှတ်တော်က ပြဋ္ဌာန်းပေးပြီး စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဥက္ကဋ္ဌအဖြစ်ပါဝင်တဲ့ စားသုံးသူ အကာအကွယ်ပေးရေး ဗဟိုကော်မတီကိုလည်းကောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့် တိုင်းစီမံစီးပွားဝန်ကြီး ဥက္ကဋ္ဌအဖြစ်ပါဝင်သော ပြည်နယ်အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့နှင့် လုပ်ငန်းကော်မတီနှစ်ရပ်ကိုလည်းကောင်း အသီးသီးဖွဲ့စည်းထားရှိပါကြောင်း၊ ကမ္ဘောဇကုန်သွယ်မှုဗဟိုဌာနခန်းမတွင် မတ်လ ၂၀ ရက်က "ဘေးအန္တရာယ်ကင်းသော စားသောက်ကုန်များ ထုတ်လုပ်/တင်သွင်း/ဖြန့်ဖြူးရောင်းချရေး အလုပ်ရုံဆွေးနွေးပွဲ"ကို ကျင်းပပြုလုပ်ခဲ့ပါကြောင်း၊ စီးပွားရေး လုပ်ငန်းရှင်များ၏ အားကို ယူရာတွင် တစ်ဦးတစ်ယောက်အနေဖြင့် လုပ်ဆောင်ရန်မလွယ်ကူပါကြောင်း၊ ယခုကဲ့သို့ အသင်းဖွဲ့စည်းခြင်းဖြင့် လုပ်ငန်းချိတ်ဆက်ဆောင်ရွက်ရာတွင် အဆင်ပြေပါသဖြင့် အသင်းအား ကြိုဆိုပါကြောင်း၊ ယခုအဖွဲ့အစည်းသည် လက်လီရောင်းချသူများအသင်းနှင့် ပူးပေါင်းဆောင်ရွက်သွားမှာ ဖြစ်ပါကြောင်း ဆွေးနွေး ပြောကြားခဲ့ပါတယ်။

ဆွေးနွေးပွဲအခမ်းအနားသို့ အင်အား ၁၃၀ ခန့် တက်ရောက်ခဲ့ကြတယ်လို့ သတင်းရရှိပါတယ်။

**စောမောင်(တောင်ကြီး)**

# ဧရာဝတီတိုင်းဒေသကြီးအတွင်း စွန့်ဦးတီထွင် လူငယ်လုပ်ငန်းရှင်အသင်း ဖွဲ့စည်းရန် ကြိုတင်ညှိနှိုင်းဆွေးနွေး

ဧရာဝတီတိုင်းဒေသကြီးအတွင်း စွန့်ဦးတီထွင် လူငယ်လုပ်ငန်းရှင်အသင်းဖြစ် ပေါ်လာစေရန် ကြိုတင်ညှိနှိုင်းဆွေးနွေးပွဲကို မတ်လ ၂၅ ရက်က ပုသိမ်မြို့ အမှတ် (၂၃) ရှင်ပင်ဘုန်းပွင့်လမ်းရှိ ဧရာဝတီတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း (ARCCI) ရုံးတွင် ကျင်းပပြုလုပ်ရာ ARCCI ဥက္ကဋ္ဌ ဦးဝင်းမြင့်လှိုင်၊ စားသုံးသူရေးရာဦးစီးဌာန တိုင်းဦးစီးမှူးဦးခင်မောင်လှိုင်၊ စီးပွားရေးအသင်းအဖွဲ့များ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် ခေတ်ပညာတတ် လူငယ်လူရွယ်များ တက်ရောက်ခဲ့ပါသည်။

ဆွေးနွေးပွဲတွင် ARCCI ဥက္ကဋ္ဌ ဦးဝင်းမြင့်လှိုင်က အနာဂတ်စီးပွားရေးကဏ္ဍများတွင် စွန့်ဦးတီထွင်လိုစိတ်ရှိသူ လူငယ်များ ပေါ်ထွန်းလာစေရန်အတွက် လုပ်ငန်းစဉ်တိုင်းမှာ စီမံခန့်ခွဲမှုပုံစံများ၊ ဈေးကွက်ရှာဖွေမှုနှင့် ဈေးကွက်စီမံခန့်ခွဲမှုဆိုင်ရာများနှင့် ပတ်သက်၍ ကျွမ်းကျင်သူများဖြစ်လာစေရန် ယခုကတည်းက ရည်ရွယ်ချက်ရှိရှိ စိတ်ဆန္ဒပြင်းပြစွာ ကြိုးစားဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ စွန့်ဦးတီထွင် လူငယ်လုပ်ငန်းရှင်အသင်းကို ခိုင်မာသည့် အသင်းအဖွဲ့အဖြစ် ဖွဲ့စည်းရန် လိုအပ်ကြောင်း ဆွေးနွေးပြောကြားပြီး တက်ရောက်လာသော စီးပွားရေးလုပ်ငန်းရှင်များနှင့် လူငယ်များက သိလိုသည်များကို မေးမြန်းခဲ့ရာတွင် အပြန်အလှန် ဆွေးနွေးဖြေကြားပေးခဲ့ ကြောင်း သိရပါသည်။

**မင်းမင်းဦး(ပုသိမ်)**



## မြို့ကြီးများ၏ ၃-၄-၂၀၁၇ မှ ၇-၄-၂၀၁၇ နေ့အထိ မိုးလေဝသခန့်မှန်းချက်

| မြို့ | တနင်္လာ(၃-၄-၂၀၁၇) | အင်္ဂါ(၄-၄-၂၀၁၇) | ဗုဒ္ဓဟူး(၅-၄-၂၀၁၇) | ကြာသပတေး(၆-၄-၂၀၁၇) | သောကြာ(၇-၄-၂၀၁၇) |
|---|---|---|---|---|---|
| နေပြည်တော် | နေသာ ၃၇˚C/၉၉˚F | နေသာ ၃၉˚C/၁၀၁˚F | နေသာ ၃၉˚C/၁၀၃˚F | နေသာ ၃၉˚C/၁၀၃˚F | နေသာ ၄၀˚C/၁၀၄˚F |
| ရန်ကုန်မြို့ | နေသာ ၃၆˚C/၉၆˚F | နေသာ ၃၇˚C/၉၈˚F | နေသာ ၃၇˚C/၁၀၀˚F | နေသာ ၃၈˚C/၁၀၀˚F | နေသာ ၃၈˚C/၁၀၁˚F |
| မန္တလေးမြို့ | နေသာ ၃၇˚C/၉၈˚F | နေသာ ၃၇˚C/၉၈˚F | နေသာ ၃၇˚C/၉၈˚F | နေသာ ၃၇˚C/၉၉˚F | နေသာ ၃၈˚C/၁၀၁˚F |
| မြစ်ကြီးနား | ၆၀% ၂၆˚C/၇၉˚F | ၆၀% ၂၇˚C/၈၁˚F | ၄၀% ၃၀˚C/၈၆˚F | နေသာ ၃၀˚C/၈၇˚F | ၄၀% ၃၀˚C/၈၆˚F |
| လားရှိုး | ၆၀% ၂၈˚C/၈၂˚F | ၅၀% ၂၉˚C/၈၅˚F | နေသာ ၃၁˚C/၈၇˚F | နေသာ ၃၁˚C/၈၈˚F | နေသာ ၃၂˚C/၉၀˚F |
| ကျိုင်းတုံ | ၄၀% ၂၈˚C/၈၂˚F | နေသာ ၃၁˚C/၈၇˚F | နေသာ ၃၂˚C/၉၀F | နေသာ ၃၂˚C/၉၀˚F | နေသာ ၃၃˚C/၉၂˚F |
| လွိုင်ကော် | နေသာ ၃၀˚C/၈၇˚F | နေသာ ၃၂˚C/၈၉˚F | နေသာ ၃၃˚C/၉၂˚F | နေသာ ၃၃˚C/၉၂˚F | နေသာ ၃၄˚C/၉၃˚F |
| တောင်ကြီး | နေသာ ၂၈˚C/၈၂˚F | နေသာ ၂၈˚C/၈၃˚F | နေသာ ၂၉˚C/၈၅˚F | နေသာ ၃၀˚C/၈၆˚F | နေသာ ၂၉˚C/၈၅˚F |
| မော်လမြိုင် | နေသာ ၃၄˚C/၉၄˚F | နေသာ ၃၄˚C/၉၄˚F | နေသာ ၃၉˚C/၉၅˚F | နေသာ ၃၆˚C/၉၆˚F | နေသာ ၃၅˚C/၉၆˚F |
| ဘားအံ | နေသာ ၃၆˚C/၉၆˚F | နေသာ ၃၆˚C/၉၇˚F | နေသာ ၃၇˚C/၉၉˚F | နေသာ ၃၇˚C/၉၉˚F | နေသာ ၃၈˚C/၁၀၀˚F |
| တောင်ငူ | နေသာ ၃၇˚C/၉၈˚F | နေသာ ၃၈˚C/၁၀၀˚F | နေသာ ၃၉˚C/၁၀၂˚F | နေသာ ၃၉˚C/၁၀၂˚F | နေသာ ၃၉˚C/၁၀၃˚F |
| မုံရွာ | နေသာ ၃၇˚C/၉၉˚F | နေသာ ၃၇˚C/၉၉˚F | နေသာ ၃၇˚C/၉၉˚F | နေသာ ၃၈˚C/၁၀၀˚F | နေသာ ၃၈˚C/၁၀၂˚F |
| ပုသိမ် | နေသာ ၃၅˚C/၉၅˚F | နေသာ ၃၆˚C/၉၆˚F | နေသာ ၃၆˚C/၉၇˚F | နေသာ ၃၅˚C/၉၆˚F | နေသာ ၃၆˚C/၉၇˚F |
| မြိတ် | ၆၀% ၃၁˚C/၈၈˚F | ၅၀% ၃၁˚C/၈၈˚F | ၈၀% ၃၁˚C/၈၇˚F | ၈၀% ၃၁˚C/၈၇˚F | ၈၀% ၃၁˚C/၈၇˚F |
| စစ်တွေ | နေသာ ၃၂˚C/၈၉˚F | နေသာ ၃၂˚C/၈၉˚F | တိမ်အသင့်တင့် ၃၃˚C/၉၁˚F | နေသာ ၃၄˚C/၉၃˚F | တိမ်အသင့်အတင့် ၃၅˚C/၉၅˚F |
| မကွေး | နေသာ ၃၉˚C/၁၀၂˚F | နေသာ ၃၉˚C/၁၀၂F | နေသာ ၃၉˚C/၁၀၃˚F | နေသာ ၄၁˚C/၁၀၅˚F | နေသာ ၄၁˚C/၁၀၅˚F |
| ဖလမ်း | နေသာ ၂၅˚C/၇၇˚F | ၄၀% ၂၄˚C/၇၆˚F | ၄၀% ၂၆˚C/၇၈˚F | နေသာ ၂၇˚C/၈၀˚F | နေသာ ၂၇˚C/၈၁˚F |

# အိန္ဒိယနိုင်ငံ၊ မဟာရာသျှတ္တရာဒေသတွင် အပူလှိုင်းဖြတ်သန်းမှုကြောင့် လူငါးဦး သေဆုံး

အိန္ဒိယနိုင်ငံ မဟာရာသျှတ္တရာ ဒေသတွင် အပူလှိုင်းဖြတ်သန်းမှုကြောင့် လူငါးဦးသေဆုံးခဲ့ရကြောင်း၊ သေဆုံးခဲ့သည့်သူများသည် အပူဒဏ်ကြောင့် ဦးနှောက်သွေးကြောပြတ်၍ သေဆုံးခဲ့ကြခြင်းဖြစ်ကြောင်း ဒေသဆိုင်ရာ အာဏာပိုင်များက အတည်ပြုပြောကြားခဲ့သည်။

မဟာရာသျှတ္တရာဒေသတွင် နေ့အပူချိန်သည် ၄၆ ဒသမ ၅ ဒီဂရီဆဲလ်ဆီးယပ်စ်ရှိခဲ့ကြောင်း၊ အဆိုပါအပူချိန်သည် မဟာရာသျှတ္တရာဒေသ၏ အမြင့်ဆုံးအပူချိန်ပင်ဖြစ်ကြောင်း အိန္ဒိယတိုင်းမ်သတင်းတွင် ဖော်ပြထားသည်။

အပူလှိုင်းဖြတ်သန်းသည့် အဆိုးရွားဆုံးသောဒေသမှာ မဟာရသျှတ္တရာ မြောက်ပိုင်းနှင့် အလယ်ပိုင်းတို့ပင်ဖြစ်ကြောင်း၊ ထို့ပြင် အာခိုလာဒေသတွင် အပူချိန်သည် ၄၄ ဒသမ ၁ ဒီဂရီဆဲလ်ဆီးယပ်စ်ရှိပြီး ဝါ့ဒ်ဒါ၊ နာပူးရ်နှင့်ချန်ဒရာ ပူးရ်ဒေသတို့တွင် နေ့အပူချိန်များသည် ၄၃ ဒီဂရီဆဲလ်ဆီးယပ်စ်ရှိခဲ့ကြောင်း သတင်းများကဖော်ပြထားသည်။

အိန္ဒိယနိုင်ငံတစ်ဝန်းတွင် ယခုအချိန်သည် နွေရာသီစတင်ကာစပင်ရှိနေသေးရာ အစဦးမှာပင် ယခုကဲ့သို့ အပူချိန်မြင့်မားမှုကို ပြည်သူများခံစားနေကြရသဖြင့် နွေရာသီကာလ၏ အပူဆုံးအချိန်တွင် ယခုထက်ပိုမိုဆိုးရွားလာနိုင်သဖြင့် ပြည်သူများအနေဖြင့် သတိပြု နေထိုင်ကြရန် နှိုးဆော်ထားသည်ဟုဆိုသည်။

ထို့ပြင် မဟာရသျှတ္တရာဒေသကဲ့သို့ ရာဂျစသန်ပြည်နယ်တွင် အပူချိန်သည် ၄၃ ဒသမ ၄ ဒီဂရီဆဲလ်ဆီးယပ်စ်ရှိခဲ့ကြောင်း၊ ပန်ဂျပ်ပြည်နယ်တွင်လည်း ယခင်ရက်သတ္တပတ်များက ရှိခဲ့သည့် အပူချိန်ထက် ၇ ဒီဂရီဆဲလ်ဆီးယပ်စ် ပိုမိုမြင့်တက်ခဲ့ကြောင်း၊ ဥတ္တရာပရာဒေ့ရှ်၊ ဗာရာဏသီ၊ အယ်လ်လာဘတ်၊ ဟာမီပူရ်နှင့် အာဂါဒေသတို့တွင်လည်း အမြင့်ဆုံးအပူချိန်သည် ၄၀ ဒီဂရီဆဲလ်ဆီးယပ်စ်အထိ ရှိခဲ့ကြောင်း သတင်းများတွင် ဖော်ပြထားသည်။

"အပူချိန်က တစ်နေ့ထက်တစ်နေ့ပိုမိုမြင့်တက်လာနိုင်ပါတယ်။ နောက် အကျဆုံးလာ မယ့်ရက်သတ္တပတ်အထိ မြင့်တက်နိုင်ပါသေးတယ်။ အထူးသဖြင့် အိန္ဒိယနိုင်ငံအနောက်မြောက်ပိုင်းဒေသ တွေ အတိအကျပြောရရင် နယူးဒေလီ နဲ့ မဒ္ဒရာပရာဒေ့ရှ်ဒေသတွေမှာအပူချိန် တွေ အခုထက်ပိုမိုမြင့်တက်လာနိုင်ပါတယ်"ဟု ACCU Weather မှ အကြီးတန်းမိုးလေဝသပညာရှင် ဂျက်ဆင်နီခိုးလ်က ပြောကြားခဲ့သည်။ **မယ်သီတာ**



# ဆိုင်ကလုန်းမုန်တိုင်းဒက်ဘီကြောင့် ဩစတြေးလျနိုင်ငံတစ်ဝန်းတွင် ရေလွှမ်းမိုးမှုများ ဖြစ်ပေါ်

ဩစတြေးလျနိုင်ငံ ကွင်းစလန်ပြည်နယ်တွင် တိုက်ခတ်ခဲ့သည့် ဆိုင်ကလုန်းမုန်တိုင်း ဒက်ဘီကြောင့် ဩစတြေးလျနိုင်ငံတစ်ဝန်းတွင် အဆိုးရွားဆုံးသော ရေလွှမ်းမိုးမှုများ ဖြစ်ပေါ်လျက်ရှိကြောင်း ဒေသဆိုင်ရာသတင်းများတွင် ဖော်ပြထားသည်။

ဆိုင်ကလုန်းမုန်တိုင်းဒက်ဘီသည် အယ်လ်နီညိုရာသီဥတုဖြစ်ပေါ်မှု၏ အဆိုးရွားဆုံးသောရိုက်ခတ်မှုပင်ဖြစ်ကြောင်း၊ အဆိုပါမုန်တိုင်းတိုက်ခတ်မှုကြောင့် ကွင်းစလန်ပြည်နယ်တစ်ခုလုံး အဆိုးရွားဆုံးသော ရေလွှမ်းမိုးများ ဖြစ်ပေါ်ခဲ့သည့်အပြင် နိုင်ငံတစ်ဝန်းလုံးတွင်လည်း ရေလွှမ်းမိုးမှုများဖြစ်ပေါ်ခဲ့ရသည်ဟု ဆိုသည်။

မုန်တိုင်းနှင့်အတူ ပင်လယ်ရေမျက်နှာပြင်များလည်း မြင့်တက်ခဲ့ရာ ပင်လယ်ရေနှင့်အတူ ပင်လယ်အတွင်းမှ အသားစား ငါးမန်းများလည်း ကုန်းပေါ်သို့ ရောက်ရှိလာခဲ့ကြောင်း သတင်းများက ဖော်ပြထားသည်။

အသားစားငါးမန်းများ ရှိနေနိုင်ခြင်းကြောင့် ဒေသခံများအနေဖြင့် ရေထဲသို့ ဆင်းခြင်းများကို မပြုလုပ်ကြရန် နှိုးဆော်ထားကြောင်း ဒေသဆိုင်ရာ အာဏာပိုင်များက သတင်းထုတ်ပြန်ခဲ့သည်။

အဆိုပါမုန်တိုင်းသည် တစ်နာရီလျှင် မိုင် ၁၂၀ နှုန်းဖြင့် စတင်တိုက်ခတ်ခဲ့ပြီး မုန်တိုင်းအမြင့်ဆုံးအချိန်တွင် တစ်နာရီလျှင် မိုင် ၁၆၀ နှုန်းဖြင့် တိုက်ခတ်ခဲ့ကြောင်း ဩစတြေးလျနိုင်ငံမိုးလေဝသဗျူရိုက သတင်းထုတ်ပြန်ခဲ့သည်။

မုန်တိုင်း၏အရှိန်ကြောင့် မိုးရွာသွန်းမှုသည် မီလီမီတာ ၉၀၀ အထိရှိခဲ့ရာ ကွင်းစလန်ပြည်နယ်အတွင်း စီးဆင်းလျက်ရှိသည့်မြစ်များ၏ ရေမျက်နှာပြင်များ မြင့်တက်ခဲ့ကြောင်း၊ လုန်ဂန်မြစ်သည် စိုးရိမ်ရေမှတ်အထက် ၁၅ မီတာ ကျော်လွန်သည်အထိရောက်ရှိခဲ့ကြောင်း၊ အယ်လ်ဘတ်မြစ်သည်လည်း စိုးရိမ်ရေမှတ်အထက်ကို ကျော်လွန်ရောက်ရှိခဲ့ကြောင်း၊ ရေလွှမ်းမိုးမှုကြောင့် ကွင်းစလန်မြို့တစ်ခုလုံး ပျက်စီးဆုံးရှုံးခဲ့ရပြီး ပျက်စီးဆုံးရှုံးမှုတန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၇၆၆ သန်းရှိခဲ့သည်ဟုဆိုသည်။

ဩစတြေးလျနိုင်ငံအရှေ့ဘက် မိုင်ပေါင်း ၈၇၀ ကျော်သည် ရေလွှမ်းမိုးမှုဒဏ်ကို ခံစားခဲ့ရပြီး မုန်တိုင်း၏ ဗဟိုချက်ရောက်ရှိချိန်သည် အဆိုးရွားဆုံးသောအချိန်ပင်ဖြစ်ကြောင်း၊ အမေရိကန်နိုင်ငံတွင် တိုက်ခတ်ခဲ့သည့်ကက် ထရီနာမုန်တိုင်းထက် ပိုမိုပြင်းထန်ခဲ့သည်ဟု သတင်းများက ဖော်ပြထားသည်။ **မယ်သီတာ**

# ဝေးလံခေါင်ဖျားသည့် ဒေသများအား ခရီးသွားလာရေးလုပ်ငန်း မြှင့်တင်ရန် လိုအပ်လျက်ရှိ

နိုင်ငံတကာ ခရီးသွားများကို ဆွဲဆောင်နိုင်သည့် လှပသည့် သဘာဝရှုခင်းများနှင့်အထင်ကရနေရာများရှိသည့် ဝေးလံခေါင်ဖျားသည့် ဒေသများကို ခရီးသွားလုပ်ငန်းမြှင့်တင်ရန် လိုအပ်နေကြောင်း ပြင်သစ်အခြေစိုက် အွန်လိုင်းဟိုတယ် အခန်းကြိုတင်ဝန်ဆောင်မှုဝက်ဘ်ဆိုဒ်ဖြစ်သည့် Jovago ၏ သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ဝေးလံခေါင်ဖျား ဒေသများဖြစ်နေခြင်း၊ တည်းခိုစရာ ဟိုတယ် အဆောက်အအုံနည်းပါးခြင်း၊ ကန့်သတ်နယ်မြေ များဖြစ်ခြင်း၊ ဘေးကင်းလုံခြုံမှုမရှိခြင်း၊ လမ်းပန်းဆက်သွယ်ရေးခက်ခဲခြင်းနှင့် ယင်းဒေသနှင့်သက်ဆိုင်သည့် သတင်းအချက်အလက်များ အားနည်းခြင်းတို့ကြောင့် ချင်းပြည်နယ်၊ ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ကယားပြည်နယ်တို့တွင် အခြားသောနေရာများထက် ပြည်တွင်း ပြည်ပခရီးသွားများအကြား စိတ်ဝင်စားမှု အားနည်းနေသည်ကို တွေ့ရသည်ဟု အဆိုပါ သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

"ဝေးလံခေါင်ဖျားတဲ့ ဒေသတွေကို ခရီးသွားမြှင့်တင်ဖို့အတွက် မရောက်ဘူးသေးတဲ့ ဒေသတွေ၊ စိတ်ဝင်စားသူတွေကို စစ်တမ်းပြုစုပြီး direct mailing လုပ်၍သော်လည်းကောင်း online marketing လုပ်သင့်ပါတယ်။ ဖေ့စ်ဘုတ်ကနေတစ်ဆင့် အွန်လိုင်းပရိုမိုးရှင်း လုပ်တာတွေ၊ မီဒီယာတွေဖိတ်ပြီး Fam trip တွေလည်း လုပ်သင့်ပါတယ်"ဟု မြန်မာနိုင်ငံခရီးသွားလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးသက်လွင်တိုးက မှတ်ချက်ပြုပြောကြားသည်။

ဝေးလံခေါင်ဖျားသည့် ဒေသများတွင် ခရီးသွားများကို ဆွဲဆောင်ရန်အတွက် ပို့ဆောင်ရေးစရိတ် သက်သာပြီး ဘေးကင်းလုံခြုံသည့်ခရီးစဉ်များကို ရေးဆွဲသင့်ကြောင်း၊ အထူးပရိုမိုးရှင်း အစီအစဉ်များဆောင်ရွက်သင့်ကြောင်းလည်း ၎င်းက ဆက်လက်ပြောကြားသည်။

ထို့ပြင် Jovago.com.mm မှ မန်နေဂျင်းဒါရိုက်တာ Mr.Frans Maas က "ပြီးခဲ့တဲ့လတွေမှာ ဒီဒေသတွေကို ဟိုတယ်အခန်းအတွက် ကြိုတင်စာရင်းပေးသွင်းတာ မရှိသလောက်ပါပဲ။ ဒီဝေးလံတဲ့ဒေသတွေမှာ တည်းခိုစရာ ဟိုတယ်အရေအတွက်တွေက လည်းနည်းသလို လမ်းပန်းဆက်သွယ်ရေးကလည်း သိပ်မကောင်းဘူး။ သတင်းအချက်အလက်ပိုင်းလည်း အားနည်းတော့ ခရီးသွားတွေကြားထဲမှာ စိတ်ဝင်စားမှုလိုအပ်နေတာပါ။ ကျွန်တော်တို့ Jovago အနေနဲ့ ဒီလို ဝေးလံခေါင်ဖျားတဲ့ဒေသတွေကို ခရီးသွားမြှင့်တင်ဖို့အတွက် အဲဒီဒေသက ဟိုတယ်တွေနဲ့ တတ်နိုင်သမျှ ချိတ်ဆက်လုပ်ဆောင်နေပါတယ်"ဟု ဆိုသည်။ ယခုလက်ရှိတွင် Jovago.com. mm ဝက်ဘ်ဆိုဒ်တွင် မြန်မာနိုင်ငံတွင်းရှိ ဝေးလံခေါင်ဖျားသည့် ခရီးသွားဒေသများဖြစ်သည့် မြစ်ကြီးနား၊ ပူတာအို၊ ကန်ပက်လက်၊ မင်းတပ်၊ ထားဝယ်၊ မြောက်ဦး၊ စစ်တွေ စသည့်မြို့များမှ ဟိုတယ်ပေါင်း အလုံးနှစ်ရာကျော်နှင့် ချိတ်ဆက်ထားပြီးဖြစ်သည်။

မြန်မာနိုင်ငံတွင် ခရီးသွားများအား ဆွဲဆောင်နေသည့် နေရာများစွာရှိပြီး ကန်ပက်လက်၊ မြိတ်ကျွန်းစု၊ ငွေဆောင်၊ ငပလီ၊ ပုဂံ၊ မန္တလေး၊ ကလော၊ ပြင်ဦးလွင်၊ တောင်ကြီး၊ အင်းလေး ၊ လွိုင်ကော်၊ ဘားအံ၊ မြစ်ဆုံ စသည်တို့သည် လည်ပတ်ရန် အကောင်းဆုံးသော ခရီးသွားနေရာများဖြစ်ကြောင်း သိရသည်။ Jovago အနေဖြင့် ခရီးသွားများအဆင်ပြေသက်သာစွာ ခရီးသွားလာနိုင်ရေးအတွက် ဟိုတယ်အခန်းငှားဝန်ဆောင်မှုကိုပေးရုံသာမက မြန်မာနိုင်ငံ တစ်ဝန်းပြေးဆွဲနေသည့် မန္တလာမင်းယာဉ်လိုင်း အပါအဝင် နာမည်ကြီးစားသောက်ဆိုင်အချို့နှင့်ပါချိတ်ဆက်ထားရှိကြောင်း သိရသည်။

ထို့ကြောင့် ခရီးသွားများအနေဖြင့် Jovago.com.mm တွင် ဟိုတယ်အခန်းများအား ကြိုတင်မှာယူပါက ဟိုတယ်ပရိုမိုးရှင်း၊ ကားလက်မှတ်ပရိုမိုးရှင်းများကိုလည်း ရရှိနိုင်မည်ဖြစ်ကြောင်း သိရသည်။ Jovago သည် ပြင်သစ်အခြေစိုက် အွန်လိုင်းခရီးသွားဝန်ဆောင်မှုပေးနေသည့် ကုမ္ပဏီတစ်ခုဖြစ်ပြီး လက်ရှိတွင် မြန်မာနိုင်ငံတစ်ဝန်းရှိ မြို့ပေါင်း ၅၀ ကျော်မှ ဟိုတယ်ပေါင်း ၉၀၀ ကျော်နှင့်ချိတ်ဆက်ထားရှိကြောင်း သိရသည်။

မယ်သီတာ

# အူရီဒူးမြန်မာနှင့် MBAPF တို့ပူးပေါင်း၍ ခေတ်မီစာကြည့်တိုက်ပေါင်း ၉၀ အားကူညီပံ့ပိုးပေးမည့် Beyond Access Myanmar စီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်




အူရီဒူးမြန်မာနှင့် MBAPF တို့ ပူးပေါင်း၍ မြန်မာနိုင်ငံတစ်ဝန်းတွင် ခေတ်မီစာကြည့်တိုက်ပေါင်း ၉၀ အားကူညီပံ့ပိုးပေးမည့် Beyond Access Myanmar စီမံကိန်းကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အူရီဒူးမြန်မာအနေဖြင့် မြန်မာနိုင်ငံ တစ်ဝန်းရှိ စာကြည့်တိုက်များအား ခေတ်မီစာကြည့်တိုက်များ ဖြစ်စေရန်အတွက်ကွန်ပျူတာများ၊ တက်ဘလက်များနှင့် အင်တာနက် ချိတ်ဆက်မှုများကိုပါ အခမဲ့ကူညီပံ့ပိုးပေးသွားမည် ဖြစ်သည်။

အူရီဒူးမြန်မာအနေဖြင့် ယခင်က စာကြည့်တိုက်ပေါင်း ၅၅ ခုကိုသာ ခေတ်မီ စာကြည့်တိုက်များအဖြစ်ပြောင်းလဲနိုင်ခဲ့သော်လည်း ယခုအခါတွင် နောက်ထပ်စာကြည့်တိုက်ပေါင်း ၃၅ ခုကို ထပ်တိုးပြီး ကူညီပံ့ပိုးသွားမည်ဖြစ်သည်။

အူရီဒူးမြန်မာ၏ Chief Legal and Regulatory Officer ဖြစ်သူ Mr. Chris Peirce က "အူရီဒူးမြန်မာရဲ့ ဆောင်ပုဒ်ဖြစ်တဲ့ တောက်ပကောင်းမွန်တဲ့ အနာဂတ်ဆီသို့ဆိုတဲ့အတိုင်း မြန်မာနိုင်ငံနဲ့ ပြည်သူလူထု ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစဉ်တစိုက်ပံ့ပိုး ဆောင်ရွက်ပေးလျက်ရှိပါတယ်။ Beyond Access Myanmar စီမံကိန်းကို ပူးပေါင်း အကောင်အထည်ဖော်ဆောင်ရွက်ကာ သင်တန်းများ၊ ဒီဂျစ်တယ်စနစ်ပိုင်းလိုအပ်ချက်များကို ပြည့်ပြည့်ဝဝ ပံ့ပိုးပေးနိုင်တဲ့အများပိုင်ခေတ်မီစာကြည့်တိုက်ပေါင်း ၉၀ ပေါ်ထွက်လာမှာဖြစ်တဲ့အတွက် အဲဒီစာကြည့်တိုက်တွေနဲ့ ဆက်စပ်လျက်ရှိတဲ့ မြန်မာပြည်သူအများအနေဖြင့် သင့်တင့်လျောက်ပတ်တဲ့ နည်းပညာနဲ့ အင်တာနက် ချိတ်ဆက်မှုရတဲ့ ခေတ်မီစာကြည့်တိုက်များမှာ ခေတ်မီပညာရပ်များကို လေ့လာဆည်းပူးနိုင်တော့မှာဖြစ်ပါတယ်။ လူငယ်လူရွယ်များရဲ့ပညာရေးမှစကာ အလုပ်ခွင်ဝင်နိုင်သည်အထိ ဖွံ့ဖြိုးတိုးတက်မှုအတွက် အဲဒီစာကြည့်တိုက်တွေကနေ အများဆုံး အထောက်အပံ့ရရှိနိုင်တော့မှာ ဖြစ်ပါတယ်"ဟု ပြောကြားခဲ့သည်။

Beyond Access Myanmar စီမံကိန်းကို ၂၀၁၄ ခုနှစ်ကစတင်ပြီး အူရီဒူးမြန်မာနှင့်ပြည်သူ့စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက်လုပ်ဆောင်နေသည့် ပုဂ္ဂလိကအဖွဲ့အစည်းတစ်ခုဖြစ်သည့် Myanmar Book Aid and Preservation Foundation (MBAPF)၊ ပြန်ကြားရေးဝန်ကြီး ဌာန၊ နိုင်ငံတကာပညာရေးကဏ္ဍ တိုးတက်မှုအတွက် နည်းစနစ်ပိုင်းဆိုင်ရာ အထောက်အပံ့ပေးနေသည့် အမေရိကန်အခြေစိုက် IREX တို့နှင့် ပူးပေါင်းပြီး အများပိုင်စာကြည့်တိုက် ၅၅ ခုအား Tablets ပေါင်း ၁၈၇ ခု၊ Routers ပေါင်း ၅၅ ခုတို့နှင့်အတူ အခမဲ့အင်တာနက်ချိတ်ဆက်မှုအပါအဝင် စီမံကိန်းကာလအတွင်း သင်တန်းများပေးခြင်းတို့ကို ပံ့ပိုးကူညီပေးခဲ့သည်။

မယ်သီတာ

# သကြ်ၤန်ပိတ်ရက်အတွက် Vietjet က အထူးလက်မှတ်နှုန်းထားဖြင့် ရောင်းချ

အာရှတွင် လူကြိုက်အများဆုံး လေကြောင်းလိုင်းတစ်လိုင်းဖြစ်သည့် Vietjet က ရွှေမြန်မာခရီးသွားများအတွက် "It is time to Vietjet" ပရိုမိုးရှင်းအစီအစဉ်အဖြစ် အထူးလက်မှတ်များအား ရောင်းချပေးလျက်ရှိကြောင်း Vietjet ၏ သတင်းထုတ်ပြန်ချက်များအရ သိရသည်။

မြန်မာ့ရိုးရာသကြၤန်ပိတ်ရက် ကာလများအတွင်း ဗီယက်နမ်နိုင်ငံ၏ အလှတရားများကို စူးစမ်းရှာဖွေလိုသူများအတွက် အံ့အားသင့်ဖွယ် အထူးလက်မှတ်နှုန်းထားများဖြင့်စောင့်ကြိုလျက်ရှိသည်ဟုဆိုသည်။

ယခုအချိန်သည် ရွှေမြန်မာများအတွက် ခရီးသွားရန် အချိန်ကောင်းဖြစ်သည့်အားလျော်စွာ ရန်ကုန်မှ ဟိုချီမင်းမြို့နှင့် အခြားမြို့များသို့ ထွက်ခွာမည့် ပြည်တွင်းနှင့် နိုင်ငံတကာခရီးသွား လက်မှတ်များအတွက် ပရိုမိုးရှင်းလက်မှတ်များအား ဝယ်ယူရရှိနိုင်မည်ဖြစ်သည်။

မိသားစုဝင်များ၊ သူငယ်ချင်းများဖြင့် နှစ်ပတ်တာအချိန်အတွင်း များပြားလှသော စိတ်လှုပ်ရှားဖွယ်ရာ အတွေ့အကြုံများအား ဗီယက်နမ်နိုင်ငံသို့ သွားရောက်လည်ပတ်ကာ ရှာဖွေနိုင်မည်ဖြစ်သည်။

ဟိုချီမင်းမြို့ရှိ ပြန်လည်ပေါင်းစည်းရေးနန်းတော်၏ မြေအောက်ကွန်ရက်၊ ပြင်သစ်ကိုလိုနီပုံစံ Notre-Dame ဘုရားကျောင်းနှင့် မိုင်ပေါင်း ၁၅၀ (၂၄၀ကီလိုမီတာ) ရှည်လျားသော Cu Chi မြေအောက်လိုဏ်ခေါင်း စသည့်နေရာများအား သွားရောက်လေ့လာနိုင်မည်ဖြစ်သည်။

ထို့ပြင်အခြားသော နေရာများဖြစ်သည့် လှပသောသဲသောင်ယံများရှိသည့် Nha Trang ဒေသရှိ ကမ်းခြေများ၊ ယဉ်ကျေးမှုအဆင့်မြင့်မားသောHoi An မြို့၊ Hue မြို့ဟောင်း၊ ခေတ်မီလှပသော Hanoi မြို့နှင့် ကမ္ဘာ့အမွေအနှစ်စာရင်းဝင် Halong Bay မြို့များအားလည်း သွားရောက်လည်ပတ်နိုင်မည်ဖြစ်သည်။

ပရိုးမိုးရှင်းလက်မှတ်များကို မွန်းတည့် ၁၁ နာရီခွဲမှ မွန်းလွဲ ၁ နာရီခွဲ အတွင်း www.vietjetair.com (စမတ်ဖုန်းများအတွက် https://m. vietjetair.com)တွင်သို့မဟုတ် www.facebook.com/vietjetmyanmar မှ ("Booking" tab ကို နှိပ်ရုံဖြင့်)ဖြင့်လည်းကောင်း၊ Call Center ဖုန်းနံပါတ် ၁၉၀၀၁၈၈၆ သို့ ခေါ်ဆို၍လည်းကောင်း၊ နိုင်ငံတစ်ဝန်းရှိ ခရီးသွားလေယာဉ်လက်မှတ်အရောင်းကောင်တာများတွင် လည်းကောင်း ဝယ်ယူနိုင်ပြီဖြစ်သည်။ ငွေပေးချေမှုများကို Visa, Master Card, JCB, KCP နှင့် American Express ကတ်များဖြင့် ပေးချေနိုင်ကြောင်း သိရသည်။

မယ်သီတာ

# မကွေးတိုင်းဒေသကြီးရှိ ရွာဟောင်းကန်ကျေးရွာတွင် MPT က စက်ရေတွင်းတစ်တွင်းကို အောင်မြင်စွာ တူးဖော်နိုင်ခဲ့

MPT က ဆောင်ရွက်လျက်ရှိသည့် သန့်ရှင်းပြည့်ဖြိုး ရေအကျိုးအစီအစဉ်များအနက်မှ တစ်ခုဖြစ်သည့် မကွေးတိုင်းဒေသကြီး၊ မကွေးမြို့ရှိ ရွာဟောင်းကန်ကျေးရွာတွင် စက်ရေတွင်း တစ်တွင်းကို အောင်မြင်စွာတူးဖော်နိုင် ခဲ့ပြီဖြစ်ကြောင်း MPT ၏ သတင်းထုတ်ပြန်ချက်များအရ သိရသည်။

MPT သည် သန့်ရှင်းကောင်းမွန်သောရေကိုရရှိရန် အထူးလိုအပ်နေသည့် အရပ်ဒေသများတွင် ရေအခက်အခဲများအား ကူညီဖြေရှင်းပေးနိုင်ရန်အတွက် မြန်မာတစ်နိုင်ငံလုံးအတိုင်းအတာဖြင့် သန့်ရှင်းပြည့်ဖြိုးရေအကျိုးအစီအစဉ်ကို ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ သန့်ရှင်းပြည့်ဖြိုး ရေအကျိုးအစီအစဉ်ကို MPTအနေဖြင့် မြန်မာကျပ်ငွေ သိန်းပေါင်း ၂၀၀၀ ကို အသုံးပြုပြီး ရေရှားပါးသည့် အရပ်ဒေသများ၏ ရေအခက်အခဲများကို ကူညီဖြေရှင်းပေးနိုင်ရန် ရည်ရွယ်ချက်ဖြင့် စတင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အထူးသဖြင့် ပူပြင်းခြောက်သွေ့သော ရာသီများတွင် အဆိုပါစက်ရေတွင်းမှတစ်ဆင့် ဒေသခံပြည်သူများအတွက်အမှန်တကယ်လိုအပ်နေသည့် သန့်ရှင်းကောင်းမွန်သော ရေများကို လုံလောက်စွာ ဖြည့်တင်းပေးနိုင်မည်ဖြစ်သည်။

မကွေးမြို့၊ ရွာဟောင်းကန်ကျေးရွာတွင်တူးဖော်ခဲ့သည့် အဝီစိတွင်းကို ရွာဟောင်း ကန်ကျေးရွာနှင့်အနီးပတ်ဝန်းကျင်ကျေးရွာများမှ ရွာသူရွာသားများ ရေရှည်သုံးစွဲနိုင်ရန်အတွက် စက်ပိုင်းဆိုင်ရာနှင့် ကုန်ကျစရိတ်ပိုင်းဆိုင်ရာတို့တွင် အကောင်းဆုံးဒီဇိုင်းကို အသုံးပြုကာ တူးဖော်တည်ဆောက်ထားခြင်းဖြစ်သဖြင့် ဒေသခံသုံးစွဲသူများအနေဖြင့် ရေကောင်းရေသန့်များကို တစ်နိုင်တစ်ပိုင် အလုံအလောက်ရရှိကာ နှစ်ပေါင်းများစွာအသုံးပြုနိုင်မည်ဖြစ်ကြောင်း သိရသည်။

MPT သည်ဒေသဆိုင်ရာ ဖွံ့ဖြိုးရေးဌာနများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ(NGO)နှင့်ပူးပေါင်းဆောင်ရွက်ကာ မြန်မာနိုင်ငံတစ်ဝန်းရှိ အရပ်ဒေသများတွင် စက်ရေတွင်းများနှင့် မိုးရေစုကန်များကို လိုက်လံတူးဖော်ဆောင်ရွက်ပေးလျက်ရှိသည်။

ယခုတူးဖော်ပြီးစီးသည့် ရေတွင်းကို မြန်မာနိုင်ငံတွင် ကြုံတွေ့နေရသော ဆင်းရဲနွမ်းပါးမှုနှင့် ခွဲခြားဆက်ဆံမှုတို့ကဲ့သို့သော ပြဿနာများကို ရင်ဆိုင်ကူညီဖြေရှင်းပေးလျက်ရှိသော ဂျပန်အဖွဲ့အစည်းတစ်ခုဖြစ်သည့် BAJ က တည်ဆောက်ပေးခြင်းဖြစ်သည်။

BAJ သည် ရာပေါင်းများစွာသော နိုင်ငံတကာအဆင့်မီ ရေတွင်းရေကန်များကို နှစ်ပေါင်းများစွာကပင် တူးဖော်တည်ဆောက် ပေးလျက်ရှိသည့် အဖွဲ့အစည်းတစ်ခုဖြစ်သည်။




ယခုစက်ရေတွင်းသည် အနက် ၆၀၀ ပေ (၁၈၂ မီတာ)ရှိပြီး အစီအစဉ်တစ်လျှောက်အနက်ဆုံး၊ ကုန်ကျစရိတ်အများဆုံးနှင့် နည်းပညာပိုင်းဆိုင်ရာ စိန်ခေါ်မှုအများဆုံး အဝီစိတွင်းတစ်တွင်းဖြစ်ကြောင်း သိရသည်။

ရွာဟောင်းကန် ကျေးရွာအုပ်ချုပ်ရေးမှူး ဦးသိန်းရွှေက"ကျွန်တော်တို့ရွာကို ဒီလိုရေရရှိဖို့ အဘက်ဘက်က ကူညီပံ့ပိုးပေးကြတဲ့အတွက် ဒီနှစ်နွေရာသီမှာ ရေပြတ်လပ်မှုကိုမကြုံတွေ့နိုင်တော့လို့ အတိုင်းမသိ စိတ်ချမ်းသာမိပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်တို့ရွာက လက်ရှိ အသုံးပြုနေတဲ့ နှစ် ၃၀ သက်တမ်းရှိတဲ့ ရေတွင်းဟောင်းကြီးက ရေအလုံအလောက် မရနိုင်တော့သလို အထူးသဖြင့် ရွာအတွက် တကယ်လိုအပ်တဲ့ပမာဏကို ထုတ်မပေးနိုင်တော့တာပါပဲ။ ကျွန်တော်တို့ ရွာသူရွာသားအားလုံး ဝမ်းမြောက်ရတာကတော့ ဒီရေတွင်းအသစ်ကြီးနဲ့အတူ အနာဂတ်ကာလမှာ အချိန်အကြာကြီး အသုံးပြုလို့ရတဲ့အထိ လူထုအခြေပြုစနစ်နဲ့အတူ အသုံးပြုနိုင်တဲ့ နည်းလမ်းကို ဖန်တီးထားတဲ့အတွက် ကျေးရွာက မိသားစုဝင်တွေအတွက် သန့်ရှင်းတဲ့ရေကို သုံးစွဲနိုင်တော့မှာဖြစ်ပါတယ်။ ပူပြင်းပြီး ရေပြတ်လပ်တဲ့အချိန်မရောက်ခင် ဒီရေတွင်းကို အချိန်မီအသုံးပြုနိုင်ဖို့က ကျွန်တော်တို့အတွက် အခုအချိန်မှာ အရေးအကြီးဆုံးကိစ္စပါပဲ"ဟု ပြောကြားခဲ့သည်။

ထို့ပြင် MPT သည် ပေါင်းစုလုပ်အား အကူအညီပေးရေးအဖွဲ့ (NAG) နှင့်ပူးပေါင်းဆောင်ရွက်ကာ ယခုအစီအစဉ်ကို မန္တလေးတိုင်း၊ စစ်ကိုင်းတိုင်း၊ ဧရာဝတီတိုင်း၊ ပဲခူးတိုင်းနှင့် မွန်ပြည်နယ်တို့အပါအဝင် နေရာပေါင်း ၁၀ နေရာအထိ ပူပြင်းခြောက်သွေ့သော နွေရာသီမရောက်မီ အပြီးတူးဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

MPT အနေဖြင့် စက်ရေတွင်းတူးဖော်ရန် အဆင်မပြေသော အရပ်ဒေသများတွင်ငင်းဒေသ၏ လိုအပ်ချက်နှင့်အညီ မိုးရေလှောင်ကန်များ တူးဖော်ခြင်း၊ ရေပိုက်သွယ်ခြင်းတို့ကို ပြုလုပ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**မယ်သီတာ**

# Junction City ၏ Phase I ကို မတ်လ ၃၁ ရက်တွင် စတင်ဖွင့်လှစ်

ရွှေတောင်အုပ်စုနှင့် Keppel Land တို့ ပူးတွဲတည်ဆောက်လျက်ရှိသည့် Junction City ၏ Phase I ကို မတ် ၃၁ ရက်ကစတင် ဖွင့်လှစ်လိုက်ပြီဖြစ်သည်။

အဆိုပါ Junction City တွင် လက်လီအရောင်းဆိုင်များ၊ ရုံးခန်းနေရာများ၊ ကြယ်ငါးပွင့်အဆင့်ရှိသည့် ဟိုတယ်ဝန်ဆောင်မှုများ၊ နာမည်ကျော်ကြား လူသိများသည့်ကုန်အမှတ်တံဆိပ်များဖြစ်သည့် Coach, Hugo, Boss, Versace, DAKS, Etienne Aigner, Love Moschino, PANDORA, BreadTalk, Crystal Jade Kitchen နှင့် IPPUDO Ramen စသည့် ကုန်ပစ္စည်းများ၊ ကမ္ဘာတစ်ဝန်းမှ ဖက်ရှင်၊ အလှအပ၊နည်းပညာ၊အစားအသောက်နှင့် လူနေမှုဘဝပုံစံဆိုင်ရာ ပစ္စည်းများ စသည့်အရောင်းဆိုင်ပေါင်း ၂၄၀ ကျော်တို့ ရောင်းချကြမည်ဖြစ်သည်။

ထို့ပြင် အဆိုပါ Junction City တွင် ကစားနည်းမျိုးစုံကစားနိုင်သည့် Kidzon ကစားကွင်းနှင့် ရုပ်ရှင်ပိတ်ကားအား Starium နည်းပညာဖြင့် ဖန်တီးထားသည့် ခေတ်မီရုပ်ရှင်ရုံများလည်း ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

ယင်း Junction City သည် ရန်ကုန်မြို့၏ အဓိကအချက်အခြာကျသည့်နေရာဖြစ်သည့် ဗိုလ်ချုပ်အောင်ဆန်းလမ်းနှင့် ရွှေတိဂုံဘုရားလမ်းထောင့်တွင် တည်ရှိပြီး စင်ကာပူနိုင်ငံမှ ဗိသုကာလုပ်ငန်းဆုတံဆိပ်ရှင် DP Archiects က ဒီဇိုင်းရေးဆွဲထားခြင်းဖြစ်ပြီး Keppel Land ကုမ္ပဏီနှင့် ရွှေတောင်ကုမ္ပဏီတို့ ပူးတွဲဆောက်လုပ်ထားခြင်းဖြစ်ကြောင်း သိရသည်။

Junction City တွင် အထပ်ပေါင်း ၂၃ ထပ်ပါဝင်သည့် Junction City Tower တွင် (A)အဆင့်ရှိသည့် ရုံးခန်းများပါဝင်ကြောင်း သိရသည်။

အဆိုပါ Junction City ကို လျှပ်စစ်သုံးစွဲမှုကို လျှော့ချပြီး သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းသည့်ပုံစံဖြင့် ဆောက်လုပ်ထားပြီး သဘာဝအလင်းရောင်ရရှိစေရန် စီမံဖန်တီးဆောက်လုပ်ထားကြောင်း သိရသည်။

ထို့ပြင် အဆိုပါ Junction City ၏ Phase I တွင် ကားအစီးရေ ၄၅၀ ကျော်ရပ်နားနိုင်သည့် ယာဉ်ရပ်နားစခန်းပါရှိပြီး Phase II ပြီးစီးပါက ကားစီးရေ ပေါင်း ၁၅၀၀ ကျော် ရပ်နားနိုင်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ Junction City တွင် Pan Pacific Hotels & Resort ကို လည်း တွဲဖက်ဆောက်လုပ်လျက်ရှိရာ အဆိုပါဟိုတယ်ကို ၂၀၁၇ ခုနှစ်နှောင်းပိုင်းကာလတွင်ဖွင့်လှစ်နိုင်မည်ဖြစ်သည် ဟုဆိုသည်။

Junction City မြေနေရာသည် ယခင်က ဗိုလ်ချုပ်ဈေးသစ်(လဟာပြင်ဈေး) နေရာဖြစ်ပြီး ယခုဆောက်လုပ်ပြီး စီးသည့်အခါတွင်လည်း ဗိုလ်ချုပ်ဈေးသစ်မှ ဈေးသည်များအား မူလဆိုင်ခန်းနေရာများအတိုင်း ပြန်လည်နေရာချထားပေးခဲ့ကြောင်း သိရသည်။

မယ်သီတာ

# Golden Valley Cluster House ဖွင့်ပွဲနှင့်အတူ Co-Developer ဖြစ်သည့် မြေရှင် ဒေါ်သန်းသန်းနှင့်မိသားစုအား သော့အပ်နှင်းခြင်းအခမ်းအနား ကျင်းပမည်

မြန်မာနိုင်ငံ၏ နံပါတ်တစ် အိမ်ခြံမြေ ရောင်းဝယ်ငှားဝက်ဘ်ဆိုဒ်ဖြစ်သည့် iMyanmarHouse.com နှင့် Naing Group Capital Co., Ltd. တို့က ကြီးမှူး၍ လာမည့် ဧပြီ ၇ရက်နှင့် ၈ရက်တို့တွင် Golden Valley Cluster House ဖွင့်ပွဲ၊ အိမ်/မြေရှင် မိခင် ဒေါ်သန်းသန်းနှင့် သားသမီးများဖြစ်သည့် ထပ်ဆင့်အကယ်ဒမီဦးလူမင်းနှင့် ဒေါ်ခင်စံပယ်ဦးတို့ထံ သော့အပ်နှင်းခြင်း အခမ်းအနားနှင့်အတူ ၂၀၁၇ ခုနှစ်အတွင်း တည်ဆောက်ပြီးစီးမည့် ကွန်ဒိုအရောင်းပြပွဲကြီးကိုပါ ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

Naing Group Capital Co., Ltd. အနေဖြင့် Cluster House အပါအဝင် ၂၀၁၇အတွင်း ဆောက်လုပ်ပြီးစီးမည့် စီမံကိန်းကိုးခုမှ ကွန်ဒိုအခန်းများကိုလည်း အဆိုပါ Cluster House ဖွင့်ပွဲအခမ်းအနား ပြုလုပ်မည့်ရက်များတွင် နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ အရောင်းပြပွဲပြုလုပ်၍ ရောင်းချပေးသွားမည်ဖြစ်သည်။

အရောင်းပြပွဲပြုလုပ်သည့် ရက်များအတွင်း လာရောက်အားပေးဝယ်ယူပါက ကျပ်သိန်း ၃၀၀ မှ ကျပ်သိန်း ၃၀၀၀ အထိ သက်သာမည့် အထူး အခွင့်အရေးများကို ရရှိနိုင်ကြောင်း သိရသည်။ ထို့ပြင် ဘဏ်နှင့်ချိတ် ဆက်၍ နှစ်ရှည်အရစ်ကျစနစ်ဖြင့် ဝယ်ယူနိုင်ရန် စီစဉ်ထားကြောင်း သိရသည်။

Golden Valley Cluster House ကို မြေပိုင်ရှင်ဖြစ်သူ ဒေါ်သန်းသန်းနှင့်




Naing Group Capital Co., Ltd. တို့ အကျိုးတူပူးပေါင်းဆောင်ရွက်ခြင်းဖြစ်ပြီး ယခုရောင်းချသည့် Cluster House များမှာ Naing Group Capital Co., Ltd. မှ ရရှိသည့်အခန်းများကို ရောင်းချပေးခြင်းဖြစ်ကြောင်း Naing Group Capital Co., Ltd. ၏ အထွေထွေမန်နေဂျာ ဦးရန်နောင်ဝင်းက ပြောကြားခဲ့သည်။ အဆိုပါ Cluster များကို တစ်စတုရန်းပေလျှင် ကျပ် လေးသိန်းခွဲမှ ငါးသိန်းခွဲကြားတွင် ရှိမည်ဖြစ်ကြောင်းသိရသည်။ Golden Valley Cluster House သည် အမှတ် (၁၀) ရွှေတောင်ကြားလမ်းတွင် တည်ရှိပြီး စိတ်ဝင်စားသူများ လာရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

မယ်သီတာ

# လှိုင်ကော်ခရိုင် စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၃/၂၀၁၇) ကျင်းပ



လှိုင်ကော်ခရိုင် စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၏လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၃/၂၀၁၇) ကို မတ်လ ၂၉ရက်က ခရိုင်အထွေထွေအုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့ရာ ခရိုင်အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ တက်ရောက်ခဲ့ကြသည်။

အစည်းအဝေးတွင် စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ဥက္ကဋ္ဌ၊ ခရိုင်အထွေထွေအုပ်ချုပ်ရေးမှူး ဦးစန်းဝင်းက အဖွင့်အမှာစကား ပြောကြားခဲ့ပြီး အတွင်းရေးမှူး ဒေါ်မြို့ရီက ယခင်လုပ်ငန်း ညှိနှိုင်းအစည်းအဝေး (၂/၂၀၁၇) ဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်နိုင်မှု အခြေအနေများနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြရာတွင် ကုန်စည် (သို့) ဝန်ဆောင်မှုများကို ဝယ်ယူသုံးစွဲရာ၌ စားသုံးသူပြည်သူများ ဆုံးရှုံးမှုနှင့် နစ်နာမှုမရှိစေရန်နှင့် စားသုံးသူတို့ရသင့်ရထိုက်သော စားသုံးသူအခွင့်အရေးများနှင့် ဥပဒေများကို အများပြည်သူ သိရှိစေရန်၊ အသိပညာပေးလုပ်ငန်းများကို ခရိုင်အတွင်း အကျယ်တဝင့် လုပ်ဆောင်သွားမည်ဖြစ်ကြောင်း၊ ဈေးများ၊ လက်လီလက်ကား ရောင်းချသည့် ကုန်စုံဆိုင်များ၌ ကွင်းဆင်းစစ်ဆေးရာတွင်လည်း ကုန်ပစ္စည်းများ၏ ထုပ်ပိုးမှုစံချိန်စံညွှန်းနှင့် ကိုက်ညီသည့် ပစ္စည်းများသာ ရောင်းချစေရေးအတွက် အဖွဲ့ဝင်များနှင့်အတူ ကြပ်ကြပ်မတ်မတ် ပညာပေး ဆောင်ရွက်မည်ဖြစ်ပြီး စားသောက်ကုန် ထုတ်လုပ်သည့် လုပ်ငန်းရှင်များနှင့်လည်း တွေ့ဆုံဆွေးနွေးသွားမည်ဖြစ်ကြောင်း တင်ပြဆွေးနွေးခဲ့ပြီးနောက် တက်ရောက်လာကြသော အဖွဲ့ဝင်အသီးသီးက ပြန်လည်ဆွေးနွေးခဲ့ကြကြောင်း သတင်း ရရှိပါတယ်။

**ကျော်ဇင်ထွေး (စားသုံးသူ၊ ကယား)**



# ပုသိမ်မြို့ရှိ စည်ပင်သာယာဈေးများအတွင်း ကွင်းဆင်းပညာပေး ဟောပြော

ပုသိမ်ခရိုင် စားသုံးသူရေးရာဦးစီးဌာနသည် မိတ်ဖက်အဖွဲ့များနှင့် ပူးပေါင်း၍ မတ် ၂၉ ရက်က ပုသိမ်မြို့စည်ပင် သာယာဈေးများဖြစ်သော မြို့မဈေး၊ မြို့သစ်ဈေးတို့တွင် ကွင်းဆင်း၍ စားသုံးသူအကာအကွယ်ပေးရေးနှင့် ပတ်သက်၍ အသိပညာပေး ဟောပြောဆွေးနွေးခြင်းများကို ဆောင် ရွက်ခဲ့ပါသည်။

ဟောပြောဆွေးနွေးရာတွင် ဈေးဆိုင်ပိုင်ရှင်များ အနေနှင့် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ စားသုံးရန်မသင့်ဟု ထုတ်ပြန်ထားသော စားသုံးဆီများ၊ ငရုတ်သီးမှုန့်များအား ရောင်းချခြင်းမပြုရန်၊ ခွင့်မပြုဆိုးဆေးများ၊ ယင်မနားဆေးများ၊ ဖော်မလင်များအား သုံးစွဲခြင်းမပြု ကြရန်၊ ဌာနအနေဖြင့် ရောင်းချသူများအား ကွင်းဆင်းစိစစ် အသိပညာပေး ဆွေးနွေးသလို စားသုံးသူများအားလည်း အသိပညာပေး ဆွေးနွေးခြင်းများကို လစဉ် စီမံချက်ရေးဆွဲ၍ ရပ်ကွက်၊ ကျေးရွာများအထိ ကွင်းဆင်းဟောပြော ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ မိမိတို့အကျိုးစီးပွားတစ်ခုတည်းကိုသာ ရှေ့ရှု၍ စားသုံးသူများ အန္တရာယ်ဖြစ်စေရန် လိမ်လည် ထုတ်လုပ်သည့်လုပ်ငန်းရှင်များနှင့် ရောင်းချသူများကိုလည်း ပုသိမ်ခရိုင် စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၊ တိုင်းစားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့များက သတင်းအရစစ် ဆေးခြင်း၊ ရှောင်တခင်စစ်ဆေးခြင်းများ ပြုလုပ်၍ထိရောက်စွာ အပြစ်ပေးအရေးယူမည်ဖြစ်ကြောင်း ဟောပြောဆွေးနွေး ခဲ့သည်။

**မောင်ပုသိမ်**

# တောင်ကြီးမြို့ရှိရပ်ကွက်များတွင် စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေးဟောပြောဆွေးနွေးပွဲများကျင်းပ

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးမြို့ရှိ ရပ်ကွက်များတွင် စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေး ဟောပြောပွဲများကို ပြည်နယ်ဦးစီးမှူး ဦးမြသန်း၏ ဦးဆောင်မှုဖြင့် ကျင်းပလျက်ရှိပါသည်။

တောင်ကြီးမြို့ စပ်စံထွန်း ရပ်ကွက်၊ ညောင်ဖြူစခန်းရပ်ကွက်၊ ရတနာသီရိရပ်ကွက်တို့တွင် ဦးစီးမှူး ဦးစောမောင် ဦးဆောင်သောအဖွဲ့က မတ်လ ၁၆ ရက်တွင်လည်းကောင်း၊ ကန်ရှေ့ရပ်ကွက်၊ ချမ်းမြသာစည်ရပ်ကွက်တို့တွင် ဦးစီးမှူး ဦးသန်းတိုး ဦးဆောင်သော အဖွဲ့က မတ်လ ၂၁ ရက်တွင် လည်းကောင်း၊ ကျောင်းကြီးစုရပ်ကွက်၊ သစ်တောရပ်ကွက်၊ လမ်းမတော်ရပ်ကွက်တို့တွင် ဒုတိယဦးစီးမှူး ဒေါ်စောယုထွေး ဦးဆောင်သောအဖွဲ့က မတ်လ ၂၂ ရက်တွင်လည်းကောင်း၊ ရေအေးကွင်းနှင့်မင်္ဂလာဦး ရပ်ကွက်၊ ကံကြီးရပ်ကွက်၊ ဘုရားဖြူရပ်ကွက်တို့တွင် ဦးစီးမှူး ဦးစောမောင် ဦးဆောင်သော အဖွဲ့က မတ်လ ၂၃ ရက်တွင်လည်းကောင်း အသီးသီး ဟောပြောဆွေးနွေးခဲ့ကြတယ်လို့ သိရပါသည်။

ဟောပြောဆွေးနွေးပွဲများတွင် ဦးစီးမှူး ဦးစောမောင်နှင့် ဦးသန်းတိုးတို့က စားသုံးသူအကာအကွယ်ပေးရေး ဥပဒေနှင့် စားသုံးသူနစ်နာ ဆုံးရှုံးမှုအတွက် တိုင်ကြားရမည့် ပုံစံများ၊ ကုန်စည်နှင့် ဝန်ဆောင်မှုကို အသုံးမပြုမီ ဆောင်ရွက်ရမည့် နည်းလမ်းများ၊ ဒုတိယဦးစီးမှူးဒေါ်စောယုထွေးနှင့် အငယ်တန်းစာရေးဒေါ်ထူးအိန္ဒြာဗိုလ်တို့က စံမမီ လူသုံးကုန်ပစ္စည်း များ ၊ ကုန်စည်နှင့်ဝန်ဆောင်မှုကို အသုံးပြုရာတွင် ပြေစာလိုအပ်ပုံနှင့် ကုန်အမှတ်တံဆိပ်အကြောင်း၊ အကြီးတန်း စာရေး ဦးဇော်ဇော်လတ်နှင့် အငယ်တန်းစာရေးဦးအံ့ကျော်ပိုင်တို့က စံမမီဆိုးဆေးအန္တရာယ်နှင့် အချိုမှုန့်အကြောင်း၊ အကြီးတန်းစာရေး ဒေါ်သီသီထွေးနှင့် အငယ်တန်းစာရေး ဒေါ်မိုးသဥ္စာလွင်တို့က အသားငါးများတွင် တာရှည်ခံဆေး သုံးစွဲထားမှုနှင့် ဓာတုဓာတ်ကြွင်းပါ သစ်သီးဝလံများအကြောင်း၊ အငယ်တန်းစာရေး ဒေါ်နန်းခမ်းခြူးက ကွမ်းယာ/ဆေးလိပ် သုံးစွဲမှုကြောင့် ကျန်းမာရေး၊ စီးပွားရေးဆုံးရှုံးနစ်နာ မှုများတို့ကို အကျယ်တဝင့် ဆွေးနွေးခဲ့ကြပါသည်။

ဟောပြောဆွေးနွေးသည့်ရပ်ကွက်များတွင် တက်ရောက်လာကြသူများအား လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများအား ဥပဒေစာအုပ်များ၊ တိုင်ကြားမှုပုံစံများ၊ နိုင်ငံတော်မှ ထုတ်ပြန်ထားသော သုံးစွဲရန် မသင့်သည့် အစားအသောက်နှင့် လူသုံးကုန်ပစ္စည်းစာရင်းပါ စာအုပ်များ၊ ပေးအပ်ခဲ့ပြီး အဆိုပါ ရပ်ကွက်များတွင် အင်အား ၇၅၂ ဦး တက်ရောက်ခဲ့ကြောင်း သတင်းရရှိပါသည်။

**စောမောင်(တောင်ကြီး)**

# ဝေါ်မြို့နယ်အတွင်း ထုတ်ကုန် လုံခြုံစိတ်ချရမှုရှိစေရေး ဆောင်ရွက်

ပဲခူးတိုင်းဒေသကြီး ဦးစီးမှူးရုံးမှ ဒုတိယဦးစီးမှူး ဦးသိန်းဆွေနှင့် ဝန်ထမ်းများသည် ဝေါ်မြို့နယ်တာဝန်ခံ ဦးမြင့်သိန်းနှင့် ပူးပေါင်း၍ မတ်လ ၂၉ ရက်က ဝေါ်မြို့နယ်၊ အဗျားတာကျိုး ကျေးရွာအတွင်းရှိ မိုးသိင်္ဂီဟာလာ ဆန်စက်နှင့် အဗျားတာကျိုးကျေးရွာ၊ ဆတ်သွားခြုံကျေးရွာတို့ရှိ ငါးခြောက် ဆိုင်တန်းများ၊ ကုန်စုံဆိုင်တန်းများတွင် ထုတ်လုပ်ရောင်းချလျက်ရှိသည့် ကုန်ပစ္စည်းများအား ထုတ်ကုန်လုံခြုံစိတ်ချရမှု ရှိစေရေး ကိစ္စရပ်များအား ဆွေးနွေးခဲ့သည်။

မိုးသိင်္ဂီ ဟာလာဆန်စက်တွင် လုပ်ငန်းခွင်အန္တရာယ် ကင်းရှင်းရေး၊ ပတ်ဝန်းကျင်သန့်ရှင်းရေး၊ တရားဝင်ထုတ်လုပ် ရောင်းချရေးတို့ကို ဆွေးနွေး ပြောကြားခဲ့သည်။

အလားတူ ဝေါ်မြို့နယ်အတွင်းရှိ အဗျားတာကျိုးကျေးရွာနှင့် ဆတ်သွားခြုံကျေးရွာတို့တွင် ရောင်းချလျက်ရှိသည့် ငါးခြောက်များနှင့် ကုန်မျိုးစုံတို့တွင် ယင်မနားဆေး အသုံးမပြုရေး၊ သက်တမ်းလွန်အစားအစာများ မရောင်းချရေး၊ ဆိုးဆေးပါဝင်သော အစားအစာများ၊ FDA မှ ထုတ်ပြန်ထားသည့် စားသုံးရန်မသင့်သည့် ကုန်ပစ္စည်းများအား ရောင်းချမှုမရှိစေရေးတို့အတွက် ဆွေးနွေးဟောပြောခဲ့ကြောင်း သတင်းရရှိပါသည်။

**သိန်းဆွေ (ပဲခူး)**

# မုံရွာမြို့နယ်၊ သာစည်ကျေးရွာအုပ်စုမှကျေးရွာများ၌ စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေးဟောပြောပွဲကျင်းပ

စားသုံးသူရေးရာဦးစီးဌာန၊ မုံရွာခရိုင်ဦးစီးမှူးရုံးနှင့် မုံရွာမြို့နယ်ရုံးမှ ဝန်ထမ်းများသည် မတ်လအတွင်းက သာစည်ကျေးရွာအုပ်စုမှ တွင်းချောင်းကျေးရွာ၊ သာစည်ကျေးရွာ၊ ရွာသာကျေးရွာ၊ ထန်းပင်လှကျေးရွာများနှင့် ကျောက်စစ်ပုံမြောက်ရွာသို့ သွားရောက်၍ စားသုံးသူ အကာအကွယ်ပေးရေးဆိုင်ရာ ဟောပြောပွဲများကျင်းပခဲ့ပါသည်။

ဟောပြောပွဲတွင် မုံရွာခရိုင် ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်အောင်က စားသုံးသူအကာအကွယ်ပေးရေး ဥပဒေအကြောင်း၊ စားသုံးသူ အခွင့်အရေးနှင့် တာဝန်များ၊ စီးပွားရေးလုပ်ငန်းရှင်များ၏ အခွင့်အရေးနှင့် တာဝန်များ၊ စားသုံးသူ အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ ဖွဲ့စည်းထားရှိမှုနှင့် လုပ်ငန်းတာဝန်များ၊ အရေးယူပိုင်ခွင့်၊ ပြစ်မှု၊ ပြစ်ဒဏ်များအကြောင်း ပြောကြားခဲ့ပါသည်။ မုံရွာ ခရိုင်ဒုတိယဦးစီးမှူး ဒေါ်သန်းသန်းတင်က စားသုံးသူအကာအကွယ်ပေးရေး ကိစ္စများ ဆောင်ရွက်ရမည်မှာ စားသုံးသူများ ကိုယ်တိုင်ပင်ဖြစ်ကြောင်း၊ မိမိတို့၏ သားသမီးများကို အန္တရာယ်ကင်းသည့် အစားအသောက်များကို စားသောက်တတ်သည့် အလေ့အကျင့်ကောင်းများ မွေးမြူတတ်အောင်သင်ကြားပေးရန်၊ အာဟာရဖြစ်စေမည့် အစားအသောက်များကိုသာ ရွေးချယ်စားသုံးကြရန် ပြောကြားခဲ့ပါသည်။

မုံရွာမြို့နယ် တာဝန်ခံ ဒေါ်သင်းယုနွယ်က ဘေးအန္တရာယ်ရှိသော အစားအသောက်များအကြောင်း သိကောင်းစရာ၊ အစားအသောက်တွင် သုံးစွဲရန် ခွင့်မပြုထားသော ဆိုးဆေးများအန္တရာယ်နှင့် ခွင့်မပြု ဓာတုဆိုးဆေးများအကြောင်း စသည်ဖြင့် ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သတင်းရရှိပါသည်။

**သန်းသန်းတင် (မုံရွာ)**

JTC AUTO TOOLS

BANZAI AUTO TOOLS




ရန်ကုန် - အမှတ်(၈၃)၊ မြေညီထပ်၊ ကျောင်းကြီးလမ်း၊ ကြည့်မြင်တိုင်။
ဖုန်း - ၀၁ - ၉၃၁၇၆၅၂၊ ၅၂၆၂၆၀၊ ၀၉ - ၇၉၅၂၅၇၁၀၁၊ ၀၉ - ၂၅၀၁၄၈၂၃၂၊
၀၉ - ၈၆၅၀၁၉၅၊ ဖက်(စ်) ၀၁ - ၅၃၇၁၃၅

တောင်ဒဂုံ - အမှတ် - ၈၀၃(ခ)၊ ၈၀၄(က)၊ မြသီဂီလမ်း၊ ၂၆ - ရပ်ကွက်၊ တောင်ဒဂုံ။
ဖုန်း - ၀၉ - ၇၉၅၂၅၇၁၀၄

ဘုရင့်နောင်ဈေး - အမှတ်(၁/၄၇)၊ အခန်း(၇)၊ ဘုရင့်နောင်လမ်း။
ဖုန်း - ၀၁ - ၆၈၆၆၃၄၈၊ ၀၉ - ၄၂၀၂၂၃၀၅၊ ၀၉ - ၇၉၅၂၅၇၁၀၃

မန္တလေး - ၁၀/၂၃၊ ယောမင်းကြီးလမ်း၊ ၆၇ × ၆၈ လမ်းကြား၊ (ချ) ရပ်ကွက်၊ စက်မှုဇုန်(၁)၊
ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။
ဖုန်း - ၀၂ - ၅၁၅၄၂၅၁၊ ၀၉ - ၇၃၀၃၇၂၄၁၊ ၀၉ - ၇၉၅၂၅၇၁၀၂

MOE NANTAW
TRANSPORTATION CO.,LTD
CONTAINER & GENERAL CARGO TRANSPORT SERVICES



▲ CONTAINER & GENERAL CARGOES ▲ MACHINERIES & EQUIPMENT
▲ PROJECT CARGOES

No. 78/82, Room No. 101, Botahtaung Zay Street, (3)Qtr,
Botahtaung Tsp, Yangon.
Ph : 01-201814, 201815, 203401, 203098, 09 5162622, 09 8633771,
(Res) 01-376694
aungmoe2772@gmail.com

PPC
Property People Connection

Under Management of Established Company
" PPC Group of Companies" in Singapore



**Property Services**
- Property Management
- M & E Services
- Cleaning
- Security

**Renovation Service**
- Renovation of Existing Building
- Painting, Roofing, Flooring, Ceiling
- Installation of Electricity & Plumbing
- Consultancy Services

**Real Estate Services**
- Leasing, Purchasing & Selling

No.22, 1st Floor (Left Room), Thida Road, Kyauk Myaung Gyi Quarter,
Tamwe Township, Yangon, Myanmar.Tel : 09-260258485, 09-776432964
Email : ppcmyanmar@gmail.com | Website : www.ppcmyr.net

SP SHAYT PYAYE AGENCY
Authorized Customs Brokers & Forwarding Agency

Daw Win Win Maw
(Authorized Signature)

off:
No. 9/11, Room No. (006)
36th Short Street,
Kyauktada T/S, Yangon.

Res:
No. 17, First Floor, Sinyaekan Street,
Sinmin Ward, Ahlone T/S, Yangon.
Tel: 01-215640 , Fax: 01 372221

Tel : 09-51-88382, 09-49-270621, 09-50-85837, 09-50-86990
E-mail; shaytpyaye081@gmail.com

AMA

Daw Win Win Maw
Managing Director

Aung Maw Aung Co.,LTD

Office ; Bldg-9/11, Rm-006, 36th (Short),
Kyauktada T/S,Yangon, Myanmar.
Tel ; 095188382, 095164354, 095086990
Fax ; 01372221
E-mail; shaytpyaye081@gmail.com
ayesanda2030@gmail.com
aungaungtunyee@gmail.com

# ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်အတွင်းရှိ ဌာနဆိုင်ရာများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ စီးပွားရေးလုပ်ငန်းရှင်များကို စားသုံးသူအကာအကွယ်ပေးရေး ဟောပြောဆွေးနွေး

စားသုံးသူရေးရာ ဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံးမှ ဒုတိယ ညွှန်ကြားရေးမှူး ဦးမင်းသိန်းနှင့် တာဝန်ရှိသူဝန်ထမ်းများ၊ အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန (ရန်ကုန်ရုံးခွဲ)၊ ရန်ကုန်တိုင်း ကျန်းမာရေးဦးစီးဌာနတို့ပူးပေါင်း၍ မတ်လ ၂၉ ရက်က ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနရုံးတွင် စားသုံးသူ အကာအကွယ်ပေးရေး အကြောင်း သိကောင်းစရာများ ဟောပြောဆွေးနွေးပွဲ ကျင်းပပြုလုပ်ခဲ့ပါသည်။

ဟောပြောပွဲတွင် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနမှ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းသန်းက အဖွင့်အမှာစကားပြောကြားခဲ့ပြီး၊ စားသုံးသူရေးရာဦးစီးဌာန၊ ရန်ကုန်တိုင်း ဒေသကြီးဦးစီးမှူးရုံးမှ လက်ထောက် ညွှန်ကြားရေးမှူး ဒေါ်လှလှမော်က စားသုံးသူအကာအကွယ်ပေးရေး ဥပဒေ၏ ရည်ရွယ်ချက်နှင့် စားသုံးသူတို့၏အခွင့်အရေးနှင့်တာဝန် ၊ စီးပွားရေးလုပ်ငန်းရှင်တို့၏ အခွင့်အရေးနှင့်တာဝန်များ၊ တားမြစ်ချက်များကိုလည်းကောင်း၊ အန္တရာယ်ကင်းစားသောက်ကုန်၊ ကုန်စည်နှင့် ဝန်ဆောင်မှုများ၊ ဝယ်ယူအသုံးပြုနိုင်မည့်နည်းလမ်းများ၊ စားသုံးသူများ နစ်နာဆုံးရှုံးမှုရှိလျှင် တိုင်ကြားနိုင်သည့် နည်းလမ်းများကိုလည်းကောင်း၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန(ရန်ကုန်ရုံးခွဲ)မှ ဦးစီးအရာရှိ ဒေါက်တာ နီလာငြိမ်းက ဌာန၏ဆောင်ရွက်ချက်များ၊ အမျိုးသားအစားအသောက် ဥပဒေ၏ ရည်ရွယ်ချက်နှင့် အစားအသောက်တွင် တွေ့ရသော အန္တရာယ်များအကြောင်းကိုလည်းကောင်း၊ ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ်၊ ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှ မြို့နယ်ကျန်းမာရေးမှူးအဆင့်(၁) ဦးထွန်းလှိုင်က ဆေးဝါးနှင့်ပတ်သက်၍ ဌာနဆိုင်ရာများမှ တာဝန်ရှိ သူများနှင့်ပူးပေါင်း၍ ဆေးဆိုင်များကို ကွင်းဆင်းစစ်ဆေးခဲ့မှု အခြေအနေများ၊ ဈေးကွက်အတွင်း ဘေးဥပဒ် အန္တရာယ်ရှိသည့်စားသောက်ကုန်များ ရောင်းချနေမှုကို တွေ့ရှိခဲ့ရသည့်အခြေအနေနှင့်ရှောင်ရှားရန် တို့ကိုလည်းကောင်း၊ စားသုံးသူရေးရာဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးမင်းသိန်းက စားသုံးသူများ၏ နေထိုင်စားသောက်မှု ပုံစံများကို ပြောင်းလဲ၍ ရွေးချယ်ဝယ်ယူစားသုံး/ သုံးစွဲတဲ့ အလေ့အကျင့်ကောင်းများကို ပြုလုပ်သွားရန်နှင့် စားသုံးသူများကို ဘေးဥပဒ်အန္တရာယ်ဖြစ်တဲ့ ကုန်စည်များကို တွေ့ရှိလျှင် သက်ဆိုင်ရာဌာနများသို့ သတင်းပေးပို့သွားရန်နှင့် မိမိတို့၏ဆုံးရှုံးနစ်နာမှုတွေကို သက်ဆိုင်ရာဌာနများသို့ တရားဝင်သတင်းပေးပို့တိုင်ကြားသည့် အလေ့အထကောင်းများကို လုပ်ဆောင်သွားရန်၊ စားသုံးသူရေးရာကိစ္စရပ်များကို အမျိုးသားရေးတာဝန် တစ်ရပ်အနေနှင့်ရှုမြင်ပြီး ပူးပေါင်းပါဝင်ဆောင်ရွက်သွားဖို့ တို့ကိုလည်းကောင်း ဆွေးနွေးပြောကြားသွားပါသည်။

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဝန်ထမ်းများ၊ မြို့နယ်အတွင်းရှိ ဌာနဆိုင်ရာများမှ အရာထမ်း၊ အမှုထမ်းများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေး၊ အမျိုးသမီးရေးရာ၊ ရပ်မိရပ်ဖများ၊ စားသောက်ဆိုင်လုပ်ငန်းရှင်များ၊ ဈေးသူ/ဈေးသားများ စုစုပေါင်း ၁၁၅ ဦး တက်ရောက်ခဲ့ကြပါသည်။

အလားတူ မတ်လ စတုတ္ထပတ်အတွင်း ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံး၏ ကြီးကြပ်မှုအောက်ရှိ အရှေ့ပိုင်းခရိုင်တွင်ငါးနေရာ၊ တောင်ပိုင်းခရိုင်တွင် သုံးနေရာ၊ မြောက်ပိုင်းခရိုင်တွင် သုံးနေရာတို့တွင် စားသုံးသူ အကာအကွယ်ပေးရေးအကြောင်း သိကောင်းစရာ ဟောပြောဆွေးနွေးပွဲများနှင့် ကွင်းဆင်းအသိပညာပေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိပါသည်။

**ခင်မြဦး (စားသုံးသူ)ရန်ကုန်**

## မွန်ပြည်နယ်စားသုံးသူရေးရာဦးစီးဌာနတွင် စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့နှင့် လုပ်ငန်းကော်မတီ နှစ်ရပ်တို့၏ လုပ်ငန်းညှိနှိုင်း အစည်းအဝေး (၂/၂၀၁၇) ကျင်းပ



မွန်ပြည်နယ်စားသုံးသူရေးရာဦးစီးဌာန၏(၂/၂၀၁၇)ကြိမ်မြောက် စားသုံးသူ အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့နှင့် လုပ်ငန်းကော်မတီ နှစ်ရပ်တို့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၂/၂၀၁၇ )ကို မတ်လ ၃၀ ရက်က မွန်ပြည်နယ် စားသုံးသူ ရေးရာဦးစီးဌာန၊ ပြည်နယ် ဦးစီးမှူးရုံး၌ ကျင်းပပြုလုပ်ခဲ့ပါသည်။

အဆိုပါ ညှိနှိုင်းအစည်းအဝေးတွင် မွန်ပြည်နယ်စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ အတွင်းရေးမှူး၊ မွန်ပြည်နယ် စားသုံးသူရေးရာ ဦးစီးဌာန၊ ပြည်နယ်ဦးစီးမှူး ဦးစိုးသန်းအေးက မွန်ပြည်နယ်စားသုံးသူရေးရာ ဦးစီးဌာနအနေဖြင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် လူဦးရေ ၅၉၀၁၀ ဦး အသိပညာပေးနိုင်ပြီးဖြစ်ကြောင်း၊ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် စတုတ္ထသုံးလပတ်တွင် စားသုံးသူအကာအကွယ်ပေးရေး လုပ်ငန်းများ ဆောင်ရွက်ရာတွင် ရာခိုင်နှုန်းအားဖြင့် ၁၀၃ ရာခိုင်နှုန်းဆောင်ရွက်နိုင်ခဲ့ကြောင်း၊ ၂၀၁၆-၂၀၁၇ ဘဏ္ဍာ နှစ်တစ်နှစ်လုံးအတွက် ရာခိုင်နှုန်းအားဖြင့် ၁၄၄ ရာခိုင်နှုန်း ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ ဤကဲ့သို့ ပိုမိုဆောင်ရွက်နိုင်ရခြင်းမှာ တပ်ရင်းတပ်ဖွဲ့များနှင့် ရပ်/ကျေး အသိပညာပေး ဟောပြောပွဲများ ပိုမိုပြုလုပ်နိုင်သည့်အပြင် ဌာနဆိုင်ရာများ၊ မိတ်ဖက်ဌာနများ၊ အသင်းအဖွဲ့များနှင့် မိမိတို့ စားသုံးသူရေးရာ ဦးစီးဌာနမှ ဝန်ထမ်းများက စိတ်အားထက်သန်စွာ ပူးပေါင်းပါဝင်ဆောင်ရွက်မှုများကြောင့်ပင်ဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။

ဒုတိယပြည်နယ်ဦးစီးမှူး ဦးခင်အောင်သွင်က ယခင် အစည်းအဝေးဆုံးဖြတ်ချက်ကို အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးမှု အခြေအနေများနှင့် စားသုံးသူ အကာအကွယ်ပေးရေး အသိပညာပေး လုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်စဉ် ပြည်သူများမှ အကြံပြုတင်ပြခဲ့သည့် အကြံပြုချက်များအား တင်ပြခဲ့သည်။

ဆက်လက်၍ အစားအသောက်နှင့် ဆေးဝါးများကွပ်ကဲရေးဦးစီးဌာန၊ မွန်ပြည်နယ်တာဝန်ခံ ဒေါက်တာစိုးနိုင်က လမ်းဘေးအစားအသောက်များ လုံခြုံမှုရှိစေရေးအတွက် မိတ်ဖက်အဖွဲ့များနှင့် ပူးပေါင်း၍ မြေပြင်ကွင်းဆင်းအသိပညာပေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ နိုင်ငံတကာတွင် ဆောင်ရွက်နေသည့် နည်းလမ်းအတိုင်း လမ်းဘေး အစားအသောက်များ ရောင်းချနေသည့် လမ်းဘေးဈေးသည်များ မိမိတို့နှင့် ပူးပေါင်းပါဝင်လာအောင် အသိပညာပေးရမည်ဖြစ်ကြောင်း၊ စားသုံးသူရေးရာဦးစီးဌာနမှ ဈေးကွက်ကွင်းဆင်းစစ်ဆေး ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် မိမိတို့ဌာနအနေဖြင့် အမြဲတမ်းပူးပေါင်းပါဝင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသွားပါသည်။

**မိုးမိုး(မွန်)**

## ပုသိမ်မြို့စားသုံးသူရေးရာဦးစီးဌာနက ခ-လ-ရ(၃၆) ကျုံပျော်နှင့် ခ-မ-ရ (၃၀၈) သာပေါင်းတို့တွင် စားသုံးသူအကာအကွယ်ပေးရေး ဟောပြော ပွဲကျင်းပ

ပုသိမ်မြို့ စားသုံးသူရေးရာဦးစီးဌာနသည် မတ်လ ၂၄ ရက်က ခ. လ. ရ (၃၆) နှင့် ခ. မ. ရ (၃၀၈) တို့မှ အရာရှိ၊ အရာခံ၊ အကြပ်စစ်သည်များနှင့် ရဲမေတို့အား စားသုံးသူ အကာအကွယ်ပေးရေးဆိုင်ရာ သိကောင်းစရာများကို ဟောပြောခဲ့ပါသည်။

အဆိုပါဟောပြောပွဲများတွင် စားသုံးသူရေးရာ ဦးစီးဌာန၊ ဧရာဝတီတိုင်းဒေသကြီး ဒုတိယတိုင်းဦးစီးမှူး ဦးသိန်းနိုင်က စားသုံးသူအကာအကွယ်ပေးရေး ဥပဒေ၊ စားသုံးသူရေးရာဦးစီးဌာန ဖွဲ့စည်းထားရှိမှု၊ စားသုံးသူအကာအကွယ်ပေးရေး သိကောင်းစရာများ၊ ဗဟုသုတများကို ပြောကြားပြီး ဦးစီးအရာရှိ ဦးစောမိုက်ကယ် ဘေးအန္တရာယ်ရှိသော စားသောက်ကုန်စည်များ၊ ခွင့်မပြုဆိုးဆေးပါဝင်သော စားသောက်ကုန်များ၊ စားသုံးသူနှင့် လုပ်ငန်းရှင်များ၏ အခွင့်အရေးနှင့် တာဝန်များ ဥပဒေအရ၊ တားမြစ်ထားသော အရည်အသွေးနှင့်ပတ်သက်၍ အာမခံနိုင်စွမ်းမရှိသော ကုန်စည်များအကြောင်းတို့ကို ဟောပြောခဲ့ပါသည်။

ဟောပြောပွဲအပြီးတွင် တက်ရောက်လာကြသူများအား စားသုံးသူအသိပညာပေး လက်ကမ်း စာစောင်များ၊ စားသုံးသူ ဥပဒေဆိုင်ရာ စာစောင်များ ဖြန့်ဝေပေးခဲ့ပါသည်။ ခ. လ. ရ(၃၆) တွင် ပြုလုပ်သည့် ဟော ပြောပွဲသို့ စုစုပေါင်း ၈၁ ဦးတက်ရောက်ခဲ့ပြီး ခ. မ. ရ (၃၀၈) တွင် ပြုလုပ်သည့် ဟောပြောပွဲသို့ စုစုပေါင်း ၁၀၀ ဦး တက်ရောက်ခဲ့ကြောင်း သတင်း ရရှိပါသည်။

**စောမိုက်ကယ်(ပုသိမ်)**

## ကသာခရိုင် စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၅ / ၂၀၁၇)ကျင်းပ

ကသာခရိုင် စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၏ လုပ်ငန်းညှိ နှိုင်းအစည်းအဝေး (၅ / ၂၀၁၇) ကို မတ်လ ၂၉ ရက်က ကသာခရိုင် အထွေထွေအုပ်ချုပ်ရေး အစည်းအဝေးခန်းမ တွင် ကျင်းပခဲ့ရာ ကသာခရိုင် စားသုံးသူ အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့မှ အဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများ ၊ စားသုံးသူရေးရာ ဦးစီးဌာနမှ ဝန်ထမ်းများ၊ ခရိုင်၊ မြို့နယ်၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ပါသည်။

အဆိုပါ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ခရိုင်စားသုံးသူရေးရာ ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦး ကျော်အုန်းက (၄/၂၀၁၇) အစည်းအဝေး ဆုံးဖြတ်ချက်အပေါ် ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို အသေးစိတ် ရှင်းလင်းဆွေးနွေးခဲ့ပြီး ခရိုင်စီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌက မတ်လတွင် ဖမ်းဆီးရမိသော တားမြစ်ကုန်ပစ္စည်းများ၊ ရက်လွန်အချိုရည်များ၊ တရုတ်နိုင်ငံမှ အစပ်ပြား၊ အစပ်ချောင်းများ၊ တရုတ်စာတမ်းပါ ခေါက်ဆွဲ အစိမ်းထုတ်များအား နယ်မြေလွှတ်တော်ကိုယ်စားလှယ်နှင့် အဖွဲ့စုံရှေ့တွင် မီးရှို့ဖျက်ဆီးသွားရန် ဆုံးဖြတ်ခဲ့ကြောင်း သိရှိရပါသည်။

**လှလှခိုင်(ကသာ)**

# အာဆီယံ၏ အနာဂတ်၊ အခွင့်အလမ်းနှင့် စိန်ခေါ်မှုများ

■ သိန်းမြင့်ဝေ

၂၀၁၇ ခုနှစ်၊ ဩဂုတ်လတွင် အာဆီယံဖွဲ့စည်း တည်ထောင်ခဲ့သည်မှာ နှစ်ပေါင်း ၅၀ ပြည့်မြောက်ပါတော့မည်။ ဤကာလအတွင်း အောင်မြင်မှုများရှိသကဲ့သို့ အခက်အခဲများကိုလည်း ဖြတ်သန်းခဲ့ရသည်။ ဤဆောင်းပါးတွင် အာဆီယံ၏အနာဂတ်တွင် ရရှိခံစားရမည့် အခွင့်အလမ်းများနှင့် ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများကို ဖော်ပြထားပါသည်။

အာဆီယံသည် နှစ်ပေါင်း ၅၀ ကာလအတွင်း အောင်မြင်သော ဒေသဆိုင်ရာ အဖွဲ့အစည်း (Regional organization) အဖြစ် ဖန်တီးနိုင်ခဲ့သည်။ အာဆီယံသည် ဥရောပသမဂ္ဂ (European Union) ပြီးလျှင် ဒုတိယမြောက် အအောင်မြင်ဆုံးသော ဒေသဆိုင်ရာ အဖွဲ့အစည်း ဖြစ်ပါသည်။ အာဆီယံသည် အဖွဲ့ဝင် ငါးနိုင်ငံဖြင့် စတင် တည်ထောင်ခဲ့သော စီးပွားရေးအဖွဲ့အစည်း (Economic bloc) ဖြစ်သော်လည်း အာဆီယံခေါင်းဆောင်များသည် အရှေ့တောင်အာရှဒေသကို ကမ္ဘာ့စီးပွားရေး၏ အဓိကမောင်းနှင်အား (Growth driver) အဖြစ် ဖန်တီးရန် ကတိကဝတ်ပြုခဲ့ကြသည်။ ထို့ပြင် အရှေ့တောင်အာရှဒေသရှိ ပြည်သူများ၏ လူနေမှုအဆင့်အတန်းနှင့် ပညာရေး အဆင့်အတန်းကို မြှင့်တင်ရန် ရည်ရွယ်ပါသည်။ ထိုမျှသာမက အရှေ့တောင်အာရှဒေသကို ကုန်သွယ်မှု တိုးတက်ပြီး နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု စီးဝင်သည့် အဓိကဒေသအဖြစ် ထူထောင်ရန် ကတိကဝတ်ပြုခဲ့ကြပါသည်။

လက်ရှိအချိန်တွင် အဖွဲ့ဝင် ၁၀ နိုင်ငံ ပါဝင်သော အာဆီယံ၏ GDP သည် အမေရိကန်ဒေါ်လာ ၃ ထရီလီယံနီးပါးသို့ ရောက်ရှိတိုးတက်နေပါသည်။ အာဆီယံကို နိုင်ငံတစ်နိုင်ငံအဖြစ် မှတ်ယူပါက အာဆီယံသည် ကမ္ဘာ့သတ္တမမြောက် စီးပွားရေးအင်အားအကြီးမားဆုံးနိုင်ငံ ဖြစ်ပါသည်။ လက်ရှိ စီးပွားရေးအတိုင်း ဆက်လက်တိုးတက်သွားမည်ဆိုပါလျှင် လာမည့် ၁၀ နှစ်အတွင်း အာဆီယံသည် ကမ္ဘာ့ပဉ္စမမြောက် စီးပွားရေးအင်အားကြီးမားသော ဒေသဖြစ်လာပါမည်။ တရုတ်၊ အမေရိကန်၊ ဂျပန်နှင့် ဂျာမနီပြီးပါက အာဆီယံဖြစ်လာပါမည်။ အာဆီယံ၏ စီးပွားရေးပေါင်းစည်းမှုအဆင့်မြင့် မားပြီး ဒေသတွင်းကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု (Intra-regional trade and investment) သိသိသာသာ တိုးတက်လျက်ရှိပါသည်။

## အခွင့်အလမ်းများ

အာဆီယံ၏ နောက်ထပ်ဖွံ့ဖြိုးတိုးတက်မှု ခြေလှမ်းမှာ အာဆီယံစီးပွားရေးအသိုက်အဝန်း (AEC) ကို အကောင်အထည်ဖော်ခြင်းဖြစ်သည်။ ASEAN Economic Community (AEC) ကို ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလတွင် အကောင်အထည်ဖော်ခဲ့ပါသည်။ AEC က ဒေသတွင်းနှင့် ဒေသပြင်ပကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု (Intra-regional and extraregional trade and investment) အခွင့်အလမ်းများစွာကို ဖြစ်စေပါသည်။ အခွင့်အလမ်းများအဖြစ် ဝန်ဆောင်မှုလုပ်ငန်းများ အလားအလာကောင်းခြင်း၊ ခရီးသွားလုပ်ငန်းဗဟိုချက်ဖြစ်ခြင်း၊ စားသုံးသူ ဝယ်လိုအားတိုးတက်နေခြင်းနှင့် ပြည်ပတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုကို ဆွဲဆောင်လျက်ရှိခြင်းတို့ကိုတွေ့ရသည်။

## ဝန်ဆောင်မှုလုပ်ငန်းများ အလားအလာကောင်းခြင်း

အာဆီယံနိုင်ငံများသည် မိမိတို့နိုင်ငံ၏ စီးပွားရေးကို ဝန်ဆောင်မှု ဦးဆောင်သော စီးပွားရေးစနစ် (Services-driven economies) သို့ ပြောင်းလဲနေကြသည်။ ထိုသို့ပြောင်းလဲရေးအတွက် ဝန်ဆောင်မှုလုပ်ငန်းများကို ပိုမိုလွတ်လပ်ခွင့်ပြုခြင်းနှင့် ကျွမ်းကျင် လုပ်သားများ လွတ်လပ်စွာ သွားလာခြင်းကို ခွင့်ပြုရန် လိုအပ်သည်။ ထို့ကြောင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများသည် ဝန်ဆောင်မှုကဏ္ဍ ပြုပြင်ပြောင်းလဲခြင်း၊ လုပ်ထုံးလုပ်နည်းများ ထင်သာမြင်သာ ရှိစေခြင်း၊ ခွဲခြားဆက်ဆံသည့် ကန့်သတ်ချက်များ (ပြည်ပလုပ်ငန်းရှင်များထက် ပြည်တွင်း လုပ်ငန်းရှင်များကို ဦးစားပေးခြင်း)ကို ဖယ်ရှားခြင်း၊ စီးပွားရေးလုပ်ငန်း လုပ်ဆောင်မှု ပိုမိုလွယ်ကူစေခြင်းတို့ကို အလေးထားဆောင်ရွက်သင့်သည်။

## ခရီးသွားလုပ်ငန်းဗဟိုချက်ဖြစ်ခြင်း

အာဆီယံသည် ကမ္ဘာလှည့် ခရီးသွားလုပ်ငန်းအတွက် အချက်အချာကျသောနေရာတွင် တည်ရှိသည်။ ဆက်လက်ဖွံ့ဖြိုးတိုးတက်ရန် အလားအလာကောင်းသော လုပ်ငန်းစုဖြစ်သည်။ အရှေ့မြောက်အာရှ ခရီးသွား ဈေးကွက်နှင့် ဥရောပ၊ အရှေ့အလယ်ပိုင်း၊ အမေရိကန်ပြည်ထောင်စုတို့ကိုချိတ်ဆက်ပေးရာနေရာလည်းဖြစ်သည်။ အာဆီယံသည် လိုအပ်သော အခြေခံအဆောက်အအုံတည်ဆောက်ခြင်းနှင့် လူ့စွမ်းအားအရင်းအမြစ် တိုးတက်အောင် ဆောင်ရွက်ခြင်းအားဖြင့် ခရီးသွားလုပ်ငန်းကို မြှင့်တင်သင့်သည်။ အာဆီယံသည် တရုတ်နှင့် အိန္ဒိယပြီးနောက် ကမ္ဘာ့တတိယမြောက် လုပ်သားအင်အား အများဆုံးနေရာဖြစ်သည်။ ဤအချက်သည် ဝန်ဆောင်မှုကဏ္ဍဖြစ်သော ခရီးသွားလုပ်ငန်းအတွက် အရေးကြီးပါသည်။

## စားသုံးသူဝယ်လိုအား တိုးတက်လျက်ရှိခြင်း

အာဆီယံ၏ စားသုံးသူလူတန်းစား (Consumer class) သည် ပြီးခဲ့သည့် ဆယ်စုနှစ်အတွင်း သိသိသာသာ တိုးတက်ခဲ့သည်။ အဆိုပါ ဝယ်ယူစားသုံးမှုမြင့်မားသော Consumer class သည် ၂၀၂၅ ခုနှစ်တွင် လက်ရှိအရေအတွက်ထက် နှစ်ဆဖြစ်လာနိုင်သည်။ အရှေ့တောင်အာရှဒေသရှိ စားသုံးသူများ၏ အပန်းဖြေမှု၊ လက်လီဝယ်ယူမှုနှင့် Social media facebook အပါအဝင် ICT သုံးစွဲမှုကို လေ့လာရာတွင် ယင်းတို့၏ ဝယ်လိုအားမှာ ဆက်လက်မြင့်တက်ပြီး ပြည်တွင်းနှင့် ပြည်ပ ကုမ္ပဏီများအတွက် စီးပွားရေး အခွင့်ကောင်းဖြစ်ကြောင်း တွေ့ရှိရသည်။




## ပြည်ပတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုကို ဆွဲဆောင်လျက်ရှိခြင်း

ဒေသ၏အခြေခံအဆောက်အအုံ လိုအပ်ချက်နှင့် လူလတ်တန်းစား (Middle class) တိုးပွားလျက်ရှိခြင်းတို့က ပြည်ပတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု (FDI) အတွက် အလွန်ဆွဲဆောင်မှုရှိစေပါသည်။ တရုတ်နှင့် အိန္ဒိယနိုင်ငံတို့ကဲ့သို့ပင် အာဆီယံသည် FDI ဆွဲဆောင်မှု အဆင့်မြင့်မားသော ဒေသတစ်ခုဖြစ်သည်။ အာဆီယံသည် စီးပွားရေးပေါင်းစည်းမှုဖြစ်သော AEC ကို အကောင်အထည်ဖော်ခြင်းအားဖြင့် FDI ကို ပိုမိုဆွဲဆောင်နိုင်မည် ဖြစ်သည်။

## စိန်ခေါ်မှုများ

အာဆီယံသည် လက်ရှိအလားအလာကောင်းများကို ရရှိခံစားနိုင်ရန်အတွက် ရင်ဆိုင်ဖြေရှင်းရမည့် ဆုံးရှုံးနိုင်ခြေနှင့် စိန်ခေါ်မှုများ (Risks and challenges) ရှိပါသည်။ စိန်ခေါ်မှုများအဖြစ် ပထဝီဝင်နိုင်ငံရေး (Geo-political)၊ အခြေခံအဆောက်အအုံအတွက် ငွေကြေးလိုအပ်ချက် (Infrastructure deficit)၊ ကူးစက်ရောဂါနှင့် သဘာဝဘေးဒဏ်များ၊ တရုတ်နိုင်ငံ၏ တိုးတက်မှု (Growth in China)၊ ဘာသာရေးနှင့် နိုင်ငံရေး အစွန်းရောက်ဝါဒ (Religious and political extremism) တို့ဖြစ်သည်။

## ပထဝီဝင်နိုင်ငံရေး

အရှေ့တောင်အာရှဒေသကို လွှမ်းမိုးလိုသော တရုတ်နှင့် အမေရိကန်နိုင်ငံတို့၏ အားပြိုင်မှုက ဒေသ၏ စီးပွားရေးတိုးတက်မှု အလားအလာကို ထိခိုက်စေသည်။ မဟာစီးပွားရေးအင်အားကြီး နှစ်နိုင်ငံကြားတင်းမာမှုက ပို၍ ပြင်းထန်လာသည်။ တရုတ်နိုင်ငံသည် တောင်တရုတ်ပင်လယ်အရေးနှင့် ပတ်သက်၍ အချုပ်အချာအာဏာကို မထိပါးရန် အငြင်းပွားလျက်ရှိသည်။ အမေရိကန်နှင့် တရုတ်နိုင်ငံကြား ထိပ်တိုက်ရင်ဆိုင်ခြင်းက အမေရိကန်-ဆိုဗီယက် စစ်အေးတိုက်ပွဲ (U.S-Soviet Cold War) ပုံစံအရှိန်မြင့်တက်နေသည်။ အဆိုပါ တင်းမာမှုကို ကန့်သတ် ထိန်းချုပ်နိုင်မှသာ အာဆီယံဒေသ၏ စီးပွားရေး ပိုမိုကောင်းမွန်ပါမည်။

## အခြေခံအဆောက်အအုံအတွက် ငွေကြေး လိုအပ်ချက်

အရှေ့တောင်အာရှဒေသတွင် အခြေခံအဆောက်အအုံတည်ဆောက်ရေးအတွက် အမေရိကန်ဒေါ်လာ ၆၀ ဘီလီယံခန့် လိုအပ်နေသည်။ ဒေသ၏ အခြေခံအဆောက်အအုံတည်ဆောက်ရေးအတွက် ငွေကြေး အမြောက်အမြားသုံးစွဲခဲ့ပြီး ဆက်လက်သုံးစွဲရင်းနှီးမြှုပ်နှံလျက်ရှိသည်။ ထိုသို့ဆောင်ရွက်ရာတွင် နှစ်နိုင်ငံ သဘောတူညီချက်များ၊ ဒေသဆိုင်ရာနှင့် နိုင်ငံစုံသဘောတူညီချက်များ (Bilateral,regional and multilateral initiatives) အရ ပူးပေါင်းဆောင်ရွက်ခြင်း ဖြစ်သည်။ သို့သော်လည်း တိုးတက်မှုနှေးကွေးနေပါသည်။ အဘယ်ကြောင့်ဆိုသော် အုပ်ချုပ်ရေးပိုင်းတွင် ဗျူရိုကရက်တစ်ဆန်ပြီး လုပ်ငန်းနှောင့်နှေးခြင်းနှင့် လေလွင့်ဆုံးရှုံးမှုများခြင်းတို့ကြောင့် တိုးတက်မှုနှေးကွေးနေခြင်း ဖြစ်ပါသည်။ အခြေခံအဆောက်အုံကဏ္ဍကို သိသိသာသာမြှင့်တင်ခြင်း မရှိဘဲ ဒေသ၏ စီးပွားရေးတိုးတက်မှု အလားအလာကောင်းများကို အသုံးချနိုင် မည်မဟုတ်ပေ။

## ကူးစက်ရောဂါနှင့် သဘာဝဘေးဒဏ်များ

လေမုန်တိုင်း၊ ဆူနာမီ၊ ဆားစ်ကဲ့သို့သော ကူးစက်ရောဂါ (SARS)၊ တုပ်ကွေးနှင့် ဇီကာဗိုင်းရပ်စ်ကူးစက် ရောဂါစသည့်သဘာဝဘေးနှင့် ကူးစက်ရောဂါများကလည်း ဒေသ၏ တိုးတက်မှုကို ထိခိုက်စေသည်။ ဒေသဆိုင်ရာပေါင်းစည်းခြင်း၊ ဆက်သွယ်ရေးနှင့် ပညာရေးတို့ တိုးတက်ပါက အဆိုပါဘေးအန္တရာယ်များကို လျော့ကျစေနိုင်သည်။

## တရုတ်နိုင်ငံ၏ စီးပွားရေးနှင့် ဆက်နွှယ်နေမှု

တရုတ်နိုင်ငံ၏ စီးပွားရေးတိုးတက်မှု နှေးကွေးနေခြင်းက အာဆီယံ၏ စီးပွားရေးကို အတိုင်းအတာတစ်ခုအထိ ရိုက်ခတ်ပါသည်။ အဘယ်ကြောင့်ဆိုသော် တရုတ်သည် အာဆီယံ၏ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုအတွက် အရေးပါသော နိုင်ငံဖြစ်သောကြောင့် ဖြစ်ပါသည်။ ယခုအခါ တရုတ်နိုင်ငံ၏ စီးပွားရေးပြန်လည်ဦးမော့လာသည့် အရိပ်အယောင်များတွေ့ရသည်။ တရုတ်၏ စီးပွားရေး ဦးမော့လာခြင်းက အာဆီယံဒေသ၏ စီးပွားရေး အလားအလာကို ပိုမိုကောင်းမွန်စေနိုင်သည်။

## ဘာသာရေးနှင့် နိုင်ငံရေးအစွန်းရောက်ဝါဒ

အာဆီယံနိုင်ငံများတွင် ဘာသာရေးနှင့် နိုင်ငံရေးဆိုင်ရာ အကြမ်းဖက်တိုက်ခိုက်မှုများသည် ဒေသရှိပြည်သူလူထုအတွက် စိုးရိမ်စရာဖြစ်သည်။ အာဆီယံသည် ဤခြိမ်းခြောက်မှုများကို ပူးပေါင်းတုံ့ပြန်ရန်လိုအပ်သည်။ သို့မှသာ ဒေသကို တည်ငြိမ်သော ဒေသအဖြစ် ရှုမြင်ကြပါမည်။ ထိုသို့ တည်ငြိမ်အေးချမ်းမှသာ နိုင်ငံတကာ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုများ စီးဝင်လာမည်ဖြစ်သည်။

အာဆီယံသည် တရုတ်နှင့် အိန္ဒိယတို့ပြီးနောက် ကမ္ဘာ့စီးပွားရေးတိုးတက်မှုကို တတိယမြောက် အမောင်းနှင်နိုင်ဆုံးဒေသ (Third great emerging driver of global growth) ဖြစ်လာနိုင်ပါသည်။ ထိုသို့ဖြစ်လာစေရန် မှာ အာဆီယံစီးပွားရေးအသိုက်အဝန်း (AEC) ကို အကောင်အထည်ဖော်နိုင်စွမ်းအပေါ် မူတည်နေကြောင်း သုံးသပ်တွေ့ရှိရသည်။

Source: asean.org

# အိန္ဒိယပဲရက်သတ္တပတ်

အိန္ဒိယနိုင်ငံ၏ ပဲမျိုးစုံရက်သတ္တပတ်အစီရင်ခံစာ (Pulses Weekly Report) ကို အဂရီဝပ်ချ်က မတ်လ ၂၇ ရက်တွင် ထုတ်ပြန်ခဲ့သည်။ အစီရင်ခံစာတွင် အိန္ဒိယအစိုးရက ပဲမျိုးစုံအတွက် အကောက်ခွန် သတ်မှတ်ချက်၊ အိန္ဒိယနိုင်ငံအတွင်း တင်သွင်းလာသော ပဲမျိုးစုံ ပိုးသတ်မှိုင်းတိုက်ရန် လိုအပ်ချက်၊ အစိုးရ၏ ပြည်ပပဲမျိုးစုံ ဝယ်ယူဖြည့်တင်းမှုနှင့် ပဲတင်သွင်းမှု အခြေအနေတို့ကို ဖော်ပြထားသည်။

**ပဲမျိုးစုံသွင်းကုန်ခွန်သတ်မှတ်ရေး**

ပဲမျိုးစုံ တင်သွင်းမှုအတွက် အခွန် ကောက်ခံမှုနှင့် ပတ်သက်၍ အစိုးရက ထုတ်ပြန်ခြင်းမရှိသေးသော်လည်း ဧပြီ ပထမပတ်အတွင်း ထုတ်ပြန်လိမ့်မည်ဟု အဂရီဝပ်ချ်က ခန့်မှန်းထားသည်။ မည်မျှ ကောက်ခံမည်ဆိုသည်ကို အတိအကျ မသိရှိသေးသကဲ့သို့ လောလောဆယ် ဖြစ်ပေါ်နေသော သတင်းများမှာလည်း လယ်ယာစိုက်ပျိုးရေး ဝန်ကြီးဌာန၏ ထုတ်ပြန်ကြေညာချက်များကို အခြေခံ၍ ခန့်မှန်းနေကြခြင်းဖြစ်သည်။ သို့သော်လည်း အစိုးရက ပဲအားလုံး အတွက်သွင်းကုန် ခွန်သတ်မှတ်မည့် အနေအထားမရှိဘဲ လောလောဆယ်တွင် ပဲစင်းငုံမှအပ အခြားပဲအများစု၏ ဈေးမှာ အစိုးရ၏ အနိမ့်ဆုံး ထောက်ပံ့ကြေးဈေးနှုန်း အထက်တွင် ရှိနေကြောင်း အစီရင်ခံစာအရ သိရသည်။

အစိုးရက ပဲစင်းငုံကို ၁၀ ရာခိုင်နှုန်းမှ ၁၅ ရာခိုင်နှုန်းနှင့် စားတော်ပဲကို ၁၀ ရာခိုင်နှုန်းမှ ၂၀ ရာခိုင်နှုန်းအထိ သွင်းကုန်ခွန်ကောက်ခံမည်ဟု ခန့်မှန်းထားသည်။ သို့သော်လည်း လယ်ယာစိုက်ပျိုးရေး ဝန်ကြီးဌာနကမူ ကုလားပဲ သွင်းကုန်ခွန်ကို ၂၀ ရာခိုင်နှုန်းမှ ၂၅ ရာခိုင်နှုန်းအထိ သတ်မှတ်ရန် ရည်ရွယ်ထားသည်။

အကယ်၍ သွင်းကုန်ခွန်ကို စားတော်ပဲနှင့် ပဲစင်းငုံအတွက် သတ်မှတ်မည်ဆိုပါက အခြားပဲများ၏ ဈေးနှုန်းများမှ လက်ရှိ ဈေးနှုန်းအောက်သို့ ကျဆင်းနိုင်ဖွယ်ရှိသည်။

အစိုးရ၏ဆန္ဒမှာ ပဲတောင်သူများသည် MSP ဈေးအထက်ရရှိစေလိုသော ဆန္ဒရှိရာ ပဲစင်းငုံတစ်မျိုးသာလျှင် MSP ဈေးနှုန်းအောက်သို့ ကျဆင်းလျက်ရှိသည်။ သို့ဖြစ်ရာ ပဲတောင်သူတို့က ဆောင်းရာသီတွင် ပဲစင်းငုံကိုလျှော့ချစိုက်ပျိုးမည့်လက္ခဏာများကို တွေ့မြင်နေရသည်။ သို့ဖြစ်ရာပဲစင်းငုံပြည်ပမှ တင်သွင်းခွန်ကို တိုးမြှင့်ပေးမည့် အခြေအနေရှိနေသည်။

အိန္ဒိယနိုင်ငံမိုးလေဝသဌာနက မုတ်သုံရာသီ ဒုတိယပိုင်းတွင် မိုးနည်းမည်ဟု ခန့်မှန်းထားရာ မုတ်သုံမိုးအခြေအနေမရေမရာဖြစ်မည်ကို အစိုးရက စိုးရိမ်လျက်ရှိသည်။ ထို့ကြောင့် အစိုးရက ပဲအားလုံးပေါ်တွင် သွင်းကုန်သတ်မှတ်မည်မဟုတ်ဘဲ အချို့သောပဲများအပေါ်တွင်သာ သတ်မှတ်မည်ဟု ခန့်မှန်းကြသည်။

**အစိုးရ၏ဝယ်ယူဖြည့်တင်းမှု**

ကြားခံသိုလှောင်မှုအဖြစ် ပဲမျိုးစုံတန် ချိန်သိန်း ၂၀ ဝယ်ယူဖြည့်တင်းရန် အစိုးရက ခွင့်ပြုထားပြီးဖြစ်သည်။ မတ် ၁၇ ရက်အထိ ပြုစုထားသော စာရင်းများအရပြည်တွင်းဈေးကွက်နှင့် ပြည်ပမှတင်သွင်းလာသောပဲများအနက် အစိုးရက ဝယ်ယူဖြည့်တင်းထားသော ပဲမျိုးစုံပမာဏမှာ တန်ချိန် ၁၅ ဒသမ ၆၆ သိန်းဖြစ်သည်။ စုစုပေါင်း ဝယ်ယူထားသော ပဲမျိုးစုံပမာဏအနက် အမျိုးသားလယ်ယာစိုက်ပျိုးရေး သမဝါယမဈေးကွက် ရှာဖွေရေးဖက်ဒရေးရှင်း (NAFED) က ဝယ်ယူဖြည့်တင်းထားသော ပမာဏမှာ မတ် ၁၈ ရက် စာရင်းအရ တန်ချိန် ၅ ဒသမ ၆ သိန်းဖြစ်သည်။ NAFED က ဝယ်ယူ ဖြည့်တင်းခဲ့သော ပဲမျိုးစုံအနက် မဟာရသျှတ္တရာ မှ ဝယ်ယူဖြည့်တင်းသောပမာဏမှာ အများဆုံးဖြစ်ပြီး အခြားပါဝင်သော ပြည်နယ်များမှာ တယ်လန်ဂါနာ၊ ကာနာတာကာ၊ ဂူဂျာရတ်၊ မဒ္ဒယာပနာဒေ့ရှ်နှင့် အန္ဒရာပရာဒေ့ရှ်တို့ ဖြစ်ကြသည်။ NAFED က ဧပြီ ပဲစင်းငုံများကို ၁၅ ရက်အထိ ဆက်လက်ပြီး ဝယ်ယူစုဆောင်းသွားမည်ဖြစ်သည်။ ပဲစင်းငုံ ဈေးသည် MSP ဈေးအောက် ကျဆင်းခဲ့သည့်အတွက် လယ်သမားများ၏ စိတ်ဓာတ်ကို မြှင့်တင်ပေးနိုင်ရန် အစိုးရ အေဂျင်စီများက ပဲစင်းငုံကို MSP ဈေးဖြင့် လိုက်လံဝယ်ယူလျက်ရှိသည်။

**ပဲမျိုးစုံပြည်ပမှတင်သွင်းမှု**

အိန္ဒိယနိုင်ငံ ခရစ်ရှုနာပတ်တနမ်နှင့် ချနိုင်းဆိပ်ကမ်းတို့မှ မတ် ၃ ရက်မှ ၁၀ ရက်အထိ ရက်သတ္တပတ်အတွင်းက ပဲမျိုးစုံ ကုန်သေတ္တာ ၄၀၆ လုံးတင်သွင်းခဲ့ရာမှ မတ်လ ၁၁ ရက်မှ ၁၆ ရက်အထိ ကာလအတွင်းတွင် ပဲမျိုးစုံ ကုန်သေတ္တာ ၄၁၇ လုံးတင်သွင်းခဲ့သည်။ တင်သွင်းခဲ့သော ကုန်သေတ္တာ ၄၁၇ လုံးတွင် မတ်ပဲမှာအများဆုံးဖြစ်ပြီး ကုန်သေတ္တာ ၁၈၇ လုံးပါဝင်သည်။ ဒုတိယနှင့် တတိယအများဆုံးမှာ ကုလားပဲ (၇၆) လုံးနှင့် ပဲစင်းငုံ (၇၄) လုံးတို့ဖြစ်သည်။

**ပဲဈေးနှုန်း**

မွမ်ဘိုင်းတွင် ပဲစင်းငုံ အဟောင်းဈေးက တစ်ကွင်တယ်ကို ရူပီး ၄၅၀၀ ဈေးနှုန်းရှိပြီး အသစ်ဈေးက ရူပီး ၄၄၅၀ ဈေးနှုန်းရှိသည်။ ဧပြီပထမပတ်တွင် သွင်းကုန်ခွန်ကောက်ခံမည့် အခြေအနေရှိသည့်အတွက် ဈေးနှုန်းက တက်ရိပ် ပြလျက်ရှိသည်။ မတ်ပဲ FAQ တစ်ကွင်တယ်ကို ရူပီး ၆၁၅၀ မှ ၆၂၀၀ အကြား၊ SQ ကို ရူပီး ၇၁၀၀ မှ ၇၂၀၀ အကြားတွင်ရှိသည်။ ပြည်ပမှ တင်သွင်း လာသော ကုလားပဲဈေးမှာ ရူပီး ၂၀၀ မြင့်တက်ပြီး တစ်ကွင်တယ်ကို ရူပီး ၅၇၅၀ မှ ရူပီး ၅၈၀၀ ဈေးရှိသည်။ သွင်းကုန်ခွန်ကောက်ခံမည့် သတင်းများကြောင့် ဝယ်လက်များက အခြေအနေကို လေ့လာ အကဲခတ်နေဆဲဖြစ်သဖြင့် ကုလားပဲဈေး မြင့်တက်လာမည့် အလားအလာမရှိပေ။ မွမ်ဘိုင်းဈေးကွက်တွင် ကုလားပဲ ဈေးမှာတစ်ကွင်တယ်ကို ရူပီး ၅၅၀၀ မှ ၅၇၀၀ ကြားတွင်ရှိနိုင်မည်ဟု ခန့်မှန်းကြသည်။ ကနေဒါပဲနီလေးဈေးမှာ တစ်ကွင်တယ်ကို ရူပီး ၄၄၀၀ နှင့် ရူပီး ၄၄၅၀ အကြားဈေးဖွင့်ပြီး ဩစတြေးလျ ပဲနီလေးဈေးမှာ တစ်ကွင်တယ်ကို ရူပီး ၄၅၀၀ မှ ၄၅၅၀ အကြားတွင်ရှိသည်။ ၂၀၁၇ ခုနှစ် မတ်လအတွင်းတွင် ပဲနီလေးဈေးမှာ ပုံမှန်ဈေးမှ အနည်းငယ်ကျဆင်းမည်ဟု ခန့်မှန်းရသည်။

မြန်မာပဲစင်းငုံနီ ဈေးမှာ CIF ဈေးအရ တစ်တန်ကို အမေရိကန်ဒေါ်လာ ၆၃၀ မှ အမေရိကန်ဒေါ်လာ ၆၃၅ ရှိရာ ယခင်ရက်သတ္တပတ်က ဈေးနှုန်းထက် အမေရိကန်ဒေါ်လာ ၁၀ ဒေါ်လာ ပိုမိုမြင့်တက်ခဲ့သည်။ မတ်ပဲ FAQ ဈေးမှာ တစ်တန်ကို အမေရိကန်ဒေါ်လာ ၈၅၀ နှင့် SQ ဈေးမှာ တစ်တန်ကို အမေရိကန်ဒေါ်လာ ၁၁၀၀ နှုန်းရှိသည်။ ပဲတီစိမ်း Pedishava ဈေးမှာ တစ်တန်ကို အမေရိကန်ဒေါ်လာ ၁၀၀၀ နှင့် ၁၀၂၀ ကြားရှိပြီး ပဲတီစိမ်း Pakakois က တစ်တန်ကို အမေရိကန်ဒေါ်လာ ၇၆၀ ရာခိုင်နှုန်းရှိသည်။ ပဲစင်းငုံနှင့် မတ်ပဲတို့၏ CNF ဈေးမှာလာမည့် သီတင်းပတ်များတွင် ပုံမှန်ဈေးအတိုင်းရှိနေမည်ဟု ခန့်မှန်းရပြီး အိန္ဒိယ ပြည်တွင်း ဈေးကွက်များတွင် ပဲအများအပြား ရှိနေသည့်အတွက် အိန္ဒိယမှ ဝယ်လိုအား ကျဆင်းမည်ဟု ခန့်မှန်းရသည်။

**အပြည်ပြည်ဆိုင်ရာဈေးကွက်**

မတ် ၁၂ ရက်တွင်ကုန်ဆုံးသော ရက်သတ္တပတ်အတွင်း ကနေဒါနိုင်ငံက ပဲမျိုးစုံ တန်ချိန် ၈၇၉၀၀၀ တင်ပို့ခဲ့သည့်အနက် ပဲနီလေးမှာ တန်ချိန် ၁၀၀ သာပါရှိသည်။ ယခုအချိန်ထိ စားတော်ပဲနှင့် ပဲနီလေးတင်ပို့ခဲ့သော စုစုပေါင်း တန်ချိန်မှာ မက်ထရစ်တန် ၂ ဒသမ ၃၆ သန်းနှင့် တန်ချိန် ၆၀၇၂၀၀ တန် အသီးသီးရှိခဲ့သည်။ ၂၀၁၇-၁၈ ခုနှစ်အတွက် စားတော်ပဲနှင့် ပဲနီလေး လက်ကျန်မှာ မက်ထရစ်တန် ၁ ဒသမ ၁ သန်းနှင့် တန်ချိန် ၉၂၅၀၀၀ ရှိမည်ဟု ကနေဒါ လယ်ယာစိုက်ပျိုးရေးဌာနက ခန့်မှန်းထားသည်။ ❑

ဉာဏ်တင်-စုစည်းတင်ပြသည်

## ဂျုံနှင့်ပဲစင်းငုံအတွက် သွင်းကုန်ခွန်ကို အိန္ဒိယနိုင်ငံကပြဌာန်း

အိန္ဒိယနိုင်ငံတွင် ပဲမျိုးစုံအဓိကထုတ်လုပ်ရာပြည်နယ်များ၌ သီးနှံထုတ်လုပ်မှု စံချိန်တင်မြင့်တက်မည့်အနေအထားကြောင့် ပဲမျိုးစုံဈေးနှုန်းများမှာ အနိမ့်ဆုံး ထောက်ပံ့ကြေးဈေးနှုန်း (Minimum Support Price-MSP) အောက် ကျဆင်းလျက်ရှိနေသည့်အတွက် လယ်သမားများအတွက် အထောက်အပံ့ဖြစ်စေရန်အလို့မှာ အစိုးရက ဂျုံနှင့် ပဲစင်းငုံအတွက် သွင်းကုန်ခွန်ကို ၁၀ ရာခိုင်နှုန်း ကောက်ခံရန်ဆုံးဖြတ်ခဲ့ကြောင်း ကွန်မိုဒီတီအွန် လိုင်းသတင်းတွင် ဖော်ပြသည်။ သီးနှံထုတ်လုပ်မှု စံချိန်တင်မြင့်တက်လာမည့် အနေအထားကြောင့် သွင်းကုန်ခွန်ကို ပြန်လည်ကောက်ခံရန် ယခုကဲ့သို့ ဆုံးဖြတ်လိုက်သည့်အတွက် လက်ကား ဈေးနှုန်းများကျဆင်းနေမှုကို ထိန်းချုပ်နိုင်ပြီး ဆက်လက်ဆောင်ရွက်မည့် ဝယ်ယူဖြည့်တင်းရေး လုပ်ငန်းများတွင် ပဲတောင်သူများအတွက် MSP ဈေးနှုန်းအတိုင်း ရရှိအောင် ဆောင်ရွက်ရာတွင် အထောက်အကူဖြစ်စေနိုင်သည်။

အချို့သောပြည်နယ်များတွင်ဂျုံများစတင်ဝင်ရောက်လျက်ရှိနေပြီး အချို့ပြည်နယ်များတွင် လာမည့်ရက်သတ္တပတ်၌ စတင်ရိတ်သိမ်းတော့မည်ဖြစ်သည်။ ပဲစင်းငုံအတွက် သွင်းကုန်ခွန်ကောက်ခံခြင်းသည် ၂၀၀၆ ခုနှစ်နောက်ပိုင်း ပထမဆုံးအကြိမ်ဖြစ်သည်။

အိန္ဒိယနိုင်ငံ၏ ဂျုံထုတ်လုပ်မှုမှာ ၂၀၁၅-၁၆ ခုနှစ်က တန်ချိန် ၉၂ ဒသမ ၂၉ သန်းရှိရာမှ ၂၀၁၆ -၁၇ ခုနှစ်တွင်တန်ချိန် ၉၆ ဒသမ ၆၄ သန်းရှိမည်ဟု ခန့်မှန်းထားသည်။ ပဲစင်းငုံထုတ်လုပ်မှုမှာတန်ချိန် ၂ ဒသမ ၅၆ သန်းမှ ၄ ဒသမ ၂၃ သန်းအထိရောက်ရှိမည်ဟု ခန့်မှန်းထားသည်။

အစားအစာသီးနှံအားလုံး၏ ထုတ်လုပ်မှုမှာ ယခုနှစ်တွင်တန်ချိန် ၂၇၁ ဒသမ ၉၈ သန်းရှိမည်ဖြစ်ရာ အစားအစာထုတ်လုပ်မှုသမိုင်းတွင် စံချိန်တင်ထုတ်လုပ်မှုဖြစ်ကြောင်း သိရသည်။

## ငါးနှစ်ခန့်ထုတ်လုပ်မှုကျဆင်းခဲ့သော အိန္ဒိယရော်ဘာ လုပ်ငန်း ပြန်လည်ကောင်းမွန်လာမည်ဟု ခန့်မှန်း

ထုတ်လုပ်မှုနှင့် ရော်ဘာဈေးနှုန်းများ ငါးနှစ်ခန့် ကျဆင်းခဲ့ပြီးနောက် အိန္ဒိယနိုင်ငံ၏ သဘာဝရော်ဘာထုတ်လုပ်မှုသည် ပိုမိုကောင်းမွန်လာလိမ့်မည်ဟု ခန့်မှန်းထားသည်။ ရော်ဘာလုပ်ငန်းသည် ၂၀၁၆ ခုနှစ်ကုန်တွင် မျှော်လင့်ချက်ရောင်ခြည်အနည်းငယ် သန်းလာခဲ့သော်လည်း ပြန်လည် ပျောက်ကွယ်သွားခဲ့သည်။

ရော်ဘာဈေးနှုန်းများ ပိုမိုကောင်းမွန်လာပြီး အနာဂတ်တွင် ဆက်လက်ကောင်းမွန်လာလိမ့်မည်ဟု ရော်ဘာတောင်သူတို့က ခန့်မှန်းထားသည်။ အစိုးရက အိန္ဒိယနိုင်ငံအတွင်းသို့ ရော်ဘာတင်သွင်းမှုကို တင်းတင်းကျပ်ကျပ် စောင့်ကြပ်ပြီး ကန့်သတ်ဆောင်ရွက်ခြင်းနှင့် ရောင်းလိုအားနှင့် ဝယ်လိုအား ကွာဟချက်ကို ထိန်းသိမ်းခြင်းစသည့် လုပ်ငန်းတို့ကို ဆောင်ရွက်မှသာ အောင်မြင်မှု ရနိုင်သည်။

ယခုနှစ်အတွက် ရော်ဘာထုတ်လုပ်မှုမှာ တန်ချိန် သုညဒသမ ၆၅ သန်းရှိမည်ဟု ခန့်မှန်း ထားရာထို ထုတ်လုပ်မှုပမာဏ၏ ၉၈ ရာခိုင်နှုန်းကို ပြည်တွင်းဈေးကွက်များတွင် ပြည်တွင်းသုံးစွဲမှုအဖြစ် ရောင်းချမည် ဖြစ်သည်။ ၂၀၁၂-၁၃ ခုနှစ်အတွင်း အိန္ဒိယနိုင်ငံ၏ ရော်ဘာထုတ်လုပ်မှုမှာ တန်ချိန် သုည ဒသမ ၉၁၃ သန်းရှိခဲ့ရာမှ ၂၀၁၅-၁၆ ခုနှစ်တွင် တန်ချိန် သုညဒသမ ၅၆၂ သန်းအထိ ရောက်ရှိခဲ့သည်။

၂၀၁၇-၁၈ ခုနှစ်အတွက် နှစ်အလိုက် ထုတ်လုပ်မှုမှာ တန်ချိန် သုညဒသမ ၇၂ သန်းအထိ ရောက်ရှိနိုင်မည်ဖြစ်သည်။ ပြည်ပမှ သဘာဝရော်ဘာ တင်သွင်းမှုမှာလည်း ၂၀၀၈-၀၉ ခုနှစ်က ၇၇၇၆၂ တန်ရှိခဲ့ရာမှ ၂၀၁၅-၁၆ ခုနှစ်တွင် တန်ချိန် သုည ဒသမ ၄၅၈ သန်းအထိ ရောက်ရှိခဲ့သည်။ ယခုနှစ်အတွက် တင်သွင်းရန် လျာထားချက်မှာ ယခင်နှစ်က တင်သွင်းမည့် ပမာဏနီးပါးရှိမည်ဟု ခန့်မှန်းထားသည်။

# သကြားစက်ရုံများ ဆက်လက်ရပ်တည်နိုင်ရေးအတွက် ရန်ပုံငွေကို အကျိုးရှိရှိ သုံးစွဲရန် အိန္ဒိယအစားအစာဝန်ကြီးဌာန တိုက်တွန်း

အိန္ဒိယနိုင်ငံအတွင်းတွင် အခက်အခဲနှင့် ရင်ဆိုင်နေရသော သကြားစက်ရုံ ၁၃၆ ရုံရှိကြောင်း၊ ထိုစက်ရုံများ ဆက်လက်ရှင်သန်ရပ်တည်နိုင်ရေးနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးအတွက် သကြားဖွံ့ဖြိုးရေး ရန်ပုံငွေ (Sugar Development Fund-SDF) ကို အသုံးပြုပြီး ဘဏ္ဍာရေးအထောက်အပံ့ ပေးသင့်ကြောင်း ပါလီမန်က အစားအစာဝန်ကြီးဌာနအား တိုက်တွန်းထားကြောင်း ကွန်မို ဒီတီအွန်လိုင်းသတင်းတွင် ဖော်ပြသည်။

ထိုရန်ပုံငွေများ အနက် ၂၀၁၆-၁၇ ခုနှစ်အတွက် လျာထားငွေကို အပြည့်အဝ အသုံးချခြင်းမရှိသေးကြောင်း တွေ့ရသည်။ အခက်အခဲ တွေ့ကြုံနေရသော စက်ရုံ ၁၃၆ ရုံ အနက် စက်ရုံ ၁၁၀ မှာ သမဝါယမကဏ္ဍရှိစက်ရုံများဖြစ်သည်။

“၂၀၁၆-၁၇ ခုနှစ်အတွက် သကြားဖွံ့ဖြိုးရေး ရန်ပုံငွေလျာထားချက်က ရူပီးကုဋေ ၅၅၀ ဖြစ်ပါတယ်။ ပြုပြင်လျာထားချက်အရ ရူပီး ၄၉၁ ဒသမ ၉၅ ကုဋေအထိ လျှော့ချထားပါတယ်။ အမှန်တကယ်သုံးစွဲငွေက ရူပီး ၃၂၇ ဒသမ ၁၂ကုဋေပဲ ရှိပါသေးတယ်”။ အစားအစာ စားသုံးသူရေးရာနှင့် ပြည်သူ့ ဖြန့်ဖြူးရေးဆိုင်ရာ ပါလီမန်အမြဲတမ်းကော်မတီ၏ အစီရင်ခံစာတွင် ဖော်ပြသည်။

“စက်ရုံတွေ ဆက်လက်ရှင်သန်ဖို့နဲ့ ခေတ်မီ တိုးတက်အောင် ဆောင်ရွက်ဖို့အတွက် SDF ချေးငွေတွေ လိုအပ်နေတဲ့ စက်ရုံပေါင်း ၁၃၆ ရုံရှိပါတယ်။ လျာထားငွေကိုပြုပြင်ချမှတ်ပေးပြီးဖြစ်တဲ့တိုင်အောင် ဝန်ကြီးဌာနကဘာကြောင့် အပြည့်အဝ အသုံးမပြုတဲ့အကြောင်းရင်းကို ကော်မတီက နားမလည်နိုင်အောင် ဖြစ်ရပါတယ်”ဟု အစီရင်ခံစာတွင် ဖော်ပြထားသည်။

ကော်မတီသို့ ဝန်ကြီးဌာနက ပြန်ကြားရာတွင် ဘတ်ဂျက်လျာထားငွေကို အသုံးမပြုနိုင်ခြင်းမှာ ကုန်ကြမ်းပစ္စည်း မရခြင်း၊ ကြံပင်များဖွံ့ဖြိုးတိုးတက်မှုညံ့ဖျင်းခြင်း၊ ခေတ်မီနည်းစနစ်များ အသုံးပြုမှုမရှိခြင်း၊ လုပ်ငန်း မတည်ငွေမြင့်မားခြင်း၊ နိုင်ငံတော်မှ အကြံဉာဏ်ပေးမှုအတွက် ကုန်ကျစရိတ်မြင့်မားခြင်းတို့ကြောင့်ဖြစ်ကြောင်း သကြားစက်များ အခက်အခဲဖြစ်ရသည့် အကြောင်းရင်းများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

“နိုင်ငံအတွင်းတွင် သကြားစက်ရုံပေါင်း ၇၂၂ ရှိသည့်အနက် ငွေကြေးအခက်အခဲအပါအဝင်”အကြောင်းအမျိုးမျိုးကြောင့် ၂၀၄ ရုံကို ပိတ်ထားရပါတယ်”ဟု ဝန်ကြီးဌာနက ပြောသည်။ ၂၀၀၇ ဖေဖော်ဝါရီ ၈ ရက်က ကောက်ယူ ထားသော စာရင်း အရ ၂၀၁၆-၁၇ ဘဏ္ဍာနှစ်တွင် သကြားစက်ရုံ ၄၇၇ ရုံသာလုပ်ငန်းလည်ပတ်လျက်ရှိကြောင်း လည်းပြောသည်။

# အမေရိကန်ရေနံထုတ်လုပ်မှုမြင့်တက်လာသည့် ပြဿနာကို အိုပက်အဖွဲ့က ဖြေရှင်းနိုင်မည်ဖြစ်ကြောင်း ကူဝိတ်ရေနံဝန်ကြီးပြော

TransCanada Corportation ၏ Keystone XL ပိုက်လိုင်းမှ တစ်ရက်ကို ရေနံစည် ရှစ်သိန်းထုတ်လုပ်ရန်ခွင့်ပြုမိန့်ကို အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က လက်မှတ်ရေးထိုးခဲ့ကြောင်း shipandbunker သတင်းတွင် ဖော်ပြသည်။

ရေနံတင်ပို့သောနိုင်ငံများအဖွဲ့ (အိုပက်)က ရေနံထုတ်လုပ်မှုလျှော့ချရေးမဟာဗျူဟာကို ချမှတ်ကာ ကမ္ဘာ့ရေနံအလျှံပယ်ကြွယ်ဝမှုကို လျှော့ချရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိချိန်တွင် ယခုကဲ့သို့ တိုးမြှင့် ထုတ်လုပ်မှုကြောင့် ရေနံလက်ကျန် သိုလှောင်မှုကို တိုးတက်လာစေရန် အထောက်အကူဖြစ်စေနိုင်သည်။ သို့သော်ဖြစ်ပေါ်လာမည့်အလားအလာအရ အိုပက်အဖွဲ့၏ အဖွဲ့ဝင်တစ်ဦးဖြစ်သော ကူဝိတ်နိုင်ငံအတွက် အနှောင့်အယှက် မဖြစ်နိုင်ကြောင်း ကူဝိတ်ဝန်ကြီးက ပြောသည်။ အမေရိကန် သိုလှောင် လက်ကျန်များမှာ တဖြည်းဖြည်း လျော့ကျလာလိမ့်မည်ဟု ယုံကြည်ထားကြောင်း ကူဝိတ်ရေနံဝန်ကြီး Issam Almar Zooq က ဘလွမ်းဘတ်သတင်းကိုပြောသည်။ သို့သော် နှန်းကျောက်မှ ထုတ် လုပ်လျက်ရှိသော အမေရိကန်ပြည် ထောင်စု၏ ရေနံထုတ်လုပ်မှုမြင့်တက် လာခြင်းနှင့် ပတ်သက်၍ သူ၏ သဘောထားကို မေးမြန်းရာတွင် အိုပက်အဖွဲ့ဝင်၏ ရေနံထုတ်လုပ်မှုလျှော့ချမှုက ပြဿနာကိုဖြေရှင်းပေးရန် လုံလောက်မှုရှိကြောင်း သူကပြောသည်။

ပိုလျှံသော ထုတ်လုပ်မှုကို သုံးစွဲနိုင်မည်ဖြစ်ကြောင်း နှန်းကျောက်မှ ရေနံထုတ်လုပ်မှုမြင့်တက်လာခြင်းကို ရည်ညွှန်းပြီး သူကပြောသည်။ အကယ်၍ ရေနံဈေးနှုန်းသည် တစ်စည်ကို အမေရိကန်ဒေါ်လာ ၅၀ မှ ၅၅ ကြားတွင်ရှိပါက အခြေအနေကောင်းကြောင်း သူကပြောသည်။

သဲမှ ထုတ်လုပ်သော ကနေဒါနိုင်ငံ၏ ရေနံစိမ်းထုတ်လုပ်မှုသည် ၂၀၁၆ ခုနှစ်က တစ်ရက်ကို ရေနံစည် ၄ ဒသမ ၅ သန်း ထုတ်လုပ်ရာမှ ၂၀၂၂ ခုနှစ်တွင် တစ်ရက်ကို ရေနံစည် ၅ ဒသမ ၃ သန်းအထိရောက်ရှိမည်ဟု ခန့်မှန်းထားသည်။

■

## တောင်ကိုရီးယား ဘဏ္ဍာရေးကဏ္ဍရှိ ဝန်ထမ်းငါးရာကျော်တို့အား စည်းကမ်းဖောက်ဖျက်မှုဖြင့် အရေးယူ

တောင်ကိုရီးယားနိုင်ငံ၏ ဘဏ္ဍာရေးကဏ္ဍရှိ အမှုဆောင်အရာရှိနှင့် ဝန်ထမ်းပေါင်း ၅၂၀ ဦးကို စည်းကမ်းဖောက်ဖျက်မှုဖြင့် အရေးယူခဲ့ရကြောင်း မတ်လ ၂၇ ရက်က ထုတ်ပြန်သော စာရင်းဇယားများကို ကိုးကား၍ ယွန်းဟပ်သတင်းတွင် ဖော်ပြသည်။ ဤအခြေအနေကို ကြည့်ခြင်းအားဖြင့် ဘဏ္ဍာရေးဈေးကွက်များတွင် စာရိတ္တပိုင်းပျက်ယွင်းမှုများ ရှိနေဆဲဖြစ်နေသည်ကို ပြသလျက်ရှိကြောင်းသတင်းတွင်ဖော်ပြသည်။




ဝန်ထမ်းများ၏ စာရိတ္တပျက်ယွင်းမှုများတွင် ဖောက်သည်များ၏ ငွေကြေးကို လိမ်လည်ရယူခြင်း၊ ဖောက်သည်များ၏ သတင်းအချက်အလက်ကို ထိန်းသိမ်းရန် ပျက်ကွက်ခြင်းစသည့်အချက်တို့ပါဝင်ကြောင်း ဘဏ္ဍာရေးကြီးကြပ်မှုအဖွဲ့ (Financial Superisory Services -FSS) ကထုတ်ပြန်သော ကိန်းဂဏန်းများအရ တွေ့ရသည်။

အရေးယူခြင်းခံရသောဝန်ထမ်း ၅၂၀ ဦးအနက်၉၆ ဦးမှာ အမှုဆောင်အဆင့်ဝန်ထမ်းများဖြစ်ကြကြောင်း FSS က ပြောသည်။

ယခင်နှစ်က Hyundai card တွင် တာဝန်ထမ်းဆောင်လျက်ရှိသော ဝန်ထမ်း ၁၁ ဦးသည် ဖောက်သည်များ ၏ အကြွေးကတ်များကို ဆောင်ရွက်ပေးရာတွင် လိမ်လည်မှုရှိကြောင်းတွေ့ခဲ့ရသည်။ ထို့အတူ Daea Mutual Saving Bank တွင် တာဝန်ထမ်းဆောင်လျက်ရှိသော အမှုဆောင်အဆင့်လေးဦးနှင့် ဝန်ထမ်းငါးဦးတို့သည် အကျိုးအမြတ်များ မတော်မတရား ရယူနိုင်အောင် အဓိကရှယ်ယာဝင် တစ်ဦးက ဆောင်ရွက်မှုကို အားပေးကူညီခဲ့သည်ကို ဖော်ထုတ်တွေ့ရှိရကြောင်း FSS က ပြောသည်။ဘဏ္ဍာရေး လုပ်ငန်းများတွင် တာဝန်ထမ်းဆောင်နေကြသော ဝန်ထမ်းများမှာ အခြားကဏ္ဍများတွင်တာဝန်ထမ်းဆောင်နေသောဝန်ထမ်းများနှင့် နှိုင်းယှဉ်ပါက လစာပိုမိုရရှိသူများဖြစ်သည်။ သို့သော်လည်း အချို့သော အကျင့်စာရိတ္တပျက်ပြားသည့် ဘဏ်လုပ်ငန်းရှင်များနှင့် ဘဏ္ဍာရေးကဏ္ဍရှိတချို့ဝန်ထမ်းများသည် စည်းကမ်း ဖောက်ဖျက်မှု သို့မဟုတ် အဂတိလိုက်စားမှုများတွင် ပါဝင်ပတ်သက်မှုရှိနေကြောင်းကို တွေ့ရသည်။

## ထရမ့်၏ အခွန်ပြုပြင် ပြောင်းလဲရေး ဥပဒေမူ ကြမ်းရေးဆွဲရေးလုပ်ငန်းများ အခက်အခဲနှင့် ရင်ဆိုင်နေရ

အမေရိကန်ပြည်ထောင်စု အခွန်စနစ်ပြုပြင်ပြောင်းလဲရေး ဥပဒေမူကြမ်းရေးဆွဲရေးလုပ်ငန်းများကို အမေရိကန်အစိုးရက ဩဂုတ်လ နောက်ဆုံးထား၍ အပြီးသတ် ဆောင်ရွက်နိုင်ရန် ကြိုးပမ်းလျက်ရှိကြောင်း ရိုက်တာသတင်းတွင် ဖော်ပြသည်။

အိုဘားမား၏ ကျန်းမာရေးစောင့်ရှောက်မှု ဥပဒေမူကြမ်းကို ဖျက်သိမ်းရန် ကြိုးပမ်းဆောင်ရွက်မှု အောင်မြင်မှုမရရှိသည့် နောက်ပိုင်း ဥပဒေရေးရာအရ ပထမဆုံးအကြိမ်အဖြစ် အောင်မြင်မှုရရှိရန် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ယခုကဲ့သို့ ကြိုးပမ်းဆောင်ရွက်ခြင်းဖြစ်သည်။

ကော်ပိုရေးရှင်းများက ပေးဆောင်ရသော အခွန်များအပါအဝင် အခွန်များကို လျှော့ချပေးရန် ထရမ့်က သမ္မတရွေးကောက်ပွဲ မဲဆွယ်စည်းရုံးကာလအတွင်းက ကတိပြုခဲ့သည်။ ဤကတိကဝတ်က ၂၀၁၆ ခုနှစ် သမ္မတရွေးကောက်ပွဲ လှုပ်ရှားမှုအတွက် အဓိကမဏ္ဍိုင်တစ်ခုသဖွယ်ဖြစ်ခဲ့ပြီး နိုဝင်ဘာ ၈ ရက် ရွေးကောက်ပွဲတွင် ထရမ့်အနိုင်ရရှိသောအခါ စတော့ဈေးကွက်များ မြင့်တက်လာအောင်များစွာ အထောက်အကူပေးခဲ့သည်။

အခွန်ဥပဒေ ပြုပြင်ပြောင်းလဲရေးကို ဩဂုတ်လတွင် အပြီးသတ်ဆောင်ရွက်မည်ဟု အမေရိကန်ဘဏ္ဍာရေးဝန်ကြီး စတီဗင်မနူချင်က ပြောကြောင်း အိမ်ဖြူတော် ပြောရေးဆိုခွင့်ရှိသူ ရှွန်းစပိုက်ဆာက သတင်းစာရှင်းလင်းပွဲတွင်ပြောကြားသည်။ သို့သော်အားလုံးသဘောတူညီမှုရရှိအောင် ဆောင်ရွက်နိုင်မှု အခြေအနေ ပေါ်မူတည်ပြီး အချိန်ဇယားအပြောင်းအလဲရှိနိုင်ကြောင်းလည်း သူက ပြောသည်။

Obamacare ဟုအများသိထားသော ဒီမိုကရက်တစ်သမ္မတဟောင်း အိုဘားမား၏ စရိတ်သက်သာသော ကျန်းမာရေးစောင့်ရှောက်မှုဥပဒေကို ပယ်ဖျက်ရန် ရီပတ်ဘလီကင်တို့က နှစ်ပေါင်းများစွာ ကြိုးပမ်းခဲ့ပြီး ဇန်နဝါရီတွင် ထရမ့်သမ္မတအဖြစ် တာဝန် ထမ်းဆောင်ချိန်တွင် အထူးဦးစားပေးအဖြစ် ဆောင်ရွက်ခဲ့သည်။ သို့သော်လည်း ရီပတ်ဘလီကင် ကိုယ်စားလှယ်အချို့က အိုဘားမားဥပဒေကို ပယ်ဖျက်မည့် ဥပဒေမူကြမ်းကို အတည်ပြုရန် ငြင်းဆန်ခဲ့ကြသည်။ အထူးသဖြင့် ပါတီအတွင်း အကွဲအပြဲများကြောင့် ထရမ့်၏ ကျန်းမာရေးစောင့်ရှောက်မှု ဥပဒေမူကြမ်း အတည်ပြုရေး မအောင်မြင်ဖြစ်ခဲ့ရသဖြင့် အခွန်ပြုပြင်ပြောင်းလဲရေး ဥပဒေမူကြမ်းမှာလည်း အခက်အခဲများရှိနိုင်သည်။

■




## အီတလီနိုင်ငံထုတ်ရေစုပ်စက်အမျိုးမျိုး



# Uni Trade Yangon Limited

Sales/Service Center Yangon-01-653330,653448,296778,385402 Naypyitaw-067-22842,21505 Mandalay-02-30649,32431,73011

Fax-01-663524 Email: uamutm@myanmar.com.mm


Ocean
SUPERCENTER
သင့်မိသားစုအတွက်
အကောင်းဆုံးရွေးချယ်မှုများနှင့်ပြည့်စုံစေသောနေရာ
SUPER SAVER
တန်မှတန်
31st March ~ 27th April, 2017
မဟာ သင်္ကြန်ပွဲတော်
အထူး
WATER GUN
SQ-11215A
WOW!
Ks 4,500
LION
Bath Towel
24x48inNo.057
Ks 3,400
MEN HAT
Ks 5,500
YURI
Active Speaker 3010
Ks 98,000
CITY SELECTION
Towel Giftset 9100
Red/ Blue/ Fushia/ orange/ Lilac
Ks 10,700
BATH TOWEL
Sein Katipar
Ks 2,500
1. မျက်မှန်
Ks. 4,500
2. MEN SHIRT
Ks. 5,500
3. MEN DENIM PANTS
Ks. 12,500
4.
Ks. 2,000
5. DEX
Girl T Shirt
Ks. 5,500
6. VOLUME
Denim Pant
Ks. 11,000
7. SHOES
Ks. 8,000
Features: EQ 5-Band, FM Radio, USB,
Wattage : 40W
YURI
WATER GUN
Ks. 1,800
APP
Water Tank
12GL
SKYLINE
Bucket No.119
Ks. 850
EXD
Water Bowl
Ks. 600
SDM
Padauk Hanging W/Basket
Padauk Water Bowl
Ks 4,900
WATER TANK
Ks. 25,000
TOP
Audio Amplifier
AV-9088
Features: USB, SD 16GB Use, Use 4 Microphone, Vairable Move Control
Wattage : 250 W
Ks 88,000
WATER CANNON
4-C Ass'd SQ-11548A
Ks 2,600
Ks 5,000
မြန်မာ့နှစ်ကူးအထူးလက်ဆောင်
မတ်လ (၁၂) ရက်မှ ဧပြီလ (၁၂) ရက်နေ့ထိ
ကျပ် ၃၀,၀၀၀ ဖိုးနှင့်အထက်ဝယ်ယူမှုတိုင်းအတွက်
NISSAN SUNNY ကားအပါအဝင် အခြားအဖိုးတန်ဆုမဲပေါင်းများစွာ
SUNNY
ဈေးနှုန်းအပြောင်းအလဲရှိနိုင်ပါသည်။
Prices may change without prior notice.
While Stocks Last!
Ocean_Supercenter
www.facebook.com/OceanSupercenterMyanmar
Ocean Supercenter Myanmar
BEST CHOICE & GREAT DEALS
for your family!

COMMERCE
INTERNATIONAL

# နှစ်နိုင်ငံအပြန်အလှန်ဆက်ဆံရေးအတွက် လမ်းစဉ်ချမှတ်ရန် အမေရိကန်နှင့် တရုတ်နိုင်ငံသမ္မတနှစ်ဦးတွေ့ ဆုံမည်

လာမည့် သီတင်းပတ်တွင် တရုတ်နိုင်ငံသမ္မတ ရှီကျင့်ဖျင်နှင့် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်တို့ ပထမဆုံးအကြိမ်အဖြစ် တွေ့ဆုံမည်ဖြစ်ရာ ထိုတွေ့ဆုံပွဲတွင် နှစ်နိုင်ငံ အပြန်အလှန်ဆက်ဆံရေးကိစ္စများ ချမှတ်နိုင်ရေးအတွက် ဆွေးနွေးကြမည်ဖြစ်ကြောင်း အိန္ဒိယတုဒေးသတင်းတွင် ဖော်ပြသည်။

ဧပြီ ၆ ရက်နှင့် ၇ ရက်တို့တွင် အမေရိကန်ပြည်ထောင်စု ဖလော်ရီဒါပြည်နယ် Mar-a-Lago တွင် တရုတ်နိုင်ငံသမ္မတရှီနှင့် တွေ့ဆုံဆွေးနွေးရန် အမေရိကန်သမ္မတ ထရမ့်က စီစဉ်ထားသည်။ တရုတ်နိုင်ငံ၏ ကုန်သွယ်မှုဆိုင်ရာလုပ်ရပ်များသည် တရားမျှတမှု မရှိဟုဆိုကာ တရုတ်နိုင်ငံနှင့် ကုန်သွယ်ရေးစစ်ပွဲဆင်နွှဲရန် ထရမ့်က ဆုံးဖြတ်ထားသည့်အတွက် သမ္မတနှစ်ဦး၏ တွေ့ဆုံပွဲကို တစ်ကမ္ဘာလုံးက စိတ်ဝင်စားလျက်ရှိသည်။ ထရမ့်က တရုတ်နိုင်ငံကို ငွေကြေးဈေးကစားသူအဖြစ်





စွပ်စွဲခဲ့သော်လည်း ဇန်နဝါရီတွင် သမ္မတရာထူးကို စတင်တာဝန်ထမ်းဆောင်ပြီးနောက်ပိုင်းတွင်မူ လေသံပြောင်းသွားသည်။

ရှီနှင့် ထရမ့်တို့၏ တွေ့ဆုံပွဲသည် နှစ်နိုင်ငံ အပြန်အလှန် ဆက်ဆံရေးအတွက် လမ်းကြောင်းကို ဖော်ဆောင်ပေးနိုင်လိမ့်မည်ဟု တရုတ်နိုင်ငံက ယုံကြည်ထားကြောင်း တရုတ်နိုင်ငံ ဒုတိယနိုင်ငံခြားရေးဝန်ကြီး Zheng Zeguang က သတင်းထောက်များကို ပြောသည်။

အပြည်ပြည်ဆိုင်ရာ အခြေအနေက ခက်ခဲနက်နဲပြီး ရှုပ်ထွေးသော ပြောင်းလဲမှုများ ဆက်လက်ဖြစ်ပေါ်နေသည့်အတွက် ယခုတွေ့ဆုံဆွေးနွေးပွဲက ခေတ်သစ်တွင် တရုတ်-အမေရိကန် ဆက်ဆံရေးလမ်းကြောင်းကို ချမှတ်ရာတွင် ထူးခြားသောအသွင်ကို ဆောင်လိမ့်မည်ဟု Zheng ပြောသည်။

သမ္မတနှစ်ဦးသည် နားလည်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုကို တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်ခြင်းဖြင့် တရုတ်-အမေရိကန် ဆက်ဆံရေးနှင့် အဓိကကျသော အပြည်ပြည်ဆိုင်ရာ၊ ဒေသဆိုင်ရာရေးရာကိစ္စများကို နက်နက်ရှိုင်းရှိုင်းအမြင်ချင်းဖလှယ်ကြမည်ဖြစ်ကြောင်း သူကပြောသည်။

တရုတ်နိုင်ငံ၏ မဟာမိတ် မြောက်ကိုရီးယားနိုင်ငံ၏ နျူကလီးယားနှင့် ဒုံးပျံအစီအစဉ်များကို ရပ်ဆိုင်းရေးအတွက် တရုတ်အစိုးရက အရေးယူဆောင်ရွက်လာအောင် ထရမ့်က ရှီကျင့်ဖျင်အား ဖိအားပေးလိမ့်မည်ဟုလည်း ခန့်မှန်းထားကြသည်။

ဖေဖော်ဝါရီလ အတွင်းက တရုတ်နိုင်ငံနှင့် အမေရိကန်သမ္မတနှစ်ဦးတို့သည် ဖုန်းဖြင့်လည်းကောင်း၊ စာဖြင့်လည်းကောင်း အဆက်အသွယ်ပြုလုပ်ခဲ့ပြီး အရေးကြီးသော ကိစ္စရပ်များအတွက် သဘောတူညီမှု ရရှိထားပြီး ဖြစ်သည်။ အထူးသဖြင့် တရုတ်(တိုင်ပေ)နှင့် တိဗက်ဒေသတို့သည် တရုတ်နိုင်ငံ၏ အစိတ်အပိုင်းတစ်ခုအဖြစ် လက်ခံသော "One China" မူဝါဒလည်း ပါဝင်ကြောင်း Zheng ပြောသည်။

## ၂၀၂၀ ပြည့်နှစ်တွင် ပြည်တွင်း၌ ဆန်ဖူလုံမှုရှိအောင် ထုတ်လုပ်နိုင်မည်ဟု အင်ဒိုနီးရှား ခန့်မှန်း

စပါးစိုက်ပျိုးမှု ဧရိယာ တိုးချဲ့ခြင်း၊ ရေသွင်းစိုက်ပျိုးရေးလုပ်ငန်းအတွက် အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ခြင်းနှင့် ဆန်စိုက်ပျိုးမြေများကို အခြားသောမြေအသုံးချမှုအဖြစ် ပြောင်းလဲမှုများကို ရပ်တန့်အောင်ဆောင်ရွက်ခြင်း စသည့်လုပ်ငန်းများကို အစိုးရက ကြိုးပမ်းဆောင်ရွက်သွားမည်ဆိုပါက အင်ဒိုနီးရှားနိုင်ငံ၏ ဆန်ထုတ်လုပ်မှုသည် ၂၀၂၀ ပြည့်နှစ်တွင် ပြည်တွင်းစားသုံးမှုအတွက် ဖူလုံလိမ့်မည်ဟု အင်ဒိုနီးရှားဗဟိုဘဏ်က ခန့်မှန်းကြောင်း ဂျကာတာပို့စ်သတင်းတွင် ဖော်ပြသည်။

“လယ်ယာစိုက်ပျိုးရေး အခြေခံအဆောက်အအုံ စီမံကိန်းတွေကို ဆက်လက်ဆောင်ရွက်နေပါတယ်။ ဒီလုပ်ငန်းတွေက ရရှိလာမယ့် အကျိုးစီးပွားကို ခံစားဖို့ သုံးနှစ်ကနေ ငါးနှစ်လောက်အထိ ကျွန်တော်တို့ အချိန်ယူရပါမယ်။ ၂၀၂၀ ပြည့်နှစ်လောက်မှာ အင်ဒိုနီးရှားနိုင်ငံ ပြည်တွင်းဆန်ဖူလုံမှု ရှိလာမှာပါ ”ဟု ဗဟိုဘဏ်အုပ်ချုပ်ရေးမှူး၏ ငွေကြေးနှင့်စီးပွားရေးမူဝါဒဆိုင်ရာ လက်ထောက် ဒိုဒီဘူဒီဝါလုယိုက မတ် ၃၀ ရက်တွင်ပြုလုပ်သော သတင်းစာရှင်းလင်းပွဲတွင် ပြောသည်။

၂၀၂၀ ပြည့်နှစ်တွင် အင်ဒိုနီးရှားနိုင်ငံ၏ ဆန်ထုတ်လုပ်မှုသည် တန်ချိန် သန်း ၅၀ ကျော်အထိ ထွက်ရှိမည်ဖြစ်ပြီး ပြည်တွင်းစားသုံးမှုမှာ တန်ချိန် ၄၃ သန်း အောက်သာရှိမည်ဟု ဗဟိုဘဏ်က ခန့်မှန်းထားကြောင်း ဒိုဒီက ပြောသည်။

အင်ဒိုနီးရှားနိုင်ငံသားတစ်ဦး၏ တစ်နှစ် ဆန်စားသုံးမှုမှာ ၁၄၄ ကီလို ဂရမ်ရှိပြီး ၂၀၂၀ ပြည့်နှစ်တွင် အင်ဒိုနီးရှားနိုင်ငံ၏ လူဦးရေမှာ သန်း ၃၀၀ အထိ ရောက်ရှိမည်ဟု ခန့်မှန်းထားသည်။ အင်ဒိုနီးရှားနိုင်ငံတွင် ဆန်ကို လူတိုက်ရိုက်စားသုံးမှု၊ တိရစ္ဆာန်အစားအစာနှင့် စက်မှုကုန်ကြမ်းအဖြစ် သုံးစွဲလျက်ရှိသည်။

၂၀၁၅ ခုနှစ်တွင် အင်ဒိုနီးရှားနိုင်ငံ၏ စပါးထွက်ရှိမှု တန်ချိန် ၇၅ ဒသမ ၄ သန်းအနက်မှရရှိသော ဆန်ထွက်ရှိမှုမှာ တန်ချိန် ၄၃ ဒသမ ၉ သန်းရှိခဲ့သည်။ ယခုနှစ်တွင် စပါးတန်ချိန် သန်း ၈၀ ထွက်ရှိမည်ဟု အစိုးရက ခန့်မှန်းထားသည်။ အင်ဒိုနီးရှားနိုင်ငံတွင် ၂၀၁၆ ခုနှစ်က စပါးစိုက်ဧရိယာ ၁၂၈၄၄၁ ဟက်တာနှင့် ရေသိုလှောင်မှုနေရာပေါင်း ၁၇၁၄ နေရာရှိခဲ့ရာမှ ယခုနှစ်တွင် စပါးစိုက်ဧရိယာ ဟက်တာ ၈၀၀၀၀ နှင့် ရေသိုလှောင်မှုနေရာ ၅၀၀ ထပ်မံတိုးချဲ့မည်ဟု လယ်ယာစိုက်ပျိုးရေးဝန်ကြီးဌာနက ခန့်မှန်းထားသည်။

လယ်ယာမြေများကို အခြားရည်ရွယ်ချက်အတွက် အသုံးချမှုကလည်း စိန်ခေါ်မှုတစ်ရပ်ဖြစ်နေကြောင်း ဒိုဒီက ပြောသည်။ လူနေအိမ် ဆောက်လုပ်မှုများ အပါအဝင် လယ်ယာမြေများကို အခြားမြေအသုံးချမှုအဖြစ် ပြောင်းလဲအသုံးချမှုကလည်း နှစ်စဉ်ဟက်တာ ၁၁၀၀၀၀ ခန့် ဆုံးရှုံးလျက်ရှိသည်။



ဉာဏ်တင်-စုစည်းတင်ပြသည်

## အာဆီယံဘဏ္ဍာရေးဝန်ကြီးများနှင့် ဗဟိုဘဏ် အုပ်ချုပ်ရေးမှူးများ စီဘူးတွင် တွေ့ဆုံမည်

ကမ္ဘာ့စီးပွားရေးတွင် ကိုယ်ကျိုးစီးပွားကာကွယ်မှုနှင့် မရေရာမှုများရှိနေချိန်တွင် ဘဏ္ဍာရေးပေါင်းစည်းရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးအတွက် အာဆီယံကပေးထားသော ကတိကဝတ်များကို ဖြည့်ဆည်းပေးနိုင်မည့်နည်းလမ်းများကို ရှာဖွေဖော်ထုတ်နိုင် ရန်အတွက် အရှေ့တောင်အာရှနိုင်ငံများအသင်း (အာဆီယံ)မှ ဘဏ္ဍာရေးဝန်ကြီးများနှင့် ဗဟိုဘဏ်အုပ်ချုပ်ရေးမှူးများသည် ဖိလစ်ပိုင်နိုင်ငံစီဘူး ပြည်နယ် မက်ကတန်ကျွန်းတွင် လာမည့် ရက်သတ္တပတ်အတွင်း၌ အစည်းအဝေး ကျင်းပမည်ဖြစ်ကြောင်း မတ် ၃၁ ရက်က ဖိလစ်ပိုင် ဘဏ္ဍာရေးဝန်ကြီးဌာနမှ ပြောသည်။

အစည်းအဝေးကို ဧပြီ ၆ ရက်နှင့် ၇ ရက်တို့တွင် ကျင်းပမည်ဖြစ်ရာ ဖိလစ်ပိုင်ဘဏ္ဍာရေးဝန်ကြီး Carlos Dominguaz III နှင့် ဖိလစ်ပိုင်ဗဟိုဘဏ်အုပ်ချုပ်ရေးမှူး Amando Tetango Jr. တို့က တာဝန်ယူကျင်းပပေးမည်ဖြစ်သည်။ အစည်းအဝေးတွင် အာဆီယံဘဏ္ဍာရေးဝန်ကြီးများက ဦးစီးဆောင်ရွက်သော ရင်းနှီးမြှုပ်နှံသူ နှီးနှောဖလှယ်ပွဲလည်း ပါဝင်မည်ဖြစ်သည်။ ဤနှီးနှောဖလှယ်ပွဲမှာ နှစ်စဉ်ကျင်းပသော နှီးနှောဖလှယ်ပွဲဖြစ်ပြီး အာဆီယံအဖွဲ့ဝင်နိုင်ငံများအား ရင်းနှီးမြှုပ်နှံမှုဒေသအဖြစ် တိုးမြှင့်ဆောင်ရွက်ပေးရန် ရည်ရွယ်သောပွဲဖြစ်သည်။

ယခုနှစ်မှာ အာဆီယံ၏ နှစ် ၅၀ မြောက်နှစ်ပတ်လည် အခမ်းအနားကို ဖိလစ်ပိုင်နိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပပေးမည့်နှစ်ဖြစ်ရာ အာဆီယံအတွက် ထင်ရှားသောမှတ်တိုင်တစ်ခုဖြစ်သည်။

၂၀၁၇ ခုနှစ်အတွက် အာဆီယံ၏ အဓိကဆောင်ပုဒ်မှာ “ကမ္ဘာကြီးနဲ့လက်တွဲလို့ ပြောင်းလဲမှုအတွက် ပူးပေါင်းဆောင်ရွက်စို့” "Partnership for Change, Engaging the World " ဟူ၍ ဖြစ်သည်။ ၂၀၁၇ ခုနှစ်တွင် ဆောင်ရွက်မည့်နှီးနှောဖလှယ်ပွဲတွင် ကမ္ဘာ့စီးပွားရေးတွင် အာဆီယံ၏ ပါဝင်ဆောင်ရွက်မှု၊ ဒေသဆိုင်ရာ ချိတ်ဆက်ဆောင်ရွက်နေမှုနှင့် ကုန်စည်များ၊ ကျွမ်းကျင်လုပ်သားများ၊ ဝန်ဆောင်မှုများနှင့် ရင်းနှီးမြှုပ်နှံမှုများကို အဖွဲ့ဝင် ၁၀ နိုင်ငံအတွင်း လွတ်လပ်စွာ စီးဆင်းစေခြင်းဖြင့် ဒေသတွင်း၌ တစ်ခုတည်းသော ဈေးကွက်နှင့်ထုတ်လုပ်မှု အခြေစိုက်စခန်းဖန်တီးရန် ချမှတ်ထားသော အာဆီယံစီးပွားရေးအသိုက် အဝန်း၏ တိုးတက်မှု နောက်ဆုံးအခြေ အနေတို့ကို အလေးပေးဆွေးနွေးသွားမည်ဖြစ်သည်။ အာဆီယံဘဏ်လုပ်ငန်းပေါင်းစည်းရေး မူဘောင် (Asean Banking Integration Framework) ကိုလည်း အာဆီယံဘဏ္ဍာရေးဝန်ကြီးများနှင့် ဗဟိုဘဏ်အုပ်ချုပ်ရေးမှူးများ အစည်းအဝေး အလွတ်သဘောဆွေးနွေးပွဲတွင် လက်မှတ်ရေးထိုးကြလိမ့်မည်ဟု ဖိလစ်ပိုင်ဘဏ္ဍာရေးဝန်ကြီးဌာနက ပြောသည်။